စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ဒုတိယဆု

# ဖူးငုံပန်းကလေးများ

# လန်းလန်းရွှင်ရွှင် အပြုံးဝေဝေလွှင်နှင့်

## အခြား ကလေးဝတ္ထုတိုများ

ဝမ်းထက်မိုး (ဂိုန့်–အောင်လံ)



၂၀၁၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ကလေးစာပေ၊ ဒုတိယဆု

# ဖူးငုံပန်းကလေးများ လန်းလန်းရွှင်ရွှင် အပြုံးဝေဝေလွှင်

နှင့်

# t jcm; uav;0wwkm;

0rfxufb (ငိုနွဲ့-အောင်လံ)


တည်းဖြတ်သူ - ဒေါ်နုနုယဉ် (နန်းညွန့်ယဉ်ခမ်း)
စာတည်းမှူး
- ဒေါ်သန်းသန်းစီ
စာတည်း

အဖုံးပန်းချီ - ဇော်နိုင်ထွန်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၈ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၅၀၀

တန်ဖိုး ( ၈၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
စာပေဗိမာန် စာတည်းမှူးချုပ် ဦးကိုကိုနိုင်က
မှတ်ပုံတင်အမှတ် ၀၀၉၆၁ ဖြင့်ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဖူးငုံပန်းကလေးများ လန်းလန်းရွှင်ရွှင် အပြုံးဝေဝေလွှင် | ၁ |
| ၂။ | သင်ခန်းစာ | ၁၁ |
| ၃။ | ပုံပြောကောင်းသူ | ၁၇ |
| ၄။ | အုတ်တစ်ဖို အလှူရှင် | ၂၇ |
| ၅။ | နောင်တရမိပါသည် | ၃၅ |
| ၆။ | ပညာဒါန | ၄၃ |
| ၇။ | မနာလိုစိတ် မထားတော့ပါ | ၅၃ |
| ၈။ | ခရေပန်းလေးလိုမွှေး | ၆၃ |
| ၉။ | စိတ်ကူးမယဉ်တော့ပါ | ၇၃ |
| ၁၀။ | အချစ်ဆုံးသူငယ်ချင်း | ၈၁ |
| ၁၁။ | ပါဝါမျက်မှန်ထူထူ | ၉၃ |
| ၁၂။ | ရွာလိုက်ပွဲမိုး | ၁၀၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃။ | ဝါသနာ | ၁၁၁ |
| ၁၄။ | အဖေ့ကိုလည်း ဝိုင်းကာကူညီ | ၁၂၁ |
| ၁၅။ | နှုတ်စောင့်ပါ | ၁၃၁ |
| ၁၆။ | ကိုယ်ပိုင်ဉာဏ် | ၁၄၃ |
| ၁၇။ | အမေ့ကိုလည်း ဝိုင်းကာကူညီ | ၁၅၁ |
| ၁၈။ | ကျောင်းသားနှင့် ကျောင်းစာ | ၁၆၁ |
| ၁၉။ | လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ | ၁၇၁ |
| ၂၀။ | တန်ဖိုး | ၁၈၁ |
| ၂၁။ | မိသားစုလေ့လာရေးခရီး | ၁၉၁ |
| ၂၂။ | ပြိုင်တူတွန်းလျှောင် | ၁၉၉ |
| ၂၃။ | ရှောင်လေဝေးဝေး မူးယစ်ဆေး | ၂၀၇ |
| ၂၄။ | မသန်စွမ်းသူ ဖေးမကူ | ၂၁၉ |
| ၂၅။ | ဘက်စုံထူးချွန် | ၂၃၃ |
| ၂၆။ | အချိန်မီ | ၂၄၉ |

## ဖူးငုံပန်းကလေးများ လန်းလန်းရွှင်ရွှင် အပြုံးဝေဝေလွှင်

ဥပုသ်နေ့ဖြစ်၍ ကျောင်းပိတ်သည်။ ဝါဆိုလပြည့်နေ့နှင့်လည်း တိုက်ဆိုင်နေ၍ အေးချမ်းတို့ကျောင်းသားတစ်စု ရွာလယ်ဘုရားတွင် လူစုနေကြသည်။

အေးချမ်းတို့ သူငယ်ချင်းတစ်စုသည် ပဉ္စမတန်းတွင် ပညာသင်ကြားလျက်ရှိပါသည်။ အေးချမ်းတို့ရွာမှ ကျောင်းသားကျောင်းသူများသည် ဥပုသ်နေ့၊ လပြည့်နေ့များတွင် ဘုရားစေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ပန်းကပ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းဖြင့် ကုသိုလ်ယူကြသည်။

ညပိုင်းတွင် ရပ်မိရပ်ဖများ၊ လူငယ်လူရွယ်များသည် ဘုရားဖူးလာလေ့ရှိကြသည်။ ဘုရားဖူးလာသူများ စိတ်ကြည်လင်စေရန် ကျောင်းသားကျောင်းသူများက ကြိုတင်လုပ်အားဒါနပြုထားကြခြင်းဖြစ်သည်။

အေးချမ်းတို့ကို ဆဌမတန်းတက်နေသော အစ်ကို အစ်မများက လက်ဆင့်ကမ်းအမွေပေးသွားကြခြင်းဖြစ်သည်။ ထိုနည်းတူ

စွာ အတန်းကြီးသူများက အတန်းငယ်သူများသို့ တစ်နှစ်ပြီး တစ်နှစ် လက်ဆင့်ကမ်းသွားကြခြင်းဖြစ်သည်။

အေးချမ်းတို့အတန်းတွင် ကျောင်းသား ၆ ဦး၊ ကျောင်းသူ ၉ ဦး စုစုပေါင်း ၁၅ ဦး ရှိပါသည်။ ရွာလယ် မဟာဇိန်ဘုရား၌ လူစုကြရာ တဖွဲဖွဲရောက်လာသည်။ အေးချမ်းတို့ ကျောင်းသားများက ရေထမ်းပုံးနှင့် ရေငင်ပုံးကိုယ်စီယူလာသည်။ လှယမင်းတို့ ကျောင်းသူများက ရေအိုးနှင့် တံမြက်စည်းကိုယ်စီယူလာသည်။

“လူစုံပြီဟေ့ . . . ရေတွင်းမှာ ရေသွားခပ်ရအောင်”

ရွာအရှေ့ဘက်လယ်ကွင်းများတွင်ရှိသော ရေတွင်းဆီသို့ လာခဲ့ကြသည်။ အားလုံးတစ်ခေါက်ခပ်ရုံဖြင့် ရေသပ္ပာယ်ခြင်းအမှုကို ပြုနိုင်သည်။ ဆယ်မိနစ်ခန့်ကြာသောအခါ ရေတွင်းသို့ ရောက်သည်။ ရေထမ်းပုံးများနှင့် ရေအိုးများထဲတွင် ရေထည့်ကာ ဘုရားဆီသို့ ပြန်လာခဲ့ကြသည်။

အရှေ့ဘက်မိုးကုပ်စက်ဝိုင်းဆီမှ နေရောင်ထွက်လာချေပြီ။ ဘုန်းတော်ကြီးကျောင်းသို့ ဥပုသ်စောင့်သွားသော အဘိုးအို၊ အဘွားအိုများကို မြင်နေရသည်။ အေးချမ်းတို့ကိုကြည့်ပြီး သာဓုခေါ်ဆိုသွားကြသည်။

“ကဲ . . . ငါတို့ကျောင်းသားတွေက ရုပ်ပွားတော်မြတ်ကို အရင်ဆုံး ရေသပ္ပာယ်မယ်၊ လေးယောက်က ရုပ်ပွားတော်မြတ်ကို အမွှေးဆပ်ပြာနဲ့ ရေသပ္ပာယ်မယ်၊ ကျန်တဲ့နှစ်ယောက်က ရေပုံးထဲမှာ ရေထည့်ပြီး လှမ်းပေး၊ လောလောဆယ် ရုပ်ပွားတော်မြတ်



ရှေ့က ပန်းအိုးတွေ၊ ဆီမီးပူဇော်တဲ့ခွက်တွေနဲ့ အမွှေးတိုင်ထွန်းတဲ့ ခွက်တွေ အရင်ဆုံး ဖယ်ရအောင် ”

အေးချမ်းက ဦးစီးဦးဆောင်လုပ်သည်။ ညီညီ၊ ဇော်နိုင်၊ ဝင်းမင်း၊ ကျော်ကျော်နှင့် အောင်ဟိန်းကိုတို့ကလည်း တက်ညီလက်ညီ လိုက်လုပ်ကြသည်။

“ငါတို့က ကိုးယောက်ရှိတယ်၊ သုံးယောက်က ဘုရားပန်းအိုးတွေ ဆေးမယ်၊ နောက်သုံးယောက်က ဘုရားပန်းခူးမယ်၊ ကျန်တဲ့သုံးယောက်ကတော့ ဘုရားရင်ပြင်တော်မှာ တံမြက်စည်းလှည်း သန့်ရှင်းရေးလုပ်မယ်၊ ကိုယ့်အဖွဲ့နဲ့ ကိုယ်ခွဲကြ”

လှယမင်း၏ စကားဆုံးသည်နှင့် သုံးယောက်တစ်ဖွဲ့ဖြင့် အဖွဲ့သုံးဖွဲ့ ခွဲလိုက်ကြသည်။ လှယမင်း၊ ကြူကြူဝင်းနှင့် သီတာအောင်တို့က ဘုရားပန်းအိုးများ ဆေးကြောမည်။ ခင်မျိုးမြင့်၊ သင်းသင်းနှင့် သူဇာမျိုးတို့က ဘုရားပန်းခူးမည်။ ဌေးဌေးမြင့်၊ နွယ်နီအောင်နှင့် ဖြူတုတ်တို့က ရင်ပြင်တော်သန့်ရှင်းရေး လုပ်ကြမည်။

နွေရာသီကျောင်းပိတ်ရက်တွင် ရွာဦးဘုန်းကြီးကျောင်း၌ ဖွင့်လှစ်သော အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း အမှတ်စဉ် (၁) ကို တက်ရောက်ပြီးသူများဖြစ်၍ ယဉ်ကျေးလိမ္မာသော ကျောင်းသားကျောင်းသူလေးများ ဖြစ်ကြပါသည်။

× × ×

“လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ၊ ပညာရှိကို အရှည်တွဲလို့ မှီဝဲဆည်းကပ် နည်းယူစေ၊ သုံးပါးရတနာ

မိဘများနဲ့ ဆရာသမားကို ပူဇော်လေ၊ ချမ်းသာကိုပေး ဆက်ဆံရေး၊ မျှော်တွေးသုံးချက်ပေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ”

အေးချမ်းတို့၏ (၃၈) ဖြာမင်္ဂလာတရား ရွတ်ဆိုသံများက မဟာဇိန်ဘုရားပရဝဏ်မှတစ်ဆင့် ကျေးရွာတစ်ခုလုံးသို့ ပျံ့လွင့်လျက်ရှိပေသည်။ အတန်းငယ်သော ကျောင်းသား ကျောင်းသူလေးများမှာ မနေနိုင်ကြတော့ဘဲ ဘုရားရင်ပြင်တော်ပေါ်သို့ အပြေးအလွှား တက်လာကြသည်။ မင်္ဂလာတရားတော်များကို ချစ်စဖွယ် အမူအရာလေးများဖြင့် လိုက်ဆိုနေကြသည်။

အေးချမ်းတို့လည်း ရေသပ္ပာယ်ပြီးပြီ။ လှယမင်းတို့လည်း ဘုရားပန်းအိုးများ ဆေးကြောပြီးပြီဖြစ်၍ ခင်မျိုးမြင့်တို့ ခူးလာသော ဘုရားပန်းများကို သင့်တင့်လျောက်ပတ်စွာ ထိုးကြသည်။ ဌေးဌေးမြင့်တို့ကတော့ တံမြက်စည်း လှည်းနေကြဆဲပင်။

အေးချမ်းက ဖယောင်းတိုင်ထုပ်၊ လှယမင်းက အမွှေးတိုင် အထုပ်ကြီးတစ်ထုပ်၊ နွယ်နီအောင်က မီးခြစ်၊ အောင်ဟိန်းကိုက အမွှေးဆပ်ပြာ၊ ညီညီ၊ ဖြူတုတ်နှင့် ကြူကြူဝင်းတို့က တဘက်တစ်ထည်စီ အသီးသီးယူလာခဲ့ကြသည်။

“ဘုရားရှိခိုးရအောင်ဟေ့၊ ပြီးမှ သန့်ရှင်းရေး ဆက်လုပ်ကြမယ်”

သူငယ်ချင်းအားလုံး ရုပ်ပွားတော်မြတ်အား လက်စုံမိုး၍ ရှိခိုးကန်တော့ရန် အာရုံပြုလိုက်ကြသည်။

“ခဏနေဦး၊ အခြေခံပုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းမှာ သင်ထားတဲ့အတိုင်း ထိခြင်းငါးပါးနဲ့ရှိခိုးကြမယ်နော်၊ နဖူး၊ ခြေ၊ လက်၊ မြေထက်ထိပြား ဤငါးပါး၊ ညွှတ်တွား ဝန္ဒနာတဲ့” အေးချမ်းက ဟန်ပါစွာပြောလိုက်သည်။



“အေးချမ်း . . . နင်ပဲ သိတယ်မှတ်နေလား၊ ငါလည်း သိပါတယ်၊ ထိခြင်းငါးပါးဆိုတာ ခြေနဲ့ကြမ်းပြင် ထိရမယ် ၊ လက်နဲ့ ကြမ်းပြင် ထိရမယ်၊ နဖူးနဲ့ကြမ်းပြင် ထိရမယ်၊ တံတောင်နှစ်ဖက်နဲ့ ကြမ်းပြင် ထိရမယ်၊ ဒူးနှစ်ဖက်နဲ့ ကြမ်းပြင် ထိရမယ်၊ ဟုတ်တယ်မို့လား”

လှယမင်းကလည်း အားကျမခံ ပြောလာသည်။ ပြီးနောက် သူငယ်ချင်းအားလုံး ပြိုင်တူရှိခိုးလိုက်ကြသည်။ ဘုရားရှိခိုးပြီးသည်နှင့် မပြီးပြတ်သေးသော တံမြက်လှည်းခြင်းအမှုကို စုပေါင်းလုပ်ကိုင်ကြသည်။ ထိုစဉ် ရွာ၏သက်တော်ရှည် ဘိုးဖြူဇာ ဘုရားပေါ်သို့ တက်လာသည်။ အေးချမ်းတို့ကိုကြည့်ပြီး ဘိုးဖြူဇာက ပြုံးပြုံးကြီး လုပ်နေသည်။

“ငါ့မြေးတို့ အခုလို ကုသိုလ်ပြုကြတာကို အဘိုး သာဓုခေါ်ပါတယ်ကွယ်၊ သာဓု . . . သာဓု. . . သာဓု”

အေးချမ်းတို့ အားလုံးလည်း ပြိုင်တူပြုံးလိုက်ကြသည်။ ဘိုးဖြူဇာက ဘုရားရှိခိုးပြီး ရင်ပြင်တော်ကို လက်ဝဲရစ်ပတ်ကာ ပုတီးစိပ်နေသည်။

“ဟဲ့ . . . မြေးမလေး ဖြူတုတ်”

“ရှင် . . . အဘိုး”

“ပန်းလှူရင် ဘယ်လို အကျိုးတွေ ရသတုန်း”

“ပန်းလှူရင် ရုပ်ရည် ပန်းလိုလှပတယ်၊ ခန္ဓာကိုယ် သန့်ရှင်းစင်ကြယ်တယ်၊ ခံတွင်းမှာလည်း အနံ့ဆိုးမထွက်ဘဲ မွှေးကြိုင်တယ်လေ အဘိုးရဲ့”

“တော်လိုက်တာကွယ်၊ မြေးလေး မောင်အေးချမ်း”

“ဗျာ . . . အဘိုး”

“မြေး အခု တံမြက်စည်းလှည်းနေတယ်နော်”

“ဟုတ်ကဲ့”

“တံမြက်လှည်းရင် ဘယ်လိုအကျိုးတွေရသလဲ” အေးချမ်း ခဏ စဉ်းစားသည်။

“တံမြက်စည်းလှည်းခြင်းရဲ့ အကျိုးတွေကတော့ မိမိစိတ်ကြည်လင်တယ်၊ သူတစ်ပါးစိတ်ကိုလည်း ကြည်လင်စေတယ်၊ နတ်တွေက လေးစားချစ်ခင်တယ်၊ ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်စေတယ်၊ သေတဲ့အခါ နတ်ပြည်ရောက်တယ်လို့ သိထားပါတယ် အဘိုး”

“အဘိုးက ထပ်ပြီး သာဓု ခေါ်ပါတယ်ကွယ်၊ ငါ့မြေးတွေက အရွယ်နဲ့မလိုက်အောင် ယဉ်ကျေးလိမ္မာလိုက်ကြတာ၊ အင်း . . . ကိုယ်လုပ်နေတဲ့ ကုသိုလ်အလုပ်ကို ဘာ့ကြောင့်လုပ်ရတယ်ဆိုတာ ငါ့မြေးတို့ သိနေပြီပဲ၊ ကဲ . . . ဆက်လုပ်ကြ . . . ဆက်လုပ်ကြ”

ဘိုးဖြူဇာက ဘုရားပေါ်မှ တရွေ့ရွေ့ဆင်းသွားသည်။ အေးချမ်းတို့ သူငယ်ချင်းတစ်စုလည်း လှည်းပြီးသားအမှိုက်များကို ဘုရားနှင့် ခပ်လှမ်းလှမ်းရှိ အမှိုက်ကျင်းထဲသို့ လာပစ်ကြသည်။ ရွာလယ် မဟာဇိန်ဘုရားသည် ကြည်ညိုဖူးမြော်ချင်စရာကောင်းသည်ထက် ကောင်းအောင် အေးချမ်းတို့ ကုသိုလ်ပြုနိုင်ခဲ့ကြပြီ ဖြစ်ပါသည်။

“ကဲ . . . ရွာဦးစေတီနှစ်ဆူဆီ သွားကြမယ်ဟေ့”

အေးချမ်းတို့ရွာလေးတွင် ဘုရားငါးဆူ ရှိပါသည်။ ရွာဦးတွင် ဒွေဘာတိကစေတီတော်နှင့် မိုးကောင်းစေတီတော်၊ ရွာလယ်တွင် မဟာဇိန်ဆုတောင်းပြည့်စေတီတော်၊ ရွာအဝင်တွင် အေးစေတီတော်၊ ရွာအရှေ့ဘက် လယ်ကွင်းအလယ်တွင် ကွင်းလယ်စေတီတော်တို့ ဖြစ်ပါသည်။

× × ×



ရွာဦးထိပ်၌ တည်ထားကိုးကွယ်သော စေတီနှစ်ဆူအနက် မိုးကောင်းစေတီတော်အား ရေသပ္ပာယ်ခြင်း၊ ပန်းလှူခြင်း၊ ဆီမီးအမွှေးတိုင်၊ ရေချမ်းကပ်ခြင်း၊ တံမြက်စည်းလှည်းခြင်းအမှုတို့ကို ပြုလုပ်ပြီးစီးခဲ့ကြပါသည်။

ဒွေဘာတိက စေတီတော်မြတ်ဆီသို့ လာခဲ့ကြသည်။ ထိုစေတီတော်သည် ရွာဦးဘုန်းတော်ကြီးကျောင်း၊ ကျေးရွာမူလတန်းကျောင်းတို့နှင့်လည်းနီးသည်။ ဘုန်းတော်ကြီးကျောင်းတွင် ဥပုသ်သီတင်းဆောက်တည်နေသော အဘိုး၊ အဘွားများကို လှမ်းမြင်နေရသည်။

“ဘုရားကျေးဇူး မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်၊ တရားကျေးဇူး မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်၊ သံဃာ့ကျေးဇူး မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်၊ မိဘကျေးဇူး မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်၊ ဆရာ့ကျေးဇူး မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်”

အေးချမ်းတို့သူငယ်ချင်းတစ်စုသည် အနန္တငါးပါးအဓိဋ္ဌာန်ကို သံပြိုင်ရွတ်ဆိုနေကြသည်။ ကိုယ်စီခွဲဝေထားသော တာဝန်များကို ညီညီညာညာ လုပ်ကိုင်နေကြသည်။ စုပေါင်းညီညာစွာ မခိုမကပ် လုပ်ကြသဖြင့် ဒွေဘာတိက စေတီတော်မြတ်ကြီးသည်လည်း သပ္ပာယ်ကြည်ညိုဖွယ်အတိ ဖြစ်သွားပါသည်။

ထိုစဉ် စေတီရင်ပြင်တော်ပေါ်သို့ ဥပုသ်သည်များ ဘုရားလာဖူးကြသည်ကို အေးချမ်းတို့ မြင်လိုက်ရသည်။

“ဒီကလေးတွေက လိမ္မာရေးခြားရှိလိုက်တာ၊ မွေးရတဲ့ မိဘတွေကတော့ မွေးရကျိုးနပ်တာပေါ့၊ ခုခေတ်ကြီးထဲမှာ လိမ္မာယဉ်ကျေးတဲ့သားသမီးက ခပ်ရှားရှားရယ်”

အဘွားဒေါ်တင်မြိုင်က အေးချမ်းတို့ကို လှမ်းကြည့်ရင်း ပြောနေသည်။ ရေထမ်းပုံးနှင့် ရေအိုးများစီစီရီရီချကာ ရင်ပြင်ထောင့်၌ အေးချမ်းတို့တစ်တွေ မတ်တတ်ရပ်နေကြသည်။

“ဟုတ်တယ် အဘွားရေ၊ သူတို့လေးတွေက ကျွန်မတပည့်တွေလေ၊ လေးတန်းအောင်လို့ ဟိုဘက်ရွာ အလယ်တန်းကျောင်းမှာ သွားတက်နေကြတာ၊ ဆရာ ဆရာမတွေကိုလည်း ရိုသေလေးစားတယ်၊ စာလည်း ကြိုးစားကြတယ်၊ သူတို့ တစ်ဖွဲ့လုံးညီတယ်၊ ကောင်းတာလုပ်တဲ့နေရာမှာတော့ စံပြပဲ အဘွားရေ၊ သူတို့လေးတွေ ခုလိုလိမ္မာတာမြင်ရတော့ ကျွန်မတို့လည်း စိတ်ချမ်းသာရတာပေ့ါ၊ အခုဆိုရင် ရွာမှာထုံးတမ်းစဉ်လာဓလေ့တစ်ခုကို သူတို့လက်ဆင့်ကမ်း ထိန်းသိမ်းနေကြတယ်၊ ချီးကျူးပါတယ်”

အေးချမ်းတို့ စတုတ္ထတန်းတက်စဉ်က သင်ကြားပေးခဲ့သော ဆရာမဒေါ်မြမြသွင်၏ ချီးကျူးစကားသည် သူတို့အတွက် အားတက်စရာဖြစ်ခဲ့ပါသည်။

“ဆရာတော် ကြွလာတယ်”

ကပ္ပိယကြီး ဦးစံပအသံကြောင့် အေးချမ်းတို့အားလုံး ဆရာတော်အား ဦးချကန်တော့ကာ ဖူးမြော်လိုက်ကြသည်။ ဆရာတော်က ပရဝဏ်တစ်ခုလုံးအား ဝေ့ဝဲကြည့်နေသည်။ ရုပ်ပွားတော်မြတ်များရှေ့တွင် ဆီမီး၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားသလို ဘုရားပန်းအိုးများတွင်လည်း လန်းဆန်းနေသော ဘုရားပန်းများ ထိုးထားသည်ကို ဆရာတော်မြင်သွားသည်။ ရင်ပြင်တော်တစ်ခုလုံး သစ်ရွက်ခြောက်၊ ပလတ်စတစ်အပါအဝင် အမှိုက်သရိုက်များမရှိဘဲ သန့်ရှင်းနေပေသည်။



“ဆရာတော်ရဲ့ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်း တပည့်လေးတွေ အခုလိုကုသိုလ်ယူနေကြတာမြင်တော့ ဝမ်းသာပါတယ်၊ စာအုပ်ထဲမှာပဲ စာတွေကိုမထားနဲ့၊ လက်တွေ့မှာလည်း ကျင့်ကြံကြပါလို့ သင်တန်းဆင်းပွဲမှာ ဆရာတော်မှာလိုက်တာကို တပည့်လေးတွေက လိုက်နာကြတယ်၊ ငယ်စဉ်ဘဝက အလေ့အထကောင်းကို ကြီးတဲ့အထိယူသွားကြပါ၊ ဆရာတော့် တပည့်လေးတွေ တိုးတက်ကြီးပွားကြပါစေကွယ်”

“ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဘုရား”

အေးချမ်းတို့ရှေ့မှ ဆရာတော်ပြန်ကြွသွားပြီဖြစ်သည်။ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းတက်စဉ်က ဆရာတော် ရွတ်ဆိုခိုင်းနေကျ “ပညာရေး” ဆောင်ပုဒ်လေးကို အေးချမ်းတို့ ပြိုင်တူရွတ်ဆိုလိုက်ကြသည်။

“ပြောဆိုလိမ္မာ၊ ချိုသာစွာ၊ လိုရာပြည့်စုံမှာ။ ကျောင်းတက်နေ့ရက်၊ ချိန်မပျက်၊ ဆက်ဆက်ကြီးပွားရာ။ ပညာသင်တုန်း၊ ချိန်မဖြုန်း ၊ သက်လုံးဂုဏ်ဝေဖြာ။ ငယ်ရွယ်စဉ်က၊ လိမ္မာမှ၊ ကြီးက ကျိုးရှိမည်။ ငယ်စဉ်အခါ၊ ပညာရှာ၊ ကြီးခါ ကောင်းစားမည်။ ချမ်းသာလို စာကိုတဲ့အမြဲ၊ တတ်ပညာ ကမ်းကုန်ဆိုက်အောင်၊ အားစိုက်လို့ခဲ။ ပညာဉာဏ်၊ မြတ်ရွှေအိုးကို၊ ခိုးဖို့ခက်ခဲ။ ဟေး . . . ဟေး . . . ဟေး”

ပျော်ရွှင်မြူးထူးစွာဖြင့် အေးချမ်းတို့ သူငယ်ချင်းတစ်စု ဒွေဘာတိက စေတီတော်မြတ်ကြီးဆီမှ ပြန်လာခဲ့ကြသည်။ အေးစေတီတော်နှင့် ကွင်းလယ်စေတီတော်များဆီသို့ ဆက်သွားရပါဦးမည်။ အေးချမ်းတို့သည် ဖူးငုံစပန်းကလေးများနှင့် အလား

သဏ္ဍာန်တူပါသည်။ အပြစ်ကင်းသည်။ သန့်ရှင်းစင်ကြယ်သည်။ ဟန်ဆောင်မှု မရှိပေ။ ထိုဖူးငုံပန်းလေးများသည် ပွင့်လာရန် မျိုးစေ့မှန်လို့အပင်သန်စေသော အဖူးအငုံလေးများအဖြစ် လန်းလန်းရွှင်ရွှင် ရှိနေပါသည်။ ဖူးငုံပန်းကလေးများ လန်းလန်းရွှင်နေချိန် ရယ်မောပျော်ရွှင်နေသော အပြုံးကိုပါ ထပ်မံဖြည့်စွက်လိုက်ပါက ဖူးငုံပန်းကလေးများ လန်းလန်းရွှင်ရွှင် အပြုံးဝေဝေလွင် ကမ္ဘာလောကကြီး တစ်ခုလုံးကိုပင် သိမ့်သိမ့်တုန်စေသည်ဟု ညွှန်းဆိုလိုက်ချင်ပါသည်။

×××××××××××

# သင်စန်းစာ

ဖိုးထက်က ဉာဏ်ကောင်းပြီး စာတော်သည်ဟု ဆရာ၊ ဆရာမများကိုယ်တိုင် ချီးကျူးထားသည်။ တတိယတန်းတွင် ဖိုးထက် ပညာသင်ကြားနေသည်။ ရွာမူလတန်းကျောင်းမှာတော့ အတန်းထဲတွင် ဖိုးထက် စာအတော်ဆုံး ဖြစ်ပါသည်။

ဖိုးထက်နှင့် စာပြိုင်ဘက်များမှာ ခင်မျိုးသက်နှင့် ကြူကြူဝင်းတို့ ဖြစ်ကြသည်။ သူငယ်တန်းမှ တတိယတန်း နှစ်စအထိ ဖိုးထက်ကသာ ပထမရသည်။ ခင်မျိုးသက်က ဒုတိယ၊ ကြူကြူဝင်းက တတိယ။

စာတော်သည်ဟူသောဂုဏ်ကို ဖိုးထက် သာယာနေခဲ့သည်။ စာကျက်လျှင် ခဏလေးရသည်ဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ်လည်း ဝင်ခဲ့သည်။ အိမ်ပြန်ရောက်သောအခါ ဖိုးထက် သူငယ်ချင်းများနှင့် ဘောလုံးကန် ကစားသည်။ ညမိုးချုပ်ခါနီးမှ ပြန်လာသည်။

တစ်နေ့ ဖိုးထက် စာပေါ့လာမှန်း အဖေရိပ်မိသွားသည်။ သီးနှံများသိမ်းပြီးချိန်တွင် တောထဲဝင်နေရာမှ အိမ်သို့ အဖေပြန်

ရောက်လာသည်။ အမေကတော့ ညီမလေး သဲသဲ မွေးခါစမို့ ဖိုးထက်ကို မကြည့်နိုင်ပေ။ အဖေနှင့် အမေတို့၏ မအားလပ်မှုကို အခွင့်ကောင်းယူကာ ဖိုးထက် စာဘက်တွင် ပေါ့လျော့လာခဲ့သည်။

"သား. . . ဖိုးထက်၊ ကစားမက်ပြီး စာဘက်မှာ ပေါ့မသွားနဲ့နော်။ ပထမအစမ်းစာမေးပွဲ ဖြေရတော့မယ်မဟုတ်လား"

"ဖြေရတော့မှာပါ အဖေ၊ သား စာတွေပိုင်နေပါပြီ"

ဖိုးထက် အဖြေစကားကိုကြားတော့ အဖေက ပြုံးပြုံးကြီး လုပ်နေသည်။ အဖေ့ယုံကြည်မှုရ၍ ဖိုးထက်လည်း ဝမ်းသာမိသည်။ စာကို ပေါ့ပေါ့ပါးပါးသဘောထားကာ ကျက်မှတ်ပြီး စာမေးပွဲဖြေခဲ့သည်။

ဖိုးထက် အရှက်ကွဲရပါပြီ။ နှစ်စဉ် ပထမရခဲ့သော နေရာကို ဖယ်ပေးလိုက်ရသည်။ ဆရာမကလည်း ဖိုးထက်အဆင့်ကျသွားသည်ကို အံ့အားသင့်နေသည်။ အတန်းဖော်သူငယ်ချင်းဆီမှလည်း တီးတိုးအသံများ ကြားရသည်။

"ကဲ . . ပထမအစမ်းစာမေးပွဲ ရမှတ်တွေ ပေါင်းပြီးပြီမို့ အဆင့်တွေ ကြေညာပါ့မယ်။ အဆင့်တစ်က ခင်မျိုးသက်၊ အဆင့်နှစ်က ကြူကြူဝင်း၊ အဆင့်သုံးက ထက်မြတ်အောင်၊ အဆင့်လေးက . . ."

ဖိုးထက် မျက်နှာတစ်ပြင်လုံး ထူပူသွားသည်။ ခေါင်းပင် မဖော်ရဲပေ။ ခင်မျိုးသက်နှင့် ကြူကြူဝင်းတို့က ဖိုးထက်ကို လာအားပေးနှစ်သိမ့်ကြသည်။ ဖိုးထက်ပိုပြီး အရှက်ရသည်။ အိမ်ရောက်လျှင် အဖေဆူမှာ သေချာသည်။ ဘာတတ်နိုင်မည်နည်း။ အဆင့်တစ် ဘာ့ကြောင့်မရသလဲဆိုတာ ဖိုးထက် အသိဆုံးပင် ဖြစ်သည်။

× × ×



"ဖိုးထက် . . . သား ဆရာမ အိမ်လာသွားတယ်"

အဖေ့စကားကြောင့် ဖိုးထက် တုန်လှုပ်သွားသည်။ အဖေ ဆူတော့မည်ဟူသောအသိကြောင့် ဒူးတွေ တဆတ်ဆတ်တုန်လာသည်။ အဖေ့မျက်နှာကို မော့မကြည့်ရဲဘဲ အောက်ငုံ့ထားမိသည်။ အဖေက ဖိုးထက် ပခုံးလေးကို ခပ်ဖွဖွ ဖက်လာသည်။

"ဘာဖြစ်နေတာလဲ သား . . . တစ်ခုခုကို စိုးရိမ်နေသလိုပဲ၊ သား ဘာအမှားလုပ်ခဲ့လို့လဲ"

အဖေ၏အသံက ဒေါသသံမဟုတ်ဘဲ သာယာချိုလွင်နေသည်။ ဖိုးထက် စိတ်မကောင်းဖြစ်ရသည်။ အဖေ ဆုံးမနေသည့်ကြားမှ ကစားမက်ခဲ့သဖြင့် စာဘက်တွင် အားနည်းသွားရခြင်းဖြစ်သည်။

"သားအဆင့်တွေ ကျသွားတယ်နော်၊ ပထမအစမ်းစာမေးပွဲ ဆိုတော့ အဆုံးအဖြတ်မဟုတ်သေးဘူး၊ အတန်းတင်စာမေးပွဲ ကျရင် ပြန်ကြိုးစား၊ သားရနေကျ ပထမနေရာကို ဖယ်ပေးလိုက်ရတာ သားဂုဏ်သိက္ခာ ကျတာပေါ့၊ အဲဒီနေရာမြဲဖို့ဆိုရင် ထိုက်တန်တဲ့ ကြိုးစားအားထုတ်မှုရှိဖို့လိုတယ် ငါ့သား၊ ကဲ . . . အဝတ်အစားလဲတော့"

အဖေ့ရှေ့မှ ခါးလေးကိုင်းကာ ဖိုးထက်ဖြတ်လျှောက်လာခဲ့သည်။ အဝတ်လဲနေရင်း ဖိုးထက်ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာသည်။ တစ်ချက်လေးပေါ့သွားရုံဖြင့် ကိုယ့်နေရာ ဖယ်ပေးလိုက်ရခြင်းကို နောင်တရမိသည်။

"ဖိုးထက်ရေ . . . ဘောလုံးကန်သွားမယ်ဟေ့"

အိမ်ရှေ့မှ ကြွက်နီတို့ သူငယ်ချင်းတစ်စု လှမ်းခေါ်သံကြားရသည်။ ဖိုးထက် အိမ်ရှေ့သို့ အပြေးအလွှား ထွက်လာခဲ့သည်။

အဖေက ကိုင်းခုတ်ဓားမကြီးကို အိမ်ရှေ့ကြမ်းပြင်၌ ထိုင်ပြီး သွေးနေသည်။ ဖိုးထက်ဘာလုပ်မလဲ အကဲခတ်နေသည်။

"ကွက်နီ. . . ငါမလိုက်တော့ဘူး၊ ကျောင်းပိတ်ရက်မှ ကစားတော့မယ်"

"အေး. . . အေး. . . ငါတို့သွားပြီ"

ဖိုးထက် အဖေ့ကို မသိမသာလှမ်းကြည့်သည်။ ဓားသွေးရင်း အဖေက ပြုံးပြုံးကြီး လုပ်နေသည်။

"သား. . . သင်ခန်းစာ ရသွားပါပြီ အဖေ၊ သား ကစား မမက်တော့ပါဘူး"

ဖိုးထက် စာပြန်ကြိုးစားသည်။ အိမ်အလုပ်များကိုလည်း ကိုယ်နိုင်သလောက် ဝင်ကူလုပ်သည်။ ညီမလေး သဲသဲကိုလည်း ထိန်းပေးသည်။ အဖေနှင့်အမေတို့၏ စကားကိုနားထောင်မှု ကြောင့် အတန်းတင်စာမေးပွဲကြီးကို ကောင်းမွန်စွာ ဖြေဆို နိုင်ခဲ့သည်။

နွေရာသီကျောင်းပိတ်ရက်လွန်မြောက်သော် အောင်စာရင်း ထွက်ပြီ။ ဖိုးထက်တို့အပြေးအလွှား သွားကြည့်သည်။ အတန်းတင် စာမေးပွဲကြီးတွင် ဖိုးထက် ပထမရသော်လည်း ပထမအစမ်း စာမေးပွဲတွင် အမှတ်နည်းခဲ့သဖြင့် နှစ်ခုပေါင်းလိုက်သောအခါ အဆင့်နှစ်ဖြင့် ကျေနပ်ခဲ့ရသည်။

ဖိုးထက်အတွက် သင်ခန်းစာ ဖြစ်ပါသည်။ လာမည့်နှစ် စတုတ္ထတန်းတက်သောအခါ နှစ်စမှ နှစ်ဆုံးအထိ ကြိုးစားမည်ဟု ဆုံးဖြတ်ချက်ခိုင်မာစွာချလိုက်သည်။ သူဆုံးရှုံးခဲ့ရသော ပထမ



နေရာကို ခက်ခက်ခဲခဲကြိုးစားပြီးမှ ပြန်လည်ရရှိမည်ဟူသော အသိ ကိုလည်း တစ်ပြိုင်နက်တည်း ရလိုက်ပါတော့သည်။

× × ×

ဖိုးထက် စတုတ္ထတန်းကျောင်းသားဖြစ်နေပါပြီ။

ဖိုးထက်နှင့် စာပြိုင်ဘက်များဖြစ်ကြသော ခင်မျိုးသက်နှင့် ကြူကြူဝင်းတို့ကလည်း ရေကုန်ရေခန်း ကြိုးစားလာကြသည်။ ဖိုးထက် လွယ်လွယ်နှင့် ပထမနေရာ မရနိုင်မှန်းသဘောပေါက် လာသည်။

ခင်မျိုးသက်၏ ဦးလေးနှင့် အဒေါ်များက ကျောင်းဆရာ၊ ဆရာမများဖြစ်ကြသည်။ ကျောင်းတွင် သင်ခဲ့သောစာများကို အိမ်၌ ပြန်သင်ပေးသည်။ ခင်မျိုးသက်က အရမ်းတိုးတက်လာ သည်။

ထိုနည်းတူ ကြူကြူဝင်း၏ အစ်မကလည်း အထက်တန်း ကျောင်းသူဖြစ်သည်။ မရှင်းသောစာများကို ပြန်သင်ပေးသည်။ ကြူကြူဝင်းသည်လည်း နင်လားငါလား ဖြစ်လာသည်။

ဖိုးထက်ကမူ အဖေက လေးတန်းအောင်၊ အမေက ငါးတန်း အောင်ဆိုပေမယ့် စာနှင့်အလှမ်းဝေးသွားပြီဖြစ်၍ ပြန်လည် မသင်ပြနိုင်တော့ပေ။ ဖိုးထက်စဉ်းစားသည်။ နောက်ဆုံးတွင် မရှင်း သောစာများကို ကျောင်းအုပ်ဆရာကြီးအိမ်သို့ သွားမေးသည်။ ဆရာကြီး၏ သမီးမြရီကလည်း ဖိုးထက်နှင့် အတန်းတူမို့ အတူတူ ရှင်းပြပေးသည်။

"သား . . . ဖိုးထက်၊ သင်ခန်းစာ အကုန်လုံးကို ကျေညက် အောင်သာ ကျက်မှတ်တွက်ချက်ကွာ၊ သား အဆင့်တစ်ရမှာ

သေချာတယ်၊ ဟိုစာပါမယ် ဒီစာပါမယ်ဆိုပြီး ရွေးမကျက်နဲ့၊ စာအကုန်လုံးသိနေရင် စာမေးပွဲမှာ ဘာမေးမေး ဖြေနိုင်မှာပါ၊ ကြားလား သား"

"ဟုတ်ကဲ့. . . သား အဲဒီအတိုင်း ကြိုးစားပါ့မယ်အဖေ၊ သား သင်ခန်းစာ ရသွားပါပြီ"

ပညာသင်နှစ်တစ်နှစ်ပြီးမြောက်ခဲ့၍ အောင်စာရင်း ထွက်လာပြီ။ ဖိုးထက် ပထမနေရာ ပြန်ရသွားသည်။ ဖိုးထက် အရမ်းပျော်ပါသည်။ လာမည့်အတန်းတိုင်းတွင်လည်း ကစားခြင်းကို လျှော့ပြီး စာကြိုးစားခြင်းတွင် အချိန်ပိုပေးရမည် ဟူသော အသိကို ဖိုးထက်ရရှိခဲ့ပါသည်။

×××××××××××

## ပုံပြောကောင်းသူ

အတန်းတင်စာမေးပွဲပြီးဆုံး၍ နွေရာသီကျောင်းပိတ်ရက်သို့ ရောက်လာချေပြီ။ အောင်မောင်းတို့ သူငယ်ချင်းတစ်စု အရမ်းပျော်ကြသည်။ အိမ်အလုပ်များကို ကိုယ်တတ်နိုင်သလောက် ကူညီလုပ်ကိုင်ပေးပြီး ငှက်ပစ်ထွက်၊ လောက်စာလုံးပစ်၊ ခွေလှိမ့် စသဖြင့် သူငယ်ချင်းတစ်စု စိတ်တူကိုယ်တူ လုပ်ကြသည်။

နွေရာသီဖြစ်၍ လသာညများနှင့်လည်း ကြုံရသည်။ ရွာဓလေ့အတိုင်း လသာသောညများတွင် အိမ်ရှေ့မြေကွက်လပ်၌ အောင်မောင်းတို့ ကလေးများ ကစားကြသည်။ ညီညာပြန့်ပြူးပြီး ကျယ်ဝန်းသော မြေကွက်လပ်တွင်မူ ကလေးများ ပိုမိုစည်ကားလေ့ရှိသည်။

"ဒီနေ့ည အောင်မောင်းတို့အိမ်ရှေ့မှာ သွားကစားမယ်ဟေ့"

"ငါလည်း လိုက်မယ်၊ အိမ်ဝင်းက အကျယ်ကြီးဆိုတော့ ဆော့လို့ကောင်းတယ်"

ဖိုးသီးနှင့် မိုးသီးတို့ ညီအစ်ကိုနှစ်ယောက် အတိုင်အဖောက် ညီနေကြသည်။ ဒေါ်အသီးက စပါးလုံးရွေးနေရာမှ သားနှစ်ယောက် စကားပြောသံကို ကြားလိုက်ရသည်။

"ညတိုင်း သွားကစားနေကြတာ မမောဘူးလား သားတို့ရယ်၊ တစ်ညတလေလေးလည်း နားကြပါဦး"

"သားတို့က ကစားရုံသက်သက်မဟုတ်ဘူး အမေရ"

"ကစားရုံသက်သက်မဟုတ်ရင် ဘာအတွက်တုန်း"

ဖိုးသီးက သွက်သွက်လက်လက် ပြန်ဖြေသည်။

"ကစားလို့မောရင် ပုံပြင်ပြောတမ်း ကစားကြတယ်လေ၊ အရမ်းစိတ်ဝင်စားဖို့ ကောင်းတာ"

"ဟုတ်တယ် အမေ၊ အလှည့်ကျ ပြောရတာဗျ၊ သားတို့ အလှည့်တောင်ပြီးသွားပြီ"

မိုးသီးစကားကြောင့် ဒေါ်အသီးက ပြုံးလိုက်သည်။ မျောက်ရှုံးအောင် ဆော့နေသော သားနှစ်ယောက်က ပုံပြင်ပြောသည်ဆိုပါလား။ ဘာပုံပြင်များ ပြောသည်မသိ။ စာဖတ်တာလည်း မတွေ့ရပေ။

"သားတို့က ဘာပုံပြင်တွေ ပြောခဲ့လဲ၊ အမေ့ကို ပြန်ပြောစမ်းပါဦး"

ဖိုးသီးနှင့် မိုးသီးက ရယ်ကျဲကျဲဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။ ထိုစဉ် ဦးငွေအေး ယာတောမှ ပြန်လာသည်။ သားနှစ်ယောက်လုံး အိမ်မှာရှိနေ၍ အံ့သြရသည်။ အစောကြီး အိမ်မှာတွေ့နေရပုံထောက်ရင် ညလသာသာ ကစားရန် အားယူနေခြင်းဖြစ်ပေလိမ့်မည်ဟု ဦးငွေအေး အတပ်သိလိုက်သည်။

"ငါ့သားတွေ ကျားသားမိုးကြိုး အိမ်ကို အစောကြီးပြန်ရောက် နေကြပါလား"

"အစောကြီး ရောက်နေမှာပေါ့၊ ည ကစားဖို့အတွက် အားမွေးနေကြတာ"



ဦးငွေအေးက သားနှစ်ယောက်လုံးအား ပေါင်တစ်ဖက် တစ်ချက်စီပေါ်၌ ထိုင်ခိုင်းလိုက်သည်။ တစ်ယောက် တစ်လှည့်စီ ပွေ့ဖက်နမ်းရှုပ်လိုက်သည်။

"ရွာထဲမှာ သတင်းတစ်ခုကြားခဲ့တယ်၊ သားတို့ကစားဝိုင်းမှာ ပုံပြင်ပြောတမ်းလည်း ကစားကြတယ်ဆို၊ ဟုတ်လား"

"ဟုတ်တယ် ဖေကြီးရ၊ တစ်ယောက် တစ်ပုဒ်စီ အလှည့်ကျ ပြောရတာ"

"တယ်ဟုတ်ပါလား၊ သားတို့ အလှည့်ရောက်ပြီလား"

"ပြီးသွားပြီ"

အနောက်ဘက်တောင်တန်းများဆီသို့ နေလုံးနီရဲရဲကြီးက ငုပ်လျှိုးနေလေပြီ။ နေရောင်ဖျော့သွားသည်နှင့် ကြည်လင်သာယာသော ကောင်းကင်ယံတွင် ဖိုးလမင်းကို မြင်ရပြီ။ အလင်းရောင် မတောက်ပသေးသော်လည်း ဖြူလွလွပုံသဏ္ဌာန်ကို မြင်ရရုံဖြင့် ဖိုးသီးတို့ ဝမ်းသာနေကြပြီ။ မကြာမီ လသာပေတော့မည်။ သူတို့ ကစားရတော့မည်လေ။

"ကဲ. . . ဒါဆို ဘာပုံပြင်တွေ ပြောခဲ့လဲ၊ ဖေကြီးကို ပြောပြစမ်းပါဦး"

"သားက ယုန်နဲ့လိပ် ပုံပြင်ပြောခဲ့တယ် ဖေကြီး"

ဖိုးသီး၏ စကားသံ။ မိုးသီး၏စကားသံကလည်း ချက်ချင်းဆိုသလို ထွက်ပေါ်လာသည်။

"သားက ကြောင်နဲ့ ကြွက်ပုံပြင် ပြောခဲ့တယ်"

"ငါ့သားတွေက တယ်တော်ပါလားကွ၊ ဒီနေ့ည သားတို့ ပုံပြင်ပြောပြိုင်ပွဲကို ဖေကြီးလာနားထောင်ဦးမယ်"

"ကောင်းတာပေါ့ ဖေကြီးရ၊ အောင်မောင်းတို့ အိမ်ပေါ်မှာ ပုံပြင်လာနားထောင်တဲ့ လူကြီးတွေ အများကြီးပဲ"

ဖိုးသီးနှင့် မိုးသီးတို့ ညီအစ်ကိုနှစ်ယောက် ကပျာကယာ ရေချိုး၊ ထမင်းခပ်သွက်သွက်စားပြီး အောင်မောင်းတို့ အိမ်ရှေ့ မြေကွက်လပ်ဆီသို့ အပြေးအလွှား ထွက်ခွာသွားကြတော့သည်။

× × ×

ဖိုးလမင်း၏ အလင်းရောင်က တဖြည်းဖြည်းတောက်ပလာသည်။ အောင်မောင်းတို့အိမ်ရှေ့ မြေကွက်လပ်တွင်လည်း ကလေးများ စုရုံးရောက်ရှိနေကြပြီ။ ယောကျ်ားလေးများ စုပေါင်းကာ သိုင်းချတမ်းကစားကြသည်။ မိန်းကလေးများ စုရုံးပြီး ဖန်ခုန်တမ်းကစားကြသည်။ အားရပါးရ ကစားပြီးသောအခါ ခဏနားကြပြန်သည်။

အောင်မောင်းတို့အိမ်ပေါ်တွင် လူကြီးသူမများလည်း ရောက်ရှိနေကြပြီ။ အောင်မောင်း၏အမေက ဧည့်သည်များကို ထန်းလျက်ခဲနှင့် ရေနွေးကြမ်း ဧည့်ခံသည်။ အောင်မောင်း၏အဖေကလည်း ကစားနေသောကလေးများ မကြာခဏ ရေလာသောက်သဖြင့် သောက်ရေအိုးများအား ရေဖြည့်နေသည်။ ကလေးများ ရေသောက်ရန် အိမ်ပေါ်သို့ တဝုန်းဝုန်း တက်လာကြသည်။

"သားတို့ သမီးတို့ ဖြည်းဖြည်းသောက်ကြ၊ လုမသောက်နဲ့၊ တော်ကြာ ရေသီးနေဦးမယ်"

အောင်မောင်း၏ အမေက လှမ်းပြောသည်။ မနေသာသည့်အဆုံး လူကြီးသုံးလေးဦး ထိုင်ရာမှထကာ ကလေးများအား ရေခပ်တိုက်ရတော့သည်။ ချွေးတလုံးလုံးနှင့် မမောနိုင်မပန်းနိုင် ဆော့နေကြပုံကိုကြည့်ရင်း မိဘများလည်း ကျေနပ်နေကြသည်။

"ကဲ ဝိုင်းကြီးပတ်ပတ် ဒူ ဝေ ဝေ ကစားမယ်ဟေ့"



အောင်မောင်း၏ အသံထွက်ပေါ်လာသည်။ လရောင်ကြောင့် မြေကွက်လပ်တွင် ကလေးများတိုးဝှေ့နေသည်ကို အထင်းသား မြင်နေရ၏။ တစ်ယောက်လက် တစ်ယောက်ကိုင်ကာ စက်ဝိုင်းပုံသဏ္ဌာန် အဝိုင်းကြီးဖြစ်သွားသည်။ ကလေးအဝိုင်းကြီး အလယ်တွင် ကလေးတစ်ဦးက ရပ်နေသည်။

"ဝိုင်းကြီးပတ်ပတ် ဒူ ဝေ ဝေ၊ ဝိုင်းကြီးပတ်ပတ် ဒူ ဝေ ဝေ၊ ဝိုင်းကြီးပတ်ပတ် ဒူ ဝေ ဝေ"

ကလေးများ၏ အော်ဟစ်ရယ်မောသံလေးများက ညအမှောင်ကိုခွင်းကာ ဝန်းကျင်တစ်ခုလုံး ပျံ့နှံ့သွားသည်။ ကစားဝိုင်းဆီသို့ လူငယ်များလည်း တဖွဲဖွဲ ရောက်လာသည်။ ကစားဝိုင်း၏ နောက်ဆုံးအစီအစဉ်ဖြစ်သော ပုံပြင်ပြောပြိုင်ပွဲ နီးလာပြီဖြစ်၍ လာရောက်နားထောင်ကြခြင်းဖြစ်သည်။ ယခင်က အပျော်တမ်း ကစားဝိုင်းလေးဖြစ်သော်လည်း ယခုမူ ပုံပြင်ပြောပြိုင်ပွဲကြောင့် ကလေးများသာမက လူငယ်၊ လူလတ်ပိုင်းများပါ စိတ်ဝင်စားလာသော ကစားဝိုင်းလေး ဖြစ်နေပါပြီ။

"ပုံပြင်ပြောပွဲ စမယ်ဟေ့"

ဆူညံနေသောအသံများ ချက်ချင်းတိတ်ဆိတ်သွားသည်။ ပုံပြင်ပြောပြိုင်ပွဲအတွက် အောင်မောင်းအဖေက ဖျာကြမ်းများ ခင်းပေးထားသည်။ စကားပြောကောင်းနေသော ရေနွေးကြမ်းဝိုင်းမှ လူကြီးသူမများပင် ပုံပြင်ပြောမည့်အချိန်ကို နားစွင့်နေကြသည်။

"ပထမဆုံးပြောဖို့ အလှည့်ကျတာကတော့ မိတုတ်ဖြစ်ပါတယ်"

"ဟေး. . . ဖြောင်း. . ဖြောင်း. . . ဖြောင်း. . ."

အားပေးလက်ခုပ်သံများ ဆူညံစွာထွက်ပေါ်လာသည်။ ရွာလယ်ပိုင်းက ဦးဖိုးတုတ်၏သမီး စတုတ္ထတန်းကျောင်းသူ မိတုတ် ရှေ့သို့ ထွက်လာသည်။ ရေနွေးကြမ်းဝိုင်းတွင် ဦးဖိုးတုတ်လည်း ရောက်နေသည်။ သူ့သမီးအလှည့်ဆို၍ မသိမသာအကဲခတ် နားစွင့်နေသည်။

"သမီးပြောမယ့် ပုံပြင်လေးကတော့ မယ်ထွေးလေးနဲ့ မင်းသားလေးအကြောင်းပဲ ဖြစ်ပါတယ်ရှင် . . . ဟိုး ရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ . . ."

လူကြီးသူမများလည်း စကားဝိုင်း ပြန်ဆက်သည်။ သိပ်ပြီး မထူးခြားသော ပုံပြင်ဖြစ်၍ ဆက်ပြီးနားမထောင်ဖြစ်တော့ပေ။ ဖိုးသီးနှင့် မိုးသီးတို့၏အဖေ ဦးငွေအေးကတော့ ပုံပြင်ပြောပြိုင်ပွဲဆီသို့ နားစွင့်နေသည်။

"ဒီတစ်ခါ အလှည့်ကျလာတာကတော့ အောင်ဗေ ဖြစ်ပါ တယ်"

"ဟေး ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . ."

ညက တဖြည်းဖြည်းနက်လာသည်။ အချို့လူကြီးသူမများက ပြန်ဟန်ပြင်ကြသည်။ ပုံပြင်ပြောပြိုင်ပွဲနှင့် ပတ်သက်၍ သတင်းကြီး သူက အောင်မောင်း။ လူကြီးလူငယ် ကလေးတိုင်း၏ ပါးစပ်ဖျားတွင် ရေပန်းစားလွန်းသဖြင့် ဦးငွေအေး လက်မခံချင်။ သူ့သားများ အကြောင်း မေးကြည့်ပါသည်။ ရွာတောင်ပိုင်းက လူငယ်ခေါင်းဆောင် မောင်လူချောက အားမနာတမ်းပြောသည်။

"ဦးလေးသားနှစ်ယောက်လည်း ပုံပြောကောင်းပါတယ်၊ ဒါပေမဲ့ အောင်မောင်းကိုတော့ မမီဘူးဗျ၊ အောင်မောင်းက



စာလည်း တော်တယ်၊ ပုံပြောလည်း ကောင်းတယ်၊ ကျွန်တော်တို့ လူငယ်တွေ အစီအစဉ်တစ်ခုဆွဲထားတယ် ဦးလေး"

"ဘာများလဲကွ"

"နေ့တိုင်းပုံပြောနေတဲ့ ကလေးတွေထဲက ပရိသတ်အကြိုက်ဆုံး ပုံပြောကောင်းသူဆုပေးဖို့ လုပ်ထားတယ်၊ အခုဆိုရင် ကလေးအားလုံး ပုံပြောပြီးပြီ။ အဲဒီထဲကမှ ဆန်ခါတင် ငါးယောက် ရွေးမယ်၊ ငါးယောက်ကို ဗိုလ်လုပွဲပြောခိုင်းမယ်၊ ပထမတစ်ယောက်ပဲ ရွေး မယ်၊ သူကတော့ ဒီရွာက ကလေးတွေထဲမှာ တစ်နှစ်တာ ပုံပြော အကောင်းဆုံးဆု ရသွားမှာပါ"

"ငါ့သားတွေရော ပါလား"

"ပါမှာပါ၊ မနက်ဖြန်ညကျရင် ငါးယောက်အမည်စာရင်း ထွက်မှာ"

"ရွေးတဲ့အခါကျတော့ ဘယ်သူတွေ ရွေးမှာလဲ၊ တော်ကြာ မျက်နှာလိုက်ပြီးရွေးရင် ဘယ်လိုလုပ်မလဲ "

"အဲဒီအတွက်တော့ စိတ်ချ ဦးလေး၊ ရွာကျောင်းက ဆရာ ဆရာမတွေ ကိုယ်တိုင်လာအကဲဖြတ်မှာ၊ အမှန်အတိုင်းဖြစ်စေ ရပါ့မယ်"

"ကောင်းတာပေါ့ကွာ၊ ဘယ်နေ့လုပ်မှာလဲ"

"လာမယ့် လပြည့်နေ့မှာလုပ်မှာ၊ တစ်ပတ်လောက် လိုသေး တာပေါ့"

ကစားဝိုင်းသိမ်းပြီဖြစ်၍ အလျှိုအလျှိုပြန်သွားကြပြီ။ ညဥ့် ကြက်တွန်သံများကိုပင် ကြားနေရပြီ။ ပုံပြင်ပြော အကောင်းဆုံးဆု ရွေးချယ်ပွဲကိုလည်း တစ်ရွာလုံးက စိတ်ဝင်စားနေကြသည်။

× × ×

လပြည့်ညမို့ ကောင်းကင်ယံတွင် ဖိုးလမင်းက ထိန်ထိန်သာလွန်းနေသည်။ အောင်မောင်းတို့အိမ်ရှေ့တွင် ကလေးများ တဖွဲဖွဲရောက်လာကြပြီဖြစ်သည်။ ပုံပြင်ပြောပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲဖြစ်၍ တစ်ရွာလုံး စိတ်ဝင်စားနေကြသည်။ အိမ်ရှေ့မြေကွက်လပ်တွင် နေရာလွတ်မရှိအောင် လာကြည့်သူများ ပြည့်နေသည်။

ဗိုလ်လုပွဲတွင် အောင်မောင်း၊ ဖိုးသီးနှင့် မိုးသီးတို့ ညီအစ်ကို၊ ဂျမ်းပုံနှင့် ခင်မာစန်းတို့ ယှဉ်ပြိုင်ကြရမည်။ စတုတ္ထတန်းဖြေထားသော ကျောင်းနေဖက်သူငယ်ချင်းများလည်း ဖြစ်ကြပါသည်။

ပုံပြောပြိုင်ပွဲကို နားထောင်ရန် အောင်မောင်းတို့ အိမ်ရှေ့ကြမ်းပြင်၌ လူကြီးသူမများလည်း ရောက်ရှိနေသည်ကို အောင်မောင်းမြင်ရသည်။ ထူးခြားစွာပင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များလည်း ရောက်ရှိနေသည်။

ပုံပြောပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်လာသော ကလေးငါးဦး၏ အုပ်ထိန်းသူမိဘများကလည်း ပရိသတ်ထဲတွင် ရောက်နေကြသည်။ အောင်မောင်း၏ မိဘနှစ်ပါးမှလွဲ၍ ကျန်မိဘများက သူတို့သားသမီးများသာ ဗိုလ်စွဲမည်ဟု ကြွားလုံးထုတ်နေကြသည်။ အောင်မောင်း အိပ်ခန်းထဲတွင် အဝတ်အစားလဲနေရင်း ရေနွေးကြမ်းဝိုင်းဆီမှ စကားသံများကို ကြားနေရသည်။

"ငါ့သား နှစ်ယောက်ကတော့ ဘယ်သူဗိုလ်စွဲမလဲ မသိဘူး၊ အိမ်မှာ ငါကိုယ်တိုင်လေ့ကျင့်ပေးထားတာ"

ဖိုးသီးနှင့် မိုးသီးတို့၏ အဖေ ဦးငွေအေး အသံမှန်း အောင်မောင်း သိလိုက်သည်။



"ကျုပ် သမီး ဂျမ်းပုံကလည်း နှုတ်သွက်အာသွက်နဲ့ ပုံပြောကောင်းပါပေ့"

"သူများတွေလို ကြွားမနေပါဘူး၊ ကျုပ်သမီး ခင်မာစန်း ဘယ်လိုပုံပြောကောင်းတယ်ဆိုတာ မကြာခင် တွေ့ရပါလိမ့်မယ်"

အဝတ်အစားလဲပြီး၍ အောင်မောင်းကလည်း ကစားဝိုင်းဆီသို့ ခပ်သွက်သွက်လာခဲ့သည်။ ဆရာ ဆရာမများရောက်လာပြီဖြစ်၍ ပုံပြောပြိုင်ပွဲ ဗိုလ်လုပွဲကို စတင်ကျင်းပသည်။

ဖိုးသီးက ထုံးစံအတိုင်း သူအပိုင်နိုင်ဆုံး 'ယုန်နှင့် လိပ်' ပုံပြင်ပြောသည်။ ပုံပြင်ပြီးသောအခါ ဆရာမ ဒေါ်မြလေးက ပုံပြင်မှရရှိသော သင်ခန်းစာကို မေးသည်။

"ယုန်က လိပ်ထက် အပြေးမြန်ပေမယ့် လမ်းမှာ အိပ်နေမိလို့ ပန်းတိုင်ကို လိပ်က အရင်ရောက်သွားတယ်လေ ဆရာမရဲ့"

"သားပြောတာမှန်ပါတယ်၊ ဆရာမ သိချင်တာက အဲဒီ ပုံပြင်လေးက သားတို့အတွက် ဘယ်လို သင်ခန်းစာယူစရာပါသလဲ၊ အဲဒါကို မေးတာ"

ဖိုးသီး မဖြေနိုင်ဘဲ ခေါင်းကိုသာ တွင်တွင်ကုတ်နေသည်။ ဂျမ်းပုံ၏အလှည့်ဖြစ်ပြီး 'စင်ဒရဲလားနဲ့ ဖိနပ်ပုံပြင်' ပြောသည်။ ဆရာ ဦးယုဇော်က ပုံပြင်မှ သင်ခန်းစာ ဘာရသလဲမေးရာ မဖြေနိုင်ပေ။ မိုးသီးကလည်း သူပြောနေကျ 'ကြောင်နှင့် ကြွက်' ပုံပြင်ပြောရာ သင်ခန်းစာ မဖော်ထုတ်နိုင်ဘဲ ဖြစ်နေသည်။ ထို့နောက် ခင်မာစန်း အလှည့်ရောက်လာပြီး 'ဒေါင်းယောင်ဆောင်သော ကျီး' ပုံပြင်ကို ဟန်ပန်ကောင်းစွာ ပြောနိုင်သော်လည်း သင်ခန်းစာဖော်ထုတ်နိုင်မှု မရှိပေ။ နောက်ဆုံးပြိုင်ပွဲဝင်ရသော အောင်မောင်းက 'ဆရာရသေ့ရဲ့ တမာရွက် ဥပမာ' ပုံပြင်ကို ပြောသည်။

"ဒီပုံပြင်လေးကနေ သားတို့လို ကလေးတွေအတွက် သင်ခန်းစာ ဘာရသလဲ. . . ဖြေပါ"

"ဆရာရသေ့က မင်းသားလေးကို ဆုံးမတဲ့ စကားရှိပါတယ်၊ တမာရွက်ဟာ အပင်သေးပေမယ့် ခါးတယ်၊ အပင်သေးသေး လေးမှာတောင် ဒီလောက်ခါးနေရင် အပင်ကြီးလာတဲ့အခါ ပိုခါး လိမ့်မယ်၊ ဒါ့ကြောင့် မင်းသားလေးလည်း ငယ်ပေမယ့် တမာရွက်လို မခါးမိစေနဲ့လို့ ပြောပါတယ်၊ အဲဒီစကားဟာ သားတို့အတွက် သင်ခန်းစာယူစရာပါ ခင်ဗျာ၊ မိဘဆရာ လူကြီးသူမတွေရဲ့ ဆုံးမ စကားကို နားထောင်ပြီး လိမ်လိမ်မာမာနေရမယ်၊ ပြန်မပြောရဘူး၊ တမာရွက်လို ငယ်ငယ်လေးနဲ့ ခါးတဲ့သူ မဖြစ်စေရဘူး၊ ဒါမှ ကြီးရင် လိမ္မာမှာ၊ မိဘဆရာသမားတွေရဲ့ စကားနားထောင်ရမယ်ဆိုတဲ့ သင်ခန်းစာရပါတယ် ဆရာမ"

"ဟေး. . . ဖြောင်း. . . . ဖြောင်း. . . . ဖြောင်း"

ပုံပြင်ပြောပြိုင်ပွဲ ဗိုလ်လုပွဲပြီးဆုံးသွားပါပြီ။ စာကို ကြက်တူရွေးနှုတ်တိုက် ကျက်မှတ်ခြင်းထက် ဆိုလိုသည့်အဓိပ္ပာယ်ကို သိအောင် ကျက်မှတ်ခြင်းကသာ အသိအလိမ္မာတိုးစေပါသည်။ အောင်မောင်းက မရှင်းသည့် အဓိပ္ပာယ်မှန်သမျှ ဆရာ ဆရာမ များထံ ပြန်လည်မေးမြန်းလေ့ရှိသည်။ အောင်မောင်း ဘာ့ကြောင့် ပုံပြောကောင်းသူဆု ရသွားသလဲဆိုတာ ကျောင်းသားများနှင့် မိဘအားလုံး သဘောပေါက်သွားကြပြီဖြစ်ပါသည်။

××××××××××××

# အုတ်တစ်ပို အလှူရှင်

မင်းမင်းသည် စတုတ္ထတန်း တက်ရောက်နေပြီဖြစ်သည်။ မင်းမင်းတို့ ဇီနံ့ရွာလေးတွင် မူလတန်းကျောင်းသာရှိ၍ အတန်း အကြီးဆုံးကျောင်းသားများလည်း ဖြစ်ကြပါသည်။

မင်းမင်းတို့ကျောင်းလေးသည် သွပ်မိုးပျဉ်ကာဖြစ်ပြီး နှစ်အတော်ကြာပြီဖြစ်ပါသည်။ မိုးရွာပါက မိုးယိုပေါက်များကြောင့် စာသင်ရာ၌ အနှောင့်အယှက်ဖြစ်ရသည်။ မိုးရွာစဉ် လေတိုက်ပါက တံခါးရွက်မရှိသော ပြတင်းပေါက်များဆီက မိုးပက်လေတော့သည်။

"မိုးပက်တယ် ဆရာမ၊ ကျွန်တော်တို့ကို မိုးရေတွေ ရွှဲကုန်ပြီ"

မင်းမင်းက လှမ်းအော်ပြော၍ ဆရာမ ပျာပျာသလဲ လာ ကြည့်သည်။ လေတရကြမ်းတိုက်နေ၍ မိုးရေစက်များက စာသင် ခန်းများဆီသို့ အရှိန်ပြင်းစွာ ဝင်ရောက်လာသည်။

"သားတို့ သမီးတို့ မိုးလွတ်တဲ့နေရာမှာ ခဏသွားနေကြ၊ လွယ်အိတ်တွေ တစ်ခါတည်း ယူသွား"

မင်းမင်းတို့ စတုတ္ထတန်း ကျောင်းသားကျောင်းသူအားလုံး မိုးလွတ်သော ကျောင်းအလယ်၌ စုပြုံတိုးဝှေ့နေကြသည်။ စတုတ္ထတန်း၊ တတိယတန်း၊ ဒုတိယတန်း၊ ပထမတန်း၊ သူငယ်တန်းမှ

ကျောင်းသားကျောင်းသူအားလုံး မိုးမတိတ်မချင်း စာမသင်ရပေ။ ခဏကြာသောအခါ မိုးတိတ်သွားသည်။

"ကဲ . . . ကိုယ့်အတန်းကို ပြန်ကြတော့"

သက်ဆိုင်ရာ အတန်းများဆီသို့ အပြေးအလွှား ပြန်ကြသည်။ ကလေးတစ်ယောက်၏ စူးစူးဝါးဝါးအော်သံ ထွက်ပေါ်လာသည်။

"ပျဉ်ကြားထဲမှာ ခြေထောက်ညပ်နေပြီ၊ နာလိုက်တာ၊ ဆရာမ လုပ်ပါဦး"

ပြေးလွှားရင်း ပျဉ်ပေါက်ထဲသို့ ခြေထောက်တစ်ဖက် ကျွံဝင်သွားခြင်းဖြစ်သည်။ ပျဉ်ခင်းက ဆွေးမြည့်နေပြီဖြစ်၍ အပေါက်များဖြစ်နေသည်။ ပျဉ်ပေါက်ကျွံသော ကျောင်းသားများလည်း ခဏခဏဖြစ်နေသည်။

တတိယတန်းမှ ဇော်လေး ပျဉ်ပေါက်ကျွံကျခြင်းဖြစ်သည်။ အတန်းပိုင်ဆရာမက ခြေထောက်ကို အသာအယာ ပြန်ဆွဲထုတ်ပေးသည်။ တော်သေးသည်။ ပွန်းရုံသာဖြစ်ပြီး သွေးထွက်သံယိုမဖြစ်ပေ။

မင်းမင်းတို့ အတန်းနေရာဆီသို့ ပြန်ရောက်သောအခါ ကျောင်းအုပ်ဆရာကြီးဆီမှ စကားသံ ထွက်ပေါ်လာသည်။

"ကျောင်းက ဟောင်းနေပြီ၊ ကလေးတွေ ခုလို စာသင်နေရတာမြင်တော့ ဆရာကြီး စိတ်မကောင်းဘူး၊ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းလေး မြေနေရာရွေး၊ အုတ်မြစ်တော့ ချပြီးပြီ၊ ဒါပေမဲ့ အလှူငွေတွေက ထင်သလောက်မရတော့ မပြီးနိုင်ဘူးဖြစ်နေတယ်၊ ရွာသူရွာသားတွေ သီးနှံတွေရပြီး စီးပွားရေး အဆင်ပြေမှ အုတ်စီသွပ်မိုးကျောင်းလေး အမြန်ဆုံးဖြစ်လာမှာ၊ ကဲ. . သင်ခန်းစာ ဆက်ရအောင်"



မင်းမင်း ရင်ထဲမကောင်းပေ။ အုတ်စီသွပ်မိုး ကျောင်းလေး အမြန်ဆုံးဖြစ်စေချင်သည်။ ရွာသူရွာသားတွေလည်း သီးနှံများများ ရပါစေဟု ဆုတောင်းပေးမိသည်။ ကျောင်းဆင်း၍ အိမ်ပြန်ရောက်ပါက အဖေနဲ့အမေကို မင်းမင်းပြောရဦးမည်။ အုတ်စီသွပ်မိုး ကျောင်းလေးအတွက် အလှူငွေများများ ထည့်ပါလို့ပေါ့။

× × ×

"အမေတို့လည်း လှူနေတာပဲ သားရယ်၊ သုံးကြိမ်ရှိပြီကွယ့်"

အမေ့ပြောစကားကြောင့် မင်းမင်း စိတ်ထဲပေါ့သွားသည်။ အဖေနှင့် အမေတို့ကို အလှူငွေမထည့်မှာကို တွေးပူမိခြင်းဖြစ်သည်။ သို့သော် မင်းမင်း ထပ်ပြောရပါမည်။

"အမေကလည်း သုံးကြိမ်တည်းနဲ့ ရပ်တော့မလို့လား၊ ထပ်လှူဦးပေါ့ဗျ"

မင်းမင်းကို အမေက အဝတ်လျှော်နေရင်း ပြုံးပြုံးကြီးလှမ်းကြည့်သည်။ ထိုစဉ် အဖေလည်း ဓားမကြီး ထမ်းလျက် ယာတောမှ ပြန်လာသည်။ အဖေ့တစ်ကိုယ်လုံး ရွှံ့ဗွက်များ ပေကျံနေသည်ကို မင်းမင်း သတိထားမိသည်။

"လှူချင်တာပေါ့ သားရယ်၊ မိသားစုစားဝတ်နေရေးက ရှိသေးတယ်ကွ၊ မိုးလေဝသမှန်ပြီး သီးနှံအထွက်ကောင်းမှ ငွေပိုငွေလျှံရှိတာ၊ ဒီနှစ် သီးနှံအထွက်နှုန်းကောင်းရင် သားတို့ မူလတန်းကျောင်းလေးအတွက် အဖေတို့ ထပ်လှူမှာပါ"

"အဖေ တကယ်ပြောတာနော်"

"တကယ်ပေါ့ သားရဲ့"

မင်းမင်း ဝမ်းသာရပါသည်။ အတန်းထဲက သူငယ်ချင်းများကိုလည်း သူ့နည်းလမ်းသုံးရန် အကြံပေးဖြစ်သည်။ မိဘများကလည်း သားသမီးများ၏တောင်းဆိုမှုကို လိုက်လျောနိုင်ရန် အလုပ်ကြိုးစားနေကြသည်ကို မင်းမင်းတို့ သူငယ်ချင်းတစ်တွေ ဝမ်းသာအားရ ဖြစ်မိပါသည်။

မင်းမင်းတို့ အစိုးရစစ်စာမေးပွဲ ဖြေရမည်။

ပထမအစမ်းနှင့် ဒုတိယအစမ်းစာမေးပွဲကတော့ ဖြေပြီးပြီ။ အတန်းတင်စာမေးပွဲကြီးအတွက် လုံးပန်းနေကြချိန်လည်းဖြစ်သည်။

မင်းမင်းတို့သည် ရွှေပန်းတော အခြေစိုက်အစိုးရ မူလတန်းကျောင်းတွင် အစိုးရစစ်စာမေးပွဲ သွားဖြေကြရသည်။ အခြေစိုက်တစ်ခုလုံးတွင် မူလတန်းကျောင်းပေါင်း နှစ်ဆယ်ကျော်ခန့်ရှိသည်။ သူ့ကျောင်းကိုယ့်ကျောင်း နာမည်ရစေရန် အပြိုင်အဆိုင် ကြိုးစားကြသည်။

မင်းမင်းတို့ ဇိန့်ကျေးရွာ မူလတန်းကျောင်းလေးကလည်း နာမည်ကြီးစာရင်းဝင် ကျောင်းလေးဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း အစိုးရစစ်စာမေးပွဲကို တန်းလုံးကျွတ်အောင်မြင်သည်။ အတန်းပိုင်ဆရာကြီး ဦးစန်းလွင်၏ အသင်အပြကောင်းမှုကလည်း အခြေစိုက်တစ်ခုလုံး သတင်းမွှေးလှသည်။

စတုတ္ထတန်း အတန်းတင် စာမေးပွဲကြီး စတင်ဖြေဆိုနေပြီ။

မင်းမင်းတို့ မြန်မာဘာသာရပ်ကို ကောင်းစွာဖြေဆိုနိုင်ခဲ့သည်။ သို့သော် မြန်မာစာအမှတ်အများဆုံးကို ဘရဲ မူလတန်းကျောင်းမှ ဇင်မာမြင့်က ရရှိသွားသည်။

"ဘာမှ စိတ်ဓာတ်မကျနဲ့ နောက်ဘာသာတွေ ကျန်သေးတယ်၊ ကြိုးစားကြ၊ ဆရာကြီးတို့ကျောင်းက အစဉ်အလာရှိပြီးသား"



ဆရာကြီး ဦးစန်းလွင်၏ အားပေးမှုနှင့်အတူ မင်းမင်းတို့ ရေကုန်ရေခန်း ကြိုးစားခဲ့ကြပြန်သည်။ သို့သော် အင်္ဂလိပ်ဘာသာကို ရွှေပန်းတော မူလတန်းကျောင်းမှ အေးဝတ်မွန်က အမှတ်အများဆုံး ရရှိသွားသည်။ သင်္ချာဘာသာရပ်ကိုလည်း နွားထားမူလတန်းကျောင်းမှ ခင်ဇာဝင်းက အမှတ်အများဆုံး ရရှိသွားသည်။

ပထဝီဖြေသည့်နေ့တွင် ဆရာကြီး မျက်နှာမကောင်းသည်ကို မင်းမင်းတို့ ရိပ်မိသည်။ ဆရာကြီးက အားပေးစကား ပြောနေမြဲပင်။ မင်းမင်းတို့ ရှက်ရပါသည်။ သူတို့ကြောင့် ဆရာကြီး သိက္ခာကျရတော့မည်လား တွေးပူမိသည်။

ပထဝီဘာသာတွင်လည်း ကြိုးကြာကုန်းမူလတန်းကျောင်းမှ ထားထားမေက အမှတ်အများဆုံး ရရှိသွားသည်။

နောက်ဆုံးနေ့ သမိုင်းဘာသာ ဖြေဆိုရသည်။

မင်းမင်းတို့ သူငယ်ချင်းအားလုံး ရှာမပြန်နိုင်သေးဘဲ အမှတ်စာရင်း ကြေညာမည့်အချိန်ကို စောင့်နေကြသည်။ လက်ကျန်မျှော်လင့်ချက်ဘာသာလည်း ဖြစ်နေပါသည်။

"သား . . . မင်းမင်း . ."

ဆရာကြီး ဦးစန်းလွင် ကျောင်းခန်းမထဲမှ အပြေးအလွှား ထွက်လာသည်။ မင်းမင်းနာမည်ကိုအော်ခေါ်ပြီး အနားရောက်လာသောအခါ ပြေးဖက်သည်။

"သား. . . ဆရာကြီးတို့ကျောင်းရဲ့အစဉ်အလာကို ဆက်ထိန်းနိုင်တာ အရမ်းဝမ်းသာတယ်ကွာ "

"ဆရာကြီး . . . . ဒါဆို"

"ဟုတ်တယ် သား၊ သမိုင်းဘာသာမှာ သားက ၉၈ မှတ်နဲ့ အမှတ်အများဆုံးရတယ်"

"ဟေး . . . ဟေး . . . . ဟေး . . ."

မင်းမင်းတို့ အားလုံးပျော်လွန်း၍ ကခုန်မိကြသည်။ ဆရာကြီးနှင့်အတူ အပျော်များ ထွေးပိုက်ကာ ရွာသို့ ပြန်လာခဲ့ကြသည်။ မင်းမင်း အရမ်းပျော်ပါသည်။

× × ×

နွေရာသီ ကျောင်းပိတ်ရက်ဖြစ်၍ မင်းမင်း အိမ်အလုပ်များ ကူညီလုပ်ကိုင်ဖြစ်သည်။ တစ်နေ့တွင် မင်းမင်းတို့ အိမ်သို့ ဆရာကြီး ဦးစန်းလွင် ရောက်လာသည်။ မင်းမင်းက နွားတင်းကုပ်ထဲတွင် နွားချေးကျုံးနေရာမှ အိမ်ပေါ်သို့ လှမ်းကြည့်ဖြစ်သည်။ ဆရာကြီးနှင့် အဖေတို့ စကားပြောလိုက်၊ မင်းမင်းအား ကြည့်လိုက်လုပ်နေ၍ မင်းမင်း မနေတတ်တော့ပေ။

"သား . . . မင်းမင်း"

"ဗျာ . . အဖေ"

"လက်ကို ရေပြောင်အောင်ဆေးပြီး အဖေတို့ဆီလာခဲ့၊ ဆရာကြီးက ပြောစရာရှိလို့တဲ့"

မင်းမင်းလည်း ပေကျံနေသော လက်နှစ်ဖက်ကို ဆပ်ပြာဖြင့် ဆေးကြောကာ အိမ်ပေါ်သို့ တက်လာခဲ့သည်။ ဆရာကြီး ရှေ့၌ ရိုသေစွာ ထိုင်လိုက်သည်။

"သား . . . မင်းမင်း၊ သားဆီက ဆရာကြီးအကူအညီ တစ်ခုလောက် တောင်းချင်တယ်"

အထူးအဆန်းစကားဖြစ်နေ၍ မင်းမင်းအံ့သြနေသည်။ ဆရာကြီးက ဘာကိစ္စမို့လို့ အကူအညီ တောင်းချင်သည်ဟု ပြောရပါလိမ့်။ မင်းမင်း နားမလည်နိုင်အောင်ဖြစ်ရသည်။



"ဒီလို သားရဲ့၊ သားက သမိုင်းအမှတ်အများဆုံး ရထားတာမို့လား၊ အဲဒီလို အမှတ်အများဆုံးရတဲ့အကြောင်း သားရဲ့ ဘဘုန်းကြီးတွေဆီ စာရေးပြီး လျှောက်လိုက်၊ ဘဘုန်းကြီးတွေက သားကို ဆုချလိမ့်မယ်၊ သား ဘာဆုလိုချင်လဲ ဘဘုန်းတွေက မေးလိမ့်မယ်၊ အဲဒီအခါကျရင် သားက အုတ်တစ်ဖို စွန့်ပေးပါလို့ အလှူခံရမယ်"

"ဟာ . . . ဟုတ်သားပဲ၊ သားက သားတို့ကျောင်းလေးအတွက် ကူညီချင်နေတာ ကြာလှပြီ၊ သား ကူညီခွင့်ရပြီ၊ အဖေ . . . သားကို စာရွက်နဲ့ ဘောပင်ပေးပါဦး"

ဤသို့ဖြင့် ပြည်မြို့၌ ကျောင်းထိုင်သော ဗာရာဏသီ ဆရာတော်ဘုရားကြီးနှင့် ပြင်ဦးလွင်၌ ကျောင်းထိုင်သော မေမြို့ ဆရာတော်ဘုရားကြီး ညီနောင်နှစ်ပါးဆီ မြေးဖြစ်သူ မင်းမင်း စာရေးလိုက်သည်။

ဆယ်ရက်ခန့်ကြာသောအခါ မင်းမင်းဆီသို့ ဘဘုန်းကြီးများက စာဖြင့် အကြောင်းပြန်လာသည်။

မင်းမင်း၏ ကြိုးစားမှုအတွက် ဆုငွေငါးထောင်ကျပ်နှင့် ကျောင်းစိမ်းဝတ်စုံနှစ်စုံ ချီးမြှင့်သည်။

"သားလိုချင်တာ ဒါတွေမှ မဟုတ်တာ"

မင်းမင်းက ငွေငါးထောင်နှင့် ကျောင်းဝတ်စုံများကို ကိုင်ရင်းပြောလိုက်တော့ အဖေနှင့် အမေက ပြုံးစိစိကြည့်နေကြသည်။ အဖေက နောက်ထပ် စာတစ်စောင်ထုတ်ပြသည်။

"အမျိုးဘတူ မြေးလေးရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုသောအားဖြင့် ဘဘုန်းတို့ ညီနောင်နှစ်ပါးက မြေးလေးအတွက် အုတ်တစ်ဖို စွန့်လိုက်ပါတယ်"

အဖေ့လက်ထဲမှ စာရွက်ကိုယူကာ မင်းမင်း ဆရာကြီး ဦးစန်းလွင်ဆီသို့ အပြေးလာခဲ့သည်။ ရွာလယ်လမ်းမတစ်လျှောက်လုံးလည်း မင်းမင်း အော်လာခဲ့သည်။

"ဆရာကြီး . . . ဆရာကြီး"

ဆရာကြီး ဦးစန်းလွင်က အိမ်ပေါ်မှ ပျာပျာသလဲ ဆင်းလာသည်။ ပြေးလာရသဖြင့် မင်းမင်း စကားမပြောနိုင်သေးဘဲ အသက်ဝအောင် ရှူနေရသည်။

" ဆရာကြီး . . . ဘဘုန်းတွေက အုတ်တစ်ဖို စွန့်လိုက်ပြီ၊ ဒီမှာစာ"

မင်းမင်းလက်ထဲမှစာကို ဆရာကြီးက ယူမဖတ်ပေ။ မင်းမင်းကို ကြည်လင်ဝင်းပသော မျက်နှာပေးဖြင့် ကြည့်နေသည်။ မင်းမင်းလည်း အရမ်းပျော်နေသည်။

"ဆရာကြီးတို့ မူလတန်းကျောင်းလေးအတွက် သားက အုတ်တစ်ဖို အလှူရှင်ဖြစ်သွားပြီပေါ့၊ သားလို တပည့်မျိုးရတာ ဆရာကြီး ဝမ်းသာတယ်၊ ဒီကုသိုလ်ကြောင့် သားဘဝမှာ ပညာနဲ့ ပတ်သက်လာရင် ပြိုင်ဘက်မရှိ ထူးချွန်ထက်မြက်ပါစေလို့ ဆရာကြီး ဆုတောင်းပေးလိုက်ပါတယ်ကွာ"

ဆရာကြီးအိမ်မှ မင်းမင်း ပြန်လာခဲ့သည်။ မင်းမင်း ပျော်ပါသည်။ အုတ်စီသွပ်မိုး မူလတန်းကျောင်းလေး မကြာမီပြီးစီးတော့မည်။ ညီငယ် ညီမငယ်လေးများ အန္တရာယ်ကင်းစွာ ထိုကျောင်းလေးပေါ်၌ ပညာသင်ကြားကြရတော့မည်။ လာမည့်နှစ် မင်းမင်း ပဥ္စမတန်းတက်ရမည်ဖြစ်၍ ရွာကျောင်းလေးကို ခွဲခွာရတော့မည်။ မင်းမင်း ကျေနပ်ပါသည်။ ကိုယ့်ကျောင်းလေးအတွက် အုတ်တစ်ဖို အလှူရှင် ဖြစ်ခဲ့ပြီပဲလေ။

××××××××××

# မောင်တရမိပါသည်

စာမေးပွဲနီးပြီဖြစ်၍ ကျောင်းသို့ အချိန်ပိုသွားသင်ရသည်။ မောင်မြင့်က စတုတ္ထတန်းကျောင်းသား ဖြစ်ပါသည်။

စာသင်ချိန်ပြီးတိုင်း မောင်မြင့်တို့ သူငယ်ချင်းတစ်စု အိမ်မပြန်သေးဘဲ ရွာအရှေ့လယ်ကွင်းများဆီသို့ အပြေးအလွှားသွားလေ့ရှိသည်။ လယ်ကွင်းအလယ်၌ ရေတွင်းကြီး နှစ်တွင်းရှိသည်။ ရေချိုးပြီးမှ ပြန်ကြသည်။ ထိုရေတွင်းနှစ်တွင်းသည် မောင်မြင့်တို့တစ်ရွာလုံးအတွက် သုံးရေ၊ ချိုးရေ၊ သောက်ရေအားလုံး အသုံးပြုနိုင်သည်။

မိုးရာသီဖြစ်၍ လယ်ကွင်းများ၌ ရေဖွေးဖွေး မြင်နေရပြီ။ စပါးမစိုက်ရသေးသော လယ်ကွက်အကျယ်ကြီး တစ်ကွက်ထဲတွင် မောင်မြင့်တို့တစ်တွေ ဘောလုံးကန်ကြသည်။

လယ်ကွက်ထဲ၌ ရွှံ့ဗွက်ပေကျံနေအောင် ဘောလုံးကန်ရသော အရသာကို မောင်မြင့်တို့ သဘောကျ နှစ်ခြိုက်ကြသည်။

ဘောလုံးကန်ပြီးပါက ရေပြည့်နေပြီဖြစ်သော အုတ်ဖိုကန်ကြီးထဲတွင် အားရပါးရ ရေကူးကြသည်။

တစ်နေ့ ဆရာကြီးက ကျောင်းမဆင်းမီမှာသည်။

"ကျောင်းဆင်းရင် လယ်ကွင်းတွေထဲသွားတာ ဆရာကြီး သိတယ်၊ နွေရာသီနဲ့ ဆောင်းတွင်းဆိုရင် ဆရာကြီး ဘာမှမပြော လိုဘူး၊ အခု မိုးတွင်းဆိုတော့ အုတ်ဖိုကန်မှာ ရေပြည့်နေပြီ၊ ရေသွား မကူးကြပါနဲ့"

ဆရာကြီး ပြောသည့်နေ့တွင် မောင်မြင့်တို့ မသွားရဲကြပေ။ အိမ်သို့ ချက်ချင်းပြန်လာခဲ့ကြသည်။ စာမေးပွဲအတွက် စာကျက်ကြရသည်။

ပထမအစမ်းစာမေးပွဲ ပြေပြီးပြီဖြစ်၍ ကျောင်းဆယ်ရက် ပိတ်သည်။

မောင်မြင့်နှင့် ကိုနိုင်သည် အချစ်ဆုံး ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြသည်။ မောင်မြင့်အိမ်သို့ ကိုနိုင် အိမ်လာ လည်သည်။ အားရအောင် ကစား၊ ထမင်းစားပြီးမှ ပြန်သည်။ နောက်တစ်နေ့တွင် မောင်မြင့်က ကိုနိုင့်အိမ်သို့ လိုက်လည်သည်။ ကစားပြီး ထမင်းစားပြီးမှ ပြန်သည်။

တစ်ရက်တွင် ဝဲနီတို့ မဲဆွယ်ကောင်းမှုကြောင့် မောင်မြင့် နှင့် ကိုနိုင်တို့ အုတ်ဖိုကန်သို့ လိုက်သွားကြသည်။ ဝဲနီတို့အုပ်စုက ရေကူးကျွမ်းကျင်၍ အုတ်ဖိုကန်ထဲသို့ ကျွမ်းပစ်လိုက်၊ ဒိုင်ဗင် ထိုးလိုက် လုပ်နေသည်။

"မောင်မြင့်နဲ့ ကိုနိုင် လာကြလေကွာ၊ ရေကူးရအောင်"



မောင်မြင့်က ရေကူးတတ်သည်။ ကိုနိုင်က ရေမကူးရဲပေ။ ဝက်ရူးပြန်ရောဂါရှိသဖြင့် ရေထဲသို့ တစ်ခါမျှမဆင်းဖူးပေ။ ကိုနိုင်ကို အားနာသဖြင့် မောင်မြင့်လည်း ရေမကူးတော့ပေ။ အဖေ ဆူမှာစိုး၍ မောင်မြင့်လည်း ကိုနိုင်ကိုခေါ်ကာ ရွာထဲသို့ ပြန်လာ ခဲ့ကြသည်။

× × ×

ဒုတိယအစမ်းစာမေးပွဲ နီးလာပြီဖြစ်၍ ဆရာကြီးက အချိန်ပိုခေါ်သင်သည်။

ထုံးစံအတိုင်း မောင်မြင့်တို့ သူငယ်ချင်းအားလုံး ကျောင်း လာကြသည်။ စာပိုင်နေပြီဖြစ်၍ စာသင်ရသည်မှာ ပျော်စရာ ကောင်းလှသည်။

ကျောင်းဆင်းခါနီးတွင် ဆရာကြီး ဦးသက်ဖေက ဝဲနီတို့ အုပ်စုကို အတန်းရှေ့ခေါ်ထုတ်သည်။

"အုတ်ဖိုကန်မှာ ရေမကူးရဘူးလို့ ပြောမထားဘူးလား"

မောင်မြင့်နှင့် ကိုနိုင်တို့လည်း မလုံမလဲ ဖြစ်နေကြသည်။ ဝဲနီတို့နှင့် အုတ်ဖိုကန်ကို တစ်ကြိမ်သွားခဲ့ဖူးသော အပြစ်ကရှိနေ သည် မဟုတ်လား။

"ပြောထားပါတယ် ဆရာကြီး"

"ပြောထားရက်သားနဲ့ ဘာလို့ သွားကြတာလဲ၊ အဲဒီကန်က အုတ်ဖုတ်တဲ့သူတွေ အုတ်ဖုတ်တုန်းက မြေကြီးတူးထားတာ ဝါး နှစ်ရိုက်လောက်နက်တယ်၊ မင်းတို့အရွယ်နဲ့ အဲဒီလောက်နက်တဲ့

ကန်ထဲမှာ ကူးလို့မရဘူး၊ မတော်လို့ရေနစ်ရင် ဘယ်လိုလုပ်မလဲ၊ ဒီတစ်ခါ နောက်ဆုံးဖြစ်ပါစေ၊ ကြားလား”

“ဟုတ် . . . ဟုတ်ကဲ့ပါ ဆရာကြီး”

ဝဲနီတို့ အသံများ တုန်ယင်ထစ်ငေါ့နေကြသည်။ ဆရာကြီးပြောမှ အုတ်ဖိုကန်သည် ဝါးနှစ်ရိုက်လောက်နက်မှန်း သိလိုက်ရသည်။ အုတ်ဖိုကန်ကို မသွားတော့ဟု မောင်မြင့်နှင့် ကိုနိုင်တို့ ဆုံးဖြတ်လိုက်သည်။

“ဆရာကြီး . . . ဆရာကြီး”

ကျောင်းဆောင်ရှေ့ဆီမှ ဦးမှတ်ကြီး၏ အော်ခေါ်သံကို မောင်မြင့်တို့ ကြားမိလိုက်သည်။

“ကိုမှတ်ကြီး . . . ဘာဖြစ်လာတာတုန်း”

“အုတ်ဖိုကန်ထဲမှာ ရေကူးရင်း ရွာမြောက်ပိုင်းက ကိုလေးတင့်ရဲ့သား ဖိုးချမ်း ရေနစ်သွားလို့ ဆရာကြီးရေ၊ မနည်းနှာနှုတ်ယူရတယ်၊ ဆရာကြီးတပည့်တွေကိုလည်း ထိန်းထားဦး၊ တချို့ကလေးတွေ ရေလာကူးတာ တွေ့နေရတယ်”

“ကျေးဇူးပဲ ကိုမှတ်ကြီး၊ စိတ်ချ စိတ်ချ ၊ ကျွန်တော့် တပည့်တွေကို သေချာပြောထားပါတယ်”

ဦးမှတ်ကြီး ပြန်သွားသောအခါ ဆရာကြီး ဦးသက်ဖေက မောင်မြင့်တို့ ကျောင်းသားအားလုံးကို အုတ်ဖိုကန်ဆီ မသွားရန် ထပ်ပြီးမှာသည်။

ပြောရုံဖြင့် ကြက်သီးထလာသဖြင့် မောင်မြင့်တို့ အုတ်ဖိုကန်ဆီ မရောက်ဖြစ်တော့ပေ။ ဆောင်းရာသီတွင် အုတ်ဖိုကန် ရေကျသွားသော်လည်း ဝါးတစ်ရိုက်လောက် နက်သေးသည်။



အမေနှင့်အတူ မောင်မြင့် ရေချိုးလိုက်ခဲ့သည်။ ရေတွင်းတွင် ရေချိုး၊ ရေခပ်သူများ ပြည့်ကျပ်နေသည်။ ရေတွင်းမှ နေ၍ အုတ်ဖိုကန်ဆီသို့ မောင်မြင့် လှမ်းကြည့်မိသည်။ ဒိုင်ဗင်ထိုး၊ ကျွမ်းပစ်နေသော ရွယ်တူကလေးများကို မြင်နေရသည်။

ကလေးပီပီ ဆော့ကစားချင်ပေမယ့် မသွားဖြစ်ခဲ့ပါ။ ဆရာကြီး၏ စကားကို နားထောင်ရပါမည်။ အကယ်၍ သူ ရေသွားကူးပါက ဆရာကြီးဆီ သတင်းပေါက်မည်ဖြစ်သည်။ ဆရာကြီး၏စကားကို မောင်မြင့်တို့ လိုက်နာနေကြဆဲဖြစ်ပါသည်။

× × ×

အတန်းတင်စာမေးပွဲကြီးဖြေရန် နှစ်ရက်သာလိုတော့သည်။

ဆရာကြီးက အချိန်ပိုခေါ်ကာ သင်ခန်းစာအားလုံးကို ပြန်လည်ပို့ချပေးသည်။ မောင်မြင့်တို့ သူငယ်ချင်းအားလုံး စာပိုင်နေကြပါပြီ။

နွေရာသီသို့ ကူးပြောင်းလာပြီဖြစ်၍ မောင်မြင့်တို့ ရွာလေးလည်း ပူအိုက်မှုဒဏ်ကို ခံစားရပါသည်။ စာမေးပွဲ ဖြေခါနီးဖြစ်၍ အပူဒဏ်ကြောင့် ဖျားနာမည်ကို ဆရာကြီးက စိုးရိမ်နေသည်။

“ကဲ . . . အတန်းတင်စာမေးပွဲကြီးဖြေဖို့ နှစ်ရက်ပဲလိုတော့တယ်၊ နွေရာသီဆိုတော့ ပူအိုက်တာ ဆရာကြီးလည်း နားလည်တယ်၊ ရေတွင်းမှာ ရေချိုး၊ အဝတ်လျှော်ဖို့ ခွင့်ပြုတယ်၊ ဒါပေမဲ့ အုတ်ဖိုကန်ကိုတော့ မသွားရဘူး”

မောင်မြင့်တို့ သူငယ်ချင်းအားလုံး ရွာအရှေ့ရေတွင်းများဆီတို့ ပျော်ပျော်ပါးပါး အပြေးလာခဲ့ကြသည်။ မိဝိုင်းတို့ မိန်းကလေး

များက ရေတွင်း၏ အနောက်ဘက်ခြမ်းတွင် ရေချိုး၊ အဝတ်လျှော်သည်။ မောင်မြင့်တို့ ယောက်ျားလေးများက ရေတွင်း၏အရှေ့ဘက်ခြမ်းတွင် ရေချိုးအဝတ်လျှော်သည်။

"ဝဲနီ . . . မြန်မြန်ချိုးကွာ နောက်လူတွေ ရှိသေးတယ်"

ရေပုံးတစ်ပုံးတည်းသာရှိသဖြင့် မရပ်မနား ရေငင်ချိုးနေသော ဝဲနီကို ကိုနိုင်က ပြောသည်။ နေပူရှိန်က တဖြည်းဖြည်း ပြင်းလာ၍ ရေအလုအယက် ချိုးကြတော့သည်။ သို့သော် မောင်မြင့်နှင့် ကိုနိုင်အလှည့် မရောက်သေးပေ။

"မောင်မြင့် . . . အုတ်ဖိုကန်မှာ ရေသွားချိုးမယ်၊ ငါ စိတ်မရှည်တော့ဘူး"

ကိုနိုင်က မောင်မြင့်အား စိတ်မရှည်စွာ ပြောလာသည်။ အပူဒဏ်ကို မခံနိုင်တော့၍ မောင်မြင့်လည်း သဘောတူလိုက်သည်။

"စာတော်တဲ့ မောင်မြင့်နဲ့ ကိုနိုင်တို့တောင် အုတ်ဖိုကန် သွားချိုးသေးတာ၊ ငါတို့လည်း ဒိုင်ဗင်သွားပစ်မယ်ဟေ့"

ဝဲနီက အသံပြဲကြီးဖြင့် အော်ပြောရင်း အုတ်ဖိုကန်ဆီသို့ ပြေးသွားလေတော့သည်။ ဝဲနီနောက်သို့ ဂျစ်တူး၊ ဖိုးထော်၊ ပွကြီးတို့ ပြေးလိုက်သွားကြသည်။

"မောင်မြင့် နင်သွားချင်သွား၊ ကိုနိုင်ကို ခေါ်မသွားနဲ့၊ သူ့မှာ ဝက်ရူးပြန်ရောဂါရှိတာ နင်လည်းသိတာပဲ၊ ရေထဲဆင်းလို့ မရဘူးလေဟာ"

မိဝိုင်းက လှမ်းတားသည်။ မောင်မြင့်လည်း ကိုနိုင်ကိုတားရန် ဟန်ပြင်လိုက်စဉ် အုတ်ဖိုကန်ဆီသို့ ကိုနိုင် ပြေးထွက်သွားလေပြီ။



"မောင်မြင့် . . . လိုက်ခေါ်လေဟာ၊ သူက ရေလည်း ကူးတတ်တာ မဟုတ်ဘူး၊ တော်ကြာ တစ်ခုခုဖြစ်နေမှဖြင့်"

ဇာလေးက လှမ်းပြောသည်။ မောင်မြင့်လိုက်သွားပြီး ကိုနိုင့်ကို တားပါသည်။ ဝဲနီတို့က ကိုနိုင်ကို ဝိုင်းစကြသည်။ မောင်မြင့်က ကိုနိုင့်ကို လက်ဆွဲခေါ်သည်။ လက်မခံဘဲ အုတ်ဖိုကန်ရေပြင်ထဲသို့ ခုန်ချသွားသည်။

မကြာလိုက်ပါ။ ဝဲနီ၏အော်သံ စူးစူးဝါးဝါး ထွက်ပေါ်လာသည်။

"ကိုနိုင် ရေနစ်နေပြီ၊ လုပ်ကြပါဦး၊ ကယ်ကြပါဦး"

မောင်မြင့် မျက်လုံးပြူးသွားသည်။ လယ်ကွင်းအစပ်၌ မြက်ရိတ်နေသော ဦးလေး တိုက်မောင်းကို ပြေးခေါ်ရသည်။ ကိုနိုင့်ကို အချိန်မီ ကယ်တင်လိုက်နိုင်သည်။

အတန်းတင်စာမေးပွဲ စတင်ဖြေဆိုသည့်ရက် ရောက်လာသည်။

မောင်မြင့် စိတ်မကောင်းဖြစ်ရသည်။ ကိုနိုင်စာမေးပွဲ မဖြေနိုင်တော့ပါ။ ရေနစ်သည်ကိုကြောက်လန့်ပြီး အပြင်းဖျားသွားသည်။ ဆေးရုံတင်ထားရသည်။ အကယ်၍ ကိုနိုင်ကို သူအတင်းဆွဲခေါ်လာလျှင် ရေနစ်မည်မဟုတ်ပေ။ မောင်မြင့် သူငယ်ချင်းအားနည်းချက်ကိုသိပါလျက် ရအောင်မတားနိုင်ခဲ့ခြင်းဖြစ်သည်။ ကိုနိုင်မှာ စာမေးပွဲ မဖြေရတော့သဖြင့် ဆုံးရှုံးနစ်နာသွားရသည်။ ဆရာ ဆရာမများ၊ အဖေ ၊ အမေနှင့် သူငယ်ချင်းများက မောင်မြင့်ကို အပြစ်မတင်ဘဲ ဝိုင်းဝန်းဖျောင်းဖျ နှစ်သိမ့်ကြပါသည်။

မောင်မြင့် မျက်ရည်ကျမိသည်။ သူငယ်ချင်းအပေါ် တာဝန်မကျေသလို ခံစားနေရသည်။ ထိုကဲ့သို့ အဖြစ်အပျက်မျိုးကြုံလာပါက ယခုလို အမှုမဲ့အမှတ်မဲ့ မလုပ်တော့ပါ။ မောင်မြင့် နောင်တရမိပါတော့သည်။

××××××××××

## ပညာဒါန

လွင်ဦးမှာ ပဥ္စမတန်းကျောင်းသားဖြစ်ပါသည်။ လွင်ဦးတို့ရွာမှ နှစ်မိုင်ခန့်ဝေးသော ရွှေပန်းတောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ သွားရောက်ပညာ သင်ကြားရသည်။

လွင်ဦးတို့ ရွာသာယာရွာမှ ပဥ္စမတန်းတွင် ပညာအတူတူ သင်ကြားနေသော ကျောင်းနေဖက်သူငယ်ချင်း ဆယ်ဦးရှိသည်။ လွင်ဦးက စာတော်သည်။ ချစ်မောင်က စာညံ့သည်။ လွင်ဦးကိုသာ ချစ်မောင် အားကိုးရသည်။

ကျောင်းကပြန်လာလျှင် လွင်ဦးအိမ်သို့ ချစ်မောင် ချက်ချင်းလိုက်လာသည်။ ကျောင်းဝတ်ကျောင်းစားပင် မလဲပေ။

လွင်ဦးနှင့် အတူပါလာသော ချစ်မောင်ကိုမြင်တော့ အဘွားစိန်ဥက လှမ်းမေးသည်။

"ဒီသူငယ်ချင်းနှစ်ယောက် တအားချစ်နေကြပါလား၊ ချစ်မောင်က အဝတ်အစားမလဲဘဲနဲ့ကို လိုက်လာတာ။ ကောင်းပါတယ်ကွယ်"

လွင်ဦးက ဘာမျှပြန်မဖြေမိပေ။ ချစ်မောင်က မလုံမလဲဖြင့် ပြန်ဖြေသည်။

"သားက လွင်ဦးကို စာရှင်းပြခိုင်းဖို့ လိုက်လာတာပါ"

"ဩော်. . . အေး. . . အေး. . အဘွား မသိလို့ပါကွယ်"

အဘွားစိန်ဥက အိပ်ခန်းထဲဝင်သွားသည်။ လွင်ဦး ကျောင်းဝတ်စုံလဲပြီး ထမင်းကြမ်းစားသည်။ ချစ်မောင်ကိုခေါ်ပေမယ့် ဗိုက်မဆာဟု ပြောသည်။

လွင်ဦးဘောင်းဘီတိုဝတ်ကာ နွားတင်းကုပ်ထဲ၌ နွားချေးကျုံးသည်။ မြက်စင်ထဲသို့ ကောက်ရိုးပုံမှ ကောက်ရိုးများပွေ့ထည့်သည်။ ညပိုင်း နွားများ ခြင်၊ ယင်တို့ အကိုက်မခံရစေရန် မီးမွှေးပေးရမည်ဖြစ်ရာ မီးအုတ်တုံးများ ချထားလိုက်သည်။

"ချစ်မောင်. . . အိမ်စာပေးလိုက်တဲ့ မြန်မာစာတွေ အရင်လုပ်ထားလိုက်"

လွင်ဦး လှမ်းအော်ပြောတော့ ချစ်မောင် ခေါင်းညိတ်ပြသည်။ ကျောင်းတွင်သင်ခဲ့သော သင်္ချာနှင့် အင်္ဂလိပ်စာများကို လွင်ဦးက ချစ်မောင်အား ကျောင်းပြန်ချိန်တိုင်း ရှင်းပြပေးလေ့ရှိသည်။

လွင်ဦးအဖေနှင့် အမေ ယာတောမှ ပြန်လာပြီ။ လွင်ဦးက လှည်းမှနွားနှစ်ကောင်ကို ဖြုတ်ပြီး မြက်စင်၌ ချည်ထားလိုက်သည်။

× × ×

"ဟော ချစ်မောင်တောင် ရောက်လာပြီပဲ"

အမေ၏ နှုတ်ဆက်စကားသံကို လွင်ဦးကြားလိုက်ရသည်။ အမေက လှည်းပေါ်မှ ခံတောင်းကိုရွက်ကာ မီးဖိုခန်းဆီသို့ ဝင်သွားသည်။



အလုပ်အားလုံးပြီးသောအခါ လွင်ဦးနှင့် ချစ်မောင်တို့ သင်္ချာပုစ္ဆာများ တွက်ကြသည်။ ချစ်မောင်ကို လွင်ဦးက စိတ်ရှည်စွာ ရှင်းပြသည်။ ထို့နောက် အင်္ဂလိပ်စာ လုပ်ကြသည်။

"မင်းကလည်း ဒါလေးတောင် နားမလည်ဘူးလား"

လွင်ဦး၏အော်သံကြောင့် ချစ်မောင်မျက်နှာလေး ညှိုးငယ်သွားသည်။ သူ့ကိုကြည့်ရင်း လွင်ဦးလည်း စိတ်မကောင်းဖြစ်သွားသည်။

"သား. . . သူငယ်ချင်း အချင်းချင်း မအော်ရဘူးလေ၊ နားမလည်တာကို သေချာရှင်းပြလိုက်"

အမေက မီးဖိုခန်းထဲတွင် ထမင်းချက်နေရာမှ လှမ်းအော်ပြောသည်။

"ဟုတ်ကဲ့. . . ချစ်မောင် ငါ တောင်းပန်ပါတယ်ကွာ"

လွင်ဦး တောင်းပန်တော့ ချစ်မောင်မျက်နှာလေး ပြန်လန်းလာသည်။ အိမ်စာများ လုပ်ပြီးသောအခါ ချစ်မောင်ကို လွင်ဦး အိမ်ရှေ့အထိ လိုက်ပို့ပေးလိုက်သည်။

"ဒီလောက်ရှင်းပြနေတာတောင် ချစ်မောင် စာမေးပွဲကျတယ် အမေ"

× × ×

လွင်ဦးစာကြည့်စားပွဲ၌ထိုင်ပြီး စာဖတ်နေရာမှ ပြောလိုက်သည်။ ဗိုင်းငင်နေသော အမေက လှမ်းမေးသည်။

"သား သူငယ်ချင်း ချစ်မောင်က ဉာဏ်ထိုင်းတာလို့ အမေထင်တယ်၊ သားလိုတော့ စာဘယ်တော်မလဲ၊ ချစ်မောင် စာကျက်တာ အမေတို့လည်း မြင်နေတာပဲ"

"သားလည်း ရှင်းပြတာပဲ၊ သူကမှ မမှတ်မိတာ၊ သား စာကြည့်ချိန်တွေ လျော့တယ်၊ အတန်းတင်စာမေးပွဲနီးလာပြီ၊ သား မအားတော့ဘူး"

"ဒီနေ့ည ချစ်မောင်လာတာ မတွေ့မိပါလားကွ"

နွားကျိုးကျစ်နေသော အဖေက မေးပြန်သည်။ လွင်ဦး အမှန်တရားကို ဖုံးကွယ်မထားချင်။

"သား. . မလာခိုင်းတာ"

"ဘာဖြစ်လို့လဲ. . သား"

"သူက စာအရမ်းညံ့တာ၊ သား သူနဲ့မတွဲချင်တော့ဘူး၊ သူငယ်ချင်းတွေက သူ့ကို ဝိုင်းလှောင်ကြတယ်၊ သူနဲ့ ဆက်ပေါင်းရင် သူငယ်ချင်းတွေက သားကို မပေါင်းဘဲနေတော့မှာ၊ အဲ့ဒါကြောင့် သူနဲ့ မပေါင်းချင်တော့လို့ မလာခိုင်းတော့တာ"

လွင်ဦး စာကြည့်စားပွဲအနီးသို့ အဘွားစိန်ဥ ရောက်လာသည်။ လက်ထဲတွင် စိပ်ပုတီးကိုင်ထားသည်။

"ပညာနဲ့ပတ်သက်ရင် တစ်ကိုယ်ကောင်းမဆန်ရဘူး ငါ့မြေး၊ မသိမတတ်တဲ့သူတွေကိုလည်း ပြန်သင်ပြပေးရတယ်၊ ငါ့မြေးက စာတော်တယ်၊ ဒီတော့ စာမတော်တဲ့ သူငယ်ချင်းတွေကို ပြန်ရှင်းပြပေးရမယ်၊ ချစ်မောင်လေးက မြေးကို အားကိုးနေတာမို့လား၊ ချစ်မောင်လေး သနားပါတယ် မြေးရယ်၊ ပြန်ခေါ်လိုက်ပါကွယ်"

လွင်ဦး မျက်လုံးထဲမှာ ချစ်မောင်ကို မြင်ယောင်မိသည်။ အတူတူကျောင်းသွားခဲ့ပုံများ၊ အတူတူ ဆော့ကစားပုံများကို သတိရလာသည်။



ခြတ်မီးယူကာ အိမ်ပေါ်မှ လွင်ဦးပြေးဆင်းလာခဲ့သည်။ ချစ်မောင်တို့အိမ်ရှေ့ရောက်သောအခါ မီးရောင်မမြင်ရဘဲ မှောင်မည်းနေသည်။ အစောကြီးရှိပါသေးသည်။ ချစ်မောင်တို့မိသားစု အိပ်နေကြပြီလားဟု လွင်ဦး တွေးမိသည်။

"ချစ်မောင်ရေ. . . ချစ်မောင်. ."

"ဘယ်သူလဲ"

ချစ်မောင်၏ အမေ ဒေါ်ဘုတ်ဆုံ၏အသံမှန်း လွင်ဦး သိလိုက်သည်။ ဖယောင်းတိုင်မီးလင်းလာသည်ကို တွေ့ရ၏။

"ကျွန်တော် လွင်ဦးပါ၊ ချစ်မောင် ရှိလား"

"အေး. . . ရှိတယ်၊ အိမ်ပေါ်တက်ပါဦးလား"

လွင်ဦး အိမ်ပေါ်တက်ခဲ့သည်။ စောင်ခေါင်းမြီးခြုံအိပ်နေသော ချစ်မောင်ကို မြင်လိုက်ရသည်။ အိပ်ရာဆီသို့ လွင်ဦး တိုးကပ်သွားသည်။

"ချစ်မောင်. . . . စာကျက်မယ်လေကွာ"

ခေါင်းမြီးခြုံနေရာမှ ဝုန်းခနဲ ချစ်မောင် ထထိုင်သည်။ လွယ်အိတ်ယူကာ ချက်ချင်းလိုက်လာသည်။ ချစ်မောင်က စာညံ့၍ လွင်ဦး ပိုပြီး ရှင်းပြရပါသည်။ အဘွားပြောစကားကို ကြားယောင်ရင်း ချစ်မောင်အပေါ် မငြိုငြင်တော့ပါ။ သူ တစ်ကိုယ်ကောင်း မဆန်တော့ပါ။

× × ×

"လွင်ဦး ငါ့ကို စာအုပ်ငှားပါဦး၊ ငါ ဒီနေ့ ကျောင်းမလိုက်လို့"

ရွာအရှေ့ပိုင်းမှ ကျောင်းနေဖက် သူငယ်ချင်း သီတာအောင်က လွင်ဦးဆီသို့ လေ့ကျင့်ခန်းစာအုပ် လာငှားသည်။

လွင်ဦးနှင့် ချစ်မောင်တို့ အိမ်စာလုပ်နေချိန်ဖြစ်သည်။ သီတာအောင်က အကြောင်းအမျိုးမျိုးပြကာ ကျောင်းပြေးနေသည်ကို လွင်ဦးသိ၏။

"နင်က ကျောင်းဘာလို့ မလိုက်တာလဲ"

"အမေနေမကောင်းလို့ပါ။ အိမ်မှာ ထမင်းချက်ပြီး မောင်လေး ညီမလေးတွေရဲ့ အဝတ်အစားတွေ လျှော်နေရလို့ပါဟယ်၊ စာမေးပွဲလည်းနီးပြီဆိုတော့ သင်ခန်းစာတွေ မသိလိုက်မှာ စိုးလို့ပါ"

သီတာအောင်၏ စကားကို လွင်ဦး မယုံချင်။ ချစ်မောင်ကတော့ စာကိုသာ အာရုံစိုက်နေသည်။

"စာအုပ်ငှားရင် ငါ့ဆီပဲ လာငှားနေကြတယ်၊ အရှေ့ပိုင်းမှာ နင်နဲ့ အိမ်နီးနားချင်း ချို့မြရှိတာပဲ၊ သူ့ဆီက ငှားပေါ့"

"ငါ သွားငှားပါသေးတယ်ဟာ၊ သူ့မှာ သင်ခန်းစာ မစုံဘူး၊ နင့်ဆီမှာ စုံတယ်ပြောလို့ လာငှားတာပါ။ ရပါတယ်၊ နင် မငှားချင်လည်း ငါ မငှားတော့ပါဘူး"

သီတာအောင်က ပြန်ဟန်ပြင်သည်။ လွင်ဦးလည်း စာအုပ်ငှားရန် တွန့်ဆုတ်နေသည်။

"သမီး ခဏနေဦး"

အဘွားစိန်ဥ၏ စကားကြောင့် လှေကားထိပ်ရောက်နေသော သီတာအောင် နောက်ပြန်လှည့်ကြည့်လေသည်။ လွင်ဦးဆီသို့ အဘွားလျှောက်လာသည်။



"ငါ့မြေးစာအုပ်မှာ စာစုံတဲ့အတွက် သီတာအောင်က လာငှားတာမို့လား၊ ကိုယ့်ကိုယုံကြည်အားကိုးစွာနဲ့လာတဲ့ သူငယ်ချင်းကို အဲဒီလို မပြောရဘူးလေ၊ အကူအညီလိုလို့တောင်းရင် ကိုယ်ပေးနိုင်တဲ့ အကူအညီမျိုးနဲ့ တိုက်ဆိုင်နေရင်ပေးရတယ် ငါ့မြေး၊ ငါ့မြေးတတ်သိထားတဲ့ ပညာတွေကို တစ်ယောက်တည်း သိမ်းမထားပါနဲ့ကွယ်၊ လိုအပ်နေတဲ့ သူတွေကို ပြန်လည်မျှဝေပေးပါ။ အဘွားပြောတာ ရှင်းလား. . . မြေး"

"ဟုတ်ကဲ့. . . ရှင်းပါတယ် အဘွား"

လွင်ဦးသည် စားပွဲပေါ်မှ ကျောင်းလွယ်အိတ်ယူကာ သီတာအောင်ဆီသို့ လာခဲ့သည်။

"ဘာစာအုပ်တွေ ငှားမှာလဲ သီတာအောင်"

"သင်္ချာနဲ့ အင်္ဂလိပ်စာ"

"ဒီအတိုင်းငှားလိုက်ရင် နင်ဘာမှမသိဘဲ ကူးရေးသလို ဖြစ်နေမှာပေါ့၊ လာ ချစ်မောင်နဲ့ငါ သင်္ချာတွက်နေကြတာ၊ နင့်ကို တစ်ခါတည်း ငါ ရှင်းပြလိုက်မယ်"

သီတာအောင်ကို စာကြည့်စားပွဲဆီသို့ လွင်ဦးခေါ်လာခဲ့သည်။ ချစ်မောင်ကလည်း အပြုံးဖြင့် နှုတ်ဆက်သည်။ လွင်ဦးက သင်္ချာပုစ္ဆာများကို သေချာစွာ ရှင်းပြခဲ့သည်။

× × ×

"မြေး. . . ကျောင်းသွားတော့မလို့လား"

လွင်ဦး ကျောင်းဝတ်စုံလဲနေရာမှ အဘွားအသံကိုကြားလိုက်ရသည်။

"သွားတော့မှာ အဘွား"

"အဘွားဆီ ခဏလာဦး"

ကျောင်းဝတ်စုံလဲပြီးပြီဖြစ်၍ အဘွားဆီသို့ လာခဲ့သည်။ အဘွားရှေ့တွင် စာအုပ်နှင့် ဘောပင်များကို လွင်ဦး မြင်လိုက်ရသည်။ ဒီလောက်အများကြီးကို အဘွားဘာလုပ်မလို့ပါလိမ့်ဟု တွေးမိသည်။

"စာအုပ်နဲ့ ဘောပင်တွေ အများကြီးပဲ၊ ဘာလုပ်မလို့လဲ"

"မြေးတို့ ကျောင်းကို လှူမလို့ပေါ့"

"ဗျာ"

"ဟုတ်တယ်၊ အဘွားက ပညာမတတ်ခဲ့ဘူး မြေးရဲ့၊ သေစာရှင်စာလောက်ပဲဖတ်တတ်တာ၊ အဘွားက ပညာတတ်ကြီး အရမ်းဖြစ်ချင်တာ၊ ကိုယ်တိုင်ပညာတတ်ဖြစ်ခွင့်မရတော့ပေမယ့် ပညာတတ်ဖြစ်မယ့် ကလေးတွေကို အဘွားက စာအုပ်စာတမ်းတွေထောက်ပံ့လှူဒါန်းတာ၊ အဘွားရဲ့ ပညာဒါနပေါ့ကွယ်"

လွင်ဦး နားလည်သလိုရှိသည်။ သို့သော် ပညာဒါနဟူသော အဓိပ္ပာယ်ကို နားမလည်ပေ။

"အဘွား. . . ပညာဒါနဆိုတာ ဘာလဲဟင်"

"ပညာဒါနဆိုတာ ပညာကို လှူဒါန်းခြင်းလို့ အဓိပ္ပာယ်ရတယ် မြေးရဲ့၊ အဘွားက ပညာမတတ်တော့ သူတစ်ပါးကို ပညာမလှူနိုင်ဘူး၊ ပညာရေးမှာ အထောက်အကူပြုမယ့် စာအုပ်တွေလှူတာပေါ့၊ အဲဒီလို လှူဒါန်းတဲ့အတွက် အဘွားကုသိုလ်ရတာပေါ့၊ တကယ်လို့ အဘွားသာပညာတတ်ရင် မသိမတတ်တဲ့သူတွေ



အားလုံးကို ကိုယ်တတ်တဲ့ပညာတွေ ပြန်ပြီးလှူဒါန်းဦးမှာ၊ မြေးဆိုရင် ပညာဒါနပြုလို့ရတာပေါ့"

"တကယ်လားဟင် အဘွား"

"တကယ်ပေါ့၊ မြေးက စာတော်တယ်မို့လား၊ စာတော်တော့ စာမရှင်းတဲ့ သူငယ်ချင်းတွေက သားကို လာမေးကြတယ်၊ အဲဒီအခါမျိုးကျရင် သားက စိတ်ပါလက်ပါ ရှင်းပြပေးရမယ် မြေး၊ ရှင်းပြပေးလို့ သူတို့ နားလည်သွားရင် မြေးဟာ ပညာဒါနပြုလုပ်လိုက်တာပဲ၊ မြေးတတ်သိထားတဲ့ ပညာတွေကို အခြားသူတွေကို လှူလိုက်တဲ့သဘောပေါ့ကွယ်၊ အဲဒီလို ပညာဒါနပြုခြင်းအားဖြင့် ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုရတဲ့အခါမျိုးမှာဆိုရင် အခက်အခဲမရှိဘဲ အမြဲတမ်း သူများထက်သာနေလိမ့်မယ်"

"သား. . . သဘောပေါက်ပါပြီ အဘွား၊ ဒီနေ့ကစပြီး သားကို ဘယ်သူပဲ စာလာမေးမေး သားသိထားသမျှ ရှင်းပြပေးသွားပါ့မယ်"

လွင်ဦးကို ကြည့်ပြီး အဘွားက ပြုံးသည်။ နဖူးပြင်ကို ခပ်ဖွဖွနမ်းသည်။ အဘွားလှူဒါန်းသော စာအုပ်နှင့် ဘောပင်များကို လွင်ဦးတို့ သူငယ်ချင်းတစ်သိုက် တစ်နိုင်စီသယ်ကာ ကျောင်းသို့လာခဲ့ကြသည်။ လွင်ဦး အရမ်းပျော်ရွှင်နေပါသည်။

"လွင်ဦး ငါတို့ မရှင်းတဲ့စာတွေ ပြန်ရှင်းပြပေးနော်"

လွင်ဦးနှင့် မူလတန်းတုန်းက စာပြိုင်ဘက် မူမူဆွေက ပြောလာသည်။ ပဉ္စမတန်းတက်သောအခါ လွင်ဦးနှင့် မူမူဆွေ စာမေးပွဲရမှတ်များ အရမ်းကွာသွားသည်။ ပြိုင်ဘက်ဟူသော အသိကြောင့်

မူမူဆွေ မေးတိုင်း လွင်ဦးက မရှင်းပြခဲ့ပေ။ ယခုမူ အဘွားကြောင့် ပြောင်းလဲသွားပါပြီ။ ပြိုင်ဘက်ဖြစ်စေ၊ ကိုယ့်ထက်စာညံ့သူဖြစ်စေ ဘယ်သူလာမေးမေး သူသိတတ်ထားသမျှ မချွင်းမချန် ပြန်လည် ရှင်းပြပေးပါတော့မည်။

××××××××××

## မနာလိုစိတ် မထားတော့ပါ

"လပတ်စာမေးပွဲ အမှတ်စာရင်းတွေ ကြေညာမယ်"

ပဉ္စမတန်း အခန်း(က)သို့ အတန်းပိုင်ဆရာမ ဒေါ်မြမြဝင်း ဝင်လာပြီး ပြောလိုက်သောစကားကြောင့် ချိုသဲ ရင်ခုန်သွားသည်။ လပတ်စာမေးပွဲတွင် ဘာသာရပ်တိုင်း အကောင်းဆုံးဖြေဆိုနိုင် သဖြင့် အမှတ်အများဆုံးရမည်ဟု မျှော်မှန်းထားသည်။

"သင်းသင်း. . ဒီလပတ်စာမေးပွဲမှာ ဘယ်သူအဆင့်တစ် ရမယ်ထင်လဲ"

ဘေးချင်းကပ်ထိုင်နေသော သူငယ်ချင်း သင်းသင်းကို ချိုသဲ မေးလိုက်သည်။ သင်းသင်းက ချမ်းမြအောင် အဆင့်တစ်ရမည်ဟု ပြောလာသည်။

"နင်ကလည်း သူ့ပဲ အထင်ကြီးနေတယ်၊ ငါလည်း ဖြေနိုင် ပါတယ်နော်၊ အဆင့်တစ် ရနိုင်တာပဲ"

ချိုသဲ အသံကို ကြားသော တစ်ယောက်ကျော်မှ ဇင်မာက လှမ်းပြောပြန်သည်။

"ချိုသဲ . . . . ချမ်းမြအောင်နဲ့ ငါတို့က တစ်ရွာတည်းနေ ငယ်သူငယ်ချင်းတွေ၊ သူငယ်တန်းကနေ စတုတ္ထတန်းအထိ သူပဲ နှစ်စဉ်ပထမရခဲ့တာလေ၊ နင်က ဒုတိယဖြစ်လိုက် တတိယဖြစ်လိုက် ရခဲ့တာပါ၊ အခုချက်ချင်းကြီး ပထမရချင်လို့ ဖြစ်မလား"

ဇင်မာ့ကို ချိုသဲ မကျေနပ်ပေ။ မျက်စောင်းထိုးလှမ်းကြည့်ပြီး နှုတ်ခမ်းစူထားလိုက်သည်။

"ကဲ . . . ဒီလ လပတ်စာမေးပွဲမှာ အမှတ်အများဆုံး ရတဲ့သူကို မကြေညာခင် ဒုတိယနဲ့ တတိယ ရတဲ့သူတွေကို ကြေညာ ပေးမယ်"

ချိုသဲလည်း ချမ်းမြအောင်ဆီသို့ လှမ်းကြည့်ဖြစ်သည်။ ချမ်းမြအောင်က စိတ်လှုပ်ရှားပုံမပေါ်ဘဲ ယုံကြည်မှုအပြည့်ဖြင့် ထိုင်နေသည်ကို ချိုသဲ မြင်နေသည်။

"အမြဲတမ်း သူပဲ ပထမယူတာ၊ ငါတို့ အလှည့်ကို မရောက် တော့ဘူး"

ချိုသဲ မြည်တွန်တောက်တီးမိသည်။ မျက်လုံးကလည်း ဟိုကြည့် သည်ကြည့် လုပ်နေမိပြီး တည်တည်ငြိမ်ငြိမ် မရှိမှန်း ကိုယ်တိုင်သိနေသည်။

"ရမှတ် ၅၁၅ မှတ်နဲ့ တတိယရရှိသူကတော့ မောင်နေမင်းလတ် ဖြစ်ပါတယ်။ ရမှတ် ၅၁၇ မှတ်နဲ့ ဒုတိယရသူကတော့ မချိုသဲ ဖြစ်ပါတယ်"

"ဖြောင်း. . . . ဖြောင်း. . . . . ဖြောင်း"

လက်ခုပ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။ ချိုသဲ စိတ်ပျက်မိသည်။ သေချာကြိုးစားဖြေခဲ့ပါလျက် ပထမ မရသည်ကို ခံပြင်းနေသည်။



"ပထမကတော့ အားလုံး သိပြီးသားပါ၊ ရမှတ် ၅၃၇ မှတ်နဲ့ မောင်ချမ်းမြအောင် ရရှိသွားပါတယ်"

" ဖြောင်း. . . . ဖြောင်း. . . . . ဖြောင်း"

ချမ်းမြအောင်ဆီသို့ ချိုသဲ လှမ်းကြည့်သည်။ ချမ်းမြအောင်က ခပ်တည်တည်ပင်ထိုင်နေသည်။ အတန်းထဲရှိ ကျောင်းသား ကျောင်းသူအားလုံးက ချမ်းမြအောင်ဆီသို့ ဝိုင်းကြည့်နေကြခြင်းကို ချိုသဲ မခံချိမခံသာ ဖြစ်ရသည်။

ဆရာမ ဒေါ်မြမြဝင်းက ချမ်းမြအောင်ကို စံနမူနာထား ကာ စာကြိုးစားကြရန် ကျောင်းသားကျောင်းသူများကို ဆုံးမ သည်။ ချိုသဲ ပိုပြီး စိတ်တိုရသည်။ ပထမရသူသာ ချီးမွမ်းခံရပြီး အများ၏ အထင်ကြီးခြင်း ခံရသည်။ ချမ်းမြအောင်နေရာကို ချိုသဲ ရအောင် ယူပြမည်ဟု စိတ်ထဲ၌ ကြုံးဝါးလိုက်သည်။

× × ×

ချိုသဲ စာကျက်နေချိန် အိမ်သို့ ချမ်းမြအောင်၏အဖေ လာ သည်ကို မြင်လိုက်ရသည်။

" ဗျို့ . . . ကိုထွန်းရွှေ"

"ဟာ အောင်သိန်းပါလား၊ မလာစဖူး အလာထူးလို့၊ လာ. . . ရေနွေးကြမ်း သုံးဆောင်ဦး"

အဖေနှင့် ချမ်းမြအောင်၏အဖေတို့ ရေနွေးကြမ်းသောက်ရင်း စကားဖောင်ဖွဲ့နေကြသည်။ ချိုသဲ မသိမသာ နားစွင့်နေမိသည်။

"လယ်ထွန်ချိန်ဆိုတော့ အိမ်မှာ နားရတယ်လို့ မရှိပါဘူး ကိုထွန်းရွှေရာ၊ အခုလည်း မြေပဲခင်းမှာပေါင်းထူနေပြီ၊ ပေါင်းမထိုးရ သေးဘူး၊ တစ်လက်သမားဆိုတော့ အလုပ်မလည်ဘူး ဖြစ်နေတယ်"

ချမ်းမြေအောင်၏အဖေက ပြောသည်။ ချိုသဲ အဖေက ရေနွေးကြမ်းသောက်ရင်း အကြံပေးစကားပြောလာသည်။

"ဟုတ်တာပေါ့၊ ငါ့မှာက အကြီးနှစ်ယောက်က ကူလုပ်တော့ သက်သာတယ်၊ မင်းမှာက အကြီးဆုံးသားက ကျောင်းသားဆိုတော့ ကူဖော်လောင်ဖက် မရဘူး ဖြစ်နေတာပေါ့၊ ဒီလို လုပ်ပါလား"

"ဘာများလဲ ကိုထွန်းရွှေ"

"စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်ကျရင် မင်းသား အကြီးကောင်ကို တောထဲခေါ်ပေါ့ကွာ၊ လိုအပ်တာလေးတွေ ကူလုပ်ခိုင်းလို့ ရတာပေါ့"

"အင်း. . . အဲဒီလိုပဲ လုပ်ရတော့မယ်နဲ့ တူပါတယ်၊ ကျွန်တော့် သားက စာကြမ်းပိုးဗျ၊ စာမှစာ၊ စာကျက်နေရင် ဘာမှခိုင်းလို့မရဘူး၊ အတန်းတိုင်းမှာ ပထမရနေတော့ ကျွန်တော်လည်း မခိုင်းဖြစ်ပါဘူး"

"ငါ့သမီး ချိုသဲလည်း စာကြိုးစားတာပဲ၊ ဒါပေမဲ့ အိမ်အလုပ် လေး ဘာလေး ကူလုပ်ခိုင်းရတာပဲ"

ချိုသဲ အကြံတစ်ခုရလိုက်သည်။ ချမ်းမြေအောင်ကို တောထဲ လိုက်ရအောင် ကြံစည်ရမည်။ အဖေ့အား ချမ်းမြေအောင်၏အဖေ နှုတ်ဆက်သံကြားရသည်။

အိမ်ပေါ်မှ ပြေးဆင်းကာ လှေကားခြေရင်းတွင် ချိုသဲ ရပ်စောင့်နေသည်။ ချမ်းမြေအောင်၏အဖေ အိမ်ပေါ်မှ ဆင်းလာသည်။

"သမီး ချိုသဲ၊ စာတွေ ကျက်လှချည်လား"

"ကျက်ရတာပေါ့ ဦးလေးရာ၊ သမီးက ကျောင်းပိတ်ရက်ဆိုရင် ယာတောလိုက်ရတယ်လေ၊ စာကျက်ချိန် မရဘူး၊ ကျောင်းဖွင့်ရက်မှာကြိုပြီး ကျက်ထားရတာပေါ့၊ ချမ်းမြေအောင်လို ကျောင်းပိတ်ရက်မှာ ယာတောမလိုက်ရဘဲ စာကျက်ရလို့ကတော့ အမြဲတမ်း ပထမရနိုင်တာပေါ့"

ချိုသဲကို ချမ်းမြေအောင်၏အဖေက အပြုံးဖြင့်ကြည့်ကာ ထွက်ခွာသွားသည်။ ချိုသဲကျေနပ်သည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွင် ချမ်းမြေအောင် ယာတောလိုက်ရတော့မည်။ သူ့စာကျက်ချိန်တွေ လျော့သွားတော့မှာ သေချာသည်။ ချမ်းမြေအောင်နေရာကို ချိုသဲရအောင်ယူမည်ဟု ဆုံးဖြတ်ထားပါသည်။

× × ×

စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်ရောက်လာသည်။

ကျူရှင်က ညမှတက်ရမည်ဖြစ်၍ ချိုသဲ တစ်နေကုန်အားသည်။ စာကျက်မည်ဟု အကြောင်းပြကာ ယာတောသို့ မလိုက်ပေ။ သင်းသင်းအိမ်သို့ ချိုသဲသွားသည်။ သင်းသင်းတို့ တစ်မိသားစုလုံး ယာထဲဆင်းကြသည်ဟု သိရသည်။ ဇင်မာ့ဆီ သွားပြန်တော့လည်း ထိုနည်းတူစွာပင်။

အိမ်သို့ ပြန်လာပြီး စာကျက်ရန် ပြင်သည်။ တစ်ပတ်အတွင်း သင်သမျှစာများကို ကျက်မှတ်တွက်ချက်သည်။ စာအားလုံးရသောအခါ ချိုသဲ ပြိုင်ဘက်ကို သတိရသွားသည်။ ချမ်းမြေအောင်အိမ်သို့ မသိမသာ သွားကြည့်သည်။ အိမ်တံခါးအား သော့ခတ်ထားသည်။ ချမ်းမြေအောင် ယာတောသို့ ပါသွားသည်မှာ သေချာသွားပြီ။

"ချိုသဲ. . . . ချမ်းမြေအောင်ကို လာရှာတာလား"

ချမ်းမြေအောင်၏ အစ်မတစ်ဝမ်းကွဲ မလှသီက မေးလာသည်။ ချိုသဲ ခေါင်းညိတ်ပြလိုက်သည်။

"ချမ်းမြအောင် ယာတော လိုက်သွားတယ်လေ"

ချိုသဲ ခုန်ပေါက်ပြေးလွှားကာ အိမ်သို့ပြန်ခဲ့သည်။ ချမ်းမြအောင် စာမကျက်ရတော့ဘဲ ယာတောတွင် အလုပ်လုပ်နေပုံကို မြင်ယောင်ရင်း ချိုသဲပြုံးမိသည်။

တနင်္လာနေ့ ကျောင်းလာသောအခါ ချိုသဲ ရွှင်လန်းတက်ကြွနေသည်။

"ချိုသဲ . . . ချမ်းမြအောင်အကြောင်း ကြားပြီးပြီလား"

သင်းသင်းက မေးလာတော့ ချိုသဲ မသိချင်ဟန်ဆောင်နေလိုက်သည်။

"ဘာအကြောင်းလဲ သင်းသင်း"

"ချမ်းမြအောင် ယာတောထဲ လိုက်ရပြီတဲ့၊ မနေ့ညက ငါ သူ့အိမ်သွားသေးတယ်၊ ခုနစ်နာရီလောက်ပဲရှိသေးတာ၊ ချမ်းမြအောင် အိပ်နေပြီ၊ ပင်ပန်းလို့ဆိုလား၊ စာတောင် မကျက်နိုင်တော့ဘူးလို့ သူ့အမေကိုယ်တိုင် ပြောလိုက်တာ"

ချိုသဲ ပျော်မိသည်။ ချမ်းမြအောင် စာမကျက်နိုင်လေ ဝမ်းသာလေ ဖြစ်သည်။ ဒုတိယလပတ် စာမေးပွဲမှာတော့ ချမ်းမြအောင် သေချာပေါက် အမှတ်များလျော့တော့မည်ကို တွေးရင်း ချိုသဲ ကျေနပ်နေသည်။

ချမ်းမြအောင်၏ ပထမနေရာကို လွှဲပြောင်းယူရန် ချိုသဲ အဆင်သင့်ဖြစ်နေပြီဟု အထင်ရောက်နေသည်။ ဆရာမ၏ ချီးမွမ်းစကားသံ၊ ကျောင်းသားကျောင်းသူများ၏ အထင်ကြီးစွာ ဝိုင်းကြည့်နေသော အကြည့်များကို စိတ်ကူးဖြင့်ပုံဖော်ရင်း ချိုသဲ အားရဝမ်းသာ ဖြစ်နေသည်။



"ချိုသဲ . . . အိမ်အလုပ်တွေလည်း မခိုင်းဘူး၊ ယာတောကိုလည်း မခေါ်ဘူးနော်၊ စာပဲ ကျက်ခိုင်းထားတာ၊ ညည်းအပြောနဲ့ အလုပ် ညီပါစေ၊ အခုဖြေမယ့် လပတ်စာမေးပွဲမှာ ပထမရမယ်လို့ ညည်းပြောထားတယ်နော်၊ ဖြစ်အောင်လုပ်ပြ"

အမေ့စကားသံကို ချိုသဲ ကြားယောင်နေမိသည်။ ပြိုင်ဘက်ကို အနိုင်ယူပြီး အမေ့ဆီသို့ ပထမရကြောင်း သတင်းကောင်းပါးရန် အချိန်နီးကပ်လာပြီ ဖြစ်ပါသည်။

ဒုတိယလပတ်စာမေးပွဲ ဖြေဆိုပြီးခဲ့ပြီ ဖြစ်ပါသည်။

"ဒုတိယလပတ်စာမေးပွဲ အဆင့်တွေကို ကြေညာပါ့မယ်"

ဆရာမ စကားသံကို ကြားရချိန် ချိုသဲ ခြေဖျားလက်ဖျားများ အေးစက်လာသည်။ ချမ်းမြအောင်ကို လှမ်းကြည့်မိသည်။ ရှုံးနိမ့်တော့မည့် ချမ်းမြအောင်၏မျက်နှာကို ချိုသဲ မြင်ချင်လှပါပြီ။

"အမှတ်ပေါင်း ၅၄၅ မှတ်နဲ့ မောင်ချမ်းမြအောင်ကပဲ ပထမရသွားပါတယ်။ မချိုသဲကတော့ ၅၃၅ မှတ်နဲ့ ကပ်လိုက်နေပါတယ်၊ တတိယကတော့ မကေသီပွင့် ရမှတ် ၅၃၀ ဖြစ်ပါတယ်"

" ဖြောင်း. . . ဖြောင်း. . . . ဖြောင်း"

ချိုသဲ အရှက်ကွဲသွားသည်။ သင်းသင်းနှင့် ဇင်မာတို့က မေးငေါ့ကြပြီ။ ကြွားလုံးထုတ်ထားသမျှ အားလုံး၏အထင်သေးသော အကြည့်များကို ချိုသဲ ရလိုက်သည်။ ချမ်းမြအောင်က ယာတောလိုက်ပြီး အစောကြီးအိပ်ပါလျက် အမှတ်တွေ ဘာ့ကြောင့်များ နေရသနည်းဟု ချိုသဲ စဉ်းစားသည်။ ချမ်းမြအောင်အပေါ် မနာလိုစိတ်က ချိုသဲတွင် ပိုမိုပြင်းထန်လာခဲ့သည်။

× × ×

ချမ်းမြေအောင်အကြောင်း စုံစမ်းရန် ချိုသဲ စဉ်းစားသည်။ သင်းသင်းနှင့် ဇင်မာတို့ဆီ ချိုသဲ သွားစပ်စုကြည့်သည်။

သူတို့သည်လည်း သေချာမသိကြပါ။ ချမ်းမြေအောင်အပေါ် မနာလိုစိတ်မထားရန် ချိုသဲကို သင်းသင်းတို့ ပြောသည်။ ချိုသဲက လုံးဝ လက်မခံပေ။

"သမီး. . . ချိုသဲ၊ စာသင်ချိန်တစ်ချိန်ပြီးတာနဲ့ ဆရာမ ဆီလာခဲ့"

အတန်းပိုင်ဆရာမ ဒေါ်မြမြဝင်းက ချိုသဲအား လာပြော သွားသည်။ ချိုသဲကို တစ်တန်းလုံးက ဝိုင်းကြည့်နေကြသည်။ ချိုသဲ နားမလည်ဖြစ်ရသည်။ သူ ဘာအပြစ်လုပ်ထားလို့ ယခုလို ဝိုင်းကြည့်နေကြတာလဲ။ မျက်နှာကို တင်းထားလိုက်သည်။

စာသင်ချိန်တစ်ချိန်ပြည့်ပြီဖြစ်၍ အတန်းပိုင် ဆရာမဆီသို့ ချိုသဲလာခဲ့သည်။ ဆရာမ ရုံးခန်းထဲတွင် ချမ်းမြေအောင်လည်း ရောက်နေသည်ကို ချိုသဲတွေ့လိုက်ရ၏။

"သားနဲ့သမီးကို ဆရာမ ခေါ်တွေ့တာ ပြောစရာရှိလို့ပါ၊ တစ်ရွာတည်းသား ငယ်သူငယ်ချင်းတွေမို့လား၊ ချစ်ချစ်ခင်ခင် နေကြမှပေါ့၊ တစ်ယောက်နဲ့ တစ်ယောက် စာကို အပြိုင်အဆိုင် ကြိုးစားတာ ကောင်းပါတယ်၊ ဒါပေမဲ့ မနာလိုစိတ်တော့ မထားရဘူး၊ မနာလိုစိတ်ထားတဲ့သူက အလိုလိုရှုံးနေမှာပဲ၊ သားနဲ့သမီးက ငယ်ငယ်လေးတွေပဲ ရှိသေးတာ၊ ရှေ့ဆက် လျှောက်ရမယ့်အချိန်တွေ အများကြီးရှိသေးတယ်၊ မနာလိုစိတ်များ နေရင် ဘဝမှာဆုံးရှုံးမှုတွေ များလေပဲ၊ ဆရာမပြောတာ သဘောပေါက်လား"



"ဟုတ်ကဲ့ ပေါက်ပါတယ် ဆရာမ"

"ချမ်းမြေအောင် အမြဲတမ်း ပထမရတာ သူများတကာထက် ပိုပြီးကြိုးစားလို့ပေါ့၊ ချမ်းမြေအောင်က မိဘနဲ့အတူ ယာတော လိုက်ပြီး ကူညီတယ်၊ ဒါပေမဲ့ အိမ်ရောက်တာနဲ့ တရေးတမော အိပ်တယ်။ ပြီးရင် စာထကျက်တယ်၊ ယာတောကို သွားရင်လည်း စာအုပ်ယူသွားတယ်။ နားတဲ့အချိန်မှာ စာဖတ်တယ်။ စာကြိုးစား ချင်တဲ့သူက အလုပ်လုပ်ရသည်ဖြစ်စေ၊ မလုပ်ရသည်ဖြစ်စေ ရတဲ့ အချိန်မှာ စာဖတ်တယ်၊ ချမ်းမြေအောင် အမြဲတမ်း ပထမရတာ ဂုဏ်ယူစရာပေါ့၊ သမီးချိုသဲလည်း စာကြိုးစားတယ်၊ ဒါပေမဲ့ ချမ်းမြေအောင်ကို မယှဉ်နိုင်ဘူး၊ အိမ်အလုပ်တွေ သမီး မလုပ်ရဘူး၊ ယာတော မလိုက်ရဘူး၊ သမီးမှာ စာကြည့်ချိန်အများကြီးပဲ၊ သမီး ရတဲ့အချိန်မှာ စာမကြည့်မိဘူး။ အလုပ်မလုပ်ရဘဲနဲ့ အမှတ်မများ တော့ သမီးအပေါ်မိဘတွေက အထင်လွဲတာပေါ့။ ကိုယ့်ထက် တော်တဲ့လူကိုကြည့်ပြီး အတုယူရတယ်သမီး၊ သူ့လိုပဲ လိုက်ပြီး ကြိုးစားကြည့်။ သမီးလည်း ဆရာ၊ ဆရာမတွေရဲ့ ချီးမွမ်းမှု၊ သူငယ်ချင်းတွေရဲ့ အထင်ကြီးမှုကို ရရှိမှာပါ။ ဒီနေ့ကစပြီး သူငယ်ချင်းနှစ်ယောက် ချစ်ချစ်ခင်ခင် ပြန်နေကြရမယ်နော် "

"ဟုတ်ကဲ့ပါ ဆရာမ"

ဆရာမ အခန်းထဲမှ ချိုသဲနှင့် ချမ်းမြေအောင်တို့ အတူတူ ထွက်လာခဲ့ကြသည်။ ချမ်းမြေအောင်ကို မျက်နှာချင်း မဆိုင်ရဲဘဲ မျက်နှာပူနေသည်။

" ချိုသဲ . . . နင်က စာကိုအော်ပြီး ကျက်ရုံနဲ့ ကျေနပ် နေတာကိုး၊ ကျက်ပြီးသားစာတွေရမရ အလွတ်ပြန်ရေးကြည့်

ရတယ်၊ အတွက်ပုစ္ဆာတွေကိုလည်း အပတ်တိုင်း ပြန်တွက်ကြည့်ရတယ်၊ နင်နဲ့ငါ အမှတ်ကွာတာ အဲဒါကြောင့်ပဲ၊ နင့်ကို ငါ့ငယ်သူငယ်ချင်းမို့လို့ ပြောတာနော်”

ချမ်းမြအောင် အတန်းဆီသို့ ထွက်သွားသည်။ ချိုသဲရပ်လျက်ကျန်ခဲ့သည်။ သူလိုက်လံစုံစမ်းနေသောအဖြေကို ချမ်းမြအောင် ကိုယ်တိုင်ပြောသွားသည်။ ထိုနည်းစနစ်ကို ချိုသဲတကယ်မသိခဲ့ပေ။ ချမ်းမြအောင် အမြဲတမ်းပထမရသောလျှို့ဝှက်ချက်ကို သိခွင့်ရလိုက်သည်။ ငယ်သူငယ်ချင်းအပေါ် မနာလိုစိတ်ထားခဲ့ပေမယ့် သူငယ်ချင်းကတော့ သူ့အပေါ် စေတနာထားခဲ့ပါသည်။ ယခုအချိန်မှစပြီး ချမ်းမြအောင်အပေါ် မနာလိုစိတ်မထားတော့ပါ။

××××××××××

## ခရေပန်းလေးလိုမွှေး

ရွာဦးကျောင်းမှ နံနက်လေးနာရီ အုန်းမောင်းခေါက်သံကြားရပြီ။ ခင်ရီ အိပ်ရာမှထကာ မျက်နှာသစ်သွားတိုက်၊ သနပ်ခါးလိမ်းသည်။ မီးဖိုခန်းထဲတွင် အမေလည်း ဆွမ်းချက်ရန် မီးမွှေးနေသည်ကို ခင်ရီ မြင်နေရ၏။

အဖေကတော့ တစ်နေကုန် လယ်ထဲဆင်းရသဖြင့် ပင်ပန်းနွမ်းနယ်ကာ အိပ်ပျော်နေဆဲပင်ဖြစ်သည်။ မောင်လေး ချစ်ဖွယ်လည်း စောင်ပုခက်ထဲတွင် အိပ်နေဆဲပင်။ အဖေနှင့် မောင်လေးတို့ နိုးသွားမည်ကိုစိုးရိမ်ပြီး ခင်ရီ ခြေသံဖွဖွနင်းလာခဲ့သည်။ မီးဖိုခန်းထဲသို့ ရောက်လာသောအခါ အမေ့အား ခပ်တိုးတိုး ပြောလိုက်သည်။

“အမေ့ သမီး ခရေပန်းကောက်သွားတော့မယ်”

“မှောင်ပါသေးတယ် သမီးရယ်၊ မိုးလင်းမှ သွားပါလား”

“မိုးလင်းမှ သွားရင် ခရေပန်း ဘယ်ရတော့မလဲ၊ အစောကြီးသွားမှ အများကြီးရမှာ၊ သမီး သွားပြီ ”

“ဓာတ်မီး ယူသွားဦး၊ မှောင်မှောင်မည်းမည်းနဲ့ မြွေပါးကင်းပါးတွေ တွေ့နေဦးမယ်”

"ဟုတ်ကဲ့ပါ အမေ"

ခင်ရီ ဝါးပလိုင်းလေးလွယ်ကာ ရွာဦးကျောင်းဝင်းထဲရှိ ခရေပင်တန်းဆီသို့ ခပ်သွက်သွက်လာခဲ့သည်။ ခရေပန်းပွင့်ချိန် ရောက်တိုင်း ခင်ရီ ခရေပန်းကောက်လေ့ရှိသည်။ ခရေပန်းလေး များကိုသီကာ ခရေပန်း ပန်းကုံးလေးများအဖြစ် ရွာဦးဘုရားတွင် လှူသည်။ အိမ်က ဘုရားစင်မှာလည်း လှူသည်။ ပြီးမှ ကျောင်းသို့ ယူသွားကာ ရောင်းသည်။ သို့သော် အတန်းပိုင်ဆရာမကိုတော့ နေ့စဉ် ခရေပန်းတစ်ကုံးပေးလေ့ရှိပါသည်။

ခရေပင်တန်းတွင် ခရေပန်းပွင့်လေးများ ဖွေးဖွေးလှုပ်မျှ ကြွေကျနေသည်။ ခင်ရီ အရမ်းပျော်သွားသည်။ ဓာတ်မီးလေးထိုးကာ တစ်ပွင့်ချင်း လိုက်ကောက်နေသည်။

ခင်ရီက တစ်ယောက်တည်း လာကောက်နေကျ။ ကြောက်စိတ်လည်း မရှိပေ။ ရွာဦးဘုန်းတော်ကြီးကျောင်းဆီမှ သံဃာတော်များ၏ တရားဓမ္မရွတ်ဆိုသံများကို ခရေပန်းကောက်ရင်း နားယူမိကာ တစ္ဆေ၊ သရဲများကို မကြောက်တော့ခြင်း ဖြစ်ပါသည်။

"မြန်မြန်လာကြဟေ့၊ ခရေပန်းတွေ သူများကောက်လို့ ကုန်ပြီလား မသိဘူး"

ခပ်လှမ်းလှမ်းဆီမှ အသံကြားရသဖြင့် ခင်ရီ လှမ်းကြည့်လိုက်သည်။ ဓာတ်မီးရောင်သုံးလေးခု မြင်ရသည်။ ခင်ရီလိုပဲ ခရေပန်းကောက်နေကျ မညိုပုတို့ အပျိုတစ်သိုက်ဖြစ်ရမည်။

ပလိုင်းထဲကို ခင်ရီ ကြည့်လိုက်သည်။ ခရေပန်းလေးများ တစ်ဝက်ကျော်လောက်ရနေပေပြီ။ ခရေပင်တန်းက မဆုံးသေးပေ။ ထပ်ကောက်လျှင် ရပါသည်။



"ငါတစ်ယောက်တည်း အကုန်လုံးကောက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ နောက်လူတွေကောက်ဖို့ ထားဦးမှ"

ဓာတ်မီးပိတ်ကာ ခင်ရီ ခရေပင်တစ်ပင်နောက်သို့ ကွယ်လိုက်သည်။ မညိုပုတို့ ရောက်လာကြသည်။

"ခရေပန်းတွေ ကောက်သွားပြီတော့"

မညိုပု၏ အသံ။ ခရေပင်တန်းအဆုံးထိ လိုက်ကြည့်နေကြသည်။

"ဒီဘက်မှာ ခရေပန်းတွေ ရှိသေးတယ်ဟေ့၊ ဒီဘက်ကို လာကောက်ကြ"

မခင်လေး၏ အားရဝမ်းသာစကားသံ။ ခရေပန်းများ အလုအယက် ကောက်နေကြသည်ကို ခင်ရီ မြင်နေရသည်။

"အကုန်မကောက်ဘဲ ချန်ထားခဲ့တဲ့ သူကို ကျေးဇူးတင်လိုက်တာဟယ်၊ ဧကန္တ . . . ဟိုကလေးမလေး. . ခင်ရီလား မသိဘူး၊ ခရေပန်းလေးလို မွှေးပါစေတော်"

မညိုပုက ဘေးပတ်ဝန်းကျင်ကို ကြည့်ရင်းပြောနေသည်။ ခြေသံမကြားအောင် ခင်ရီ ဖွဖွနင်းလျှောက်ရင်း ပြန်လာခဲ့သည်။ ခရေပန်းလေးများကိုသီကုံးပြီး ဘုရားကိုလှူ ပြီးသောအခါ ကျောင်းမှာရောင်းမည်ဟု စိတ်ကူးရင်း ပျော်ရွှင်ဝမ်းသာနေမိသည်။

× × ×

"ဆရာမအတွက် နှင်းဆီပန်း"

အတန်းပိုင်ဆရာမ ဒေါ်တင်ချိုဦးအား မြတ်နိုးဆုက နှင်းဆီ ပန်းလှလှလေးတစ်ပွင့်ပေးနေသည်ကို ခင်ရီ မြင်လိုက်ရ၏။

"ဆရာမပန်ဖို့ သမီးတို့အိမ်မှာ စိုက်ထားတဲ့ သစ်ခွပန်းလှလှ လေး ယူလာပါတယ်ရှင့်"

ခင်သူဇာကျော်ကလည်း ဆရာမအား သစ်ခွပန်းတစ်ခက် ပေးနေသည်ကို ခင်ရီ မြင်လိုက်ရပြန်သည်။

မြတ်နိုးဆုနှင့် ခင်သူဇာကျော်တို့က ရုပ်လည်းလှ၊ စာလည်းတော်၊ မိဘများကလည်း ချမ်းသာကြသည်။ သူတို့ပေးသော ပန်းများမှာ အဖိုးတန်ပန်းများဖြစ်နေ၍ ခင်ရီ အားငယ်သွားသည်။

ဆရာမအား ပေးရန်ယူလာသော ခရေပန်လေးတစ်ကုံးကို လွယ်အိတ်ထဲသို့ ခင်ရီပြန်ထည့်ထားလိုက်သည်။

"ကိုယ့်ဆရာမကို တန်ဖိုးရှိတဲ့ပန်းပဲ ပေးတယ်"

ခင်ရီနှင့် တစ်ခုံကျော်၌ ထိုင်နေသော မြတ်နိုးဆုက ခင်ရီ့ကို လှမ်းကြည့်ပြီး ပြောလာသည်။ ခင်ရီ ဝမ်းနည်းမိသည်။

"ဘုန်းကြီးကျောင်းဝင်းထဲမှာ ကြွေတဲ့ခရေပန်းတွေကို ကောက်ပြီး ပေးတဲ့သူက ရှိသေးတယ်၊ အလကားရတဲ့ ပန်းကို ပေးရဲတာ အံ့ဩပါရဲ့"

ခင်ရီ့ ရှေ့ထိုင်ခုံ၌ ထိုင်နေသော ခင်သူဇာကျော်ကလည်း ပြောလာပြန်သည်။

"ခင်ရီ ဆရာမကို ခရေပန်း သွားပေးလိုက်လေ"

ဘေးချင်းကပ်ထိုင်နေသော သူငယ်ချင်း အေးသီတာက ပြောလာသည်။ ခင်ရီ ခေါင်းယမ်းပြလိုက်သည်။

"ဘာဖြစ်လို့လဲ"

"မပေးတော့ဘူးဟာ၊ ဆရာမဆီမှာ ခရေပန်းထက်ပိုလှတဲ့ နှင်းဆီပန်းနဲ့ သစ်ခွပန်းတွေရှိနေပြီပဲ၊ ငါ့ ခရေပန်းလေးနဲ့ ဆရာမ မတန်ပါဘူး"

"မဆိုင်တာဟာ၊ နင်ပေးတဲ့ ခရေပန်းကုံးလေးကို ဆရာမက နေ့တိုင်းပန်နေကျမို့လား၊ ဆရာမကို လှမ်းကြည့်လိုက်၊ ခေါင်းမှာ နှင်းဆီလည်း မပန်ဘူး၊ သစ်ခွလည်း မပန်ဘူး၊ နင့်ခရေပန်းကုံးလေးကို စောင့်နေတာလား မသိဘူး"



အေးသီတာ ပြော၍ ခင်ရီ လှမ်းကြည့်လိုက်တော့ ဆရာမ ခေါင်းမှာ ဘာပန်းမှ ပန်မထားသေးသည်ကို မြင်လိုက်ရ၏။

"သွားပေးလေ၊ နင်သွားပေးလည်း ဆရာမက ပန်မှာ မဟုတ်ဘူး၊ ငါတို့ပန်းတွေကိုပဲ ပန်မှာ"

ခင်သူဇာကျော်၏ စကားကြောင့် ခင်ရီ အားငယ်သွားသည်။ အေးသီတာက ခင်ရီကို အတင်းဆွဲခေါ်သွားသည်။ ဆရာမ ရှေ့သို့ ရောက်သွားချိန် ခင်ရီ့လက်ထဲမှ ခရေပန်းကုံးလေးကို ဆရာမက လှမ်းကြည့်သည်။

"သမီး လာမပေးခင်ကတည်းက ခရေပန်းနံ့လေးက တစ်ခန်းလုံး သင်းနေတာ၊ သမီး လာမပေးသေးလို့ ဆရာမက စောင့်နေတာ"

ဆရာမ လက်ထဲသို့ ခရေပန်းကုံးလေး ခင်ရီ ထည့်လိုက်သည်။ ဆရာမက ခရေပန်းကုံးလေးကို ချက်ချင်းပန်သည်။ ခရေပန်းကုံးလေးနှင့် ဆရာမက လိုက်ဖက်လွန်းလှသည်။

သို့အတွက် ခင်ရီ ကျေနပ်ပါသည်။ နှင်းဆီပန်းနှင့် သစ်ခွပန်းများကိုမူ စားပွဲပေါ်ရှိ ပန်းအိုးထဲသို့ ဆရာမ ထိုးလိုက်သည်ကို ခင်ရီ မြင်ရသည်။

"ဆရာမ. . . နှင်းဆီပန်းနဲ့ သစ်ခွပန်းကိုကျ ဘာဖြစ်လို့ မပန်တာလဲ"

ခင်ရီ လန့်သွားသည်။ ခင်ရီအား တွန်းတိုက်ကာ ခင်သူဇာကျော်နှင့် မြတ်နိုးဆုတို့ ဆရာမရှေ့သို့ ရောက်လာကြသည်။ ဆရာမက ပြုံးနေသည်။

"သမီးတို့ ဆရာမကိုပေးတဲ့ ပန်းလေးတွေက အစစ် မဟုတ်ဘူးကွယ့်၊ ပလတ်စတစ်နဲ့ လုပ်ထားတဲ့ ပန်းလေးတွေ ဖြစ်နေတယ်။ ဧည့်ပန်းအိုးမှာ ဆရာမ ထိုးပေးထားတယ်။ သမီးတို့ စိတ်ထဲမှာ ထားမနေနဲ့၊ ဟုတ်ပြီလား"

ခင်ရီအား မျက်စောင်းထိုးကြည့်ကာ ခင်သူဇာကျော်နှင့် မြတ်နိုးဆုတို့ ပြန်လှည့်သွားကြသည်။

"ခရေပန်းကုံးလေးတွေ တစ်နေ့ ဘယ်နှကုံးလောက် ရောင်းရလဲ သမီး"

ဆရာမက ခင်ရီအား မေးလာသည်။

"တစ်နေ့ ခရေ အကုံးနှစ်ဆယ်လောက်တော့ ရောင်းရပါတယ် ဆရာမ"

"ရောင်းလို့ရတဲ့ငွေကို ဘာလုပ်လဲ"

"အမေ့ကို အကုန်အပ်ပါတယ် ဆရာမ"

"လိမ္မာလိုက်တာကွယ်၊ ကဲ. . . ကဲ. . သမီးတို့ သွားလို့ရပြီ"

ခင်ရီနှင့် အေးသီတာတို့ ထိုင်ခုံ၌ ပြန်ထိုင်လိုက်ကြသည်။ ခင်ရီ စာသင်ရတာ ပေါ့ပါးလွတ်လပ်နေသည်။ သူမပေးသည့် ခရေပန်းကုံးလေးကို ပန်ထားသော ဆရာမကိုမြင်ရသည်မှာ ကျက်သရေရှိလွန်းလှသည်။ ပြီးတော့ ခင်ရီပေးသော ခရေပန်းကုံးလေးကို ဆရာမက အမြတ်တနိုးပန်ဆင်ခြင်းအတွက်လည်း ဝမ်းသာအားရ ဖြစ်မိပါသည်။

× × ×

ခင်ရီက ပဉ္စမတန်းတက်နေသော ကျောင်းသူလေးဖြစ်ရာ ခရေပန်းရောင်းပြီး ငွေရှာနိုင်ခြင်းကြောင့် ဆရာ ဆရာမများက ချီးကျူးကြသည်။ ခင်ရီက လူချစ်လူခင်လည်း ပေါပါသည်။



တချို့ဆရာ ဆရာမများက ခင်ရီကို ချစ်စနိုးဖြင့် "ခရေပန်းလေး" ဟုပင် ခေါ်ကြသည်။ ဆရာ ဆရာမများက ခေါ်တော့ အတန်းထဲမှ သူငယ်ချင်းများကလည်း လိုက်ခေါ်ကြသည်။

"ခရေပန်းလေး" ဆိုတဲ့ နာမည်ကို ခင်ရီသဘောကျမိပါသည်။

တစ်နေ့တွင် ခရေပန်းရောင်းရငွေဖြင့် ခင်ရီအတွက် ဂါဝန်လှလှလေးတစ်ထည်ဝယ်ပေးမည်ဟု အမေကပြောလာသည်။

ခင်ရီ အလွန်ပျော်သွားသည်။ အမေနှင့်အတူ ရွှေပန်းတောကျေးရွာ မြို့မဈေးသို့ လာခဲ့ကြသည်။

အတန်းပိုင်ဆရာမ ဒေါ်တင်ချိုဦး၏မိခင်ဖွင့်ထားသော အထည်ဆိုင်ဆီသို့ ခင်ရီတို့လာခဲ့ကြသည်။ ကျောင်းပိတ်ရက်ဖြစ်၍ အထည်ဆိုင်တွင် ဝယ်ယူသူများဖြင့် စည်ကားလှသည်။

"ဟော. . . သမီးခင်ရီပါလား၊ ဘာဝယ်မလဲ သမီး၊ ရွေးလေ"

ခင်ရီကို ဆရာမက လှမ်းပြီးနှုတ်ဆက်သည်။ အမေက ဆရာမနှင့် မိတ်ဆက်သည်။ ဂါဝန်လှလှလေး ဝယ်မည်ဟုပြောလိုက်တော့ ဆရာမက ချိတ်ထားသော ဂါဝန်လှလှလေးများကို ပြသည်။

"ဒီဂါဝန်လေးက သမီးနဲ့ လိုက်တယ်"

ဆရာမက ပိတောက်ပန်းရောင် ဂါဝန်လေးတစ်ထည် ရွေးပေးသည်။ ဆရာမရွေးပေးသော ဂါဝန်လေးကို ခင်ရီအလွန်သဘောကျသည်။ အမေက ခင်ရီကို လက်တို့သည်။

"ဒီ ဂါဝန်လေးပဲ ယူမယ် အမေ"

ဆရာမက ဂါဝန်လေးကို သေချာစွာထုပ်ပြီး ခင်ရီအား ပေးလာသည်။

"ဆရာမ . . ဆရာမတပည့် မြတ်နိုးဆုကို ဆုံးမပေးပါဦး၊ အဝတ်အစားအသစ်တွေ ခဏခဏ ဝယ်ခိုင်းနေတယ်၊ မုန့်ဖိုးကို လည်း ပိုတောင်းနေတယ်"

မြတ်နိုးဆု၏အမေမှန်း ခင်ရီသိရသည်။ မြတ်နိုးဆု၏အမေ မှာ ရွှေဆွဲကြိုးအကြီးကြီး၊ ရွှေလက်ကောက် အများကြီး မြင်ရသည်။ မြတ်နိုးဆုက ကံကောင်းသည်ဟု ခင်ရီထင်မိသည်။

"ဟိုတစ်နေ့ကလည်း ဧည့်ခန်းမှာထားဖို့ ဝယ်လာတဲ့ ပလတ် စတစ်နှင်းဆီပန်းတစ်ခိုင် ယူသွားသေးတယ် ဆရာမရေ၊ ခြံထဲမှာ နှင်းဆီပန်းတွေ အများကြီး၊ ဆင်းမခူးချင်ဘူး၊ အရမ်းပျင်းတာ၊ စာတော်တာပဲ ပြောစရာရှိတယ်၊ သမီး မိန်းကလေးဆိုပြီး အားမကိုး ရပါဘူးတော်"

ဆရာမအား မြတ်နိုးဆု နှင်းဆီပန်းအတုပေးသော အဖြစ် အပျက်ကို ခင်ရီပြေးသတိရသည်။

"ကြုံတုန်းပြောခဲ့လိုက်ဦးမယ် ဆရာမရေ၊ ကျွန်မတို့နဲ့ စီးပွား ပြိုင်ဘက် မဘေဘီ သမီး ခင်သူဇာကျော်လည်း အိမ်ရှေ့မှာ အလှ ထိုးထားတဲ့ ပလတ်စတစ်သစ်ခွပန်းတစ်ခက် ယူသွားလို့တဲ့၊ အဲဒီ သစ်ခွက အတုကြီးလေ၊ အထူအပါး နားမလည်ဘူး၊ ဆရာမ တပည့် တွေ ဆုံးမပေးပါဦး၊ မိဘတွေ မသိဘဲနဲ့ အဖိုးမတန်တဲ့ ပန်းအတု တွေ မပေးဖို့တော့ ဆုံးမထားပါတယ်။ မုန့်ဖိုးလျှော့ယူဖို့ ဆုံးမပေး ပါဦး"

ဆရာမ ပြုံးတာကို ခင်ရီ မြင်ရသည်။ အမေကတော့ ဂါဝန် ဖိုးငွေ မရှင်းရသေးသဖြင့် စောင့်နေသည်။

"အတော်ပဲ အန်တီ၊ တစ်ခါတည်း ကြုံသခိုက် ပြောလိုက် ဦးမယ်၊ အန်တီ့ဘေးနားမှာ ရပ်နေတဲ့ ကလေးမလေးက ကျွန်မ



တပည့်မလေးပဲ၊ ခင်ရီတဲ့။ အန်တီ့သမီးနဲ့ အတန်းတူပေါ့။ ဟိုဘက်ကတော့ သူ့အမေ၊ ဂါဝန် လာဝယ်တာ၊ အစ်မ . . . "

ဆရာမက ခင်ရီ့ အမေကို ခေါ်သည်။

"ရှင် . . ဆရာမ"

"ဒီဂါဝန်ကို ဘယ်က ပိုက်ဆံနဲ့ဝယ်လဲ ပြောလိုက်ပါဦး"

"ကျွန်မသမီးလေး ခရေပန်းရောင်းရတဲ့ငွေနဲ့ ဝယ်တာပါ"

"ဟယ် . . တကယ်"

မြတ်နိုးဆု၏အမေ အံ့သြသွားသည်ကို ခင်ရီမြင်ရ၏။ ခင်ရီကို စေ့စေ့စပ်စပ်ကြည့်နေသည်။

"လိမ္မာလိုက်တာကွယ်၊ ဒီလိုသမီးအလိမ္မာလေး လိုချင် လိုက်တာ၊ အိမ်ရောက်မှ ကောင်းကောင်းဆုံးမရမယ်၊ ဆရာမ သွား ခွင့်ပြုပါဦး"

မြတ်နိုးဆု၏အမေ ထွက်သွားသည်။ ဆရာမက ခင်ရီကို အပြုံးဖြင့် ကြည့်နေသည်။

"သမီး . . . သမီးလေးဟာ ခရေပန်းလေးတွေ ရောင်းပြီး ငွေရှာတယ်၊ အမေကို ပေးတယ်၊ ဆရာမကိုလည်း သမီးကိုယ်တိုင် သီတဲ့ ခရေပန်းကုံးလေးတစ်ကုံးစီ နေ့တိုင်းပေးတယ်၊ ဘုရား မှာလည်း နေ့တိုင်းလှူတယ်၊ သမီးကိုမွေးရတဲ့ အမေဟာ မွေးရကျိုး နပ်ပါတယ်ကွယ်၊ မြတ်နိုးဆုနဲ့ ခင်သူဇာကျော်တို့ကို သူတို့မိဘ တွေက သမီးလေးကို စံနမူနာပြပြီး ဆုံးမကြတော့မှာ၊ သမီးလေးရဲ့ ဂုဏ်သတင်းက ခရေပန်းလေးလို မွှေးနေတော့မှာပါကွယ်"

အမေက ခင်ရီကို ကြည့်လာသည်။ ဆရာမကို နှုတ်ဆက် ကာ ပြန်ခဲ့ကြသည်။ ခင်ရီ ပျော်နေသည်။ ခရေပန်းလေးတွေ

ဆက်ကောက်သွားပါမည်။ သည်ခရေပန်းလေးတွေကြောင့် ခင်ရီ့တွင်ပျော်ရွှင်ဝမ်းသာမှုများ ရရှိခဲ့ခြင်းဖြစ်ပါသည်။ ခင်ရီ တိုးတိုးလေး ပြောမိသည်။

"ခရေပန်းလေးလို မွှေးတဲ့မိန်းကလေးအဖြစ် အမြဲနေထိုင်သွားပါ့မယ်"

××××××××××

# စိတ်ကူး မယဉ်တော့ပါ

"ညီလေး . . . ကာတွန်းကား မကြည့်နဲ့၊ ပါဝါရိန်းဂျား အခွေကြည့်ရအောင်"

ကိုကိုက ကာတွန်းကားကြည့်နေသော ညီညီကို ပြောလိုက်သည်။ ကျောင်းပိတ်ရက်ဖြစ်၍ အိမ်တွင် ညီအစ်ကိုနှစ်ယောက် အခွေကြည့်နေကြခြင်းဖြစ်သည်။

ကိုကိုက စတုတ္ထတန်းကျောင်းသားဖြစ်ပြီး ညီညီက တတိယတန်းကျောင်းသားဖြစ်ပါသည်။

"ကြောင်နဲ့ကြွက်ကား ညီလေးကြည့်နေတာ မတွေ့ဘူးလား"

"ကြောင်နဲ့ကြွက်က ရယ်ရတာတော့ မှန်တယ်၊ ကိုကို့ ပါဝါရိန်းဂျားကားက ပိုကောင်းတယ်၊ ကျား. . . ပါဝါရိန်းဂျား"

ကိုကိုက ပါဝါရိန်းဂျားပုံစံ အမူအရာ လုပ်ပြသည်။

"လမ်းထိပ်က ဈေးဆိုင်မှာ ပါဝါရိန်းဂျားအရုပ်တွေ ရောင်းတယ်၊ ကိုကို မဝယ်ဘူးလား"

"ဝယ်မှာပေါ့၊ အခွေ ဦးဆုံးကြည့်မယ်၊ အခွေထဲက ပါဝါရိန်းဂျားတွေကိုကြည့်ပြီးမှ သူတို့ပုံစံနဲ့တူတဲ့ အရုပ်သွားဝယ်မယ်လေ၊ မကောင်းဘူးလား"

"ကောင်းတယ်၊ ညီလေးကို ပါဝါရိန်းဂျား အရုပ်တစ်ရုပ် ဝယ်ပေးမလား"

"ဝယ်ပေးမှာပေါ့၊ အခု ပါဝါရိန်းဂျား အခွေကြည့်ရအောင်"

အခွေစက်ထဲမှ ကာတွန်းကားကိုထုတ်ပြီး သူဝယ်လာသော ပါဝါရိန်းဂျားအခွေကို ကိုကို ထည့်လိုက်သည်။

"ဟိုအနီရောင် ပါဝါရိန်းဂျားက ညီလေး"

အခွေထဲမှ ပါဝါရိန်းဂျား အနီရောင်ကို ညီညီက လက်ညှိုးထိုးပြသည်။

"ညီလေးက အနီရောင်ဆိုတော့ ကိုကိုက အစိမ်းရောင်ပေါ့"

ကိုကိုနှင့် ညီညီတို့၏ အော်ဟစ်သံများမှာ ဆူညံနေတော့သည်။ ဘုရားခန်းထဲတွင် ပုတီးစိပ်နေသော ဘွားမြသည် ကိုကိုတို့ဆီရောက်လာ၏။

"ဆူလှချည်လား၊ အဘွားပုတီးစိပ်လို့ မရဘူး၊ တိုးတိုးတိတ်တိတ် မကြည့်နိုင်ရင်တော့ ခြံထဲမှာ သွားဆော့ကြ မြေးတို့"

ကိုကိုနှင့် ညီညီ ဇက်ကလေးတွေ ပုသွားကြသည်။ ပါဝါရိန်းဂျားကြည့်ရင် မအော်ဘဲ မနေနိုင်ပါ။ ခြံထဲသို့ ဆင်းခဲ့ကြသည်။

"ပါဝါရိန်းဂျားကွ . . . . ကျား"

"ပါဝါရိန်းဂျား လာပြီဟေ့၊ မိစ္ဆာကြီး ပြေးပေတော့"

ခြံထဲရှိ မြက်ခင်းပြင်တွင် ကိုကိုနှင့် ညီညီတို့ ပြေးလွှားဆော့ကစားနေကြသည်။ ခဏအကြာ၌ ရပ်ကွက်ထဲမှ ကိုကို့သူငယ်ချင်းများ ရောက်လာသည်။ ပွဲက ပိုစည်သွားသည်။



အားရအောင်ဆော့ပြီးသောအခါ လမ်းထိပ်ဈေးဆိုင်သို့ ပြေးခဲ့ကြသည်။ ပါဝါရိန်းဂျားအရုပ်များ အလုအယက် ဝယ်ကြသည်။ ကိုကိုနှင့်ညီညီတို့ ပါဝါရိန်းဂျား အရုပ်တစ်ရုပ်စီ ဝယ်ခဲ့ကြသည်။ သူငယ်ချင်းများဖြစ်ကြသော ပေတိုး၊ ဂျောက်ဂျက်၊ အောင်အောင်တို့ကလည်း အရုပ်တစ်ရုပ်စီ ဝယ်ကြသည်။

"နောက်နေ့ကျရင် ပါဝါရိန်းဂျားမျက်နှာဖုံးတွေ ရောက်တော့မှာနော် သားတို့"

ဆိုင်ရှင်အဒေါ်ကြီး၏ စကားကို ကြားရသောအခါ ကိုကို ပျော်သွားသည်။ မုန့်ဖိုးတောင်းကာ လာဝယ်မည်ဟု စိတ်ကူးထားသည်။ ပါဝါရိန်းဂျားအရုပ်များဖြင့် လမ်းတစ်လျှောက် ဆော့လာခဲ့ကြသည်။

× × ×

"ကိုကိုနဲ့ ညီညီ"

မေမေ၏ ခေါ်သံကြားလိုက်ရသည်။ မေမေ့အနီးသို့ ကိုကိုတို့ညီအစ်ကို လာခဲ့ကြသည်။

"သားတို့ ကာတွန်းကားပဲကြည့်ကြည့်၊ ပါဝါရိန်းဂျားပဲကြည့်ကြည့် မဆူရဘူးလို့ မေမေပြောထားတယ်မဟုတ်လား"

"ပြောထားပါတယ် မေမေ"

"မင်းတို့အဘွား ပုတီးစိပ်ပျက်သွားတယ်၊ အိမ်နီးချင်းတွေကလည်း မေမေ့ကို တိုင်ကြတယ်၊ အဲဒီလောက်တောင် ဆူညံတာ မေမေ မကြိုက်ဘူးနော်၊ သားတို့အခွေကြည့်တာ များလွန်းတယ်၊ စာဘက်ကိုလည်း အာရုံစိုက်ကြဦး"

"ဟုတ်ကဲ့ပါ မေမေ"

"ပါဝါရိန်းဂျားကားတွေကြည့်ပြီး စိတ်ကူးမယဉ်နဲ့နော်၊ အဲဒီအထဲကအတိုင်း လိုက်မလုပ်ကြနဲ့. . . ကဲ. . စာသွားကြည့်တော့"

ကိုကိုနှင့် ညီညီတို့ စာကြည့်ခန်းဝင်ခဲ့ကြသည်။ ကျူရှင်သွားရန် အချိန်နီးလာပြီဖြစ်၍ အဝတ်အစားလဲကြသည်။

"အဘွား. . . မြေးတို့ကို မုန့်ဖိုးပေး"

ကိုကိုက ဘွားမြထံ မုန်းဖိုးတောင်းလိုက်သည်။ ဘွားမြက ကိုကိုနှင့် ညီညီအား ငွေငါးရာစီ မုန့်ဖိုးပေးသည်။

"မေမေ့. . . ကျူရှင်သွားတော့မယ်၊ မုန့်ဖိုးပေး"

ညီညီကတောင်းတော့ မေမေကလည်း ငွေငါးရာစီ မုန့်ဖိုးပေးသည်။ ကျူရှင်သို့ လာခဲ့ကြသည်။ ကျူရှင်တွင် သူငယ်ချင်းများနှင့်ဆုံသောအခါ ကိုကိုနှင့် ညီညီအား မျက်နှာဖုံးအရုပ်များပြကြသည်။

"စပိုက်တာမင်းမျက်နှာဖုံးက ကောင်းတယ်ကွာ"

ကိုကို့ရှေ့သို့ စပိုက်တာမင်း မျက်နှာဖုံးတစ်ခုပြကာ ဂျောက်ဂျက်က ကြွားလာသည်။

"ငါ့ စူပါမင်းမျက်နှာဖုံးက ပိုကောင်းတာ"

အောင်အောင်ကလည်း ကိုကို့အား သူ့စူပါမင်းမျက်နှာဖုံးပြသည်။ အတန်းထဲရှိသူငယ်ချင်းများလက်ထဲတွင် စပိုက်တာမင်း၊ စူပါမင်း၊ ဂျက်စ်ပဲရိုး၊ အိုင်းယွန်းမင်းမျက်နှာဖုံးများ ကိုင်ထားသည်ကိုမြင်တော့ ကိုကိုအားကျမိသည်။

ကျူရှင်ဆင်းသောအခါ ညီညီကိုခေါ်ပြီး လမ်းထိပ်အရုပ်ဆိုင်ဆီသို့ ပြေးခဲ့ကြသည်။

"သားကို စပိုက်တာမင်းမျက်နှာဖုံးတစ်ခုပေး"



ညီညီက ခုန်ပေါက်ပြီး လက်ညှိုးထိုးပြသည်။ ဆိုင်ရှင်အန်တီကြီးက လှမ်းပေးသည်။ ကိုကိုကရွေးနေတုန်းပင်။

"သားကို စူပါမင်းမျက်နှာဖုံးတစ်ခုပေးပါ"

ကိုကို့လက်ထဲသို့ စူပါမင်းမျက်နှာဖုံးတစ်ခုရောက်လာသည်။ ညီအစ်ကိုနှစ်ယောက်သား မျက်နှာဖုံးကိုယ်စီတပ်ကာ အိမ်သို့ပြန်ခဲ့ကြသည်။

ကျောင်းပိတ်ရက်တွင် စပိုက်တာမင်းနှင့် စူပါမင်းတို့လို လေပေါ်ဝဲပျံကစားမည်ဟု ညီအစ်ကိုနှစ်ယောက် တိုင်ပင်ထားခဲ့ကြသည်။

× × ×

ဖေဖေက ကုမ္ပဏီအစည်းအဝေးရှိ၍ အစောကြီးထွက်သွားသည်။ မေမေကလည်း ရွှေဆိုင်သို့ အစောကပင် ထွက်သွားသည်။ အိမ်၌ ဘွားမြသာရှိသည်။

"ညီညီ၊ ဒီနေ့စပိုက်တာမင်းနဲ့ စူပါမင်းလုပ်တမ်းကစားကြမယ်"

"ကောင်းတယ်၊ ညီလေးက စပိုက်တာမန်းနော်"

"အေးပါ"

ကိုကိုက စူပါမင်းမျက်နှာဖုံးတပ်သည်။ ညီညီက စပိုက်တာမင်းမျက်နှာဖုံးတပ်သည်။ အသင့်ဝတ်ထားသော ကိုယ်ကျပ်အကျႌများဝတ်ပြီး ခန်းဆီးစများဖြုတ်ကာ ဝတ်ရုံရှည်များလုပ်ကြသည်။

မှန်ရှေ့တွင် နှစ်ဦးသားရပ်ပြီး သူတို့ဝတ်စုံများကို ကြည့်ကြသည်။

"စပိုက်တာမင်းကွ"

"စူပါမင်းကွ"

ဝတ်ရုံရှည်များကို ဘယ်ညာဖြန့်ကာ ခြံထဲသို့ပြေးဆင်းခဲ့ကြသည်။ ကိုကိုနှင့် ညီညီတို့ခြံထဲရောက်ပြီး မကြာမီမှာပင် ပေတိုးတို့အုပ်စုလည်း ဝတ်စုံကိုယ်စီဖြင့် ရောက်လာကြသည်။

လူတစ်ရပ်ကျော်မြင့်သော အုတ်နံရံပေါ်တက်ကာ "စပိုက်တာမင်း"၊ "စူပါမင်း" ဟု သံပြိုင်အော်ပြီး ခုန်ချနေကြသည်။ ကိုကိုတို့ သတိရသွားသည်။

"ကားဂိုဒေါင်ဆီ သွားကြမယ်ကွာ"

ဂိုဒေါင်အမိုးပေါ်သို့ ရောက်နေပြီဖြစ်သော ကိုကိုက ညီညီအား လှမ်းခေါ်သည်။

"မတက်ရဲဘူး"

"ယောကျ်ားမဟုတ်ဘူးလား၊ တက်ခဲ့. . . မင်းပဲ စပိုက်တာမင်းလို ခုန်ပျံချင်တယ်ဆို"

ကိုကို့စကားကြောင့် ညီညီမငံ့မရဲဖြင့် တက်လာသည်။ ဂိုဒေါင်အမိုးပေါ်တွင် ရင်ပေါင်တန်း တန်းစီထားကြသည်။

"တစ် နှစ် သုံး ဆိုတာနဲ့ အားလုံး ဝတ်ရုံတွေကို လက်နှစ်ဖက်နဲ့ဖြန့်ပြီးကိုင်ထားမယ်၊ ခုန်ဆိုတာနဲ့ စပိုက်တာမင်းကွ၊ စူပါမင်းကွလို့ အော်ပြီး မြက်ခင်းပေါ် ခုန်ချမယ်"

ကိုကိုက စူပါမင်းမျက်နှာဖုံးကို ဝင့်ကြွားစွာတပ်ဆင်ပြီး ပြောနေသည်။ ဇာတ်လမ်းထဲက စူပါမင်းဟု သူ့ကိုယ်သူ ထင်နေသည်။

" တစ် နှစ် သုံး. . . "

အားလုံး ဝတ်ရုံများကို ညီတူညာတူကိုင်လိုက်ကြသည်။ ထိုစဉ် ဂိုဒေါင်အမိုးပေါ်မှ မြက်ခင်းပေါ်သို့ ဝုန်းခနဲပြုတ်ကျသံကြားလိုက်ရသည်။



"အမလေး . . . သေပါပြီ၊ ခြေထောက်ကျိုးပါပြီဗျ"

"ညီညီ ပြုတ်ကျသွားပြီဟေ့"

ကိုကိုခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။ ဘွားမြအော်သံကြားလိုက်ရ၏။ ခြံထဲသို့ လူကြီးသုံးလေးဦး ဝင်လာသည်ကို မြင်ရသည်။ ညီညီ့ကို ပွေ့ခေါ်သွားကြသည်။ ပေတိုးတို့အုပ်စုလည်း ပြန်ပြေးသွားကြသည်။

ခဏအကြာ၌ ဖေဖေနှင့်မေမေတို့ အိမ်ပြန်ရောက်လာသည်။ ညီညီ့ဘယ်ခြေထောက်မှာ ပတ်တီးစည်းထားသည်ကို ကိုကို မြင်လိုက်ရသည်။ ကိုကို အပြစ်ရှိသလို ခံစားနေရသည်။

"ကိုကို. . . စူပါမင်းမျက်နှာဖုံးတပ်ထားပြီး ကစားတဲ့အကျိုးက ဘာရသလဲ"

ဖေဖေက မေးလာသည်။

"စိတ်ကူးယဉ်မဆန်နဲ့လို့ မေမေဘယ်နှခါပြောရမလဲ၊ အခုမင်းညီလေး ခြေထောက်ကျိုးရပြီ၊ မင်းတို့ကြည့်နေတဲ့ စူပါမင်းတို့ဆိုတာ ရုပ်ရှင်တွေထဲမှာပဲရှိတာ၊ တိုက်တွေပေါ် ပျံဝဲပြနေတာ ရုပ်ရှင်ထဲမှာပဲလုပ်လို့ရတာ၊ အပြင်မှာ လက်တွေ့လုပ်လို့မရဘူး၊ စိတ်ကူးယဉ်တတ်တဲ့အကျင့်ကို ဖျောက်ရမယ်သား"

"သား. . . စိတ်ကူးမယဉ်တော့ပါဘူး၊ သား စူပါမင်းလိုလည်း လေပေါ်မပျံတော့ပါဘူး၊ စပိုက်တာမင်းလိုလည်း မလုပ်ကြည့်တော့ပါဘူး၊ သား စိတ်ကူးနဲ့လက်တွေ့ကို နားလည်သွားပါပြီ ဖေဖေနဲ့မေမေ"

ဖေဖေနဲ့မေမေတို့ ကျေနပ်စွာပြုံးရင်း ညီညီ့အိပ်ခန်းဆီသို့ ဝင်သွားကြသည်။

ကိုကို ဆုံးဖြတ်လိုက်သည်။ ကျောင်းရောက်လျှင် ပေတိုး၊ ဂျောက်ဂျက်နှင့်အောင်အောင်တို့ကို သူ့လို စိတ်ကူးယဉ်တတ်သော အကျင့်ဖျောက်ရန် ပြောရပါမည်။ ဖြစ်နိုင်လျှင် သူတို့အရွယ် ကျောင်းသားကျောင်းသူများအားလုံးကို ပြောပြချင်ပါသည်။ ယနေ့မှစတင်ကာ ကိုကို စိတ်ကူးမယဉ်တော့ပါ။

××××××××

# အချစ်ဆုံးသူငယ်ချင်း

ကျော်ကျော်နှင့် နောင်လတ်တို့သည် ပဉ္စမတန်း၌ ပညာသင်ကြားနေသော ကျောင်းသားလေးများဖြစ်ကြပါသည်။

ကျော်ကျော်က ကျန်းမာရေးချူချာသဖြင့် ကျောင်းမတက်သည့်ရက်များရှိသည်။ ထိုအခါမျိုးတွင် နောင်လတ်က ကျောင်း၌ သင်ကြားခဲ့သောသင်ခန်းစာများကို ကျော်ကျော့်အိမ်သို့လာပြီး ရှင်းပြပေးလေ့ရှိသည်။

ကျော်ကျော်၏စာအုပ်များကို ကျောင်းသို့ယူသွားပြီး နောင်လတ်က ကူးပေးလေ့ရှိသည်။ ကျောင်းမတက်နိုင်သော်လည်း ကျော်ကျော်သည် သင်ခန်းစာများကို အမြဲကျက်မှတ်ခွင့်ရနေ၏။ နောင်လတ်၏ သူငယ်ချင်းပီသမှုကြောင့် ဖြစ်ပါသည်။

"ကျော်ကျော်ရေ. . . ကျောင်းသွားမယ်ဟေ့"

နောင်လတ်က လာခေါ်နေပြီ။ ကျော်ကျော်က အိပ်ရာထဲမှ မထသေးပေ။

"သားငယ်နေကောင်းရဲ့လား၊ နောင်လတ် လာခေါ်နေပြီ၊ မေမေ ဘာပြောလိုက်ရမလဲ"

မေမေမေးလာတော့ ကျော်ကျော် အဖြေရခက်နေသည်။ အမှန်အတိုင်းဝန်ခံရလျှင် ကျော်ကျော်ကျောင်းမတက်ချင်တော့ပါ။ ကျန်းမာရေးမကောင်းသဖြင့် အိပ်ရာမှာနေရင်း ကျောင်းတက်ရမည်ကို ပျင်းသွားသည်။

"မသက်သာသေးဘူး မေမေ၊ ဒီနေ့တော့ မလိုက်တော့ဘူး"

"ဒါဆို သားမလိုက်တော့တဲ့အကြောင်း မေမေ ပြောလိုက်တော့မယ်"

"ဒီနေ့ လပတ်စာမေးပွဲစဖြေရမှာ မလိုက်လို့မရဘူး"

ကျော်ကျော်၏ အိမ်ခန်းထဲသို့ နောင်လတ်ရောက်လာသည်။ နောင်လတ်က ကျော်ကျော်၏နဖူးပြင်နှင့် လက်ကောက်ဝတ်တို့ကို စမ်းသည်။

"အန်တီထား၊ ကျော်ကျော်မဖျားဘူး၊ ပျင်းပြီးကျောင်းမတက်ချင်လို့ ညာနေတာ"

"ဟုတ်လား သား"

ကျော်ကျော်ရှက်သွားသည်။ နောင်လတ်က ပြုံးစိစိကြည့်နေသည်။

"နောင်လတ်ပြောတာ ကြားတယ်နော်သား၊ ဒီနေ့ လပတ်စာမေးပွဲဖြေရမှာဆိုတော့ မလိုက်လို့မရဘူး"

မေမေ့ကို အကြောင်းပြချက်မပေးတော့ဘဲ ကျော်ကျော်ကျောင်းတက်ရန် ပြင်ဆင်လိုက်သည်။ နောင်လတ်က လွယ်အိတ်ရော ထမင်းဘူးပါ ကူယူပေးသည်။ ကျော်ကျော့်ကို ဖြည်းဖြည်းချင်းတွဲခေါ်နေသည်။



နောင်လတ်မှာ စက်ဘီးရှိသည်။ မိုးတွင်းကာလ လမ်းမကောင်းသဖြင့် မစီးခြင်းဖြစ်သည်။ ပြီးလျှင် ကျော်ကျော်နှင့်အတူ လမ်းလျှောက်ပြီး ကျောင်းတက်ပေးနေသည်။

ကျော်ကျော်တို့နေထိုင်သောရွာနှင့် စာသင်ကျောင်းရှိသောရွာက နှစ်မိုင်ခန့်ဝေးသည်။ ကျောင်းသားကျောင်းသူလေးများက ဘောင်းဘီတို၊ စကတ်တိုများဝတ်ကာ ရွှံ့ဗွက်ထူသော လမ်းပေါ်မှာ ပျော်ရွှင်မြူးထူးစွာ သွားနေကြသည်။ ထိုမြင်ကွင်းက ကျော်ကျော်အား အားငယ်စေသည်။

လမ်းတစ်ဝက်ပင်ရှိသေးသည်။ ကျော်ကျော် မောဟိုက်လာသည်။ ခြေထောက်တွေ ညောင်းလာသည်။ မျက်လုံးတွေ ပြာလာသည်။

"နောင်လတ်. . . ငါ မလိုက်နိုင်တော့ဘူး"

"ရောက်တော့မှာပါကွာ၊ အားတင်းထားစမ်းပါ"

"မင်းပဲသွားတော့၊ ငါ မလိုက်တော့ဘူး"

"မလိုက်လို့မရဘူး၊ လမ်းမလျှောက်နိုင်ရင် ငါ ကုန်းပိုးပြီးခေါ်မယ်"

နောင်လတ်က ကျော်ကျော်အား ရုတ်တရက် ကုန်းပိုးခိုင်းသည်။ ကျော်ကျော်ငြင်းချင်သော်လည်း နောင်လတ်စေတနာကိုနားလည်ပေးမိသည်။

လမ်းမပေါ်တွင် သွားလာနေသော ကျောင်းသားကျောင်းသူများက ကျော်ကျော်နှင့် နောင်လတ်တို့အား ဝိုင်းကြည့်နေကြသည်။

နောင်လတ်က လူပုသော်လည်း ဗလတောင့်သည်။ ကြံ့ခိုင်သည်။ ကျော်ကျော်က အရပ်ရှည်ပြီး ပိန်လှီသေးကွေးသည်။ ကျော်ကျော့်ခန္ဓာကိုယ်ကို နောင်လတ်ပေါ့ပေါ့ပါးပါးပင် ကုန်းပိုးနေသည်။

ကျောင်းသို့ ရောက်လာခဲ့သည်။ ဆရာ ဆရာမများကလည်း အံ့အားတသင့် ကြည့်နေကြသည်။ နောင်လတ်ကို ချီးကျူးကြသည်။ ကျော်ကျော် ဝမ်းသာရပါသည်။ သူ့အပေါ် အနစ်နာခံသော သူငယ်ချင်းကို ပိုပြီးခင်မင်လာခဲ့သည်။

× × ×

ပထမအစမ်းစာမေးပွဲ ဖြေဆိုရန် (၁၀)ရက်ခန့်ပင် လိုတော့သည်။

ကျော်ကျော်ဖျားပြီး အိပ်ရာထဲ လဲနေပြန်သည်။ စာမကျက်နိုင်သဖြင့် စာမေးပွဲမဖြေနိုင်တော့ဟု ကျော်ကျော် အားငယ်စွာ တွေးမိသည်။ ပထမအစမ်းစာမေးပွဲ မဖြေရလျှင် အတန်းတင်စာမေးပွဲဖြေနိုင်ခဲ့လျှင်သော်မှ အောင်ရန် မသေချာတော့ပေ။

"ဘယ်တတ်နိုင်မလဲကွာ၊ ကျန်းမာရေးချူချာနေတာဆိုတော့ မအောင်ရင် နောက်တစ်နှစ်ထပ်ပြီး ပြန်တက်ရမှာပေါ့၊ စိတ်ဓာတ်ကျမနေနဲ့" ဖေဖေက ကျော်ကျော့်အား နှစ်သိမ့်စကားပြောသည်။

"ဟုတ်တယ်သား၊ ကျန်းမာရေးက အရေးကြီးတယ်၊ သား စာမကြည့်နိုင်ရင်လည်း ကြည့်မနေပါနဲ့၊ ကျောင်းက ဘယ်အချိန်ပြန်တက်တက်ရတယ်၊ ကျန်းမာရေးကတော့ ပြန်အစားတောင်းလို့လည်း မရဘူး၊ စိတ်ထဲထားမနေနဲ့၊ အေးအေးဆေးဆေးသာနေ"

မေမေကလည်း ကျော်ကျော့်ခေါင်းလေးကို ပွတ်သပ်ကာ အားပေးစကားပြောသည်။

"ကျော်ကျော်ရေ . . . စာမေးပွဲနီးပြီဆိုတော့ မင်းနဲ့ငါ စာအတူကျက်ကြမယ်လေ"



နောင်လတ်က လွတ်အိတ်လွယ်လျက် ကျော်ကျော့်ဆီသို့ ရောက်လာသည်။

"သား နောင်လတ်၊ မှောင်နေပြီ၊ တစ်ယောက်တည်း လာတာလား"

မေမေက စိုးရိမ်ပူပန်စွာ မေးသည်။

"သား ဖေဖေပါတယ်"

"သူ့ သူငယ်ချင်းအိမ်မှာ စာကျက်ချင်တယ်ဆိုပြီး အတင်းပူဆာနေလို့ လိုက်ပို့ရတာဗျို့"

နောင်လတ်၏အဖေ ဦးလေးအောင်ဇင်လတ် အသံမှန်း ကျော်ကျော်သိသည်။ ဓာတ်မီးကိုင်လျက် အခန်းထဲသို့ ဝင်လာသည်။

"အားနာစရာတော့ ဖြစ်ကုန်ပါပြီ ကိုအောင်ဇင်လတ်ရာ၊ နောင်လတ်က သားအပေါ် တော်တော်ဂရုစိုက်ရှာတယ်၊ အဲဒီအတွက်လည်း ဝမ်းသာရပါတယ်"

ဖေဖေက ပြောသည်။ ကျော်ကျော်လည်း ဖျားနေသောရောဂါဝေဒနာ တစ်ဝက်လောက်ပျောက်သွားသလို သက်သာလာ၏။

"နောင်လတ်ရဲ့ စေတနာကို အန်တီတို့က အသိအမှတ်ပြုပါတယ်ကွယ်၊ သားအပေါ် သူငယ်ချင်းကောင်းပီသတာကိုလည်း တကယ်ဝမ်းသာတယ်၊ ဒါပေမဲ့ သားကဖျားနေတော့ စာမကြည့်နိုင်ဘူး၊ ပထမအစမ်းစာမေးပွဲကိုတောင် မဖြေခိုင်းတော့ဘူးလို့ အန်တီတို့ တိုင်ပင်နေကြတာ"

"ဟုတ်လား ကျော်ကျော်၊ အန်တီပြောတာ အမှန်ပဲလား"

နောင်လတ်က ကျော်ကျော့်အနားသို့ကပ်ကာ မေးလာသည်။ ကျော်ကျော် ခေါင်းညိတ်ပြလိုက်သည်။

"မင်းကလည်း ယောကျ်ားဖြစ်နေပြီး စိတ်ပျော့လိုက်တာ၊ အားတင်းစမ်းပါ။ မင်း ဖျားနေလို့ စာမကြည့်နိုင်ရင် မင်းအိပ်ရာ ဘေးမှာ ငါ စာအော်ကျက်ပေးမယ်၊ မင်းက လိုက်နားထောင်ပေါ့။ အဲဒီလို မရဘူးလား"

"ဘာ"

ကျော်ကျော် အံ့အားသင့်သွားသည်။ သူ့အပေါ် သည်လောက် ကောင်းသော သူငယ်ချင်းရှိပါလားဟူသော အသိနှင့်အတူ မျက်ရည်ဝဲမိသည်။

"အန်ကယ်ရော အန်တီပါ စိတ်မပူကြပါနဲ့၊ ကျော်ကျော် စာမေးပွဲဖြေနိုင်အောင် သား ကူညီမယ်၊ စာမေးပွဲဖြေတဲ့ရက်တွေ ရောက်ရင်လည်း ဒီမှာလာပြီး စာအတူကျက်ပေးမယ် "

"သြော်. . . သူငယ်ချင်းရယ်"

ကျော်ကျော်သည် နောင်လတ်အား အားရဝမ်းသာ ဖက်လိုက်သည်။

"ကဲ သားတို့ စာကြည့်ကြမယ်ဆိုရင် အန်တီတို့ အခန်းထဲက ထွက်ပေးမယ်၊ စားစရာတစ်ခုခုစီစဉ်လိုက်ဦးမယ်"

"ကိုအောင်ဇင်လတ် . . . လာဗျာ . . . ဧည့်ခန်းထဲမှာ ကလေးတွေကို စောင့်ရင်း ကော်ဖီသောက်ရအောင်"

ဖေဖေ၊ မေမေတို့နှင့်အတူ နောင်လတ်၏အဖေပါ အိပ်ခန်းထဲမှ ထွက်ခွာသွားကြသည်။

ကျော်ကျော်အလွတ်ရသည်အထိ နောင်လတ်က စာအော် ကျက်ပေးသည်။ သူငယ်ချင်း၏စေတနာကို အသိအမှတ်ပြုသော အားဖြင့် ကျော်ကျော်အာရုံစူးစိုက်ပြီး လိုက်မှတ် လိုက်ဆိုနေမိသည်။



ကျက်စာနေ့များတွင် အိပ်ရာထဲမှာမှေးရင်း နားထောင်၍ ရပေမယ့် အတွက်ပုစ္ဆာများပါသော သင်္ချာဘာသာရပ်ကိုမူ အလွတ် ကျက်၍ မရပေ။

"နောင်လတ်၊ သင်္ချာပုစ္ဆာတွေကို အလွတ်ကျက်မယ်ကွာ"

"မင်း ရူးနေလား၊ သင်္ချာဆိုတာ တွက်ရတာ၊ အလွတ်ကျက် လို့ မရဘူး၊ မင်း နည်းနည်းတော့ အားတင်းထား၊ ငါ တစ်ပုဒ်ချင်း ဘယ်လိုတွက်ရတယ်ဆိုတာ ရှင်းပြမယ် ဟုတ်ပြီလား"

"အေး. . . အေးပါ သူငယ်ချင်းရာ၊ မင်းပြောတာ ငါ နားလည်ပါပြီ"

ပထမအစမ်းစာမေးပွဲကြီး ဖြေဆိုသောအခါ ကျော်ကျော် အခက်အခဲမရှိ ဖြေဆိုနိုင်ခဲ့သည်။ ဘာသာစုံ အောင်သည်။ အားပြန် တက်သွားသည်။ ကျော်ကျော် စာမေးပွဲအောင်ခြင်းသည် သူငယ်ချင်း နောင်လတ်၏ သူငယ်ချင်းကောင်းပီသမှုကြောင့် ဖြစ်ပါသည်။

× × ×

ကျော်ကျော် ကျောင်းပြန်တက်နိုင်ပြီ။

နောင်လတ်နှင့်အတူ လမ်းလျှောက်ကာ ကျောင်းသို့ ပုံမှန်သွားနိုင်၊ ပြန်နိုင်နေပြီ ဖြစ်သည်။ ကျော်ကျော် တဖြည်းဖြည်း ကျန်းမာလာပြီဖြစ်သည်။

ကျော်ကျော်တို့ အတန်းပိုင်ဆရာမ ဒေါ်သက်သက်နွယ် အတန်းထဲသို့ ဝင်လာပြီ။ ကျောင်းသား ကျောင်းသူများက "မင်္ဂလာ ပါ ဆရာမ" ဟု ကြိုဆိုနှုတ်ခွန်းဆက်ကြသည်။

"မင်္ဂလာပါကွယ်၊ ထိုင်ကြ. . . ထိုင်ကြ"

ခဏအကြာတွင် ဆရာမက ကျောက်သင်ပုန်းပေါ်တွင် "အချစ်ဆုံး သူငယ်ချင်း" ဟူသော စာတစ်ကြောင်းရေးလိုက်သည်။ ပြီးနောက် ကျော်ကျော်တို့ ကျောင်းသားကျောင်းသူများဘက်သို့ မျက်နှာမူလာသည်။

"မိုးလွင်နဲ့ ခင်မောင်ကျော်တို့ မတ်တတ်ရပ်ကြစမ်း"

ဆရာမ၏ အသံမာမာကြောင့် ကျော်ကျော်တို့ လန့်သွားသည်။ ဆရာမ စိတ်တိုနေသလား မပြောတတ်။ ဆရာမ မျက်နှာမကောင်းခြင်းကို ပထမဆုံးအကြိမ် မြင်ရခြင်းဖြစ်ပါသည်။

ကျော်ကျော်က နောင်လတ်အား မိုးလွင်နဲ့ ခင်မောင်ကျော် ဘာဖြစ်တာလဲဟု မေးသောအခါ ခေါင်းယမ်းပြသည်။ တစ်တန်းလုံး တိတ်ဆိတ်ငြိမ်သက်နေကြသည်။

"မနေ့က ကျောင်းအပြန်လမ်းမှာ မင်းတို့နှစ်ယောက် ရန်ဖြစ်ကြတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ် ဆရာမ"

"သူငယ်ချင်း အချင်းချင်း ရန်မဖြစ်ရဘူးလို့ ဆရာမ ဆုံးမမထားဘူးလား၊ ဘာအကြောင်းပြချက်နဲ့ပဲ ရန်ဖြစ်ဖြစ်၊ ဆရာမ မကြိုက်ဘူး၊ ချစ်ချစ်ခင်ခင် နေရမယ်၊ နောင် ရန်ဖြစ်တယ်လို့ ကြားရင် မင်းတို့ မိဘတွေခေါ်ရလိမ့်မယ်၊ ကြားတယ်နော်"

"ဟုတ်ကဲ့. . . ကြားပါတယ် ဆရာမ"

"ရန်ဖြစ်ထားတာ မေ့လိုက်တော့၊ အရင်လိုပဲ ခင်ခင်မင်မင် ပြန်နေကြ၊ တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြ"

ကျော်ကျော်နှင့် နောင်လတ်တို့ ပြိုင်တူလှမ်းကြည့်မိကြသည်။ မိုးလွင်နှင့် ခင်မောင်ကျော် လက်ဆွဲနှုတ်ဆက်နေကြသည်။



" ကဲ. . . ထိုင်ကြတော့၊ ကျောင်းသားကျောင်းသူ အားလုံး နားထောင်ပါ၊ ကျောင်းနေဖက်သူငယ်ချင်းအချင်းချင်း ရန်မဖြစ်ပါနဲ့၊ ကျောင်းမှာလည်း မဖြစ်ရဘူး၊ လမ်းမှာလည်း မဖြစ်ရဘူး၊ ဘယ်နေရာမှာမှ မဖြစ်ရဘူး၊ ချစ်ချစ်ခင်ခင် နေရမယ်၊ တစ်ယောက်နဲ့ တစ်ယောက် ကူညီရိုင်းပင်းရမယ်၊ ဒါကြောင့် သားတို့သမီးတို့ စိတ်ထဲမှာ သူငယ်ချင်းကို ချစ်တတ်အောင် စာစီစာကုံးပြိုင်ပွဲတွေလည်း ဆရာမ စီစဉ်ထားတယ်၊ ဒီခေါင်းစဉ်လေးကို ပြိုင်တူ အော်ဖတ်ပါ"

"အချစ်ဆုံး သူငယ်ချင်း"

"ဟုတ်တယ်၊ အချစ်ဆုံး သူငယ်ချင်းဆိုတဲ့ ခေါင်းစဉ်နဲ့ စာစီစာကုံး ရေးလာခဲ့၊ အကောင်းဆုံးရေးနိုင်တဲ့သူကို ဆရာမက စာအုပ် ၅ အုပ်နဲ့ ဘောပင် ၅ ချောင်း ဆုချမယ်"

"ဖြောင်း. . . . ဖြောင်း. . . . ဖြောင်း"

လက်ခုပ်သံများ ဆူညံသွားသည်။ ကျော်ကျော့်မျက်လုံးထဲမှာ နောင်လတ်ကူညီခဲ့ပုံများကို မြင်ယောင်လာသည်။ အချစ်ဆုံး သူငယ်ချင်းဟူသော စာစီစာကုံးကို ကျော်ကျော်ရေးသားရန် အဆင်သင့်ဖြစ်နေပြီဖြစ်ပါသည်။

စာစီစာကုံးပြိုင်ပွဲဖြေဆိုပြီး တစ်ပတ်ခန့်ကြာသော အခါ. . . .

" အချစ်ဆုံး သူငယ်ချင်း ခေါင်းစဉ်နဲ့ စာစီစာကုံး ပြိုင်ပွဲမှာ အကောင်းဆုံးဆုရရှိသွားသူရဲ့အမည်ကို ဆရာမ ကြေညာပါတော့မယ်"

ကျော်ကျော့်ရင်အစုံ လှိုက်ခနဲခုန်သွားသည်။ နောင်လတ်က ကျော်ကျော်အား ပြုံးစိစိကြည့်လာသည်။ အကောင်းဆုံးဆုအတွက် ခန့်မှန်းမှုများလည်း ထွက်ပေါ်လာသည်။

"အမြဲတမ်း အဆင့်တစ်ရနေတဲ့ မြမြမင်းမူပဲ ရမှာပါ"

"ခင်ပပကျော်လည်း ရမယ်လို့ ကြားတယ်"

"နောင်လတ်လည်း တော်ပါတယ်ဟယ်"

တီးတိုးအသံများ ကြားနေရသည်။ နောင်လတ်က ကျော်ကျော့်အနားသို့ ကပ်ကာ "မင်း အကောင်းဆုံးဆုရမှာ" ဟု ပြောသည်။ ကျော်ကျော်ရေးသော စာစီစာကုံးအကြောင်းကို နောင်လတ် တစ်ယောက်သာ သိထားသည်။

"ခဏနားထောင်ပါ၊ ဆရာမရွေးထားတဲ့ အကောင်းဆုံး ဆုရှင်ကို မကြေညာမီ စာစီစာကုံးရေးထားတဲ့ ရည်ရွယ်ချက်လေးကို ပြောပြမယ်၊ ရေးတဲ့သူက သူ့ကိုယ်တွေ့ဖြစ်ရပ်ကို ရေးထားတာပါ၊ သူ့အပေါ် သူငယ်ချင်းရဲ့ အနစ်နာခံမှု၊ ကူညီဖေးမမှုတွေကို ပေါ်လွင်အောင် ရေးထားတယ်၊ သူအခုလို ကျောင်းတက်ခွင့်ရတာဟာ သူငယ်ချင်းရဲ့ အားပေးမှုကြောင့်လို့ ပြောထားတယ်၊ သူ့ရဲ့ အချစ်ဆုံးသူငယ်ချင်းဟာ ဘယ်သူလဲဆိုတာရယ်၊ ဘာ့ကြောင့် အချစ်ဆုံးသူငယ်ချင်း ဖြစ်ရတယ်ဆိုတာ ပေါ်လွင်အောင်ရေးနိုင်တဲ့အတွက် အကောင်းဆုံးဆုအဖြစ် ရွေးချယ်လိုက်တာဖြစ်ပါတယ်"

နောင်လတ်က ကျော်ကျော့်ပခုံးကို ခပ်တင်းတင်း ဖက်လာသည်။

"အကောင်းဆုံးဆုကို ရရှိသွားသူကတော့ မောင်ကျော်ကျော် ဖြစ်ပါတယ်"

" ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ကျော်ကျော် ငိုချလိုက်မိသည်။ ဝမ်းသာလွန်း၍ မျက်ရည်များ စီးကျလာသည်။ နောင်လတ်ကို အားရပါးရ ဖက်လိုက်သည်။



ဆရာမချီးမြှင့်သော စာအုပ် ၅ အုပ်နှင့် ဘောပင် ၅ ချောင်းကို ကျော်ကျော်လက်ခံရရှိသည်။

"ဒီဆုရတာ ငါတော်လို့ မဟုတ်ပါဘူး နောင်လတ်ရာ၊ မင်း ကျေးဇူးကြောင့် ငါ ရတာပါ၊ ဒီစာအုပ်နဲ့ ဘောပင်တွေ မင်းပဲ ယူလိုက်ပါ"

ကျော်ကျော်ပေးသော စာအုပ်နှင့် ဘောပင်များကို နောင်လတ်က လက်မခံပေ။

"မင်းတော်လို့ မင်းရတာ မင်းယူရမှာပေ့ါ၊ မင်းရတာဟာလည်း ငါရတာနဲ့ အတူတူပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ငါ့ရဲ့ အချစ်ဆုံး သူငယ်ချင်းလေကွာ"

"ဩော်. . . သူငယ်ချင်းရယ်"

ကျော်ကျော်နှင့် နောင်လတ်တို့နှစ်ဦးကို တစ်တန်းလုံးက ဝိုင်းကြည့်နေကြသည်။ သူတို့နှစ်ဦးကဲ့သို့ သူငယ်ချင်းကောင်း စိတ်ဓာတ် မွေးမြူရမည်ကို ကျောင်းသားကျောင်းသူအားလုံး နားလည်သဘောပေါက်သွားကြပြီဖြစ်ပါသည်။

××××××××××××

# ပါဝါမျက်မှန်ထူထူ

"နိုင်နိုင် ....ဂိမ်းဆော့တာ မရပ်သေးဘူးလား"

မေမေ့အသံကြောင့် နိုင်နိုင် ဖုန်းကို အသာချထားလိုက်သည်။ မေမေဝင်လာပါက ဆူခံထိမည်ဖြစ်၍ ခဏနားလိုက်ခြင်းဖြစ်သည်။

"ဖုန်းကိုင်ပြီး ဂိမ်းကို အကြာကြီးမဆော့နဲ့လို့ ပြောထားတယ်နော်၊ အခုတော်တော့"

မီးဖိုခန်းထဲမှ မေမေအော်နေခြင်းဖြစ်သည်။ နိုင်နိုင် တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်ရာ ညနေလေးနာရီထိုးရုံပင် ရှိသေးသည်။

ဖေဖေ ရုံးဆင်းခါနီးပြီဖြစ်၍ မေမေ ထမင်း၊ ဟင်း ချက်ပြုတ်နေခြင်းဖြစ်သည်။ သည်ပုံအတိုင်းဆိုလျှင် မေမေထွက်မလာနိုင်ပေ။

နိုင်နိုင် ဖုန်းပြန်ကိုင်ပြီး ဂိမ်းဆော့ပြန်သည်။ ကားမောင်းပြိုင်ပွဲဂိမ်းဆော့ရသည်မှာ စိတ်ဝင်စားစရာ ကောင်းသည်။ ကျောင်းရောက်လျှင် ကစ်ကစ်နှင့် ဂိမ်းပြိုင်ဆော့ရမည်ဖြစ်၍ နိုင်နိုင် အားထည့်နေခြင်း ဖြစ်သည်။

" ပေးစမ်း ဒီဖုန်း"

နိုင်နိုင် လန့်သွားသည်။ နိုင်နိုင့် လက်ထဲမှ ဖုန်းကို မေမေ ယူလိုက်ခြင်းဖြစ်သည်။ မေမေ စိတ်ဆိုးသွားသည်။

“ကျောင်းက ပြန်လာကတည်းက ဂိမ်းထိုင်ဆော့နေတာ ဘယ်လောက်ကြာနေပြီလဲ၊ အဝတ်အစားလည်း မလဲရသေးဘူး၊ ရေလည်း မချိုးရသေးဘူး၊ ကျူရှင်သွားချိန် ရောက်နေပြီ ၊ နိုင်နိုင်”

“ဗျာ. . မေမေ”

“ဂိမ်းကို အချိန်ပြည့်မဆော့ဖို့ မေမေပြောနေတာ ဘာ့ကြောင့်လဲ သိလား”

“မသိဘူး မေမေ”

“ဂိမ်းကို အချိန်ပြည့်ဆော့ရင် ငယ်ငယ်ရွယ်ရွယ်နဲ့ မျက်မှန်တပ်ရမှာ နားလည်လား၊ မင်း ပါဝါမျက်မှန်ထူထူကြီး တပ်ချင်ပြီလား”

“မတပ်ချင်ပါဘူး မေမေ”

“မတပ်ချင်ဘူးဆိုရင် ဂိမ်းကို အမြဲတမ်းမဆော့နဲ့၊ မျက်စိအားနည်းရင် စာမကြည့်နိုင်တော့ဘူး၊ စာမကြည့်နိုင်ရင် စာမေးပွဲမှာ အမှတ်တွေနည်းမယ်၊ အခန့်မသင့်ရင် စာမေးပွဲပါ ကျဦးမယ်၊ မေမေပြောတာ နားလည်လား”

“ဟုတ်ကဲ့”

“သွား. . . အဝတ်အစားလဲပြီး ရေချိုး၊ ခဏနေရင် မင်းဖေဖေရုံးက ပြန်လာတော့မယ်၊ ကျူရှင်နောက်ကျနေဦးမယ်၊ ဂိမ်းဆော့တာ မင်းဖေဖေသာသိရင် မလွယ်ဘူးနော် ”

အခန်းထဲမှ မေမေထွက်သွားသည်။



နိုင်နိုင် ဖုန်းကိုကြည့်ရင်း မရိုးမရွဖြစ်နေသည်။ လွယ်အိတ်ထဲမှာ ဖုန်းထည့်သွားပြီး ကျူရှင်ရောက်မှ ဆက်ဆော့မည်ဟု ဆုံးဖြတ်လိုက်သည်။

နိုင်နိုင်က ပဉ္စမတန်းတွင် ပညာသင်ကြားနေသော ကျောင်းသားလေး ဖြစ်ပါသည်။

ဖေဖေက နိုင်နိုင်ကို ကျူရှင်လိုက်ပို့ပေးသည်။ ကျူရှင်တွင် ကစ်ကစ်နှင့် တွေ့သည်။

“နိုင်နိုင်. . . နင့်မှာ ဖုန်းပါလား”

“ပါတာပေါ့”

“ငါတို့ ဂိမ်းဆော့ကြမယ်လေ၊ ငါ့မှာလည်း ဖုန်းပါတယ်”

“ဆရာမ သိသွားရင် ဘယ်လိုလုပ်မလဲ”

“စာမသင်ခင် ဆော့မှာပေါ့ဟ”

“အေး . . . အေး ကောင်းတယ်”

နိုင်နိုင်နှင့် ကစ်ကစ်တို့ ဂိမ်းစွဲနေကြပြီဖြစ်သည်။ ကျူရှင်တွင် စာကို စိတ်မဝင်စားနိုင်ဘဲ ဂိမ်းဆော့ရေးကိုသာ စဉ်းစားနေကြသည်။

× × ×

“နိုင်နိုင်. . . စာမေးပွဲမှာအဆင့်တွေ အရမ်းထိုးကျသွားတယ်၊ ဘာဖြစ်လို့လဲ”

ညထမင်းစားဝိုင်းတွင် ဖေဖေက မေးလာသည်။ နိုင်နိုင် ဘာဖြေရမှန်း မသိပေ။

“အတန်းပိုင်ဆရာမကလည်း တိုင်တယ်၊ နိုင်နိုင် စာပေါ့လာတယ်တဲ့”

မေမေက ဆက်ပြောပြန်သည်။

“အဖြေက ရှင်းနေတာပဲ၊ စာမကျက်လို့ပေါ့၊ အချိန်ပြည့် ဂိမ်းဆော့နေတာ ဘယ်လိုလုပ် အမှတ်ကောင်းမလဲ”

ဖေဖေ သိနေပါလား။ နိုင်နိုင် မလုံမလဲ ဖြစ်နေသည်။ ဖေဖေက နိုင်နိုင်အား ကြည့်လာသည်။

“ဂိမ်းဆော့တာ မင်းအတွက် ဘာအကျိုးကျေးဇူးရသလဲ၊ ပြောစမ်းပါဦး”

နိုင်နိုင် မပြောနိုင်ပါ။

“ဂိမ်းမဆော့နဲ့လို့ ဖေဖေ တားနေတာ မဟုတ်ဘူး၊ သူ့အချိန်နဲ့သူဆော့၊ စာကြည့်ချိန်မှာ စာကြည့်၊ ကစားချိန်မှာ ကစား၊ စားချိန် စား၊ အိပ်ချိန် အိပ်၊ ဒါကို ဖေဖေ ပြောတာ၊ သားအတွက် ဖေဖေတို့က ပြောနေတာ၊ သားကို ချုပ်ချယ်နေတာ မဟုတ်ဘူး”

နိုင်နိုင် စိတ်မကောင်း၊ ခံစားရသည်။ သူ့အပေါ် ဖေဖေက အထင်သေးသွားပြီ။

“ဂိမ်းအမြဲတမ်းဆော့ရင် မျက်စိအားနည်းတတ်တယ်၊ မျက်စိအားနည်းလာတဲ့အတွက် မျက်မှန်တပ်ရတယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ပါဝါမျက်မှန်ထူထူကြီး တပ်ချင်လို့လား . . . သား”

“မတပ်ချင်ပါဘူး. . . ဖေဖေ”

“ဖေဖေတို့ရှေ့မှာရော နောက်ကွယ်မှာပါ သား ဂိမ်းဆော့တာ လျှော့ပါ။ စာကို အာရုံစိုက်ပါ၊ သား ဂိမ်းမဆော့ဘူး ဆော့တယ်ဆိုတာ အချိန်ကြာလာတာနဲ့ အဖြေပေါ်မှာပဲကွ၊ သားကျန်းမာရေးအတွက် ဖေဖေတို့က စိုးရိမ်လို့ပြောတာ၊ သားက လိမ္မာပါးနပ်ပါတယ်၊ သဘောပေါက်ပြီးသားပါ”



ထမင်းစားဝိုင်းမှ ဖေဖေ ထသွားသည်။ မေမေက နိုင်နိုင့် ခေါင်းလေးကို ခပ်ဖွဖွ ပွတ်သပ်နေသည်။

“ကဲ. . . သား စာသွားကျက်တော့၊ ခဏနေရင် မေမေ နွားနို့ဖျော်လာခဲ့မယ်”

နိုင်နိုင် စာကြည့်ခန်းဆီသို့ လာခဲ့သည်။ အိမ်စာများလုပ်ရန် သင်ခန်းစာစာအုပ် လှန်လိုက်သည်။

နိုင်နိုင့် မျက်လုံးတွေ ကျိန်းစပ်လာသည်။ ချက်ချင်း အောင့်လာသည်။ စာကို သဲသဲကွဲကွဲ မမြင်ရပေ။

“ဘုရား. . . ဘုရား၊ ငါ. . . မျက်မှန်တပ်ရတော့မှာလား မသိဘူး”

နိုင်နိုင် ထိတ်လန့်သွားသည်။ မျက်လုံးကို ပွတ်သပ်ပြီး စာပြန်ကြည့်သည်။ မြင်ရပြီဆိုသော်လည်း အရင်ကလို ကြည်ကြည်လင်လင်မဟုတ်မှန်း နိုင်နိုင်သိသည်။

“သား. . . . မျက်လုံး ကြည့်မကောင်းရင် မျက်နှာ သွားသစ်လိုက်လေ”

အခန်းထဲသို့ မေမေ နွားနို့လာပို့ရင်း နိုင်နိုင်ကို မြင်သွားခြင်း ဖြစ်သည်။ နိုင်နိုင် မျက်နှာသစ်သည်။ မျက်လုံးများထဲသို့ ရေသွင်းလိုက် ထုတ်လိုက် လုပ်သည်။ မျက်လုံးကျိန်းစပ်တာ အနည်းငယ် သက်သာသွားသည်။

“ဘယ်လိုနေသေးလဲ သား”

“သက်သာသွားပါပြီ မေမေ”

“အိပ်ရေး မဝတာများလား၊ အိပ်ရင် အိပ်လိုက်လေ၊ မနက် အစောကြီး ထကျက်ပေါ့၊ မေမေ လာနှိုးမယ်”

မေမေ ထွက်သွားသည်။ တစ်နေကုန် ဂိမ်းဆော့ထားသည်ကို နိုင်နိုင်သတိရ၏။ ဂိမ်းဆော့ခြင်းကို မစွန့်လွှတ်နိုင်သေးပါ။ အချိန်ပိုင်းလောက်တော့ ဆော့ရပါဦးမည်။

× × ×

"ကစ်ကစ် . . . နင် ဘယ်လိုဖြစ်လာတာလဲ"

နိုင်နိုင်က မျက်မှန်တပ်လာသော ကစ်ကစ်ကို မေးလိုက်သည်။

"မျက်လုံးအားနည်းလို့ဆိုပြီး ဆရာဝန်က မျက်မှန်တပ်ခိုင်းလိုက်တာ"

"နင် တကယ် မျက်လုံးအားနည်းတာလား"

"တကယ်ပေါ့ဟ၊ ငါက ငယ်ငယ်လေးပဲ ရှိသေးတာ၊ ဘယ်မျက်မှန်တပ်ချင်ပါ့မလဲ"

နိုင်နိုင်လည်း ကိုယ့်မျက်လုံးနှစ်ဖက်ကို ပြန်စမ်းကြည့်မိသည်။

"နိုင်နိုင် . . . ငါတို့အတန်းက ဖွဲ့နိုင်လင်းဇော် အကြောင်းကြားပြီးပြီလား"

"ဟင့်အင်း. . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ အခု သူ ဆေးရုံတက်နေရတယ်၊ သူ့မျက်လုံးခွဲရမယ်ဆိုလား"

"ဘာဖြစ်လို့လဲ"

"ဂိမ်း တအားဆော့လို့ပေါ့၊ ပါဝါမျက်မှန်တောင် မရတော့လို့ခွဲရတာ၊ ငါတော့ ကြောက်တယ်ဟာ"

ကစ်ကစ်ပြောမှ နိုင်နိုင်လည်း ကြောက်လာသည်။ မျက်လုံးခွဲရရင် ဘယ်လိုလုပ်မလဲဟု နိုင်နိုင်တွေးမိသည်။



"နင်. . ဂိမ်းဆော့နိုင်သေးလား ကစ်ကစ်"

"ဖေဖေတို့က ငါ့ကို အလစ်မပေးဘူးဟ၊ ဖုန်းသိမ်းထားလိုက်ပြီ၊ အိမ်ဖော်အဒေါ်ကြီးက ငါ့ကို တစ်ချိန်လုံး စောင့်ကြည့်နေတာ၊ ဂိမ်းက ငါ့ဝါသနာပဲလေ၊ ဆော့ချင်တာပေါ့"

"မဆော့ပါနဲ့တော့ဟာ၊ အခုတောင် နင်မျက်မှန်တပ်ထားရတာ၊ တော်ကြာ၊ ပါဝါမျက်မှန်ထူထူကြီး တပ်နေရပါဦးမယ်"

နိုင်နိုင်ကို ကစ်ကစ်က စိတ်ဆိုးသွားဟန်ဖြင့် နှုတ်ခမ်းစူပုပ်ပြသည်။

"နင်က ငါ့ကို မှန်ကြောင်လို့ ပြောင်ချင်တာလား"

"မဟုတ်ပါဘူးဟာ၊ နင့်ကို မျက်မှန်တပ်ထားရတဲ့အတွက် ဂိမ်းဆက်မဆော့စေချင်တာပါ"

"ပါဝါမျက်မှန်ထူထူနဲ့ မှန်ကြောင်မလေး ကစ်ကစ်တဲ့၊ ပါဝါမျက်မှန်ထူထူနဲ့ မှန်ကြောင်မလေး ကစ်ကစ်တဲ့"

မင်းသန့်မောင်မောင်တို့အုပ်စုရောက်လာပြီး ကစ်ကစ်အားဝိုင်းလှောင်နေကြသည်။ ကစ်ကစ်က ငိုသည်။ ဆရာမကို တိုင်ပြောမည်ဟု ပြောတော့ ထွက်ပြေးသွားကြသည်။ နိုင်နိုင်လည်း စိတ်မကောင်းဖြစ်မိသည်။

"ဟဲ့ . . . ကစ်ကစ်ကို ခေါ်ဦးလေ၊ မုန့်ဈေးတန်းသွားရအောင်"

"ခေါ်မနေနဲ့၊ သူ့လို ပါဝါမျက်မှန်ကြီးနဲ့ မှန်ကြောင်မ ပါနေရင် ဝိုင်းကြည့်ခံနေရဦးမယ်"

အတန်းဖော်သူငယ်ချင်းများဖြစ်သော ကေခိုင်နှင့် ယွန်းအိမြတ်တို့ကလည်း ကစ်ကစ်ကို ပြောသွားကြပြန်သည်။

"နိုင်နိုင် . . . ငါ ကျောင်းမတက်ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ငါ့ကို ဝိုင်းလှောင်နေကြတာ၊ မကြားဘူးလား"

"နင်က ပါဝါမျက်မှန်ထူထူကြီး မတပ်ရသေးပါဘူး ကစ်ကစ်ရာ၊ နင် ဆင်ခြင်လိုက်ရင် မျက်မှန်တောင်တပ်စရာ မလိုလောက်ဘူး"

"ဒါဆို ငါ ဘာလုပ်ရမလဲ"

"ဂိမ်းမဆော့နဲ့တော့၊ နင် စမ်းကြည့်လိုက်၊ မျက်မှန်မတပ်ရဘဲ နင့်မျက်လုံးတွေ ပြန်ကောင်းသွားမှာပါ"

"ဒီနေ့ကစပြီး ငါ ဂိမ်းမဆော့တော့ဘူး"

နိုင်နိုင်ကျောင်းမှပြန်လာစဉ် လမ်းတစ်လျှောက်လုံး စဉ်းစားလာခဲ့သည်။ ဖေဖေနှင့်မေမေတို့၏ ပြောစကားများကိုလည်း ကြားယောင်မိသည်။

ညစာကြည့်ခန်းဝင်နေချိန်တွင် ဖေဖေနှင့်မေမေ ရောက်လာသည်။

"သား . . . စာကျက်နေပြီလား၊ ဂိမ်းဆော့တာလည်း မတွေ့ဘူး၊ ဘာလဲ ဖေဖေတို့ကို စိတ်ဆိုးနေတာလား"

"မဟုတ်ပါဘူး ဖေဖေ၊ သား ဂိမ်းမဆော့တော့ဘူး၊ ဖေဖေတို့ကိုလည်း စိတ်မဆိုးပါဘူး၊ ဖေဖေတို့စေတနာကို သား နားလည်ပါပြီ"

ဖေဖေနှင့်မေမေတို့က နိုင်နိုင့်အား အပြုံးကိုယ်စီဖြင့် ကြည့်နေသည်။ ထို့နောက် အခန်းထဲမှ ထွက်သွားကြသည်။

နိုင်နိုင် နားလည်သွားပါပြီ။ ဖွဲ့နိုင်လင်းဇော်လို မျက်စိခွဲစိတ်ခံရမှာကို ကြောက်သည်။ ကစ်ကစ်လို မျက်မှန်တပ်ရမှာကိုလည်း ရှက်သည်။ ပါဝါမျက်မှန်ထူထူကြီး တပ်ထားသောကလေးမျိုး နိုင်နိုင် မဖြစ်ချင်ပါ။

××××××××××

# ရွာလိုက်ပါ့မိုး

ဖိုးတုတ်က အသက်ဆယ်နှစ်ရှိပါပြီ။ စတုတ္ထတန်းတွင် ပညာသင်ကြားနေပါသည်။ ဖိုးတုတ်က သားအကြီးဆုံးဖြစ်ပြီး သူ့အောက်တွင် သူငယ်တန်းတက်နေသော ဖွေးဖွေးဟူသည့် ညီမလေးလည်း ရှိပါသည်။

ဖိုးတုတ်တို့ရွာလေးသည် မိုးနည်းသော မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် ပါဝင်ပါသည်။ နွေရာသီတွင် ချောင်းမြောင်းများ ရေခန်းခြောက်ပြီး ရေတွင်းများမှာလည်း ရေကျသွားသည်။ ဖိုးတုတ်တို့မိသားစုအတွက် အဓိကပြဿနာသည် သောက်ရေ၊ ချိုးရေပင် ဖြစ်သည်။

"ဖိုးတုတ် . . သား၊ ကျောင်းကပြန်ရောက်ရင် သောက်ရေ ခပ်ထားနော်"

ယာထဲမသွားခင် အမေက မှာသည်။

"နွားရေတိုက်ဖို့လည်း သားခပ်ထားလိုက်ဦး၊ အဖေတို့ မှောင်မှပြန်ရောက်မှာ၊ ရေတွင်းကို သွားချိန်မရဘူး"

အဖေက နွားလှည်းတပ်ရင်း လှမ်းပြောသွားပြန်သည်။

ဖိုးတုတ်ရေထမ်းရန်အတွက် ရေထမ်းပုံးတစ်စုံ ဝယ်ပေးထားပါသည်။ ကျောင်းဆင်းပြီဆိုပါက အိမ်သို့အမြန်ပြေးလာရသည်။ ပြီးလျှင် ရေတွင်းသို့ မြန်မြန်သွားရသည်။ ညနေချိန်ဆိုလျှင် ရေတွင်းမှာ လူကျပ်သည်။ ရေချိုး၊ ရေခပ်သူများ၊ နွားရေတိုက်ပြီး နွားရေချိုးပေးသူများဖြင့် ရှုပ်ယှက်ခတ်နေသည်။

တစ်ခေါက်နှစ်ခေါက်တွင် ဖိုးတုတ်သက်သာသည်။ နောက်အခေါက်များတွင် ရေငင်ရတာမလွယ်ပါ။ ရေက အရမ်းကျသွားသည်။

"ရေက အရမ်းကျသွားပါလား၊ ရေတစ်အိုးရဖို့တောင် မနည်းငင်ရတော့မယ်"

ရေအိုးထဲသို့ ရေဖြည့်နေသော မညိုစန်း၏စကားကို ဖိုးတုတ်ကြားရတော့ အတော်လေး စိတ်ဓာတ်ကျသွားသည်။

ရေတစ်အိုးတောင် အကြာကြီးရမယ်ဆိုလျှင် ရေထမ်းပုံးနှစ်ပုံးပြည့်အောင် အကြာကြီးငင်ရမည်ဖြစ်သည်။

မိုးချုပ်ခါနီးတွင် ဖိုးတုတ်သောက်ရေပြည့်ပြီး နွားများအတွက်နှမ်းဖတ်ခေါင်းထဲမှာ ရေအပြည့်ဖြည့်ထားပြီးပြီ။ သုံးရေအတွက်လည်း ရေအိုးအားလုံးတွင် ပြည့်နေပေပြီ။

"အဘွား. . . . ရေချိုးလို့ရပြီ"

"အေး . . . အေး . . . သာဓုပါကွယ်၊ အဘွားချိုးဖို့ ရေခပ်ပေးတဲ့ ငါ့မြေးလည်း စာမေးပွဲတွေ တစ်နှစ်တစ်တန်းအောင်ပါစေ"

အဘွား၏ ဆုပေးစကားကို ဖိုးတုတ်ကျေနပ်မိသည်။ စာမေးပွဲ တစ်နှစ်တစ်တန်းအောင်ရေးသည် ဖိုးတုတ် အဖြစ်ချင်ဆုံးဆန္ဒဖြစ်ပါသည်။



"အဘွား . . . ညီမလေးကိုခေါ်ပြီး ရေတွင်းမှာ ရေသွားချိုးလိုက်ဦးမယ်"

"မိုးချုပ်တော့မယ်၊ မြန်မြန်သွားကြ၊ နွားအုပ်သွင်းချိန်နော်၊ ဂရုစိုက်ပြီး ညီမလေးကို ခေါ်သွားနော် "

"ဟုတ်ကဲ့"

ညီမလေးဖွေးဖွေးကိုခေါ်ကာ ဖိုးတုတ် ရွာအရှေ့ရေတွင်းဆီသို့ လာခဲ့သည်။ ရွာလယ်လမ်းမတစ်လျှောက်တွင် နွားအုပ်သွင်းချိန်နှင့်တိုးနေ၍ လမ်းဘေးသို့ မနည်းကပ်ပြီး ရှောင်နေရသည်။

ဖိုးတုတ်တို့မောင်နှမ ရေတွင်းရောက်သောအခါ လူတစ်ယောက်စ နှစ်ယောက်စပင် ကျန်တော့သည်။ အလင်းရောင်ကတဖြည်းဖြည်းမှိန်လာသည်။

"ဟော . . . ဖိုးတုတ်တို့မောင်နှမ အခုမှ ရေလာချိုးရသလား"

ဦးလေး အောင်စိုးနှင့် တွေ့သည်။

"ဟုတ်တယ် ဦးလေး၊ ရေခပ်တာ နောက်ကျသွားလို့ အခုမှရေချိုးရမှာ"

"ကဲ. . လာ. . . လာ မင်းတို့ မောင်နှမနှစ်ယောက်ကို ငါ ချိုးပေးမယ်"

ဦးလေးအောင်စိုးကို ဖိုးတုတ်ကျေးဇူးတင်ပါသည်။ လက်မောင်းတွေ အောင့်နေချိန်တွင် ဦးလေးအောင်စိုးက ရေငင်ပြီးချိုးပေးသဖြင့် ဖိုးတုတ်သက်သာရ ရခဲ့ပါသည်။

"ဖိုးတုတ်၊ ဒီနေ့ သောက်ရေပဲ ခပ်ထားလိုက်"

အမေ့စကားကြောင့် ဖိုးတုတ် အံ့အားသင့်နေသည်။

"နွားရေလည်း သား ခပ်ထားလိုက်မယ်လေ"

"မခပ်ပါနဲ့ သားရယ်၊ အဖေ တောထဲက ပြန်လာမှပဲ ရေတွင်း သွားတိုက်လိုက်မယ်"

အဖေ့စကားကို ဖိုးတုတ်ပိုပြီး အံ့အားသင့်ရသည်။ သူ့အား နွားရေနှင့် သုံးရေ မခပ်ခိုင်းခြင်းကို စဉ်းစားနေမိသည်။

အဖေနှင့် အမေတို့ နွားလှည်းဖြင့် လယ်တောဆီသို့ ထွက်ခွာသွားကြပြီ။ ဖိုးတုတ်တို့မောင်နှမလည်း ကျောင်းသွားရန် ပြင်ဆင်ကြသည်။ ထိုစဉ် အိပ်ခန်းထဲမှ အဘွားထွက်လာသည်။

"အဘွား . . . အဖေနဲ့အမေက သားကို သောက်ရေပဲ ခပ်ခိုင်းခဲ့တယ်၊ ဘာဖြစ်လို့လဲ"

"သား ပင်ပန်းတာကို မကြည့်ရက်လို့ပေါ့ကွယ်"

"သား မပင်ပန်းပါဘူး အဘွားရဲ့"

"ငါ့မြေး ရေထမ်းနိုင်တာ အဘွားသိပါတယ်ကွယ်၊ ဒါပေမဲ့ အရွယ်နဲ့မမျှအောင် ရေထမ်းရတော့ ပင်ပန်းတာပေါ့၊ ညက အိပ်နေတုန်း ငါ့မြေးညည်းသံကို ကြားသွားကြတယ်၊ ရေထမ်းရတာ ပင်ပန်းလို့ ကိုယ်လက်တွေ ညောင်းကိုက်ပြီး ညည်းတယ်ဆိုတာ သိလိုက်ကြတယ်၊ အဲဒါကြောင့် မြေးကို သောက်ရေပဲ ခပ်ခိုင်းတော့တာ"

ဖိုးတုတ် စိတ်ထဲ ကျေနပ်မိသည်။ အဖေနှင့် အမေက ဖိုးတုတ်၏ ကူညီမှုကို အသိအမှတ်ပြုသွားကြပြီလေ။

သို့သော် အဖေနှင့်အမေ့ကို ဖိုးတုတ်သနားမိသည်။ လယ်တောထဲမှာ တစ်နေကုန် ပင်ပင်ပန်းပန်း လုပ်ရသည်။ အိမ်ပြန်ရောက်သောအခါ အမေက မိသားစုစားရန် ထမင်း၊ ဟင်းချက်ပြုတ်ရသည်။ အဖေက နွားရေနှင့်သုံးရေအတွက် ရေထမ်းရသည်။ ပိုပြီး ပင်ပန်းရပြန်သည်။



ဖိုးတုတ်က မိဘစကားနားထောင်သည်။ ကျောင်းဆင်းသောအခါ သောက်ရေခပ်ကာ သောက်ရေအိုးကို အဆင်သင့်ဖြည့်ထားလိုက်သည်။ အဘွားအတွက်လည်း ချိုးရေခပ်ပေးထားသည်။ ပြီးမှ ညီမလေးဖွေးဖွေးကိုခေါ်ကာ မောင်နှမနှစ်ယောက် ရေသွားချိုးကြသည်။

"အဖေနဲ့ အမေ ပြန်လာပြီ"

ညီမလေးဖွေးဖွေး၏ ပျော်ရွှင်မြူးထူးစွာ အော်သံကြောင့် ဖိုးတုတ်လှမ်းကြည့်လိုက်သည်။ အိမ်ပေါ်မှပြေးဆင်းကာ အဖေ့ကို နွားကူဖြုတ်ပေးသည်။ အမေ့လက်ထဲမှ ခံတောင်းကို ကူယူသည်။

"သား ခပ်ထားတဲ့ ရေအေးအေးလေး သောက်လိုက်ပါဦး"

အဖေနှင့်အမေကို ဖိုးတုတ် သောက်ရေခပ်တိုက်နေမိသည်။ အဖေနှင့်အမေက ဖိုးတုတ်ကို ပြန်ကြည့်ကာပြုံးနေကြသည်။ အစောက ပင်ပန်းနွမ်းလျနေသော အဖေနှင့်အမေတို့ မျက်နှာများ ပြုံးရွှင်ဝင်းပသွားကြသည်။ ဖိုးတုတ်ခပ်တိုက်သော ရေအေးအေးလေးကြောင့်လားဟု တွေးမိသည်။

အဖေက ရေထမ်းပုံးထမ်းကာ ရေတွင်းဆီသို့ ရေခပ်သွားရန် ပြင်ဆင်သည်။

"အဖေ့ . . . သားလည်း ရေခပ်လိုက်မယ်လေ"

"မလိုက်ပါနဲ့ သားရယ်၊ အဖေ့နောက် ရေခပ်လိုက်မယ့်အချိန်ကို စာကျက်စေချင်တယ်၊ တောင်မှာ မိုးတွေညို့လာပြီကွ၊ မိုးရွာချင်ရွာမှာ"

အဖေ ထွက်သွားပြီဖြစ်သည်။ တောင်အရပ်ဆီသို့ ဖိုးတုတ် လှမ်းကြည့်လိုက်တော့ ညို့ညို့မှိုင်းမှိုင်း တိမ်စိုင် တိမ်လိပ်များကို မြင်ရသည်။

"ရွာလိုက်စမ်းပါ မိုးမင်းကြီးရယ်"

ဖိုးတုတ် ဆုတောင်းလိုက်မိသည်။ မိုးရွာပါက အဖေလည်း ရေခပ်စရာမလိုတော့ပေ။ အမေလည်း ရေတွင်းသွားပြီး ရေချိုးစရာ မလိုဘဲ အိမ်မှာ ချိုးနိုင်သည်။ မိုးရွာပါက ဖိုးတုတ်တို့မိသားစုအတွက် သုံးရေရော သောက်ရေပါ သုံးရက်စာခန့် လှောင်ထားနိုင်သည်။ ရေကြောင့် အဖေနှင့်အမေတို့ ပင်ပန်းကြီးစွာ ခပ်လိုက်ချိုးလိုက် လုပ်နေရသည်ကို ဖိုးတုတ် မကြည့်ရက်တော့ပေ။

ဖိုးတုတ် ဆန္ဒမပြည့်ခဲ့ပါ။ မိုးက ရွာမလိုလိုနှင့် ကွင်းသွားပြန်သည်။ ရွာလိုက်ပါတော့လား မိုးမင်းရယ်ဟု ဖိုးတုတ် တိုးတိုးလေး ညည်းလိုက်မိသည်။

× × ×

ကျောင်းက ပြန်လာကတည်းက မိုးရိပ်လေရိပ်ဆင်လာပြီမို့ ဖိုးတုတ် အရမ်းပျော်နေသည်။ စနေထောင့်ဆီမှာ မည်းနက်အောင် မှောင်နေသည်။ " စနေထောင့်မိုး ရေတံလျှောက်ကျိုး " ဟူသော ဆိုရိုးစကားရှိပါသည်။ သည်တစ်ခါတော့ မိုးရွာမှာ သေချာပါသည်။

"မြေးကြီး . . . ဖိုးတုတ်၊ အိမ်ရှေ့မှာလှန်းထားတဲ့ စောင်နဲ့ အဝတ်တွေ ရုပ်လိုက်ဦး"

"ဟုတ်ကဲ့. . . အဘွား"

အိမ်ရှေ့ကြမ်းပြင်တွင် နေပူလှန်းထားသော စောင်နှင့် အဝတ်အစားများကို ဖိုးတုတ် ခပ်မြန်မြန်ရုပ်လိုက်သည်။ ပြီးနောက် ရေအိုးများကို ကျင်းထားလိုက်သည်။ မိုးမြန်မြန် ရွာစေချင်ပြီ။ အဖေနှင့်အမေတို့ လယ်တောက မောမောပန်းပန်း ပြန်လာလျှင်



အဆင်သင့် ရေချိုးစေချင်သည်။ အဖေ ရေထမ်းသက်သာမည်။ အမေလည်း အိမ်မှာ ရေတဝကြီး ချိုးရမည်။

"ဝေါ . . . ဝေါ. . . . ဝေါ"

သည်တစ်ခါတော့ ဖိုးတုတ် ဆန္ဒပြည့်ခဲ့ပါပြီ။ စနေထောင့် မိုးက ရေတံလျှောက်ကျိုးအောင် ရွာလေတော့သည်။ ရေအိုးများ တွင် ရေလျှံနေပေပြီ။ ဖိုးတုတ်သည် ပြည့်ပြီးသားရေအိုးထဲမှ ရေများကို အိမ်ရှေ့ကျောက်စည်ကြီးနှစ်ခုထဲသို့ လောင်းထည့်နေရ သည်။ ရေထမ်းပုံးနှစ်လုံးကိုလည်း ရေဖြည့်ထားလိုက်သည်။

"ညီမလေး ဖွေးဖွေးရေ ရေချိုးရအောင်"

ဖိုးတုတ်သည် ညီမလေး ဖွေးဖွေးကိုခေါ်ကာ မိုးရေပြင်သို့ ပြေးထွက်ခဲ့သည်။ မိစုနှင့် ကိုနိုင်တို့ သူငယ်ချင်းတစ်စုလည်း ရောက်လာကြသည်။ ရေချိုးရသည်မှာ ပျော်စရာကောင်းလှသည်။

"ဖိုးတုတ်. . သောက်ရေ လာမခပ်တော့ဘူးလား"

မိုးသံကြားမှ ဆရာမ၏အသံကို ဖိုးတုတ်ကြားလိုက်ရသည်။ ဆရာမ ဒေါ်ခင်ခင်လေးနှင့် ဖိုးတုတ်တို့သည် မျက်နှာချင်းဆိုင် အိမ်နီးချင်းများ ဖြစ်ကြသည်။ ဖိုးတုတ်တို့၏နေအိမ်သည် ဝါးသက်ငယ်မိုးအိမ်ဖြစ်၍ မိုးရေကို သောက်ရေအဖြစ် အသုံး မပြုနိုင်ပေ။ သက်ငယ်ပေါ်တွင် အမှိုက်သရိုက်နှင့် ဖုန်မှုန့်များ ရှိနေ၍ ရေမသန့်ပေ။ ဆရာမတို့အိမ်က သွပ်မိုးအိမ်ဖြစ်၍ ရေသန့် သည်။ သွပ်မိုးရေတံလျှောက်မှတစ်ဆင့် အုတ်ကန်ထဲသို့ ရေတဝေါဝေါကျနေသည်ကို ဖိုးတုတ် မြင်နေရ၏။

ဖိုးတုတ် သတိရလိုက်သည်။ အိမ်သို့ ပြန်ပြေးခဲ့သည်။ ရေ ထမ်းပုံးထဲမှ ရေများကို ကျောက်စည်ထဲသို့ သွန်ထည့်လိုက်သည်။ ပြီးနောက် ဆရာမတို့အိမ်သို့ ခပ်သွက်သွက်လာခဲ့သည်။

သောက်ရေအိုးနှစ်လုံးကို ရေဖြည့်ထားသည်။ အရန်သောက်ရေအဖြစ် ရေထမ်းပုံးနှစ်လုံးတွင် အပြည့်ဖြည့်ထားသည်။ သောက်ရေအတွက် သုံးလေးရက်ခန့် ဖူလုံပါသည်။

“မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင် နို့စို့မယ်၊ ဖေဖေလာရင် အုန်းသီးခွဲစားမယ်”

ညီမလေး ဖွေးဖွေးက သီချင်းအော်ဆိုကာ မိုးရေပြင်တွင် ခုန်ပေါက်ဆော့ကစားနေသည်။ ဖိုးတုတ်လည်း ညီမလေးနှင့်အတူ အော်ဟစ်သီချင်းဆိုနေမိသည်။

“ဖေကြီးနဲ့ မေကြီး ပြန်လာပြီ”

ညီမလေး ဖွေးဖွေးက လက်ကားရား ခြေကားရားဖြင့် လှည်းရှေ့မှာ ပြေးလွှားနေ၍ ဖိုးတုတ် ပြေးဆွဲရသေးသည်။ အဖေနှင့် အမေတို့သည်လည်း မိုးမိလာသဖြင့် အဝတ်အစားများ ရွှဲစိုနေကြသည်။

ရုတ်တရက် မိုးတိတ်သွားသည်။ နေက ချစ်ချစ်တောက် ပြန်ပူလာသည်။ ဖိုးတုတ်တို့မောင်နှမ အဝတ်အစားလဲပြီး စောင်ခြုံကာ အိပ်ရာထဲ ကွေးနေကြသည်။

“သောက်ရေတွေ အပြည့်ခပ်ထားပါလား၊ အမေ့သားကြီးက သိတတ်လိုက်တာ”

“ကျောက်စည်ထဲမှာလည်း ရေအပြည့်ပဲဟေ့၊ သုံး၊ လေးရက်တော့ ရေတွင်းသွားစရာ မလိုတော့ဘူး၊ မိုးနေ့တိုင်းရွာရင် ကောင်းသား”

အဖေ့အသံကိုလည်း ဖိုးတုတ်ကြားနေရသည်။ ဖိုးတုတ် အရမ်းပျော်ပါသည်။ လယ်တောထဲက မောမောပန်းပန်းပြန်လာသော အဖေနှင့်အမေတို့ ရေတွင်းသွားစရာမလိုတော့ပေ။ အနည်းဆုံး သုံး၊ လေးရက်တော့ သက်သာပေမည်။ အဖေနှင့် အမေတို့ကို နေ့တိုင်းသက်သာစေချင်သည်။ ဖိုးတုတ် ဆုတောင်းလိုက်မိသည်။

“နေ့စဉ် ရွာလိုက်ပါ့ မိုးရယ်၊ ဒါမှ အဖေနဲ့အမေ သက်သာမှာ”

အဖေနှင့်အမေအပေါ် သိတတ်လွန်းသော ဖိုးတုတ်ဆန္ဒများ မပြည့်နိုင်ပါ။ မိုးသည် မိုးရာသီတွင် ရွာသွန်းလေ့ရှိပါသည်။ ဆောင်းရာသီနှင့် နွေရာသီတွင် မိုးမရွာနိုင်ပါ။ သို့သော် မိဘအပေါ် သိတတ်သော ဖိုးတုတ်ကတော့ မိုးမရွာသောရက်များတွင် ရေတွင်းသို့ အပြေးအလွှားသွားကာ ရေခပ်ပေးနေဦးမည်သာ ဖြစ်ပါသည်။

××××××××××

# ဝါသနာ

ဖော်ဖော်သည် စတုတ္ထတန်းဖြေဆိုထားသော ကျောင်းသားလေးဖြစ်ပါသည်။ လာမည့်နှစ်တွင် ပဉ္စမတန်းသို့တက်ရတော့မည်ဖြစ်၍ အလယ်တန်းကျောင်းသား ဖြစ်ရတော့မည်ကို တွေးရင်း ပျော်ရွှင်နေမိသည်။

နွေရာသီကျောင်းပိတ်ရက်တွင် ဖော်ဖော်က ဝါသနာပါရာအလုပ်ကို လုပ်ရန်မိဘများထံ ခွင့်တောင်းထားသည်။

"သား. . . စာသင်ချင်တယ် မေမေ"

ဖော်ဖော်၏ခွင့်တောင်းမှုက အထူးအဆန်းဖြစ်နေ၍ အမေက ပြုံးစိစိကြည့်နေသည်။ ဖေဖေက စာအုပ်ဖတ်နေရာမှ မျက်မှန်ပင့်ပြီး လှမ်းကြည့်သည်။

"နားပါဦးသားရယ်၊ ဟိုတစ်နေ့ကပဲ စာမေးပွဲကြီးဖြေပြီးတာမဟုတ်လား၊ ကျူရှင်ဖွင့်ရင် သားစာသင်ရမှာပေါ့"

"သားက သင်ချင်တာမဟုတ်ဘူး၊ သားက သူများကို ပြန်သင်ပေးချင်တာ"

"အလို့ . . . ဗုဒ္ဓေါ"

မေမေက ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ဖေဖေက ကုလားထိုင်မှ ထလာသည်။

"သားက ဘယ်သူတွေကို စာသင်ပေးချင်တာလဲ"

"ရပ်ကွက်ထဲက ကလေးတွေပေ့ါ၊ သူငယ်တန်းနဲ့ ပထမတန်း တက်မယ့် ပိစိတို့ သူသူတို့ရှိတယ်၊ နွေရာသီမှာ သူတို့က ဆော့ပဲ ဆော့နေတာ ဖေဖေရဲ့၊ စာသင်ပေးတော့ စာတတ်တာပေ့ါ"

ဖေဖေက သဘောကျစွာ ပြုံးသည်။ မေမေ့ဆီကို ဖေဖေ လှမ်းကြည့်သည်။

"ဒါဆို သားက မဆော့တော့ဘူးပေ့ါ"

"အချိန်ပိုင်းတော့ ဆော့မှာပေ့ါ ဖေဖေရ၊ အိမ်အလုပ်တွေ ကူလုပ်ပြီးရင် ကျန်တဲ့အားလပ်ချိန်ကို သင်မှာပါ"

"သားကသာ သင်မယ်လုပ်နေ၊ သူတို့ကရော စာသင်မယ် တဲ့လား"

"ဖေဖေတို့ဆီက ခွင့်ပြုချက်ပဲလိုတာ၊ သူတို့ မိဘတွေက သားဆီလာအပ်မယ်လို့ ပြောထားပြီးသား"

ဖေဖေရော မေမေပါ သဘောတူ ခွင့်ပြုလိုက်သည်။ ခြံထဲရှိ ပိတောက်ပင်ရိပ်တွင် စာသင်ရန် ရွေးချယ်လိုက်သည်။ White-board နှင့် ဆော့ပင်ကို ဖေဖေက စီစဉ်ပေးသည်။ မေမေက စားပွဲဝိုင်းနှင့် ထိုင်ခုံများ စီစဉ်ပေးသည်။

ဇော်ဇော် ဖုန်းဆက်ပြီး ခဏအကြာတွင် ပိစိတို့အဖွဲ့ ရောက်လာကြသည်။ သူတို့၏မိဘများလည်း ပါလာကြသည်။ ဇော်ဇော်



ပြောထားတုန်းက ပိစိ၊ သူသူနှင့် ရန်လေးတို့ သုံးဦးသာဖြစ်သည်။ ယခု ဇော်ရှိုင်း၊ မာမာနှင့် ဂျူးဂျူးတို့ပါ လိုက်လာကြသည်။

"ဒီ စာသင်ဝိုင်းလေးဖြစ်တာ တော်တော်ဝမ်းသာတယ် မြရေ၊ နို့မို့ဆို ဆော့လွန်းလို့ ပြောရတာမောတယ်၊ စာသင်တော့ မဆော့ရတော့ဘူးပေ့ါ။ ဇော်ဇော့်ကိုလည်း အန်တီက ကျေးဇူး တင်ပါတယ်ကွယ်"

ပိစိ၏အမေအန်တီခင်က မေမေ့အားလှမ်းပြောရင်း ဇော်ဇော့် ဆီသို့ ပိစိကို လာအပ်သည်။ တဖြည်းဖြည်းနှင့် ဇော်ဇော်၏ စာသင် ဝိုင်းလေးတွင် ကျောင်းသား၊ ကျောင်းသူ ဆယ်ဦးခန့် ရှိသွားပါသည်။

ယနေ့တွင် ကျောင်းအပ်လက်ခံပြီး မနက်ဖြန်နံနက်မှ စတင် ကာ စာသင်ကြားမည်ဟု ဇော်ဇော်မှာလိုက်သည်။ သူ ငယ်ငယ်တုန်း က စာအုပ်ဗီရိုထဲတွင် သိမ်းထားသည့် သူငယ်တန်းနှင့် ပထမတန်း ဖတ်စာအုပ်များကို ထုတ်ယူလိုက်သည်။

ဇော်ဇော် အလွန်ပျော်ပါသည်။ သူ့ဝါသနာအတိုင်း စာသင်ရ တော့မည်ဖြစ်သဖြင့် ဖေဖေနှင့်မေမေအား ကျေးဇူးတင်၍မဆုံးပေ။

ဇော်ဇော်တို့ ခြံဝင်းထဲတွင် မနက်ဖြန်မှစတင်ကာ စာအံသံလေးများဖြင့် သက်ဝင်လှုပ်ရှားလာတော့မည်ဖြစ်ပါသည်။

× × ×

"ဇော်ဇော်ရေ . . . တိရစ္ဆာန်ဥယျာဉ်သွားလည်မလို့၊ လိုက်ဦး မလား"

အိမ်နီးချင်းသူငယ်ချင်း ပိုးဥက ဇော်ဇော့်ကို အဖော် လာစပ်သည်။

"မလိုက်တော့ပါဘူး ပိုးဥရာ၊ ငါ မအားဘူးဟ"

"နင်က ဘာလုပ်နေလို့ မအားတာလဲ"

"ငါ စာသင်မလို့ဟ"

"ဘာ. . . နင်က ဘယ်သူတွေကို သင်မလို့တုန်း"

"သူငယ်တန်း၊ တစ်တန်းကလေးတွေပါဟာ"

ပိုးဉက လှောင်ပြုံးပြုံးသည်။

"နွေရာသီကျောင်းပိတ်ရက်မှာ ပျော်ပျော်ပါးပါး နေစမ်းပါဟာ၊ နင်က အပိုအလုပ်တွေ လျှောက်လုပ်နေတာ၊ ငါတို့ကတော့ ကိုယ့်ကိုယ်ပိုင်ချိန်ကို ဘယ်သူ့မှ မပေးနိုင်ဘူး"

ပိုးဉက တိရစ္ဆာန်ဉယျာဉ် မလိုက်သည့်အတွက် ဖော်ဖော့်အား စိတ်ဆိုးသွားပြီဖြစ်ပါသည်။

ထိုစဉ် စာသင်မည့်ကလေးများ ရောက်လာကြသည်။ ထမင်း ချိုင့်၊ ရေဘူး အဆင်သင့်ပါသည်။

"ဒေါ်လှရေ. . . ကလေးတွေရဲ့ ရေဘူးနဲ့ ထမင်းချိုင့်တွေ ထမင်းစားခန်းထဲမှာ ထားပေးလိုက်ပါ၊ ထမင်းစားချိန်ရောက်မှ တစုတစည်းတည်း စားခိုင်းလိုက်"

မေမေက အိမ်ဖော်ဒေါ်လှအား ပြောသံကြားရသည်။ ဒေါ်လှက ထမင်းချိုင့်နှင့် ရေဘူးများယူကာ ထမင်းစားခန်းထဲ သွားထားသည်။

ဖေဖေက ကုမ္ပဏီသို့သွားသည်။ မေမေက ဗိုလ်ချုပ်ဈေးတွင် အထည်ဆိုင်ဖွင့်ထား၍ သွားသည်။ အိမ်တွင် ဖော်ဖော်နှင့် အိမ်ဖော်ဒေါ်လှသာ ကျန်ရစ်သည်။ သို့သော် ဖော်ဖော်နှင့် စာသင်ဝိုင်းလေးရှိနေပြီမို့ တိတ်ဆိတ်နေသော ခြံထဲတွင် သက်ဝင်လှုပ်ရှားစိုစိုပြည်ပြည်ရှိလာပါသည်။



"ဖော်ဖော်. . . . ရေသွားကူးမလို့၊ လာခေါ်တာ"

ဂျင်မီနှင့် သန်းကိုကိုတို့ ရောက်လာသည်။ ပိတောက်ပင်ရိပ်တွင် ဖော်ဖော် စာသင်နေချိန်ဖြစ်သည်။

"မလိုက်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ငါ စာသင်နေတယ်"

ဂျင်မီနှင့် သန်းကိုကိုတို့ ဟက်ဟက်ပက်ပက်ရယ်သည်။

"မင်းအရွယ်က စာသင်ရမယ့် အရွယ်လား၊ တကယ့်ငကြောင်ပဲကွ"

ဖော်ဖော် စိတ်မကောင်း ခံစားရသည်။ သူ့ဝါသနာအရ စာသင်ပေးနေသည်ကို သူငယ်ချင်းများက ကဲ့ရဲ့ကြသည်။

"ကဲ. . . ဆိုလိုက်ရအောင်"

"ညအခါ

လသာသာ

ကစားမလား

နားမလား"

"ဟုတ်ပြီ. . . နောက်တစ်ပုဒ်တက်မယ်"

ထိုစဉ် ဖော်ဖော့်ဆီသို့ အတန်းပိုင်ဆရာမ ဒေါ်ချိုသဲခင် ရောက်လာသည်။

"ဆရာမ. . သားဆီကို လာတယ်၊ ဒေါ်လှရေ . . . ဒေါ်လှ"

ဖော်ဖော် လှမ်းအော်ခေါ်တော့ ဒေါ်လှ ထွက်လာသည်။

"ဒေါ်လှ. . . ကော်ဖီနဲ့ မုန့်ယူခဲ့ပါ၊ ဆရာမကို ဧည့်ခံမလို့"

ဆရာမက ဖော်ဖော့်အား အပြုံးဖြင့် တစိမ့်စိမ့်ကြည့်နေသည်။

"ဆရာမ. . . အိမ်ထဲကို ကြွပါ"

"မဝင်တော့ပါဘူးကွယ်၊ သား စာသင်နေတယ်ပြောလို့ ဆရာမ လာကြည့်တာ၊ သားက စာသင်တာကို ဝါသနာပါတာလား"

"ဟုတ်ကဲ့"

"သားက စာသင်တာဝါသနာပါတယ်ဆိုတော့ စာဖတ်တာရော ဝါသနာပါမှာပေါ့"

"စာဖတ်တာလည်း ဝါသနာပါပါတယ်ဆရာမ"

"သားကို ဆရာမ အကြံတစ်ခုလောက် ပေးချင်တယ်"

"ဘာများလဲ ဆရာမရဲ့"

"သားက စာဖတ်အားကောင်းတယ်၊ ဉာဏ်လည်းထက်တယ်ဆိုတော့ ဒီစာအုပ်ကိုလည်း ဖတ်စေချင်တယ်"

ဆရာမက စာအုပ်တစ်အုပ် ထုတ်ပြသည်။ ဇော်ဇော် ကြည့်လိုက်တော့ "ဗုဒ္ဓဝင်" စာအုပ်ဖြစ်နေသည်။

"ဒီစာအုပ်ကို သေချာဖတ်၊ အဓိပ္ပာယ်မရှင်းရင် ဆရာမကို မေး၊ ဒါမှမဟုတ် အိမ်ကဖေဖေနဲ့ မေမေကိုလည်း မေးလို့ ရတယ်၊ သားအတွက် အကျိုးထူးပါလိမ့်မယ်ကွယ်"

ဆရာမပေးသောစာအုပ်ကို ဇော်ဇော် ယူလိုက်သည်။ ဆရာမ ပြန်သွားသောအခါ ဇော်ဇော် စာဆက်သင်ဖြစ်သည်။ ထမင်းစားချိန်နား၊ မုန့်စားချိန်နား၊ စာသင်ချိန် စာသင်ပြီး ညနေစောင်းသောအခါ စာသင်ဝိုင်းနားလိုက်သည်။

ဇော်ဇော်၏သတင်းက တစ်ရပ်ကွက်လုံးသို့ ပျံ့နှံ့သွားသည်။ ချီးမွမ်းသူများရှိသလို ကဲ့ရဲ့သူများလည်းရှိသည်။ ဇော်ဇော်က အသက် ၁၀ နှစ်အရွယ် ကျောင်းသားလေးဖြစ်ပါသည်။ ပတ်ဝန်းကျင်ကို ဂရုစိုက်မနေဘဲ ကိုယ့်ဝါသနာအတိုင်း ဆက်လုပ်သွားပါမည်။

× × ×



ဇော်ဇော်သည် တစ်ချိန်လုံး စာဖတ်နေသည်တော့မဟုတ်ပေ။ စာသင်ဝိုင်းဖြုတ်လျှင် သူဝါသနာပါသော ကြက်တောင်ရိုက်ခြင်းကို ဖေဖေ သို့မဟုတ် မေမေနှင့် ခြံထဲတွင် ကစားသည်။ တစ်ခါတစ်ရံ အတန်းဖော် သူငယ်ချင်းများနှင့် ဘောလုံးကစားသည်။ အစားစားချိန်တွင် အစားကိုပုံမှန်စားသည်။ အိပ်ချိန်တွင်လည်း ပုံမှန်အိပ်သည်။ သို့သော် သူ့ဝါသနာအရ စာဖတ်ခြင်းကိုတော့ ဂိမ်းဆော့၊ အခွေကြည့်ခြင်းမျိုးထက် ပိုမိုအချိန်ပေးလေ့ရှိသည်။

"သား ကျူရှင်တွေဖွင့်နေပြီ၊ သားစာသင်ဝိုင်းလေး ပိတ်လိုက်တော့"

မေမေက ထမင်းစားပွဲဝိုင်းတွင် ဇော်ဇော့်အား ပြောလာပါသည်။

"ကျူရှင်က အချိန်ပိုင်းပဲသင်ရတာပါမေမေ။ တစ်နေကုန်မဟုတ်ရင်တောင် အချိန်ပိုင်းလောက်တော့ သင်ပါရစေ၊ အခုဆိုရင် ပိစိက အရမ်းတော်လာပြီ။ သူသူလည်း ဉာဏ်ကောင်းတယ်၊ ပြီးတော့. . "

"ဖေဖေတို့က သားပင်ပန်းမှာစိုးလို့ ပြောတာပါ၊ သား ဆက်သင်ချင်တယ်ဆိုရင်လည်း သင်ပါ"

"ဟုတ်ကဲ့"

ဇော်ဇော်၏ အတန်းဖော်သူငယ်ချင်းများကတော့ ကျူရှင်ပြီးသည်နှင့် အားလပ်ချိန်ဖြစ်သွားကြသည်။ ဇော်ဇော်ကမူ ကျူရှင်ပြီးလျှင် စာသင်သည်။ ညပိုင်းတွင် ဆရာမ ပေးထားသော "ဗုဒ္ဓဝင်စာအုပ်" ကို ဖတ်သည်။ နားမလည်သော ပါဠိများကို ဖေဖေနှင့် မေမေအား မေးသည်။ ဆရာမဆီသို့ ဖုန်းဆက်ပြီး မေးခြင်းမျိုးလည်း လုပ်သည်။

တစ်နေ့တွင် အိမ်သို့ ဆရာမ ဒေါ်ချိုသဲခင် ရောက်လာပြီး ဖေဖေ၊ မေမေတို့နှင့် တွေ့ဆုံစကားပြောသည်။

"ဇော်ဇော်ကို သုတစုံလင်ဗဟုဓဝင်ပြိုင်ပွဲ ဝင်ပြိုင်စေချင်တယ်၊ အဲဒါ ကိုသက်အောင်နဲ့ မသဇင်နွယ်တို့ဆီ လာခွင့်တောင်းတာပါ"

"ခွင့်တောင်းစရာမလိုပါဘူး ဆရာမရယ်၊ ဆရာမကို အပ်ထားပြီးသားပဲဟာ ဆရာမကောင်းမယ်ထင်တာ စီစဉ်ပါ"

မေမေက အားရဝမ်းသာပြောသည်။ ဇော်ဇော့်ကိုလည်း မေမေလှမ်းကြည့်ပြီး ပြုံးနေသည်။

"ဆရာမကသာ ပြိုင်ဖို့ ပြောနေတာ၊ ကာယကံရှင်ကိုလည်း မေးပါဦး၊ ဗဟုဓဝင်ကို ပြီးအောင်တောင် ဖတ်ထားရဲ့လားမသိဘူး"

ဖေဖေ့စကားက ဇော်ဇော့်ကို အထင်သေးသလိုဖြစ်နေသည်။ ဇော်ဇော် မခံချင်စိတ်ဖြစ်သွားသည်။

"သား ပြိုင်မယ် ဆရာမ"

ဖေဖေ့က အံ့သြသွားသည်။ ဆရာမက ရှင်းပြသောအခါ ဖေဖေပို၍ပင် အံ့အားသင့်သွားသည်။ ဆရာမ၏ လမ်းညွှန်သင်ကြားမှုဖြင့် ဇော်ဇော် သုတစုံလင်ဗဟုဓဝင်ပြိုင်ပွဲသို့ ဝင်ပြိုင်ဖြစ်ခဲ့ပါသည်။

တစ်လခန့်ကြာသောအခါ. .

ကျောင်းပြန်ဖွင့်ပြီ။ ဇော်ဇော်လည်း ပဥ္စမတန်းကျောင်းသားဖြစ်နေပါပြီ။ ဇော်ဇော်သည် "သုတစုံလင် ဗဟုဓဝင်" ပြိုင်ပွဲဗဟိုအဆင့်တွင် ပထမဆုရရှိခဲ့သည်။ တစ်ကျောင်းလုံးတွင် တစ်ယောက်၊ တစ်ရပ်ကွက်လုံးတွင် တစ်ယောက်၊ တစ်မြို့လုံးတွင် တစ်ယောက်၊ ပြီးလျှင် တစ်နိုင်ငံလုံးတွင် တစ်ယောက်ထူးချွန်သူ ဖြစ်ခဲ့ပါသည်။



ကျောင်းအုပ်ဆရာကြီးက မိဘဆရာသင်းလုံးကျွတ်အစည်းအဝေးတွင် ဇော်ဇော့်ကို စံနမူနာထားကာ သားသမီးများကို ဦးဆောင်လမ်းပြပေးရန် တိုက်တွန်းစကားဆိုသည်။

ဇော်ဇော်၏ ဂုဏ်သတင်းက မွှေးပျံ့နေလေပြီ။ ပိုးဥ၊ ဂျင်မီနှင့် သန်းကိုကိုတို့ ဇော်ဇော့်အား လာတောင်းပန်ကြသည်။ ဇော်ဇော်နှင့်ပေါင်းရန် သူတို့မိဘများကမှာထားသဖြင့် လာကြခြင်းဖြစ်သည်။ ဇော်ဇော်သည် ကိုယ်ဝါသနာပါသော စာသင်ခြင်းနှင့် စာဖတ်ခြင်းတို့ကို တစိုက်မတ်မတ်လုပ်ခဲ့ခြင်းကြောင့် သာမန်ကျောင်းသားများ မရရှိနိုင်သော အောင်မြင်ထူးချွန်မှုရလဒ်ကို ပိုင်ဆိုင်ခွင့် ရခဲ့ခြင်းဖြစ်ပါသည်။

××××××××××

## အဖေ့ကိုလည်း ဝိုင်းကာကူညီ

ကိုခိုင်သည် စတုတ္ထတန်းတွင် ပညာသင်ကြားနေပါသည်။

ကျေးရွာမူလတန်းကျောင်းတွင် ပညာသင်ကြားရသဖြင့် အိမ်အလုပ်များကိုလည်း ကူလုပ်ခွင့်ရပါသည်။ ကိုခိုင်သည် ကျောင်းမသွားမီ လယ်တောသွားမည့် အဖေ့ကို ကူညီလုပ်ကိုင်ပေးပါသည်။

အဖေယူမည့် ရေဘူးထဲတွင် သောက်ရေဖြည့်ပေးသည်။ အမေအဆင်သင့်ပြင်ထားသော ထမင်းချိုင့်နှင့်ရေဘူးကို လွယ်အိတ်ထဲထည့်သည်။ ပြီးနောက် လှည်းပေါ်သို့ တင်ထားလိုက်သည်။

"အဖေ. . . လှည်းနဲ့ သွားမှာလား၊ ထွန်နဲ့ သွားမှာလား"

ကိုခိုင်မေးတော့ ထမင်းကြမ်းစားနေသော အဖေက ပြန်ဖြေသည်။

"လှည်းနဲ့ သွားမှာသား"

"ဒါဆို . . နွားတွေ တပ်ထားလိုက်တော့မယ်"

"အေး. . အေး"

နွားတင်းကုပ်ဆီသို့ ကိုခိုင်လာခဲ့သည်။ နွားညိုနှင့် နွားနီတို့ကို အိမ်ရှေ့မြေကွက်လပ်သို့ ဆွဲလာခဲ့သည်။ အဆင်သင့် ရပ်ထားသော လှည်းတွင် နွားညိုနှင့် နွားနီတို့အား တပ်လိုက်သည်။

"ကိုခိုင်. . . . အတိုင် အလှည့် နွားရောသိရဲ့လား၊ မှားတပ်မိနေဦးမယ်"

အိမ်ရှေ့မှ ဖြတ်သွားသော ဦးကြီးသာဝက ကိုခိုင့်ကို လှမ်းစသည်။

"သိပါတယ် ဦးကြီးသာဝရာ၊ နွားညိုက အတိုင်၊ နွားနီက အလှည့်ပါဗျ၊ နေ့တိုင်း တပ်နေတာ မသိဘဲနေပါ့မလား"

"ကိုခိုင်တို့ကတော့ အားကိုးရတယ်ဟေ့"

ဦးကြီးသာဝစကားကြောင့် ကိုခိုင်ပျော်မိသည်။ အဖေ့ကို ကူညီလုပ်ကိုင်ပေးနိုင်ခြင်းအတွက် ကိုခိုင် ဝမ်းလည်းသာမိပါသည်။

အဖေက လှည်းပေါ်တက်ပြီး မောင်းရန်ပြင်သည်။

"အဖေ. . . . ကျောင်းဆင်းရင် ဘာတွေလုပ်ထားရဦးမလဲ"

"နွားချေးကျုံးပြီး နွားစာထည့်ထားလိုက်ပါ သားကြီးရာ၊ ကျန်တဲ့အလုပ်တွေကို အဖေပြန်လာမှ လုပ်မယ်"

"ဟုတ်ကဲ့"

အဖေက လယ်တောသို့ ထွက်ခွာသွားပြီး အမေကလည်း ရက်ကန်းစင်တွင် ရက်ကန်းရက်နေပြီ။ ကျောင်းသွားချိန်နီးပြီဖြစ်၍ ကိုခိုင်လည်း ရေချိုး၊ အဝတ်အစားလဲလိုက်သည်။

ညနေ ကျောင်းဆင်းချိန်တွင် ကိုခိုင် အိမ်သို့ အပြေးအလွှားပြန်ခဲ့သည်။ အခြားကျောင်းသားများက ကျောင်းဘောလုံးကွင်းတွင် ဘောလုံးကန်နေကြသည်။ အချို့ကလည်း အိမ်ရောက်လျှင် အလုပ်ခိုင်းမည်ကို မလုပ်ချင်၍ ကျောင်းမှာပင် အချိန်ဖြုန်းနေကြသည်။



ကိုခိုင်က အဖေမှာခဲ့သည့်အတိုင်း နွားတင်းကုပ်ထဲတွင် နွားချေးကျုံးသည်။ ညပိုင်းတွင် နွားများအား ခြင်၊ ယင်များ မကိုက်စေရန် မီးမွှေးပေးထားသဖြင့် ထင်တုံးကြီးကြီးများကို အဆင်သင့်ချထားလိုက်သည်။

ရွာအနောက်ဘက် ကောက်ရိုးပုံဆီသို့ ခြင်းတောင်းထမ်းကာ ကိုခိုင်လာခဲ့သည်။ ခြင်းတောင်းထဲတွင် ကောက်ရိုးတစ်နိုင်ထည့်ကာ ထမ်းလာပြီး မြက်စင်ထဲသို့ ထည့်ထားလိုက်သည်။

အဖေမှာထားသော အလုပ်နှစ်ခုလုံးပြီးပြီဖြစ်၍ ကိုခိုင် အိမ်စာလုပ်ရန် ပြင်ဆင်သည်။ သည်ကြားထဲ အမေက ဈေးဆိုင်သွားပြီး ကြက်သွန်နှင့် အာလူးဝယ်ခိုင်းလျှင်လည်း ကိုခိုင် မညည်းမညူ သွားဝယ်ပေးလေ့ရှိသည်။ အရွယ်နှင့်မမျှအောင် သိတတ်လွန်းသော ကိုခိုင်ကို တစ်ရွာလုံးက ချီးကျူးနေကြသည်။

လယ်တောတွင် တစ်နေကုန် ပင်ပင်ပန်းပန်း လုပ်နေရသော အဖေ့ကိုကြည့်ရင်း ကိုခိုင် သနားမိသည်။ ထို့ကြောင့် အဖေ့အိမ်အလုပ်များကို တတ်နိုင်သမျှကူညီလုပ်ပေးရန် ကိုခိုင် ဆုံးဖြတ်ခဲ့သည်။

နွားချေးကျုံးခြင်းနှင့် နွားစာထည့်ခြင်းကိုသာ အဖေက လုပ်စေပါသည်။ ကိုခိုင်က ထိုအလုပ်များအပြင် အခြားအလုပ်များကို အလိုက်တသိ လုပ်ပေးထားပါသည်။

"အမေ. . . အဖေပြန်လာရင် ဘာတွေ လုပ်ရဦးမှာလဲ"

အမေက မီးဖိုချောင်ထဲမှ ပြန်ဖြေသည်။

"နွားရေတိုက်တယ်၊ ထင်းခွဲတယ်၊ အိမ်ရှေ့မှာ တံမြက်စည်းလှည်း သန့်ရှင်းရေးလုပ်တယ်၊ ဘာဖြစ်လို့လဲ သား"

"ဘာမှမဟုတ်ပါဘူး အမေရာ"

ကိုခိုင် ကျောင်းဝတ်စုံ ကပျာကသီလဲသည်။ အိမ်ရှေ့ စဉ့်အိုးထဲမှ ရေများကို လက်ဆွဲပုံးငယ်ဖြင့်ဆွဲကာ နှမ်းဖတ်ခေါင်းထဲသို့ ထည့်ထားလိုက်သည်။ နှမ်းဖတ်ခေါင်းထဲ ရေထည့်သံကြားတော့ အမေ့စကားသံထွက်ပေါ်လာသည်။

“ရေထည့်နေတာ သားကြီးလား”

“ဟုတ်တယ် အမေ”

“သားအဖေ ပြန်လာမှ လုပ်ပါလိမ့်မယ်”

“သား လုပ်ထားတော့ အဖေ သက်သာတာပေါ့ အမေရ”

အိမ်ရှေ့ကြမ်းပြင်မှ ဓားမကြီးကိုယူကာ အိမ်ရှေ့ထန်းပင်အောက်ရှိ ထင်းပုံဆီသို့ ကိုခိုင်လာခဲ့သည်။ ထင်းတုံးကြီးများကိုတော့ ကိုခိုင့်ဗလဖြင့် မဖြတ်နိုင်ပေ။ ထင်းတုံးအသေးများကို ကိုခိုင်ရွေးဖြတ်သည်။ ဓားကမြည့်နေ၍ ထင်းများကိုသတိထားပြီး ဖြတ်နေရသည်။ ထင်းချောင်းများကို ကိုခိုင်ပွေ့ကာ မီးဖိုချောင်ဆီသို့ လာခဲ့သည်။ ထမင်း၊ ဟင်း ချက်နေသော အမေ့ဘေးနား၌ ချပေးလိုက်သည်။ အမေက ကိုခိုင်ကို တအံ့တသြကြည့်နေသည်။

“ဓားက အရမ်းပြတ်တယ်နော်သား၊ အလုပ်လုပ်တာ အမေမပြောလိုပါဘူး။ သတိတော့ထား၊ မင်းအဖေသိရင် ဆူနေဦးမယ်”

“ဟုတ်ကဲ့”

ကိုခိုင်လည်း အိမ်ရှေ့တွင် အမှိုက်များအား တံမြက်စည်းလှည်းနေပြန်သည်။ ယခင်နေ့များတွင် အဖေသန့်ရှင်းရေးလုပ်ထား၍ အိမ်ဝင်းသည်ကား သန့်ရှင်းသပ်ရပ်နေသည်။ အဖေ့ခြေရာကိုနင်းပြီး ကိုခိုင်လည်း အိမ်ဝင်းတစ်ခုလုံး သန့်ရှင်းအောင် မနားမနေ တံမြက်စည်းလှည်းသည်။ မကြာမီ အမှိုက်များပြောင်ကာ အိမ်ဝင်းသည်ကား သန့်ရှင်းသပ်ရပ်သွားပြီ ဖြစ်သည်။



“ကဲ . . . လာကြပေ့၊ ဝိုင်းခြင်းခတ်ရအောင်၊ ဒီ အိမ်ဝင်းက သန့်ရှင်းနေတာပဲ၊ ဘာအမှိုက်မှ မရှိဘူး”

ဘကြီး ဒိုးလုံးက ခြင်းလုံးယူကာ ကိုခိုင်တို့ အိမ်ဝင်းထဲ ဝင်လာသည်။ ဆရာလေး ယုဇော်လည်း ပါသည်။ ရွာမှ လူလတ်ပိုင်းနှင့် လူကြီးပိုင်း လေးငါးဦးခန့် စုမိသွားကြသည်။

ထိုစဉ် လယ်တောမှ လှည်းမောင်းကာ အဖေပြန်လာသည်။ ကိုခိုင်လည်း နွားများကို ဖြုတ်ပြီး နွားတင်းကုပ်ထဲ ချည်လိုက်သည်။ မြက်စင်ထဲတွင် ကောက်ရိုးအဆင်သင့် ထည့်ထားသဖြင့် နွားနှစ်ကောင်က အငမ်းမရ စားတော့သည်။

“ဟေ့ . . . ကိုရွှေ၊ လာလေကွာ၊ အညောင်းအညာပြေအောင် ခြင်းခတ်ပါလား”

ဘကြီး ဒိုးလုံးက အဖေ့အား လှမ်းခေါ်သည်။

“မအားသေးပါဘူး ဘကြီးရာ၊ အိမ်အလုပ်တွေ လုပ်ရဦးမယ်ဗျို့”

ကိုခိုင် အပြေးအလွှားသွားကာ အဖေ့ကို ပြောလိုက်သည်။

“အဖေလုပ်စရာမလိုတော့ဘူး၊ သားအကုန် လုပ်ပြီးပြီ။ ထင်းလည်း ခွဲပြီးပြီ၊ နွားရေလည်း ဖြည့်ပြီးပြီ၊ အိမ်ဝင်းသန့်ရှင်းရေးလည်း လုပ်ထားပြီးပြီ၊ အဖေ ခြင်းခတ်လို့ရပြီ”

“ငါ့သားကြီးက လိမ္မာလိုက်တာ”

အဖေက ကိုခိုင့်ခေါင်းလေးကို ခပ်ဖွဖွပွတ်သပ်ပြီး ခြင်းဝိုင်းဆီသို့ လျှောက်သွားသည်။

“ကိုခိုင့်လို သားမျိုးမွေးရတာ မွေးရကျိုးနပ်တယ်ဗျို့၊ အဖေ့အလုပ်တွေကို ကူလုပ်ပေးထားတယ်၊ အလိုက်သိတဲ့ သားမျိုးပဲ၊ ကျုပ်အိမ်က သားတွေကတော့ အိမ်မှာ ကပ်တယ်လို့ကို မရှိဘူး၊ ကိုခိုင့်ကို အတုယူစေချင်တာ”

ခြင်းဝိုင်းထဲမှ ဦးလေးပေတိုး၏ စကားသံကို ကိုခိုင်ကြားလိုက်ရသည်။ အဖေက ပြုံးနေသည်။ အများနည်းတူ အဖေခြင်းခတ်နေတာမြင်တော့ ကိုခိုင်လည်း ကျေနပ်မိပါသည်။

× × ×

"ကိုရွှေ . . . ဒီနှစ်အိမ်မိုးရမှာနော်၊ သက်ငယ်တွေကမလောက်သေးဘူး"

ရက်ကန်းစင်မှ အမေ့အသံထွက်ပေါ်လာသည်။ အဖေက ဝါးသက်ငယ်ဖြာနေသည်။ ကိုခိုင်က အဖေဖြာပြီးသား ဝါးနှီးပြားများကိုယူကာ သက်ငယ်ပျစ်နေသည်။

နွေရာသီ ကျောင်းပိတ်ရက်ဖြစ်၍ ကိုခိုင် အိမ်အလုပ်များကို ပိုမိုကူညီလုပ်ကိုင်ခွင့်ရသည်။

"အေးပါကွာ၊ ငါလည်း အချိန်မီအောင် လုပ်နေတာပဲ မိန်းမရယ်"

"မိုးဦးကျတော့မှာမို့ စိတ်ပူလို့ ပြောရတာပါ၊ မိုးဦးက စောရင်ရွာတော့မှာ၊ အိမ်ခေါင်က မလုံတော့ဘူးလေ၊ သက်ငယ်ဝယ်ရင်ကောင်းမလား"

အဖေက ခဏစဉ်းစားသည်။ သက်ငယ်ဝယ်လျှင် ငွေကုန်မည်ဖြစ်၍ အဖေတွန့်ဆုတ်နေခြင်းလည်း ဖြစ်နိုင်ပါသည်။

"မဝယ်ပါနဲ့ဦးကွာ၊ ငါ ကြိုးစားကြည့်ပါဦးမယ်"

"ဟုတ်သားပဲ အမေကလဲ၊ သားလည်း ကျောင်းပိတ်ထားတာဆိုတော့ ကြိုးစားပြီး သက်ငယ်ပျစ်ပါ့မယ်၊ ဝယ်ရင်ငွေကုန်မှာပေါ့နော် အဖေ"



"သားကြီးက ကလေးပဲရှိသေးတာ ကလေးလိုပဲနေပါသားရယ်၊ အဖေတို့ အလုပ်တွေကူလုပ်နေတာနဲ့ သားမှာ ကစားချိန်မရှိတာ အဖေသိတယ်၊ သွား. . . သွား၊ ကစားချေ"

"ဟုတ်ကဲ့ပါ အဖေရ၊ သက်ငယ် ဆယ်ပျစ် ပျစ်ပြီးရင် သားသွားကစားမှာပါ"

ဤသို့ဖြင့် ကိုခိုင်သည် တစ်နေ့လျှင် သက်ငယ် ဆယ်ပျစ်ရအောင်ပျစ်ပြီးမှ သူငယ်ချင်းများနှင့်အတူ ကစားလေ့ရှိပါသည်။

တစ်နေ့တွင် အဖေ တောတက်ရမည်။ သက်ငယ်ပျစ်ရန်ဝါးကုန်သွားပြီဖြစ်၍ ဝါးသွားခုတ်ရမည်ဖြစ်သည်။

"အဖေ. . . သားလည်းလိုက်မယ်"

"သားလိုက်လို့ မရဘူး၊ အဝေးကြီးသွားရမှာ၊ တောထဲမှာအန္တရာယ်လည်းရှိတယ်၊ သားအမေကို ကူညီလုပ်ရင်းနေခဲ့လိုက်"

အဖေ တောတက်သွားပြီဖြစ်သည်။ နွားလှည်းဖြင့် သွားခြင်းဖြစ်၍ နွားနှစ်ကောင်၏ ဝေယျာဝစ္စကိုလည်း လုပ်စရာမလိုသေးပေ။

မိုးဦးကျတော့မည်ဟု အမေက ပြောသည်။ လျှပ်စီးတွေလက်ပြီး မိုးခြိမ်းသံတွေလည်း စတင်ကြားလာရသည်။ တချို့ကအိမ်မိုးနေကြပြီ။ အဖေ ပြန်လာမှသာ သက်ငယ်ပျစ်နိုင်မည်ဖြစ်၍ကိုခိုင်လည်း အဖေ့ကို မျှော်နေမိသည်။

"သား အဖေ ပြန်လာမှဆိုရင် သက်ငယ်မိုးဖို့ မဖြစ်နိုင်တော့ဘူး သား၊ သက်ငယ်ပျစ်က သုံးရာလောက်လိုတာ၊ သားတို့ပျစ်တာက တစ်ရာ့ငါးဆယ်လောက်ပဲ ရှိသေးတယ်၊ ဒီနှစ်တော့မိုးနိုင်တော့မယ် မထင်ပါဘူးကွယ်"

အမေ့ကိုကြည့်ရင်း ကိုခိုင်ဝမ်းနည်းမိသည်။ အချိန်အားနေ၍ ကိုခိုင်သည် သက်ငယ် လက်စားလိုက်ပျစ်သည်။ သက်ငယ် အငှား ပျစ်ခိုင်းသည့် ဒေါ်ကြီးပုတို့အိမ်မှာ ညပိုင်း သွားပျစ်သည်။ အဖေ့ကို တစ်ဖက်တစ်လမ်းကနေ ကိုခိုင် ကူညီနေခြင်းဖြစ်ပါသည်။

တောမှ အဖေ ပြန်ရောက်လာသည်။ ဝါးတွေက လှည်း တစ်စီး အပြည့်ပါလာသည်။ အဖေက ဝါးတွေကိုချက်ချင်းခွဲပြီး ဖြာသည်။ ဦးလေး ဝမ်းကွဲများကလည်း ကူညီဖြာပေးကြသည်။ မိုးသံလေသံပေးလာ၍ အဖေ စိုးရိမ်နေသည်။

"အဖေ့ . . . ဒီနေ့ည သက်ငယ်လာပျစ်မယ့်သူတွေ ရှိတယ်"

"ဘယ်သူတွေလဲ"

"အများကြီးပဲ အဖေ၊ ကိုလေးဝင်းတို့ အဖွဲ့ပါ၊ ဆယ်ယောက် လောက် ရှိတယ်၊ သူတို့ဆီမှာ သား လက်စားလိုက်ထားတာ၊ သက်ငယ်အပျစ် တစ်ရာ့နှစ်ဆယ်လောက်ရမှာပါ အဖေ"

"ဩော်. . . သားကြီးရယ်"

အဖေက ကိုခိုင့်ပါးပြင်လေးကို ခပ်ဖွဖွနမ်းသည်။ ရက်ကန်းစင်မှ အမေ့အပြုံးမျက်နှာကိုလည်း မြင်နေရသည်။

မိုးက တစ်ဖြိုက်နှစ်ဖြိုက် စရွာလေပြီ။ ကိုခိုင်တို့ အိမ်မိုးရန် မနက်ဖြန် ရက်ချိန်းသတ်မှတ်လိုက်သည်။

"ကိုရွှေ. . . သက်ငယ်က နှစ်ရာ့ခုနစ်ဆယ်ပဲ ရှိတယ်၊ သုံးဆယ်လောက် လိုဦးမယ်ထင်တယ်"

အမေက သက်ငယ်ပျစ်အပုံကြီးကိုကြည့်ပြီး စိုးရိမ်စွာ ပြောနေသည်။ အဖေကလည်း ခေါင်းကိုသာ ကုတ်နေတော့သည်။ ထိုစဉ် အိမ်ဝင်းထဲသို့ လှည်းတစ်စီးဝင်လာသည်။ သက်ငယ်ပျစ်များ



တင်ထား၍ အဖေနှင့်အမေ အံ့သြနေကြသည်။ လှည်းနောက်မှာ ဒေါ်ကြီးပုလည်း ပါလာသည်။

"ကိုရွှေ . . . လှည်းပေါ်မှာ သက်ငယ်အပျစ် လေးဆယ် ပါလာတယ်၊ မယုံရင် ရေကြည့်လိုက်ဦး"

"ဘာအတွက်လဲ မကြီးပု"

အဖေက အံ့အားတသင့်မေးသည်။ ဒေါ်ကြီးပုက ကိုခိုင့် လက်ကို ဆွဲခေါ်လာသည်။

"နင့်သား ငါ့ဆီမှာ ရဖို့ရှိတဲ့ သက်ငယ်ပျစ်တွေပေါ့၊ သက်ငယ် အငှားပျစ်ပြီးရတဲ့ငွေနဲ့ ပြန်ဝယ်ထားတာ၊ နင်တောတက်နေတုန်း နင့်သားကိုခိုင် လုပ်ထားတာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘအပေါ် ဒီလောက်သိတတ်တာ နင့်သားတစ်ယောက်ပဲ မြင်ဖူးသေးတယ် ဟေ့"

အဖေနှင့်အမေက ကိုခိုင့်ကို ပြုံးတူလှမ်းကြည့်နေကြသည်။ ကိုခိုင် မနေတတ်တော့ပေ။ ကိုခိုင် ပျော်ပါသည်။ အိမ်လေးကို အချိန်မီ အမိုး မိုးနိုင်ခဲ့ပါသည်။ မိုးရွာချိန်တွင် ကိုခိုင်တို့အိမ်လေး အမိုးလုံနေပြီမို့ အေးအေးချမ်းချမ်း နေထိုင်ခွင့်ရပါသည်။ အဖေ့ အလုပ်များကို ကိုခိုင် တတ်နိုင်သမျှ ကူညီလုပ်ကိုင်ပေးရင်း လုပ်အားတန်ဖိုးကိုလည်း သိနားလည်ခဲ့ပြီဖြစ်ပါသည်။

မနက်ဖြန်တွင်လည်း အဖေ့ကို ဝိုင်းကာ ကူညီရပါဦးမည်။

××××××××××××××

## နှုတ်စောင့်ပါ

ရန်လေးသည် အတန်းထဲတွင် စကားအလွန်များသည်။ အတန်းထဲရောက်သည်နှင့် ပြောလိုက်သည့်စကား မရပ်တော့ပေ။ သူငယ်ချင်းများဖြစ်ကြသော ဝေလွင်၊ ဇော်လင်းနှင့် ထိုက်ထိုက်တို့ပင် စိတ်ညစ်ရသည်။

ရန်လေးက နှုတ်မစောင့်ပေ။ သူတစ်ပါး ကြိုက်လား မသိ၊ မကြိုက်လားမသိ ပြောချတတ်သည်။ သူ့ကြောင့် ကျောင်းသူများလည်း ခဏခဏ အရှက်ကွဲရသည်။

အတန်းထဲသို့ မာဆွေဝင်လာသည်ကို ရန်လေးလှမ်းကြည့်နေသည်။

"မာဆွေ . . . နင့် ထဘီအောက်နားက ပြဲနေတယ်၊ ချုပ်ဝတ်ပါဟာ"

ရန်လေးစကားကြောင့် မာဆွေ ရှက်သွားသည်။ သူမ ထိုင်ခုံနေရာသို့ ပြေးဝင်ကာ ခေါင်းလေးငုံ့နေရှာသည်။ အားလုံးက ဝိုင်းကြည့်နေ၍ မာဆွေ အနေရခက်နေသည်။

"ရန်လေး. . . အဲဒီလို မပြောနဲ့လေကွာ၊ ဟိုမှာ မာဆွေ ရှက်နေပြီ"

ဝေလွင်က ရန်လေးကို ပြောသည်။ ရန်လေးက ပွစိပွစိ ပြောပြီး ဂရုမစိုက်သလို လုပ်နေသည်။ ဝေလွင်၊ ရန်လေး၊ ဇော်လင်း နှင့် ထိုက်ထိုက်တို့သည် တစ်ခုံတည်း ထိုင်ကြသည်။

ဝေလွင်တို့ ရှေ့ထိုင်ခုံမှ ကိုကိုအောင် ရောက်လာသည်။ လွယ်အိတ်ကို စားပွဲပေါ်တင်ပြီး ထမင်းဘူးအဖုံး ဖွင့်နေသည်။ ရန်လေးက ငဲ့ကြည့်လိုက်သည်။

"ဟင်းကလည်း ငါးပိကြော်တစ်မျိုးတည်းပါလား၊ မင်းတို့အိမ်က တော်တော်ဆင်းရဲတာပဲ"

ကိုကိုအောင့်မျက်နှာ ချက်ချင်းပျက်သွားသည်။ ထမင်းဘူးကို အဖုံးပြန်ပိတ်ပြီး ခုံထဲထည့်လိုက်သည်။ အားလုံးက ဝိုင်းကြည့်နေသဖြင့် ကိုကိုအောင် အတန်းထဲမှ ထွက်သွားသည်။

"ရန်လေး . . . မင်းပြောတာ လွန်တယ်ကွာ၊ မပြောသင့်ဘူး"

"ငါက အမှန်ပြောတာပဲ"

"မှန်တိုင်းပြောလို့ ဖြစ်မလား၊ ကိုကိုအောင့်ကို လိုက်ပြီး တောင်းပန်လိုက်"

"မတောင်းပန်ဘူး"

ဝေလွင်လည်း စိတ်လျှော့လိုက်သည်။ ဇော်လင်းက ဝင်ပြောပြန်သည်။

"ရန်လေး. . . မင်းနှုတ်စောင့်ဖို့ လိုပြီ၊ နေရာတကာ ပွကြီး လုပ်မနေနဲ့၊ သည်းမခံတဲ့လူနဲ့တွေ့ရင် မင်းနာလိမ့်မယ်"

"ဂရုမစိုက်ဘူးကွာ၊ ငါ့ကို ဆရာလာမလုပ်ပါနဲ့"



ဇော်လင်းလည်း ဆက်မပြောတော့ပေ။ ထိုက်ထိုက်က နဂိုကတည်းက စကားနည်းသူဖြစ်၍ ဝင်မပြောပေ။

ခဏအကြာ၌ အတန်းပိုင်ဆရာမ ဒေါ်သန်းသန်းမြင့် ဝင်လာသည်။

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါကွယ်၊ ထိုင်ကြ . . . ထိုင်ကြ"

ဆရာမက ကျောင်းခေါ်ချိန်စာအုပ်ကိုလှန်ပြီး လူစစ်သည်။ ကျောင်းသားနှစ်ယောက်လိုနေသည်။ ဖိုးသီးနှင့် ကျော်ကြီးတို့ဖြစ်ပြီး ဝေလွင်တို့နှင့် တစ်ရွာတည်းသား သူငယ်ချင်းများလည်းဖြစ်ပါသည်။

ဝေလွင်နှင့် ရန်လေးတို့ သူငယ်ချင်းတစ်စုသည် ပဉ္စမတန်းတွင် ပညာသင်ကြားနေသော ကျောင်းသားများ ဖြစ်ကြသည်။ ဝေလွင်တို့ရွာလေးသည် လက်ရှိပညာသင်ကြားနေသော ရွှေပန်းတောအလယ်တန်းကျောင်းနှင့် နှစ်မိုင်ခန့်ဝေးပါသည်။ မိုးတွင်းကာလ ရွှံ့ဗွက်ထူ၍ စက်ဘီးစီးမရဘဲ ခြေလျင်လာကြရခြင်း ဖြစ်သည်။

"ဖိုးသီးနဲ့ ကျော်ကြီးက မြိုင်သာယာ ရွာကမဟုတ်လား"

"ဟုတ်ပါတယ် ဆရာမ"

"တစ်ရွာတည်းသား ကျောင်းသားတွေ မတ်တတ်ရပ်ပါ"

ဝေလွင်နှင့် ရန်လေးတို့နှစ်ဦး ပြိုင်တူမတ်တတ်ရပ်လိုက်ကြသည်။

"ကဲ. . မောင်ဝေလွင်. . ဖိုးသီးနဲ့ ကျော်ကြီးတို့ ကျောင်းမလာတာ ဘာကြောင့်လဲ ပြောပါဦး"

"ရွာကနေ သားတို့နဲ့အတူတူ ကျောင်းကိုလာကြတာပါ ဆရာမ၊ ဖိုးသီးက ချော်လဲလို့ ကျောင်းဝတ်စုံ ပေကျံညစ်ပတ်သွားတယ်၊ ရွာထဲကို ကျောင်းဝတ်စုံ ပြန်လဲတာပါ၊ ကျော်ကြီးက အဖော်လိုက်ပေးတာပါ၊ ခဏနေ သူတို့ရောက်လာတော့မှာပါ ဆရာမ"

"မဟုတ်ဘူး ဆရာမ၊ ဖိုးသီးနဲ့ ကျော်ကြီးက ကျောင်းပြေးတာ၊ လမ်းတစ်ဝက်က တောင်ယာတဲဆီကို သူတို့ လျှောက်သွားတာ သား မြင်ခဲ့တယ်၊ ဝေလွင် ညာပြောတာ ဆရာမ"

"ကဲ . . . ဟုတ်ပြီ၊ ဖိုးသီးနဲ့ ကျော်ကြီး ကျောင်းလာမှ အဖြစ်မှန်ကို ရှင်းမယ်၊ ထိုင်ကြ"

ဆရာမက သင်ခန်းစာ စသင်သည်။ ဝေလွင်က သူငယ်ချင်း နှစ်ယောက်အတွက် ဆရာမကို အဆင်ပြေအောင် ပြောပေးခဲ့သော်လည်း ရန်လေးကမူ သူငယ်ချင်း အချင်းချင်းအပေါ် နားလည်မှု မရှိပေ။

ရန်လေး၏နှုတ်မစောင့်မှုကြောင့် အတန်းဖော် သူငယ်ချင်းများက ခပ်ခွာခွာ နေလာကြသည်။ ရန်လေးနှင့် ပေါင်းသူတိုင်း ပြဿနာတက်တတ်၍ ဝေးဝေးက ရှောင်ကြသည်။

× × ×

ဖိုးသီးနှင့် ကျော်ကြီးတို့ နေ့လယ်ပိုင်းစာသင်ချိန်တွင် ကျောင်းသို့ ရောက်လာကြသည်။ ဆရာမက ဝေလွင်၏စကားကို ယုံကြည်ပေးခဲ့သည်။ ရန်လေးက သူ့စကားမအောင်မြင်၍ ရှုံ့ရှုံ့ဒိုင်းဒိုင်း ဖြစ်နေသည်။



ဝေလွင်၏စကားကို ဖိုးသီးနှင့်ကျော်ကြီးတို့ နားထောင်နေကြသည်။ သူငယ်ချင်းမပီသသော ရန်လေးကို ရန်မပြုဘဲ ခွင့်လွှတ်ပေးကြရန်နားချသည်။ ဝေလွင်၏မျက်နှာကို ထောက်ထားပြီး ဖိုးသီးနှင့် ကျော်ကြီးတို့သည် ရန်လေးကို အခေါ်အပြောမပျက် သူငယ်ချင်းလို ဆက်ဆံခဲ့ကြသည်။

ရန်လေးကတော့ ဗီဇကိုမပြုပြင်ဘဲ ထင်သလို လုပ်မြဲလုပ်နေသည်။

"ဇင်မာ. . . စာတွေ ဘာလို့ကူးချနေတာလဲ၊ ကိုယ့်ဘာသာတွက်ပါလား"

ရန်လေး၏အသံစာစာကြောင့် ဇင်မာ့ဆီသို့ အားလုံးဝိုင်းကြည့်နေကြသည်။ ကျောင်းတက်ချိန်နီးပြီဖြစ်၍ ဇင်မာလည်း စာကို အမြန်ကူးနေသည်။

"ရန်လေး. . . နေရာတကာ အာမချောင်နဲ့၊ မနေ့က သင်္ချာစာအုပ်မေ့ကျန်ခဲ့လို့ ပထဝီစာအုပ်မှာ သင်္ချာတွေ တွက်ထားတာ၊ အဲဒီစာအုပ်ထဲကနေ သင်္ချာစာအုပ်ထဲကို ပြန်ကူးနေတာ"

ရန်လေး ပါးစပ်ပိတ်သွားသည်။ တစ်ခန်းလုံးကို ဝေ့ဝဲကြည့်နေပြီး အာချောင်ရန် ရန်လေး စဉ်းစားနေသည်။

"အောင်အောင်က ချိုသဲကို ရည်းစားစာ ပေးနေတယ်ဟေ့"

အားလုံးပြူးပြူးပျာပျာလှမ်းကြည့်ကြသည်။ အောင်အောင်က ချိုသဲလက်ထဲသို့ စာတစ်စောင် ထည့်နေသည်မှာ မှန်ပါသည်။ သို့သော် ဘာစာမှန်း အတိအကျ မသိရသေးပေ။

အောင်အောင်နှင့်ချိုသဲသည် အတန်းထဲတွင် အဆင့်တစ်နှင့်နှစ် လုနေကြသူများဖြစ်သည်။ စာတော်ကြသည်။ စာပြိုင်ဘက်များဖြစ်သော်လည်း သူငယ်ချင်းများပီပီ ခင်ခင်မင်မင် နေကြသည်။

အောင်အောင်က ရန်လေးဆီသို့ ဒေါသဖြစ်နေသော အမူအရာဖြင့် ရောက်လာသည်။

“အဲဒီစာထဲမှာ ဘာရေးထားလဲ မင်းဖတ်ရလို့လား”

“ဖတ်စရာ မလိုဘူး၊ မင်းတို့နှစ်ယောက်ကြိုက်နေတာ ငါမသိဘူးများ မှတ်နေလား”

“မဟုတ်တာတွေ လျှောက်မပြောနဲ့၊ မင်းကတော့ကွာ”

အောင်အောင်က ရန်လေးအား လက်သီးဖြင့် ထိုးဟန်ပြင်သည်။ ရန်လေးကလည်း ပြန်ထိုးမည်ပြုသည်။ တစ်ခန်းလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားသည်။

ဆရာမ လာတော့မှငြိမ်သက်သွားသည်။ ဆရာမလည်း စိတ်ဆိုးနေသည်။ ကျောင်းသားအချင်းချင်းရန်ဖြစ်သည်ကို ဆရာမက လုံးဝမကြိုက်ပေ။

ဖြစ်စဉ်အစအဆုံးကို ဆရာမ သိရှိသွားသည်။

“သား. . . . မောင်ရန်လေး၊ ဆရာမဆီ လာပါဦးကွယ်”

ဆရာမဆီသို့ ရန်လေးလျှောက်သွားသည်။ ဆရာမက စာတစ်စောင်ဖြန့်ပြသည်။ အောင်အောင်က ချိုသဲအား ပေးနေသောစာ ဖြစ်ပါသည်။

“ဘာရေးထားလဲ သား”

“ခွင့်တိုင်စာပါ ဆရာမ”

“ဟုတ်တယ်၊ ခင်မာလာ ကျောင်းမတက်နိုင်လို့ ချိုသဲကို ခွင့်စာတင်ခိုင်းတာ၊ အောင်အောင်က လမ်းကြုံယူလာပေးပြီး ချိုသဲကို ပေးဖို့လုပ်တာ၊ ဒါကို သားက ရည်းစားစာပါဆိုပြီးပြောတယ်၊



အကြောင်းအရာတစ်ခုကို သေချာမသိဘဲနဲ့မပြောရဘူး၊ သိရင်တောင် ပြောသင့်မှ ပြောရတယ်၊ ကိုယ့်အတွက် အန္တရာယ်ရှိမယ်၊ ဒုက္ခပေးလာနိုင်တယ်ဆိုရင် နှုတ်လုံရတယ်၊ တစ်နည်းအားဖြင့် နှုတ်စောင့်ရတယ်၊ နောင်အခုလို မဖြစ်စေနဲ့နော်သား”

“ဟုတ်ကဲ့ . . . ”

“သားနေရာကိုပြန်လို့ရပြီ၊ ကဲ. . အားလုံးနားထောင်ပါ၊ သားတို့သမီးတို့ကို နှုတ်စောင့်စည်းတတ်ဖို့နဲ့ ပတ်သက်ပြီး ‘နှုတ်မစောင့်သောလိပ်’ ဆိုတဲ့ပုံပြင်လေးအကြောင်း ဆရာမ ပြောပြမယ်၊ သေသေချာချာ နားထောင်ကြပါ”

ဆရာမပြောပြသော နှုတ်မစောင့်သော လိပ်လေးအကြောင်းကို ဝေလွင်တို့သိပြီးသားဖြစ်ပါသည်။ နှုတ်မစောင့်စည်းမှုကြောင့် ကိုက်ထားသောတုတ်တံမှလွတ်ပြီးပြုတ်ကျကာ နွားကျောင်းသားတို့ လက်ထဲသို့ ကျရောက်သွားခဲ့ခြင်းဖြစ်သည်။ နှုတ်မစောင့်သော လိပ်ကလေး အသက်ပါဆုံးရှုံးသွားခဲ့ရသည်။

ရန်လေးလည်း ထိုလိပ်ကလေးကို သင်ခန်းစာယူနိုင်ပါစေဟု ဝေလွင် ဆုတောင်းနေမိသည်။ နှုတ်မစောင့်မှုကြောင့် ရန်လေးတစ်စုံတစ်ခုဖြစ်မှာကို ဝေလွင်တို့သူငယ်ချင်းတစ်စု စိုးရိမ်ပူပန်နေကြပါသည်။

× × ×

အချိန်ပိုသင်ပြီးမှ ရွာပြန်ရသဖြင့် ဝေလွင်တို့သူငယ်ချင်းတစ်စု စုစုစည်းစည်းပြန်ကြသည်။ ညမိုးချုပ်ခါနီးတွင် နှစ်မိုင်ဝေးသော လမ်းပေါ်၌ အမူးသမားများကို တွေ့ရတတ်သည်။ ဝေလွင်၊

ရန်လေး၊ ဇော်လင်း၊ ထိုက်ထိုက်၊ ဖိုးသီး၊ ကျော်ကြီး၊ ပိုပိုအောင်၊ လှအေးမယ်တို့ သူငယ်ချင်းများမှာ အမူးသမားများနှင့် ပက်ပင်း ကြုံလျှင် လမ်းဘေးချုံထဲ၌ ဝင်ပုန်းနေကြရသည်။ အမူးသမားများ ကျော်သွားမှသာ သူတို့သူငယ်ချင်းတစ်စု ချုံထဲကထွက်ပြီး သုတ်ခြေ တင်ပြန်ကြရ၏။

ယနေ့လည်း မိုးချုပ်လုနီးပြီဖြစ်၍ ရွာအပြန်လမ်းမှာ စိုးရိမ် နေကြရပြန်သည်။

ဝေလွင်က ဗလတောင့်ပြီး နှုတ်စ စကားစရှိ၍ သူငယ်ချင်း အားလုံးက အားကိုးကြသည်။ ဝေလွင်က ရွာသို့အဆင်ပြေ ချောမွေ့စွာပြန်နိုင်ရေး ဦးစီးဦးဆောင်လုပ်ရသည်။

အခက်ပြဿနာက ရန်လေး၏အာချောင်မှုပင်။ အမူးသမား များမသိအောင် ချုံထဲပုန်းနေတာကိုပင် စကားသံ ထွက်ချင်သည်။ ရန်လေးကိုနှုတ်စောင့်ရန် ဝေလွင် အတန်တန်မှာနေရသည်။

"ရန်လေး. . . အမူးသမားတွေနဲ့တွေ့ရင် စကားမပြော မိပါစေနဲ့၊ ငါတို့အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်"

"အေးပါ. . . . မပြောပါဘူး"

"နင့်ကို မယုံရဲဘူး ရန်လေး၊ ငါတို့မိန်းကလေးတွေက အမူး သမားဆို အရမ်းကြောက်တာဟဲ့၊ နင်တို့ကိုပဲ အားကိုးရတာ၊ အမူး သမားတွေနဲ့တွေ့လို့ ချုံထဲမှာပုန်းရရင် စကားမပြောဖို့ တောင်းပန် ပါတယ် ရန်လေးရယ်"

ပိုပိုအောင်က ငိုသံစွက်ကာပြောတော့ ရန်လေးက ခေါင်းညိတ် ပြီး ကတိပေးသည်။



ရွှေပန်းတောရွာနှင့် မြိုင်သာယာရွာကြား သုံးပင်တိုင် တံတားထိပ်သို့ ဝေလွင်တို့ရောက်လာချိန် မိုးချုပ်သွားပြီဖြစ်သည်။ ပတ်ဝန်းကျင်က မှောင်မည်းလာသည်။ မည်သည့်အရာကိုမျှ သဲသဲ ကွဲကွဲ မမြင်ရတော့ပေ။

ထိုစဉ် မလှမ်းမကမ်းဆီမှ အမူးသမားများ၏ ဆဲဆို အော်ဟစ်သံများကို ဝေလွင်တို့ကြားလိုက်ရသည်။ လမ်းဘေး ချုံပုတ်များဆီသို့ လူစုခွဲကာ ပုန်းလိုက်ကြသည်။ အသံဗလံများက တဖြည်းဖြည်း နီးကပ်လာသည်။

"ဘယ်ကောင် မိုက်လဲ ထွက်လာခဲ့စမ်း"

တံတားပေါ်ရောက်ချိန်တွင် အမူးသမားတစ်ယောက်၏ စကားကြောင့် ဝေလွင်တို့ ထိတ်လန့်သွားကြသည်။ သူတို့ ပုန်းနေ သည်ကို အမူးသမားများသိသွားပြီလားမသိ။

"တွေ့လို့ကတော့ ခါးချိုးပြီး သွားကြားထိုးပစ်လိုက် မယ်. . . အေ့"

နောက်ထပ် အမူးသမားတစ်ယောက်၏အသံ။

"အခါတိုင်းဆိုရင် ကျောင်းကပြန်လာတဲ့ ကလေးတွေ ဒီတံတားကဖြတ်တာပါ၊ အခုဖြတ်သွားတာမတွေ့သေးဘူး၊ စောင့် ဦးမယ်၊ ပြန်လာရင် သူတို့လေးတွေကို အပျင်းပြေရစ်လို့ရတာပေါ့၊ ဟား. . . ဟား. . . ဟား" တတိယမြောက် အမူးသမားတစ်ယောက်၏ စကားသံ။

တံတားပေါ်တွင် သုံးယောက်ပေါင်းထိုင်ကာ အရက်သောက် နေကြသည်။ လရောင်မရှိသော်လည်း ကြယ်ရောင်ကြောင့် အမူး သမားများကို လှမ်းမြင်နေရသည်။

ဝေလွင်က ခြေနင်းသံမကြားအောင် နင်းခိုင်းပြီး တံတားအောက်မှ အားလုံးကိုခေါ်လာခဲ့သည်။ ဟိုဘက် ချုံပုတ်များထဲမှ သည်ဘက်တံတားထိပ်သို့ တိတ်တဆိတ် ဖြတ်လာနိုင်ခဲ့ကြသည်။ အမူးသမားများနှင့်ဝေးရာသို့ ခြေသံဖွဖွနင်းကာ ပြန်လာခဲ့ကြသည်။

"အရူးကြီးတွေ၊ ကျုပ်တို့ကို စောင့်နေတယ်ပေါ့၊ ကျုပ်တို့က ဒီဘက်နားရောက်သွားပြီ၊ တာ့ တာ"

အတန်တန်ပြောထားသည့်ကြားမှ ရန်လေး စည်းကမ်းဖောက်လေပြီ။ အမူးသမားများက နေရာမှထကာ ပြေးလိုက်လာကြသည်။ ဝေလွင်တို့သူငယ်ချင်းတစ်စု ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင် ပြေးလာခဲ့ကြရသည်။ အမူးသမားများက ကျောက်ခဲများဖြင့် လှမ်းပစ်သည်။ လေးခွဖြင့် လိုက်ပစ်သည်။

"အမလေး. . . သေပါပြီဗျ"

တစ်ယောက်ကိုတော့ ထိသွားပြီ။ ဘယ်သူမှန်း မသိပေ။ မှောင်မှောင်မည်းမည်းမှာ အသက်လုပြီး ပြေးနေရသည်။ ရွာအဝင်တံခါးပေါက်ရောက်မှသာ အသက်မှန်မှန်ရှူနိုင်ကြသည်။

"ပိုပိုအောင်နဲ့ လှအေးမယ် ပါလား"

"အေး. . . ပါတယ်"

"ဖိုးသီး၊ ကျော်ကြီး၊ ဇော်လင်း၊ ထိုက်ထိုက်၊ ရန်လေး အားလုံးစုံလား"

ဝေလွင်က လူစစ်သည်။

"ရန်လေး ပါမလာဘူး"

ထိုစဉ် ကြောက်အားလန့်အားဖြင့် ပြေးလာသော ရန်လေးကို တွေ့လိုက်ရသည်။



"ကြောက်ပါပြီ၊ ကယ်ကြပါဦး၊ နောက်မှာ အမူးသမားတွေ လိုက်လာလို့၊ အမလေး သေပါတော့မယ်ဗျ"

ရန်လေးကို ဝေလွင်တို့သူငယ်ချင်းတစ်စု ဝိုင်းဝန်းဖျောင်းဖျကြသည်။ ရန်လေး အကြောက်လွန်နေသည်။ ရွာထဲမှလူကြီးများ အပြေးအလွှားထွက်လာကြသည်။ ရန်လေးကို အကြောက်ပြေအောင် အားပေးနှစ်သိမ့်ပြီး သူတို့အိမ်ဆီသို့ ခေါ်ဆောင်သွားသည်။

ရန်လေး ကျောင်းမတက်သည်မှာ တစ်ပတ်ခန့်ရှိပြီ။ လန့်ဖျား ဖျားသွားခြင်းဖြစ်ပါသည်။ ဝေလွင်တို့သူငယ်ချင်းတစ်စု ရန်လေးဆီသို့ လာခဲ့ကြသည်။ ရန်လေးက မျက်နှာငယ်လေးနှင့်ကြည့်နေသည်။

"ငါ နှုတ်စောင့်စည်းပါတော့မယ် သူငယ်ချင်းတို့ရယ်၊ နောင်တရသွားပါပြီ၊ ငါ့ကြောင့် တစ်ပါးသူ ဒုက္ခမရောက်စေရပါဘူး၊ နှုတ်ကြောင့် သေတတ်တယ်ဆိုတာ ငါ သဘောပေါက်ပါပြီ"

ဝေလွင်တို့အားလုံး ပြုံးလိုက်ကြသည်။ ရန်လေးအား အားပေးစကားပြောကာ ပြန်လာခဲ့ကြသည်။ အရင်ကနှင့်မတူဘဲ ပြောင်းလဲသွားသော ရန်လေးအတွက် ဝေလွင်တို့သူငယ်ချင်းအားလုံး ဝမ်းသာကြပါသည်။

ရန်လေး နှုတ်စောင့်စည်းတတ်သွားပါပြီ။

× × × × × × × ×

# ကိုယ်ပိုင်ဉာဏ်

ကျော်ကျော် ကျောင်းကပြန်လာပြီး အိမ်စာလုပ်ရန် ပြင်ဆင်သည်။ ကျော်ကျော်သည် ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော ကျောင်းသား ဖြစ်ပါသည်။

အိမ်ရှေ့ဈေးဆိုင်ထဲတွင် မေမေ ဈေးဝယ်သူများကျ၍ အလုပ်ရှုပ်နေသည်။ ကျော်ကျော်အတွက် အခွင့်အရေးပင်ဖြစ်သည်။

စားပွဲပေါ်မှဂဏန်းပေါင်းစက်ကို ကျော်ကျော် တိတ်တိတ်လေး ယူလာသည်။ ဆရာမပေးလိုက်သော သင်္ချာပုစ္ဆာများတွက်ရမည် ဖြစ်၍ ဂဏန်းပေါင်းစက်ကို အားကိုးရမည်။

သင်္ချာပုစ္ဆာများကို ကျော်ကျော် ခဏပင်တွက်ပြီးသွားသည်။ ဂဏန်းပေါင်းစက်ဖြင့်တွက်သောကြောင့် အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားကို ပင်ကိုဉာဏ်ဖြင့် စဉ်းစားစရာမလိုပေ။

"ဂဏန်းပေါင်းစက် ဘယ်သူယူသွားလဲ"

ဈေးဆိုင်ဆီမှ မေမေ့အော်သံကြားလိုက်ရသည်။ ကျော်ကျော်လည်း ကမန်းကတန်းသွားကာ စားပွဲပေါ်တွင် ပြန်ထားလိုက်သည်။ မေမေအလုပ်ရှုပ်နေ၍ သတိမထားမိပေ။

ကျောင်းရောက်လျှင် ကျော်ကျော်ဆီသို့ သင်္ချာစာအုပ်လာငှားကြသည်။ ကူးချခြင်းမျိုးမဟုတ်ဘဲ အဖြေတိုက်ခြင်းသဘောဖြစ်ပါသည်။ သင်္ချာပုစ္ဆာများ၏ အဖြေသည် ကျော်ကျော်၏စာအုပ်တွင် အမြဲမှန်နေတတ်သည်။

အတန်းထဲတွင် အမြဲတမ်းပထမရနေသော နဒီပွင့်ဦးပင်ကျော်ကျော်လောက်အဖြေမမှန်ပေ။ သင်္ချာဘာသာတွင် ကျော်ကျော်ကအတော်ဆုံးဟုအတန်းဖော်များက ထင်ထားကြသည်။ ကျော်ကျော်ကလည်း ကျိတ်ပြီးဝမ်းသာနေမိသည်။

ပထမလပတ်စာမေးပွဲဖြေသောအခါ ကျော်ကျော် ဒုက္ခရောက်ရလေပြီ။

စာမေးပွဲခန်းထဲသို့ ဂဏန်းပေါင်းစက်ယူခွင့်မရှိပေ။ သင်္ချာမေးခွန်းများကို ပင်ကိုဉာဏ်ဖြင့် တွက်ချက်ဖြေဆိုရသောအခါ သင်္ချာ၏အဓိကသော့ချက်ဖြစ်သော ကိန်းဂဏန်းများ ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်းအား တိတိကျကျ မလုပ်တတ်တော့ချေ။

အဖြေများလည်း အလွဲလွဲ အမှားမှား ထွက်ကုန်သည်ကို ကျော်ကျော် ကိုယ်တိုင်သိပါသည်။ ကိုယ့်ပင်ကိုဉာဏ်ကို မသုံးခဲ့မိ၍ သင်္ချာပုစ္ဆာများ၏ အဖြေအားလုံး လွဲမှားခဲ့လေသည်။

စာမေးပွဲခန်းထဲက ထွက်လာသောအခါ ကျော်ကျော့် အမူအရာ ပျက်နေသည်။ အတန်းဖော်သူငယ်ချင်းများအားလုံး ဖြေဆိုနိုင်ကြသည်။ သင်္ချာတွင် ကျော်ကျော် အမှတ်ပြည့်ရလိမ့်မည်ဟု အားလုံးက ထင်ကြေးပေးခဲ့ကြသည်။

× × ×



ပထမလပတ်စာမေးပွဲမှ သင်္ချာဘာသာရပ် အမှတ်စာရင်းများထွက်လာပြီဖြစ်သည်။ ထင်မှတ်မထားသော အဖြေကြောင့် အားလုံးအံ့အားတသင့်ဖြစ်ကုန်ကြသည်။

"နဒီပွင့်ဦးက အမှတ် ၁၀၀ အပြည့်ရပါတယ်၊ ကျန်တဲ့သူတွေလည်း အမှတ် ၉၀ ကျော်ရကြတယ်၊ တစ်တန်းလုံးမှာ တစ်ယောက်ပဲ ကျတယ်၊ ဘယ်သူလို့ထင်လဲ"

ဆရာမစကားကြောင့် စာညံ့သော ဝင်းကိုလေးဆီသို့ ဝိုင်းကြည့်နေကြသည်။ ဝင်းကိုလေးက လက်မထောင်ပြသည်။ သူဖြေနိုင်သည်ဟူသော အဓိပ္ပာယ်ပင်ဖြစ်ပါသည်။

"အမှတ် ၂၀ နဲ့ မောင်ကျော်ကျော် စာမေးပွဲ ကျပါတယ်"

"ဟယ် . . ."

"တကယ်"

"ယုံတောင် မယုံနိုင်ဘူး"

ကျောင်းသားကျောင်းသူများဆီမှ အာမေဋိတ်သံများ လွင့်ထွက်လာသည်။ ကျော်ကျော်ကတော့ စာမေးပွဲကျရသောအကြောင်းရင်းကို ကိုယ်တိုင်သိနေပါသည်။

"သား. . . ကျော်ကျော်. . မတ်တတ်ရပ်ပါဦးကွယ်"

ကျော်ကျော်မတ်တတ်ရပ်စဉ် အားလုံးဝိုင်းကြည့်နေကြသည်။ ကျော်ကျော်အလွန်ရှက်မိပါသည်။ အားလုံးက အထင်ကြီးသည်ကို သာယာခဲ့မိသမျှ အားလုံးဆီမှ အထင်သေးမှုကို လက်ငင်းပြန်ရလိုက်ပါပြီ။

"ဘယ်လိုဖြစ်တာလဲ သား၊ အဖြေတွေက တစ်ပုဒ်မှကို မမှန်ဘူး၊ အတန်းထဲမှာ သားက သင်္ချာအတော်ဆုံးလို့ ပြောနေကြတာလေ"

ကျော်ကျော် မတုန်မလှုပ် ငူငူကြီးဖြစ်နေသည်။

"ဒုတိယလပတ်စာမေးပွဲမှာ ကျလို့မရဘူးနော်သား၊ မရှင်းတာရှိရင် ဆရာမကိုလာမေး၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ . . ."

ကျောင်းအပြန်လမ်းမှာ သူငယ်ချင်းများက ကျော်ကျော်ကို အခေါ်အပြောမလုပ်ကြတော့ပေ။ စာမေးပွဲကျသဖြင့် အထင်သေးသွားကြခြင်းဖြစ်သည်။ အချစ်ဆုံးသူငယ်ချင်းဖြစ်သော နှင်းနုကပင် ကျော်ကျော်အား အထင်သေးစွာ ပြောလာသည်။

"ကျော်ကျော် . . . နင် မရှက်ဘူးလား၊ တစ်တန်းလုံးမှာ နင့် တစ်ယောက်တည်းပဲကျတာ၊ သူငယ်ချင်းလို့ ပြောရမှာတောင် ရှက်ဖို့ကောင်းတယ်၊ နင့်အမေကို သွားတိုင်ပြောမယ်. ."

ကျော်ကျော် ဘာမှမတတ်နိုင်ပေ။ နှင်းနုအကြောင်း သူအသိဆုံး။ အိမ်နီးနားချင်း ငယ်သူငယ်ချင်းလည်းဖြစ်၍ နှစ်အိမ့်တစ်အိမ် ဝင်ထွက်သွားလာစားသောက်နေကျ ဖြစ်သည်။

ကျော်ကျော်အားတင်းထားပါသည်။ သူ့အမှားကို ဝန်ခံရန်ဆုံးဖြတ်ထားသည်။ ဒုတိယလပတ်စာမေးပွဲတွင် အမှတ်ကောင်းကောင်းဖြင့်အောင်ရန် ပြန်လည်ကြိုးစားရပါမည်။

"ရှက်ဖို့ကောင်းလိုက်တာကွာ၊ ငါ့မျက်နှာ ဓားနဲ့သာ လှီးပစ်လိုက်ချင်တော့တယ်"

ဖေဖေက ဒေါသဖြစ်စွာပြောသည်။ မေမေလည်း ဆိုင်အစောကြီး ပိတ်လိုက်၏။ ဒသမတန်းတက်နေသော မမစပယ်ဦးလည်း ဧည့်ခန်းထဲတွင် ထိုင်နေသည်။



"သင်္ချာကို အမှတ် ၂၀နဲ့ ကျရအောင် မင်း အဲဒီလောက်တောင် ညံ့ရသလား"

ဖေဖေ့ဒေါသက အရှိန်မသေသေးပေ။ မေမေက ဝင်ပြောပေးသည်။

"ကလေးကိုဆူနေလို့ ဘာမှထူးလာမှာမဟုတ်ဘူး၊ ဘာကြောင့်ကျသလဲဆိုတာ အဖြေရှာရမှာပေါ့"

မေမေ့စကားကြောင့် ဖေဖေစိတ်ကိုလျှော့လိုက်သည်။ ကျော်ကျော်ကတော့ ဝမ်းနည်းစိတ်ကြောင့် ငိုသာငိုချလိုက်ချင်တော့သည်။

"အဖြေကတော့ရှင်းပါတယ် မေမေရာ၊ မောင်လေးက အပေါင်း အနုတ်၊ အမြှောက်၊ အစား ဆိုတဲ့အခြေခံကို မပိုင်လို့ပါ၊ မယုံရင် သူ့ကို အလီဆိုခိုင်းကြည့်၊ သူ အလွတ်မဆိုနိုင်ဘူး"

မမစပယ်ဦးစကားကြောင့် ကျော်ကျော်ထိတ်ခနဲဖြစ်သွားသည်။ ဂဏန်းပေါင်းစက်ဖြင့် သင်္ချာတွက်မှန်း မမ သိသွားပြီလားမသိ။

"ဒီနေ့ညကစပြီး အလီတွေပြန်ကျက်ခိုင်းရမယ်၊ ပြီးရင် အလွတ်ဆိုခိုင်းရမယ်၊ သူ့ကိုယ်ပိုင်ဉာဏ်နဲ့သိမှသာ သင်္ချာပုစ္ဆာတွေကို အဖြေထုတ်နိုင်မှာ၊ မေမေ့ဂဏန်းပေါင်းစက်ကိုလည်း သေချာသိမ်းထားဦး"

"အေးပါ. . . သမီးရယ်. ."

မမကူပြောပေး၍သာ ကျော်ကျော် သက်သာရာရခဲ့သည်။ ဂဏန်းပေါင်းစက်ဖြင့် သင်္ချာတွက်ခြင်းကို စွန့်လွှတ်လိုက်ပါပြီ။

× × ×

သင်္ချာဘာသာရပ်၏အခြေခံဖြစ်သော အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား စသည့် သင်ခန်းစာများကို ကျော်ကျော် ပိုင်နိုင်စွာ တွက်ချက်နိုင်ပြီဖြစ်ပါသည်။

မရှင်းသောပုစ္ဆာများကို မမကရှင်းပြပေးသည်။ ညစဉ် ဖေဖေနှင့် မေမေတို့ဆီမှာ အလီဆိုပြရသည်။

ကျော်ကျော်သည် သင်္ချာဉာဏ်ထက်မြက်သူဖြစ်၏။ ပထမတန်းမှ ပဉ္စမတန်းအထိ အတန်းတိုင်းတွင် သင်္ချာအမှတ် အများဆုံး ရခဲ့သူဖြစ်သည်။

ဆဋ္ဌမတန်းရောက်သောအခါ အလွယ်လမ်းကို လိုက်ခဲ့မိ၍ စာမေးပွဲကျရခြင်း ဖြစ်ပါသည်။

ဒုတိယလပတ်စာမေးပွဲတွင် ကျော်ကျော် အောင်မှတ်ရအောင် ဖြေဆိုနိုင်ခဲ့ပါသည်။ အခြားဘာသာရပ်များတွင်လည်း အမှတ်ကောင်းကောင်းဖြင့် အောင်သည်။

သူ့အားအထင်သေးခဲ့သော အတန်းဖော်များက ပြန်ခေါ်ကြသည်။ သို့အတွက် ကျော်ကျော်ပျော်ပါသည်။ ကိုယ်ပိုင်ဉာဏ်မသုံးပဲ အလွယ်လမ်းလိုက်ခဲ့သဖြင့် အထင်သေးခြင်းကိုခံခဲ့ရခြင်းဖြစ်သည်။ သူငယ်ချင်းအားလုံးကလည်း မိမိပင်ကိုဉာဏ်ဖြင့် ကြိုးစားကြသူများဖြစ်၍ ပြောင်းလဲလာသော သူ့ကိုပြန်လည် လက်ခံလာကြခြင်းဖြစ်ပါသည်။

ဒုတိယအစမ်းစာမေးပွဲ သင်္ချာဘာသာအမှတ်စာရင်းများ ထွက်ပေါ်လာပြီဖြစ်သည်။

"သင်္ချာဘာသာရပ်မှာ တန်းလုံးကျွတ်အောင်ပါတယ်ကွယ်၊ သားတို့သမီးတို့ရဲ့ ကြိုးစားအားထုတ်မှုကို ဆရာမ အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ အမှတ်အများဆုံးရတဲ့သူနဲ့ ဒုတိယအမှတ်အများဆုံးရတဲ့သူကတော့ တစ်မှတ်ပဲ ကွာတယ်။ တစ်ယောက်က အမှတ် ၁၀၀၊ နောက် တစ်ယောက်က ၉၉ မှတ်၊ ဘယ်သူတွေဖြစ်မလဲ"

ဆရာမ အမေးစကားကြောင့် တစ်ယောက် တစ်ပေါက် ပြောနေကြသည်။

"ဝမ်းသာစရာသတင်းကောင်းလည်း ပြောရဦးမယ်၊ သင်္ချာအမှတ်အများဆုံးရတဲ့သူက သင်္ချာစွမ်းရည်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမှာဖြစ်ပါတယ်"

တစ်တန်းလုံး တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ ဆရာမ ပြောလာမည့်နာမည်ကို စိတ်ဝင်တစားနားစွင့်နေကြသည်။

"သမီးနဒီပွင့်ဦး ထပါဦးကွယ်"

နဒီပွင့်ဦးက ယုံကြည်မှုအပြည့်ဖြင့် မတ်တတ်ရပ်လိုက်သည်။

"$2^0$ (တူး တူးသယ်ပါဝါ ဇီးရိုး) ရဲ့အဖြေက ဘယ်လောက်လဲ"

"ဇီးရိုးပါ ဆရာမ"

"ကောင်းပြီ. . . သား မောင်ကျော်ကျော် ထပါဦးကွယ်"

ကျော်ကျော့်အား တစ်တန်းလုံး အံ့သြမှင်တက်စွာကြည့်နေကြသည်။ အထင်သေးသော အကြည့်မျိုး မဟုတ်ဘဲ အထင်ကြီးအားကျသောအကြည့်မျိုး ဖြစ်နေပါသည်။

"သားကရော အဖြေဘယ်လောက်လဲ"

"ဝမ်းပါဆရာမ"

"ကောင်းပါပြီကွယ်၊ နှစ်ယောက်စလုံးထိုင်ကြပါ၊ သူတို့နှစ်ယောက်ကွာသွားတဲ့တစ်မှတ်ဟာ အဲဒီအဖြေပါပဲ၊ အဖြေမှန်က

ဝမ်းပါ၊ ဒါ့ကြောင့် မောင်ကျော်ကျော်က သင်္ချာမှာ အမှတ်ပြည့် ရသွားပါတယ်"

"ဖြောင်း. . . . . ဖြောင်း. . . . ဖြောင်း"

အတန်းတင်စာမေးပွဲတွင် အမှတ်ပြည့်ရအောင် ကျော်ကျော် ဆက်လက်ကြိုးစားရပါဦးမည်။ နဒီပွင့်ဦးနှင့် သူသည် တစ်မှတ်သာ ကွာသဖြင့် သင်္ချာစွမ်းရည်ပြိုင်ပွဲဝင်ရန် အခွင့်အရေးကိုယ်စီရှိ နေကြသည်။

ကိုယ်ပိုင်ဉာဏ်ဖြင့် ကြိုးစားနေသော ကျောင်းသား၊ ကျောင်းသူတိုင်းအတွက် အခွင့်အရေးကိုယ်စီရှိနေသည်ကို ကျော်ကျော်က သက်သေပြလိုက်ပြီဖြစ်ပါသည်။

×××××××××

## အမေ့ကိုလည်း ဝိုင်းကာကူညီ

ဆွမ်းလောင်းပွဲရှိ၍ အမေနံနက်အစောကြီး အိပ်ရာထသည် ကို မိခိုင်သိသည်။ မောင်လေးဖိုးတုတ်ငိုလျှင် မိခိုင် ထိန်းပေးရ သည်။ မောင်လေးဖိုးတုတ်က တစ်နှစ်သားအရွယ်သာရှိသေးပြီး မိခိုင်ကတော့ ဆယ်နှစ်ရှိပါပြီ။ မိခိုင်မှာ စတုတ္ထတန်းတွင် ပညာ သင်ကြားနေသော ကျောင်းသူလေးဖြစ်ပါသည်။

မိခိုင်ဖေဖေက ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချလုပ်သည်။ မေမေက လမ်းထိပ်တွင် မုန့်ဟင်းခါးနှင့် အကြော်ရောင်းသည်။ တစ်နေကုန်ပင်ပန်းလာသဖြင့် ဖေဖေက ဟောက်သံပါအောင်ပင် အိပ်မောကျနေသည်။ မောင်လေးဖိုးတုတ် အိပ်ပျော်နေ၍ မိခိုင် လည်း အိပ်ရာထဲမှ ခြေသံဖွဖွနင်းကာ မီးဖိုခန်းဆီသို့လာခဲ့သည်။

"မေမေ. . . သမီး ဘာကူလုပ်ပေးရဦးမလဲ"

မိခိုင် တိုးတိုးလေးမေးလိုက်သည်။ မေမေက ဆွမ်းလောင်း မီရန်အတွက် ဆွမ်းချက်နေခြင်းဖြစ်သည်။ မုန့်ဟင်းခါးနှင့် အကြော် အတွက်လည်း အမေလုပ်ရဦးမည်။

"သမီးလုပ်နိုင်တာလုပ်၊ မေမေပြောချိန်မရဘူး"

မိခိုင် မီးဖိုခန်းထဲ ဝေ့ဝဲကြည့်လိုက်သည်။ ဆွမ်းလောင်းသွားမည်ဖြစ်၍ ဆွမ်းထည့်မည့်ဇလုံနှင့်ဇွန်းကို မိခိုင် အရင်ဦးဆုံး ဆေးကြောသည်။ ပြီးနောက် ရေစင်စေရန် စားပွဲပေါ်တွင်မှောက်ထားလိုက်သည်။

မေမေ ဟင်းအမြန်ဆုံးချက်နိုင်ရန် မိခိုင်ကူညီရမည်။

ကြက်သွန်ဖြူနှင့် ကြက်သွန်နီတို့ကို အခွံနွှာပေးသည်။ မေမေ့ခွင့်ပြုချက်ဖြင့် ငရုတ်ဆုံထဲတွင် ကြက်သွန်နီနှင့် ချင်းကိုရောကာ ထောင်းသည်။ အသံကျယ်မည်စိုး၍ ခပ်အုပ်အုပ်ထောင်းရသည်။

ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်တို့ကို သင်ပေးသည်။ ငရုတ်သီးစိမ်းတောင့်များကို အညှာခြွေပေးသည်။ မေမေချက်မည့်ဟင်းတစ်ခွက်အတွက် အဆင်သင့်ဖြစ်သွားပါပြီ။

"ကဲ. . . သမီး၊ အရုဏ်ဆွမ်းကပ်လိုက်တော့၊ မေမေ ဆွမ်းလောင်းမမီဘဲနေလိမ့်မယ်. . ."

မေမေက ဆွမ်းအုပ်ရွက်ကာ ရပ်ကွက်မှောရုံဆီသို့ ထွက်သွားချေပြီ။ မိခိုင်လည်း ဆွမ်းတော်ခွက်နှင့် သောက်တော်ရေခွက်များကို ဆေးကြောကာ ရေပြောင်အောင် အဝတ်သန့်ဖြင့်သုတ်သည်။

ဘုရားစင်တွင် ဆွမ်းတော်နှင့် သောက်တော်ရေကပ်သည်။ ဖယောင်းတိုင်နှင့်အမွှေးတိုင် ထွန်းညှိပူဇော်သည်။ မေမေသင်ပေးထားသည့်အတိုင်း ဆွမ်းတော်ကပ်လျှင် ရွတ်ဆိုမည့်ဘုရားစာများကို ခပ်တိုးတိုးရွတ်ဆိုသည်။

ဆွမ်းလောင်းပြီး မေမေပြန်လာလျှင် အကြော်အဆင်သင့်ကြော်နိုင်ရန် ဘူးသီး၊ ဂေါ်ရခါးသီးနှင့် ခရမ်းသီးတို့ကို အနေတော်



လှီးပေးထားသည်။ ပြောင်းဖူးကြော်အတွက် ပြောင်းစေ့များခြွေထားသည်။ ကြက်သွန်ကြော်အတွက် ကြက်သွန်နီဥများကို လှီးထားသည်။

မိခိုင်အဆင်သင့်လုပ်ထားပေးသဖြင့် မေမေသည် အကြော်များကို ခဏအတွင်းကြော်နိုင်ခဲ့သည်။ မုန့်ဖတ်များကို ဖေဖေက မုန့်ဖိုမှ နေ့တိုင်းသွားယူပေးနေကျဖြစ်ပါသည်။ သို့သော် ယနေ့ ဖေဖေအိပ်ရာက မနိုးသေးပေ။

"သမီး. . . ဖေဖေ့ကိုနှိုးလိုက်တော့၊ မုန့်ဖတ်သွားယူရမယ်လေ"

မိခိုင်လည်း အိပ်မောကျနေသော ဖေဖေ့အား မနှိုးရက်ပေ။

"မေမေ. . . သမီးပဲသွားယူလိုက်တော့မယ်"

တစ်လမ်းကျော်မှ မုန့်ဖိုဆိုင်သို့ မိခိုင် ခပ်သွက်သွက်လာခဲ့သည်။ မိခိုင်ရောက်ချိန် မုန့်ဖိုစဖွင့်နေလေပြီ။

"ဟော. . . သမီး မိခိုင်ပါလား၊ သမီးဖေဖေ မအားလို့လား"

မုန့်ဖိုပိုင်ရှင် ဦးလေးတင့်က မေးလာသည်။

"ဟုတ်တယ် ဦးလေးတင့်၊ ဖေဖေပင်ပန်းလို့ အိပ်နေတာကို မနှိုးရက်လို့ သမီးလာယူတာ"

"သာဓုပါကွယ်၊ သာဓု. . . . သာဓု၊ လိမ္မာလိုက်တဲ့ ကလေး"

မုန့်ဖိုမှ မိခိုင်ပြန်လာခဲ့သည်။ အိမ်ရောက်သည်နှင့် မေမေက မုန့်ဟင်းခါးဆိုင်သို့ ပစ္စည်းသွားပို့ရန် ပြင်နေပြီ။ မိခိုင်လည်း မေမေနှင့်အတူ လမ်းထိပ်မုန့်ဟင်းခါးဆိုင်သို့ ပစ္စည်းများ လိုက်ပို့ပေးသည်။

မေမေ မုန့်ဟင်းခါးဆိုင်လေးဖွင့်သည်နှင့် ဝယ်သူများ ရောက်လာတော့သည်။

"သမီး. . . ကျောင်းသွားတော့လေ"

"ဟုတ်ကဲ့"

မိခိုင်ကျောင်းသို့လာခဲ့သည်။ ကျောင်းရောက်သည်နှင့် သင်ခန်းစာများကို ဖတ်မှတ်နေသည်။ မိခိုင်က စာလည်းတော်ပါသည်။ ကြီးလာလျှင် ဆရာဝန်မကြီးဖြစ်ရမည်ဟု မှန်းထားသူလေးလည်းဖြစ်ပါသည်။

× × ×

ကျောင်းဆင်းလျှင်အိမ်သို့မပြန်ဘဲ အကြော်ဆိုင်သို့ မိခိုင်လာသည်။ မေမေက နံနက်ပိုင်းတွင် မုန့်ဟင်းခါးနှင့် အကြော်ရောင်းပြီး ညနေပိုင်းတွင်လည်း အကြော်နှင့်ဝက်သားတုတ်ထိုးရောင်းပါသည်။

"သမီး. . . မေမေနောက်ကျမယ်၊ အိမ်ပြန်ပြီး ထမင်းချက်ထားပေးပါကွယ်"

"ဟုတ်ကဲ့"

မောင်လေးဖိုးတုတ်က မေမေနှင့်အတူရှိနေသည်။ မေမေပေးသော အကြော်နှစ်ခုကိုယူကာ မိခိုင်အိမ်ပြန်ခဲ့သည်။ကျောင်းဝတ်စုံလဲပြီးသည်နှင့် မီးဖိုခန်းထဲဝင်ခဲ့သည်။ ခြောက်ပြည်ဝင် ဆန်အိတ်ထဲမှ ဆန်နို့ဆီသုံးဘူးခပ်ယူကာ လင်ပန်းထဲထည့်သည်။ ပြီးနောက် စပါးလုံးရွေးသည်။ စပါးလုံးပြောင်သောအခါ ဆန်စိမ်သည်။ မီးသွေးမီးဖိုတွင် မီးသွေးအနေတော်ထည့်ကာ မီးစပျိုးသည်။ ကြက်သွန်နှင့် ဟင်းသီးဟင်းရွက်များကို သင်ထားလိုက်သည်။

ထမင်းအိုးတည်ပြီးသောအခါ ကြက်သွန်၊ ငရုတ်သီးတို့ကို ညက်နေအောင် ငရုတ်ဆုံဖြင့်ထောင်းသည်။ ငါးလေးအိုးကပ်



ကြော်မည်ဟု မေမေပြောလိုက်သဖြင့် ဖက်ဖြင့်ထုပ်ထားသောငါးလေးများကို ရေပြောင်အောင်ဆေးသည်။ ငါးချေးဖောက်ထားလိုက်သည်။

ဆိုင်သိမ်းချိန်ရောက်ပြီဖြစ်၍ မိခိုင်လမ်းထိပ်သို့ အပြေးလာခဲ့သည်။ မောင်လေးဖိုးတုတ်က ဂျီကျနေသဖြင့် မေမေချော့နေရသည်။ ပစ္စည်းထည့်ထားသောတွန်းလှည်းကို မိခိုင် တွန်းလာခဲ့သည်။ အိမ်ရောက်သောအခါ ပစ္စည်းများကို မီးဖိုခန်းထဲသို့ သယ်လာသည်။ ဆေးကြောစရာ အိုးခွက်ပန်းကန်များကို မိခိုင်ချက်ချင်းဆေးလိုက်သည်။

ထိုစဉ် ဖေဖေလည်း အလုပ်က ပြန်လာသည်။ မောင်လေးဖိုးတုတ်အတွက် ဖေဖေက ဂျယ်လီတစ်ဘူး ဝယ်လာသည်။

"ကဲ. . ဗိုက်ဆာတယ်ဟေ့၊ ထမင်းပြင်တော့ကွာ"

ထမင်းကတော့ကျက်ပြီ။ ဟင်းက မချက်ရသေးပေ။ မောင်လေးဖိုးတုတ်ကလည်း မေမေ့လက်ပေါ်က မဆင်းတော့။

"မေမေ. . . ဟင်းပြင်ပြီးပြီ၊ ငါးလေးအိုးကပ်တော့ သမီးမကြော်တတ်ဘူး၊ မောင်လေးကို သမီးဆီပေး"

မေမေ့လက်ထဲမှ မောင်လေးဖိုးတုတ်ကို မိခိုင်ပွေ့ချီလိုက်သည်။ မေမေက ငါးလေးအိုးကပ် ကမန်းကတန်း ကြော်သည်။ မောင်လေးအငိုတိတ်ပြီဖြစ်၍ မိခိုင်အိမ်ထဲပြန်ဝင်လာခဲ့သည်။

ဖေဖေတောင် ထမင်းစားနေပြီ။ ဆိပ်ကမ်းမှာ ကုန်တင်ကုန်ချလုပ်ရ၍ဖေဖေ ပင်ပန်းပါသည်။ အိမ်ရောက်လျှင် ထမင်းတန်းစားသည်။ မေမေကလည်း ဈေးရောင်းတစ်ဖက်ဖြင့် အချိန်မမီသည်ကများသည်။ ဖေဖေနှင့်မေမေ ကတောက်ကဆ ဖြစ်တတ်သည်။

ယနေ့မူ ဖေဖေက မေမေ့ကို ပြဿနာမရှာတော့ပါ။ ထမင်းနှင့်ဟင်းကို မေမေအချိန်မီ ချက်ပေးနိုင်ခဲ့သည်။ ဖေဖေ အားရပါးရ စားနေသည်ကိုမြင်တော့ မိခိုင်ပျော်ပါသည်။

မေမေ့အိမ်အလုပ်များကို မိခိုင် ကူညီလုပ်ကိုင်ပေးနိုင်ခဲ့သည်။ နောက်ရက်များတွင်လည်း မပျက်မကွက် မေမေ့ကို ကူညီပေးပါဦးမည်။

× × ×

ဖေဖေ ဖျားနေ၍ အလုပ်မသွားနိုင်သည်မှာ နှစ်ရက်ရှိပြီ။ သည်ကြားထဲ မောင်လေးဖိုးတုတ်ကပါ ဖျားနေလေတော့ မေမေ ဈေးမထွက်နိုင်။ ဈေးမထွက်နိုင်တော့ နေ့ပြန်တိုးချေးထားသောငွေများကို မပေးနိုင်ဖြစ်နေသည်။

မိခိုင်လည်း စိတ်မကောင်းဖြစ်ရသည်။ မိသားစုဝင်ငွေမရှိလေတော့ ဖေဖေနှင့်မေမေတို့ မျက်နှာတွေကလည်း ညှိုးငယ်နေကြသည်။

မိခိုင်တို့ရပ်ကွက်ထဲတွင် စတိတ်ရှိုးပွဲရှိသည်။ စတိတ်ရှိုးပွဲသို့ ဈေးသွားရောင်းပါက တစ်ရက်နှစ်ရက်ဖြင့် ဝင်ငွေများများရနိုင်သည်။ မိခိုင် ကျောင်းပိတ်ရက်နှင့်လည်း တိုက်ဆိုင်နေသဖြင့် မေမေ့အား ဖွင့်ပြောသည်။

"အကြော် ကြော်ပေးလေ၊ သမီးသွားရောင်းမယ်"

"ဖြစ်ပါ့မလား သမီးရယ်"

"ဖြစ်ပါတယ်မေမေရယ်၊ ပြီးရင် ဒေါ်ကြီးသန်းအေးတို့လည်း ဈေးထွက်မှာလေ၊ သမီးမှာအဖော်ရှိပါတယ်"



မေမေက အိမ်မှာပင် အကြော်ကြော်ပေးသည်။ ထိုစဉ် ဒေါ်ကြီးသန်းအေးလည်း အိမ်ရောက်လာသည်။

"ဟဲ့. . . နွယ်နီ ဈေးမထွက်ဘူးလား"

"ယောက်ျားရော ကလေးပါဖျားနေတော့ ဘယ်လိုလုပ်ထွက်မလဲ"

"သေလောက်တဲ့ရောဂါမဟုတ်ဘူး၊ ဆေးထိုး ဆေးသောက်ခိုင်းထားလိုက်ရင်ရပါတယ်၊ စတိတ်ရှိုးက သုံးရက်တောင်နော်၊ အဲဒီသုံးရက်အတွင်းမှာ ငါတို့တစ်လစာလောက်ရှာမှရမယ့် အမြတ်ငွေတွေရမှာ၊ ညည်း မုန့်ဟင်းခါးဆိုင် ပြန်ထွက်စမ်းပါ"

ဒေါ်ကြီးသန်းအေးစကားကြောင့် မေမေစဉ်းစားနေသည်။ မိခိုင်လည်း ဝင်ပြောဖြစ်သည်။

"ဟုတ်သားပဲ မေမေကလဲ၊ မုန့်ဟင်းခါးနဲ့ အကြော်တွဲရောင်းပါလား၊ သမီးကျောင်းပိတ်တုန်း ကူညီမှာပေါ့"

ဤသို့ဖြင့် မိခိုင်နှင့်မေမေတို့ စတိတ်ရှိုးတွင် မုန့်ဟင်းခါးနှင့်အကြော်ဆိုင်လေး တွဲဖွင့်ဖြစ်သည်။ မေမေ့လက်ရာကို တစ်ရပ်ကွက်လုံးက သိထားကြသဖြင့် ဆိုင်ထဲတွင် လူမပြတ်ပေ။

"အကြော်နှစ်ပွဲ ထပ်ပေးပါ"

"လာပါပြီရှင့်"

"မုန့်ဟင်းခါးငါးပွဲ ပေးပါ"

"ရပါမယ်ရှင်၊ ခဏလေးစောင့်ပါ"

မိခိုင်၏သွက်လက်ဖျတ်လတ်မှုကို အားလုံးက အံ့အားတသင့်ဖြစ်နေကြသည်။ အကြော်ပန်းကန်များကို ချက်ချင်းလာပို့သည်။ မုန့်ဟင်းခါးပန်းကန်များကိုလည်း မှာပြီး ခဏအကြာ၌ ရအောင်လာချပေးသည်။

တစ်ရက်တည်းနှင့်ပင် မိခိုင်တို့ ငွေသုံးသောင်းကျော်ဖိုး ရောင်းရသည်။ မိခိုင်ပျော်ပါသည်။ နေ့ပြန်တိုးဖြင့် ချေးထားသောငွေများကို မေမေချက်ချင်းသွားဆပ်သည်။

နောက်နှစ်ရက်အတွက် သားအမိနှစ်ယောက် ပြင်ဆင်ကြသည်။ ဖေဖေနှင့် မောင်လေးဖိုးတုတ်တို့လည်း ကျန်းမာလာကြပြီ။

ဒုတိယရက်တွင် ငါးသောင်းကျော်ဖိုးရောင်းရသည်။ မေမေက တစ်ရေးမှုမအိပ်ရသေးပေ။ မေမေဗုန်းဗုန်းလဲသွားလျှင် မဖြစ်၍ မိခိုင်ပင် ဆိုင်စောင့်ပေးသည်။ နေ့ခင်းပိုင်းတွင် လူရှင်းပြီးညပိုင်းမှသာ လူကျသည်။ နေ့ခင်းတစ်ပိုင်းလုံး မေမေ့အား အိပ်ခိုင်းထားလိုက်သည်။

တတိယရက်တွင် လူပိုများသည်။ စတိတ်ရှိုးကလည်း ကောင်းသဖြင့် နောက်ဆုံးနေ့ညတွင် ကြည့်ရှုသူများ ကြိတ်ကြိတ်တိုးစည်ကားနေသည်။ မိခိုင်တို့ မုန့်ဟင်းခါးဆိုင်လေးတွင် လက်မလည်အောင်ရောင်းနေရသည်။

"မုန့်ဟင်းခါး ငါးပွဲပေးပါ"

မိခိုင် ချက်ချင်းသွားချလိုက်သည်။ မိခိုင်တို့ကျောင်းက ဆရာမဒေါ်သန္တာ၏ မိသားစုဖြစ်နေသည်။ ထိုအထဲတွင် မိခိုင်နှင့် အတန်းတူ ဆရာမ၏သမီး ဇာခြည်ဝင်းလဲ့လည်း ပါလာသည်။

"သမီး. . . ဈေးကူရောင်းနေတာလား"

"ဟုတ်ကဲ့ရှင့်"

"ငါတို့နဲ့ စတိတ်ရှိုးလိုက်ကြည့်ပါလား မိခိုင်"

ဇာခြည်ဝင်းလဲ့က မိခိုင်ကို သူငယ်ချင်းပီပီ စတိတ်ရှိုးကြည့်ရန်ခေါ်သည်။



"မလိုက်တော့ပါဘူး သူငယ်ချင်းရယ်၊ မေမေ့ကို ဝိုင်းကူလိုက်ဦးမယ်"

"ကြားလား သမီး"

ဆရာမ ဒေါ်သန္တာက ဇာခြည်ဝင်းလဲ့ကို မေးသည်။

"သမီးဆိုတာ အမေကိုကူညီလုပ်ကိုင်ပေးရတယ်၊ အဲဒီလိုကူလုပ်ပေးတော့ အမေသက်သာတာပေါ့၊ အမေအပေါ်သိတတ်တဲ့ သမီးတွေကိုလည်း လူတိုင်းက ချီးမွမ်းကြတယ်၊ သမီးလေးမိခိုင်ကို နမူနာယူရမယ်နော်"

"ဟုတ်ကဲ့ပါ မေမေ"

ဆရာမက နေရာမှထကာ မိခိုင်လက်ကိုဆွဲခေါ်ပြီး မေမေ့ဆီသို့လာခဲ့သည်။ ဆရာမနှင့် မိခိုင်ကိုမြင်တော့ မေမေ အံ့အားသင့်နေသည်။

"မိခိုင်လိုသမီးမျိုးမွေးရတာ မွေးရကျိုးနပ်ပါတယ် အစ်မရယ်၊ အမေတစ်ယောက်အတွက် သမီးရဲ့အလိုက်သိမှုဟာ အားပါပဲ။ မိခိုင်က တကယ်လိမ္မာပါတယ်။ ကျွန်မအတန်းထဲမှာရှိတဲ့ ကျောင်းသူလေးတွေလည်း မိခိုင်လိုလိမ္မာအောင် ကျောင်းဖွင့်ရက်ကျဆုံးမရဦးမယ်"

"အခုလို ပြောပေးတာ ကျေးဇူးတင်ပါတယ် ဆရာမရယ်"

ကျသင့်ငွေရှင်းကာ ဆရာမထွက်သွားသည်။ မေမေက မိခိုင်ကို အပြုံးဖြင့်လှမ်းကြည့်သည်။ မိခိုင်လည်း ပြန်ကြည့်မိစဉ်ပါးပြင်ပေါ်သို့ မျက်ရည်ဥလေးများ စီးကျလာသည်။ မိခိုင်ပျော်လွန်း၍ ကျလာသော မျက်ရည်များသာ ဖြစ်ပါသည်။

နောက်နေ့များတွင်လည်း မိခိုင် မေမေ့ကို ဝိုင်းကာ ကူညီနေဦးမည်သာဖြစ်ပါသည်။

×××××××××××

## ကျောင်းသားနှင့် ကျောင်းစာ

"ဖြူဖြူရေ . . . ဒီနေ့ည ခုနစ်နာရီ ကိုရီးယားဇာတ်လမ်းတွဲ သစ် လာမှာနော် "

အိမ်ချင်းကပ်လျက်မှ မမလှမွန်၏ လှမ်းပြောသံကြောင့် ဖြူဖြူ စိတ်ဝင်စားသွားသည်။ ကိုရီးယားဇာတ်လမ်းတွဲများကို ဖြူဖြူကြိုက် သည်။ ကျောင်းရောက်လျှင် ကေခိုင်တို့နှင့် ကိုရီးယားဇာတ်လမ်းတွဲတွေ အကြောင်း မမောတမ်း ပြောဖြစ်ကြသည်။

ဖြူဖြူတို့အိမ်မှာလည်း တီဗွီရော အောက်စက်ပါရှိသည်။ သို့သော် မမလှမွန်က အဖော်မရှိ၍ ဖြူဖြူကို ခေါ်ကြည့်ခြင်းဖြစ် သည်။ ဖြူဖြူတို့အိမ်နှင့် မမလှမွန်တို့အိမ်က ဘေးချင်းကပ်ဖြစ်၍ အချိန်မရွေး ဝင်ထွက်သွားလာနေခြင်း ဖြစ်သည်။

"သမီး. . . . အိမ်စာတွေ လုပ်ပြီးပြီလား"

မေမေက ဖြူဖြူကို စက်ချုပ်နေရင်းမှ မေးလာသည်။ ဖြူဖြူ အိမ်စာလုပ်နေချိန်ဖြစ်သည်။ ဖြူဖြူသည် ပဉ္စမတန်းတွင် ပညာ သင်ကြားနေပါသည်။

"ပြီးပါပြီ မေမေ"

"ဒါဆို. . . ဖေဖေ့ဆီ စာသွားပြန်"

ဖေဖေက ဧည့်ခန်းထဲတွင်ထိုင်ကာ ဂျာနယ်ဖတ်နေသည်။ ထိုစဉ် မမလှမွန်ရောက်လာသည်။

"ကဲပါ. . . မွန့်ဆီမှာပဲ စာပြန်ခိုင်းလိုက်တော့မယ်"

မမလှမွန်က ဖြူဖြူ့အား စာပြပေးသူဖြစ်၍ မေမေတို့က ယုံကြည်သည်။ မမလှမွန်အိမ်သို့ ဖြူဖြူ လိုက်ခွင့်ရခဲ့သည်။

မမလှမွန်က ဖြူဖြူစာပြန်သည်ကို စိတ်ဝင်တစားနားထောင်ပေးသည်။ ဖြူဖြူ စာကျေကျေညက်ညက် မရသေးပါ။ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

"ဖြူဖြူ စာမရသေးဘူး၊ ပြန်ကျက်လိုက်ဦး"

ဖြူဖြူ နာရီကြည့်လိုက်တော့ ခုနစ်နာရီထိုးရန် ငါးမိနစ်သာလိုတော့သည်။ စာပြန်ကျက်လျှင် ကိုရီးယား ဇာတ်လမ်းတွဲသစ်ကြည့်ခွင့် မရနိုင်တော့မည်ကို ဖြူဖြူစိုးရိမ်နေသည်။

မမလှမွန်က တီဗွီရှေ့မှာ ထိုင်နေပေပြီ။ ကိုရီးယားဇာတ်လမ်းတွဲ လွှင့်မည့်လိုင်းအား ပြောင်းနေပြီဖြစ်သည်။

"ဖြူဖြူ စာရပြီလား"

"ဟုတ်ကဲ့. . . ရပါပြီ . . မမမွန်"

ဖြူဖြူက စာအုပ်လေးကိုင်ကာ မမလှမွန်အနီးသို့ လာရပ်သည်။ စာတကယ်ပြန်မည့် အမူအရာ လုပ်ပြလိုက်သည်။

"သမီး စာပြန်ရတော့မလား"

"ဇာတ်လမ်းတွဲပြီးမှ ပြန်တော့"

"ဟုတ်ကဲ့. . . မမမွန်၊ သမီးလည်း ကိုရီးယားဇာတ်လမ်းတွဲကြည့်ချင်တယ်"



"ကြည့်လေ၊ မမမွန် အဖော်ရတာပေါ့"

ဖြူဖြူ အရမ်းပျော်သွားသည်။ ကျောင်းစာထက် ကိုရီးယားဇာတ်လမ်းတွဲကို ဖြူဖြူ ပိုမိုခုံမင်ခဲ့မိသည်။

ကိုရီးယားဇာတ်လမ်းတွဲပြီးသောအခါ ဖြူဖြူ အိမ်သို့ချက်ချင်းပြန်လာခဲ့သည်။ မမလှမွန်က ဖြူဖြူပြန်သွားသည်ကို မသိလိုက်ပေ။

"သမီး. . . . စာတွေ အကုန်ပြန်နိုင်ရဲ့လား"

မေမေက မေးလာသည်။

"အကုန်ရပါပြီ မေမေ၊ မယုံရင် မမမွန်ကို လှမ်းမေးကြည့်ပါလား "

"မမေးတော့ပါဘူး သမီးရယ်၊ မွန်နဲ့ဆို သမီးကိုစိတ်ချပြီးသား၊ ကဲ. . . ညစာစားတော့၊ ခဏနေရင် ကျူရှင်သွားရဦးမယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . "

ဖြူဖြူ အိပ်ခန်းထဲ ဝင်ခဲ့သည်။ မှန်ရှေ့တွင်ရပ်ကာ ကိုရီးယားဇာတ်လမ်းတွဲထဲမှ မင်းသမီးများ၏ အိုက်တင်အတိုင်းလိုက်လုပ်နေမိသည်။ ကိုရီးယားဇာတ်လမ်းတွဲများကို ဖြူဖြူ အလွန်စွဲလမ်းနှစ်ခြိုက်နေပေပြီ။

"ဖြူဖြူ . . . ညစာ လာစားတော့၊ ကျူရှင်နောက်ကျတော့မယ်"

"ဟုတ်ကဲ့ . . . လာပါပြီ"

ဖြူဖြူ အခန်းထဲမှ ထွက်လာခဲ့သည်။ ထမင်းဟင်းများကိုကြည့်ပြီး ဖြူဖြူစိတ်ပျက်သည်။ ကိုရီးယားအစားအစာများကိုသာ ဖြူဖြူ စားချင်နေသည်။ သို့သော် မဖြစ်နိုင်မှန်းလည်း ဖြူဖြူသိပါသည်။

"ဖြူဖြူရေ . . . ကျူရှင်သွားမယ်ဟေ့ . . ."

ခြံရှေ့မှ ပုန်းညက်ခင်၏ လှမ်းအော်သံကြောင့် လွယ်အိတ်ဆွဲကာ ဖြူဖြူ ထွက်လာခဲ့သည်။ ပုန်းညက်ခင်နှင့် တွေ့သောအခါ ကိုရီးယားဇာတ်လမ်းတွဲများအကြောင်း လမ်းတစ်လျှောက်လုံး ပြောသွားကြသည်။

× × ×

လပတ်စာမေးပွဲရမှတ်များ ထွက်ပေါ်လာသောအခါ ဖြူဖြူ့ အလိမ်အညာများ ပေါ်သွားတော့သည်။

မြန်မာဘာသာသာအောင်ပြီး ကျန်ဘာသာအားလုံး ရှုံးသည်။ ဖြူဖြူ အရမ်းရှက်သွားသည်။ ဖြူဖြူကဲ့သို့ပင် ပုန်းညက်ခင်၊ နှယ်နီဇင်မြင့်တို့လည်း စာမေးပွဲရှုံးကြသည်။

"ရုပ်ကလေးတွေ ကြည့်တော့ သနားကမားနဲ့ စာမေးပွဲကျတယ်ဆိုပါလား၊ ထင်တောင် ထင်မထားဘူး"

အတန်းထဲမှ ကျော်လင်းဆွေက ဖြူဖြူတို့အား လှမ်းစသည်။

"စာမေးပွဲရှုံးမှာပေါ့၊ ကိုရီးယား၊ ဖိလစ်ပိုင်နဲ့ ထိုင်းဇာတ်လမ်းတွဲတွေပဲ ကြည့်နေတာ၊ စာမှ မကြည့်တာ"

ညီညီအောင်ကလည်း ပြောပြန်သည်။ အတန်းသားအားလုံးက ဖြူဖြူ ပုန်းညက်ခင်နှင့် နှယ်နီဇင်မြင့်တို့အား သရော်အပြုံးများဖြင့် လှောင်ကြသည်။ အတန်းပိုင်ဆရာမ၏ သတိပေးခြင်းကိုလည်း ခံရသည်။

အိမ်ရောက်လျှင်လည်း ဖေဖေနှင့်မေမေတို့၏ ဆူပူမှုကို ခံရမည်ကို တွေးပူရင်း စိုးရိမ်နေမိသည်။



ဖြူဖြူ အိမ်ရောက်သောအခါ စိတ်သက်သာရာရသွားသည်။ ဖေဖေရော မေမေပါ အိမ်သို့ပြန်မရောက်ကြသေးပေ။ အဘွားဒေါ်မြသီအား မမလှမွန်ဆီ အိမ်စာသွားလုပ်မည်ဟု ခွင့်တောင်းလာခဲ့သည်။

ဖြူဖြူ မရှင်းသည့်စာများကို မမလှမွန်က ရှင်းပြပေးသည်။ သင်္ချာအတွက် ပုစ္ဆာများကို သေချာစွာရှင်းပြပြီး ဖြူဖြူ တွက်ထားသော အဖြေကို မှန်၊ မမှန် ကြည့်ပေးသည်။

"အဖြေမှားနေတယ်သမီး၊ အဖြေမှန်က ဒီလိုလေ"

ဖြူဖြူအား မမလှမွန်က ထပ်မံရှင်းပြသည်။ ဖြူဖြူအား သုံးလေးကြိမ်တွက်ခိုင်းသည်။ သင်္ချာပုစ္ဆာများ၏ အဖြေမှန်များကို ဖြူဖြူ သေချာစွာ တွက်ချက်နိုင်ခဲ့ပါသည်။

"ကျက်စာတွေဘက် သွားရအောင်"

မမလှမွန်က ဖြူဖြူအား သမိုင်းကျက်စာတစ်ပုဒ်ကို ကျက်စေသည်။ အလွတ်ရပါက လာပြန်ရန်ပြောကာ မီးခိုခန်းဆီသို့ဝင်သွားသည်။ နာရီဝက်ခန့်ကြာသောအခါ မမလှမွန် ထွက်လာသည်။

"ဖြူဖြူ့ . ရပြီလား"

"ဟုတ်ကဲ့"

"ရရင်လာပြန်လေ၊ မမမွန် ကြည့်ပေးမယ်"

မမလှမွန်ဆီ ဖြူဖြူ စာတစ်ပုဒ်ပြန်လိုက်သည်။ ချောချောမွေ့မွေ့တော့ မဟုတ်သေးဘဲ ထစ်ငေါ့နေသေးသည်။ မမလှမွန်က ထပ်ပြီး ကျက်ရန်ပြောသည်။

ဖြူဖြူထပ်ပြီး ပြန်ကျက်သည်။ တစ်ခေါက်မက အခေါက်ခေါက် အခါခါ ကျက်သည်။ မမလှမွန်က ထုံးစံအတိုင်း ကိုရီးယား

ဇာတ်လမ်းတွဲ ကြည့်နေလေပြီ။ ဖြူဖြူစာထဲ စိတ်မရောက်နိုင်တော့ဘဲ ကိုရီးယားဇာတ်လမ်းတွဲဆီသို့သာ အာရုံရောက်နေသည်။

“ဖြူဖြူ . . . လာကြည့်လေ၊ ဇာတ်လမ်းတွဲပြီးရင်တော့ စာပြန်ရမယ်နော်”

“ဟုတ်ကဲ့ . . .”

ဖြူဖြူသည် မမလှမွန်ဘေး၌ ထိုင်ကာ ကိုရီးယား ဇာတ်လမ်းတွဲကြည့်နေမိသည်။

“မိဖြူ. . . အမလေး၊ ကိုရီးယားကား ထိုင်ကြည့်နေမှတော့ စာရပါတော့မလား”

မေမေ့အသံကြောင့် ဖြူဖြူ လန့်သွားသည်။ ကိုယ့်အပြစ်ကို သိနေ၍ မေမေနှင့် မျက်နှာချင်းမဆိုင်ရဲဘဲ မမလှမွန်နောက်တွင် ပုန်းနေလိုက်သည်။

“အစ်မ . . . စိတ်တိုနေပါလား၊ ဘာဖြစ်လို့လဲ၊ ဖြူဖြူ စာကျက်ပြီးပါပြီ၊ ဒီဇာတ်လမ်းတွဲပြီးတာနဲ့ ထပ်ပြီးစာပြန်ခိုင်းမှာပါ”

မမလှမွန်က မေမေ့အား ပြောသည်။ မေမေ့ မျက်နှာက စိတ်ဆိုးဒေါသထွက်သည့်ပုံစံ ဖြစ်နေသည်။

“ပြောရမှာတော့ အားနာတယ် မွန်ရေ၊ လပတ်စာမေးပွဲမှာ မိဖြူ မြန်မာဘာသာပဲ အောင်ပြီး ကျန်တဲ့ဘာသာအားလုံး ရှုံးတယ်တဲ့၊ ဆရာမက အိမ်လာပြီး ပြောသွားတယ်၊ အိမ်ကိုလည်း ညာတယ်၊ မွန့်ကိုလည်း ဒီကောင်မလေး ညာနေတာ၊ စာရချင်ဟန်ဆောင်နေတာ၊ ကိုရီးယားဇာတ်လမ်းတွေပဲ စိတ်ဝင်စားနေတာ၊ ကျောင်းစာကိုမှ စိတ်မဝင်စားတာ”

“ ဟုတ်လား သမီး. . ”



“ဟုတ်တယ်. . . မမမွန်”

“အဲဒီလို မလိမ်ရဘူး သမီး၊ မမမွန်က သမီးစာရလို့ အိမ်ပြန်တယ်ပဲထင်နေတာ၊ ပြီးတော့ ကိုရီးယားဇာတ်လမ်းတွေကို ကျောင်းစာထက်ပိုပြီး စိတ်ဝင်စားလို့ မရဘူး၊ ကျောင်းသားကျောင်းသူဆိုတာ ကျောင်းစာကိုပဲ စိတ်ဝင်စားရတယ် သမီး၊ ဟိုမှာ မေမေ စိတ်ဆိုးနေပြီ၊ နောက်ဖြေဆိုမယ့် လပတ်စာမေးပွဲတွေကို အောင်,အောင် စာကြိုးစားပါ့မယ်လို့ မေမေ့ကိုပြောလိုက်”

မေမေ့ရှေ့မှာ ဖြူဖြူ မတ်တတ်ရပ်လိုက်သည်။ မေမေက မျက်နှာလွှဲနေသည်။

“သမီး စာကြိုးစားပါ့မယ်လို့ မေမေ့ကို ကတိပေးပါတယ်၊ ကိုရီးယားဇာတ်လမ်းတွဲတွေကိုလည်း မကြည့်တော့ပါဘူး”

မေမေက ဖြူဖြူ၏ဆံနွယ်စလေးများကို တယုတယပွတ်သပ်လိုက်သည်။ ဒေါသမရှိတော့သောမျက်နှာဖြင့် မေမေ ကြည့်လာသည်။ ထို့နောက် ဖြူဖြူ့လက်ကိုဆွဲကာ မမလှမွန်တို့အိမ်မှ ပြန်လာခဲ့ကြသည်။

× × ×

လပတ်စာမေးပွဲတွင် ဘာသာစုံနီးပါးရှုံးထားသော ဖြူဖြူအား သူငယ်ချင်းများက ခပ်တန်းတန်း ဆက်ဆံကြသည်။ အရင်ကလို ခင်ခင်မင်မင် မရှိတော့ပေ။ ဖြူဖြူ စိတ်မကောင်းဖြစ်ရသည်။ ဖြူဖြူနှင့်အတူ ပုန်းညက်ခင်၊ နွယ်နီဇင်မြင့်တို့လည်း အထင်သေးစွာ ဆက်ဆံခြင်းခံရသည်။

ဖြူဖြူ့ဆီသို့ ပပလင်းက ဆီးထုပ်တစ်ထုပ် လာပေးသည်။

"ပပလင်း သူနဲ့မပေါင်းနဲ့ တော်ကြာ နင်ပါ ကိုရီးယားဇာတ်လမ်းတွဲ စွဲသွားဦးမယ်၊ ဝေးဝေးကရှောင်တော့"

ခိုင်ဇာလင်းကပြောတော့ ပပလင်းချက်ချင်းထွက်သွားသည်။ ဖြူဖြူ ဝမ်းနည်းမိသလို နောင်တလည်း ရမိပါသည်။

ဖြူဖြူပို၍ဝမ်းနည်းသည်မှာ ဆုပေးပွဲအခမ်းအနားများတွင် ဗန်းကိုင်နေကျ သူမအား ချန်ထားခဲ့ခြင်းပင်။ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် ဖြူဖြူ ဗန်းကိုင်ခွင့်မရတော့ပါ။ စာမေးပွဲကျရှုံးခြင်း၏ အကျိုးဆက်ကို ဖြူဖြူ ကောင်းကောင်းနားလည်လိုက်ပါပြီ။

ဖြူဖြူ့တွင် မခံချင်စိတ်များ အလိုအလျောက်ဖြစ်ပေါ်လာသည်။ စာကြိုးစားရန် ခိုင်မာစွာဆုံးဖြတ်ချက်ချခဲ့သည်။

"သမီး ဖြူဖြူ . . ညစာ လာစားဦး၊ ပြီးမှ စာပြန်လုပ်"

"ပြီးမှ စားတော့မယ် မေမေ၊ အိမ်စာတွေ မပြီးသေးလို့"

ထမင်းမေ့ ဟင်းမေ့ဖြစ်သည်အထိ ဖြူဖြူ စာကြိုးစားသည်။ မမလှမွန်က ဖြူဖြူတို့အိမ်ထိလာပြီး စာပြပေးသည်။ ဖြူဖြူ စာမကြည့်မှာ စိုးရိမ်သဖြင့် မမလှမွန်က ကိုရီးယားဇာတ်လမ်းတွဲ မကြည့်ဖြစ်တော့ဟု ပြောပါသည်။ ကျူရှင်သွားသော်လည်း ဖြူဖြူ စာအကြောင်းပဲ တွေးတော့သည်။ ကျောင်းစာမှလွဲ၍ မည်သည့်အရာကိုမျှ ဖြူဖြူ စိတ်မဝင်စားတော့ပေ။

လပတ်စာမေးပွဲများတွင် ဖြူဖြူ စာမေးပွဲရမှတ်များ တဖြည်းဖြည်း တက်လာသည်။ 1 to 10 အတွင်း ဝင်သည်အထိ အဆင့်ကောင်းလာသည်။

"စာကိုအလွတ်ရရင် ရေးကျက် ကျက်ရတယ် သမီးရဲ့၊ စာမေးပွဲမှာ စာလုံးပေါင်းသတ်ပုံအမှားနည်းသလို စာလည်း မကျန်တော့ဘူး၊ သင်္ချာပုစ္ဆာတွေဆိုရင် အပြန်ပြန် အလှန်လှန် တွက်ကြည့်၊ အင်္ဂလိပ်စာဆိုရင် ရေးကျက် ကျက်မှရတယ်၊ Grammer ပိုင်ရမယ်၊ ဒါဆိုရင် သမီး အဆင့်တစ်တောင် ရနိုင်တယ်"



မမလှမွန်က ဖြူဖြူ့ကို အကြံပေးသည်။ ဖြူဖြူ ထိုနည်းအတိုင်း ကြိုးစားသည်။ ပထမအစမ်းစာမေးပွဲတွင် ဖြူဖြူ ဒုတိယရသည်။ ပထမရသော ကေကေမိုးနှင့် တစ်မှတ်သာကွာသည်။

ဆရာမက ဖြူဖြူကို ဗန်းကိုင်ပြန်ရွေးလိုက်သည်။ အတန်းဖော်များကလည်း ပြန်လည်ခင်မင်လာကြသည်။

ဖြူဖြူ ဆဋ္ဌမတန်း တက်နေပါပြီ။

ပညာရည်ချွန်ဆုပေးပွဲတွင် ဖြူဖြူ ဗန်းမကိုင်ရတော့ပါ။ ထိုဆုပေးပွဲတွင် ဖြူဖြူကိုယ်တိုင် ဆုတက်ယူရမည် ဖြစ်ပါသည်။ ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာလေးကို ဖြူဖြူ ကျစ်နေအောင်ဆုပ်ကိုင်ကာ ဖေဖေနှင့် မေမေတို့ကို ပြလိုက်သည်။

"ပဥ္စမတန်းမှာ ပထမရတယ် တော်ရေ"

မေမေက အားရဝမ်းသာ ဖေဖေ့အား ပြောသည်။

"ဒါမှ ဖေဖေ့ သမီးကွ"

ဖေဖေက ဖြူဖြူ့ပါးပြင်နှစ်ဖက်အား အားပါးတရနမ်းသည်။ ဖြူဖြူအရမ်းပျော်ပါသည်။ မမလှမွန်ကိုလည်း ကျေးဇူးတင်ပါသည်။ ကျောင်းသားနှင့် ကျောင်းစာမကင်းကွာသရွေ့ ထူးချွန်သောကျောင်းသားကျောင်းသူ ဖြစ်နိုင်သည်ကို ဖြူဖြူ ကိုယ်တွေ့နှင့်ရင်းကာ သဘောပေါက်လိုက်ပြီ ဖြစ်ပါသည်။

×××××××××

## လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ

အတန်းထဲသို့ ဆရာဝင်းမင်း ဝင်လာသည်နှင့် ကျောင်းသား ကျောင်းသူအားလုံး ပြိုင်တူမတ်တတ်ရပ်လိုက်ကြသည်။ အတန်းခေါင်းဆောင်က တိုင်ပင်ပေးသည်။

"နှုတ်ဆက် . . . မင်္ဂလာပါ ဆရာ"

"မင်္ဂလာပါ . . သားတို့ သမီးတို့ ထိုင်ကြပါ"

ဆရာဦးဝင်းမင်းက သမိုင်းဘာသာရပ် သင်ကြားပါသည်။ ကိုကိုခိုင်၊ လွင်မင်း၊ ဇော်လင်းသန့်နှင့် မာလာထွန်းတို့ သူငယ်ချင်းလေးယောက်သည် ပဉ္စမတန်းတွင် ပညာသင်ကြားနေကြပါသည်။ စာပြိုင်ဘက်များလည်းဖြစ်၍ သူ့ထက်ငါသာအောင်ကြိုးစားကြသည်။ နည်းနည်းလေးမှ အလွှတ်မပေးပေ။

"ကဲ. . . ဒီနေ့ ဆရာသင်မယ့်သင်ခန်းစာ မစတင်မီ လွတ်လပ်ရေးနေ့အကြောင်း ပြောချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန် လွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် ကျောင်းပိတ်ပါတယ်၊ ပြီးရင် လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲလည်း ကျင်းပမှာဖြစ်တယ်၊ လွတ်လပ်ရေးနေ့အကြောင်း ဆရာရှင်းပြတာအကြောင်းရှိပါတယ်"

ဆရာ့စကားကို ကျောင်းသားကျောင်းသူအားလုံး စိတ်ဝင်တစား နားစွင့်နေကြသည်။ အထူးသဖြင့် ကိုကိုခိုင်တို့ သူငယ်ချင်းတစ်စုက ပိုပြီး စိတ်ဝင်တစား နားစွင့်ဖြစ်ကြသည်။

"ဒီအတန်းထဲမှာ လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲဝင်မယ့် ကျောင်းသားကျောင်းသူတွေရှိနိုင်ပါတယ်၊ ဖြေမယ့်သူရှိရင် မတ်တတ်ရပ်ပါ"

ကိုကိုခိုင်၊ လွင်မင်း၊ ဇော်လင်းသန့်၊ မာလာထွန်းနှင့် စိုးရတနာကျော်တို့ မတ်တတ်ရပ်လိုက်ကြသည်။

"ဟုတ်ပြီ၊ ဒီအတန်းက ပဥ္စမတန်း A ခန်းနော်၊ ပဥ္စမတန်းမှာ အခန်း A ခန်းကနေ E ထိ ငါးခန်းရှိတယ်၊ တခြားအခန်းတွေမှာလည်း သားတို့သမီးတို့လို စာစီစာကုံးပြိုင်မယ့် အတန်းဖော်တွေ ရှိမှာပဲ၊ ပြိုင်မှာဖြစ်တဲ့အတွက် အကြောင်းအရာကို သေချာသိဖို့ လိုတယ်၊ နားလည်ဖို့လည်း လိုတာပေါ့၊ လွတ်လပ်ရေးနေ့အကြောင်း အနည်းဆုံး ဗလာစာရွက် ငါးမျက်နှာအထက်တော့ ရေးရမှာပဲ၊ ဆရာပြောပြတာကို သေချာနားထောင်ပါ"

ပဥ္စမတန်း A ခန်းဖြစ်၍ စာတော်သော ကျောင်းသားကျောင်းသူများပါသည်။ မတ်တတ်ရပ်နေသော ကျောင်းသားကျောင်းသူငါးယောက်သည် နှစ်စဉ် ပထမ၊ ဒုတိယ၊ တတိယ လုနေကြသူများ ဖြစ်၏။

"ကဲ. . . သားတို့ သမီးတို့ ထိုင်ကြတော့၊ ပြိုင်ပွဲဝင်မယ့်သူတွေရော အတန်းထဲမှာရှိတဲ့ ကျောင်းသားကျောင်းသူအားလုံး လိုက်နားထောင်ပါ၊ ဆရာတို့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးနေ့ဟာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်ဖြစ်ပါတယ်။ အဲဒီ



လွတ်လပ်ရေးရရှိဖို့အတွက် ဆရာတို့ရဲ့ဘိုးဘေးတွေဟာ အသက်သွေး၊ ချွေးပေါင်း မြောက်မြားစွာ စတေးခဲ့ရတယ်။ အင်္ဂလိပ်နယ်ချဲ့တွေဟာ ဆရာတို့ မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှာတော့ မြန်မာနိုင်ငံကို မတရားသိမ်းပိုက်ခဲ့ပါတယ်။ ကိုယ်ပိုင်တဲ့အဖိုးတန်ပစ္စည်းကို တစ်ပါးသူက နိုင်ထက်စီးနင်းလုပ်ပြီး လုယူသွားတဲ့ သဘောပေါ့ကွယ်၊ ဘယ်သူခံနိုင်မလဲ၊ သားတို့ သမီးတို့ စဉ်းစားကြည့်လေ"

ဆရာ ဦးဝင်းမင်းက ပြောလက်စစကားကို ခဏရပ်သည်။ ကိုကိုခိုင်တို့အားလုံးမှာ စိတ်ဝင်စားလွန်း၍ အပ်ကျသံပင် ကြားရလောက်အောင် ငြိမ်သက်စွာ နားစွင့်နေကြသည်။

"သူ့ကျွန်ဘဝအောက်မှာ ဆရာတို့ရဲ့ဘိုးဘေးတွေဟာ ဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုးကို ခံခဲ့ရတယ်၊ ကိုယ့်နိုင်ငံကို သူတစ်ပါးလာအုပ်ချုပ်တာ မခံနိုင်တဲ့အတွက် မြန်မာတိုင်းရင်းသားတွေဟာ ရရာလက်နက်စွဲကိုင်ပြီး အင်္ဂလိပ်တွေကို တွန်းလှန်တိုက်ခိုက်ခဲ့ကြတယ်၊ ဒါပေမဲ့ ဆရာတို့ တိုင်းရင်းသားတွေက တုတ်၊ ဓား၊ လှံ၊ လေး၊ မြားတွေနဲ့ တိုက်တာကို အင်္ဂလိပ်တွေက သေနတ်တွေနဲ့ ပြန်ပစ်ကြတယ်၊ လက်နက်အင်အားချင်း မမျှတဲ့အတွက် မအောင်မြင်ခဲ့ဘူးပေါ့ သားတို့ သမီးတို့ရယ်၊ ၁၉၂၀ ပြည့်နှစ်လောက် ရောက်လာတော့ မြန်မာလူငယ်တွေထဲမှာ ဗိုလ်ချုပ်အောင်ဆန်းတို့လို ပညာတတ်တွေ ပေါ်ထွန်းလာခဲ့တယ်။ အဲဒီအချိန်တုန်းက ဗိုလ်ချုပ်အောင်ဆန်း မဖြစ်သေးဘူး၊ သခင်အောင်ဆန်းပေါ့ကွယ်။ သခင်အောင်ဆန်းနဲ့ မျိုးချစ်လူငယ်တွေဟာ လွတ်လပ်ရေးရဖို့ဆိုရင် အင်္ဂလိပ်ကိုတိုက်ထုတ်မှရမယ်ဆိုတာ သဘောပေါက်ခဲ့ကြတယ်၊ ဒီတော့ သခင်အောင်ဆန်း

ဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်ဟာ ဂျပန်နိုင်ငံ၊ ဟိုင်နန်ကျွန်းမှာ ပင်ပန်းကြမ်းတမ်းတဲ့ စစ်ပညာတွေကို သင်ယူခဲ့ကြတယ်၊ စစ်ပညာတွေလည်း တတ်မြောက်ရော မြန်မာနိုင်ငံထဲမှာ မတရားသိမ်းပိုက်အခြေချနေထိုင်တဲ့ အင်္ဂလိပ်တွေကို တိုက်ထုတ်ခဲ့ကြတယ်”

ဇာတ်ရှိန်မြင့်လာပြီဖြစ်၍ ကျောင်းသားကျောင်းသူအားလုံး၏ စိတ်ဝင်စားမှုက အထွတ်အထိပ်သို့ ရောက်လာသည်။

“ကဲ . . . နောက်တစ်ချိန်မှ ဆက်မယ်”

“ပြီးအောင် ဆက်ပြောပါ ဆရာ”

ကိုကိုခိုင်တို့ ကျောင်းသားအားလုံး ဝိုင်းအော်ပြောကြသည်။ ဆရာ ဦးဝင်းမင်းက အပြုံးမျက်နှာဖြင့် အတန်းထဲမှ ထွက်ခွာသွားသည်။

× × ×

“အင်္ဂလိပ်တွေကို တိုက်ထုတ်နိုင်ခဲ့ပေမဲ့ ဂျပန်တွေရဲ့ ဖိနှိပ်အုပ်ချုပ်မှုကို ခံခဲ့ရပြန်တယ်၊ အင်္ဂလိပ်ကို တိုက်ထုတ်ဖို့ မြန်မာက ဂျပန်ရဲ့ အကူအညီကို ယူခဲ့ရတယ်၊ အင်္ဂလိပ်ကို တိုက်ထုတ်နိုင်ပေမယ့် ကူညီပါတယ်ဆိုတဲ့ ဂျပန်တွေက မြန်မာနိုင်ငံကို ထပ်ပြီးဖိနှိပ်ခဲ့တယ်။ ဒီတော့ ဆရာတို့နိုင်ငံဟာ နှစ်ခါနာတာပေါ့။ အင်္ဂလိပ်က အုပ်ချုပ်လိုက်၊ ဂျပန်က အုပ်ချုပ်လိုက်နဲ့ လွတ်လပ်ရေးဟာ တော်တော်နဲ့ မရခဲ့ဘူးပေါ့။ ကိုယ်ပိုင်တဲ့ အဖိုးတန်ရတနာတစ်ခု သူတစ်ပါးလက်ထဲပါသွားပြီဆိုရင် ပြန်ရဖို့ ခက်ခက်ခဲခဲနဲ့ ကြိုးစားရတယ်ဆိုတာ သင်ခန်းစာယူစရာပေါ့ သားတို့သမီးတို့ရယ်”

ကိုကိုခိုင်တို့ စိတ်မကောင်း၊ ခံစားရသည်။ မြန်မာနိုင်ငံကို တိုင်းတစ်ပါးသားများက သူ့လက်ထဲထည့်လိုက်၊ ငါ့လက်ထဲ



ထည့်လိုက်နှင့် မုန့်စားသလို ဝေစားခံခဲ့ရခြင်းအတွက် မခံချိမခံသာဖြစ်ရသည်။

“အင်္ဂလိပ်ကို တိုက်ထုတ်ခဲ့တဲ့ ဗမာ့လွတ်လပ်ရေး တပ်မတော်အတိုကောက်အားဖြင့် BIA ကို ဖျက်သိမ်းပြီး ဗမာ့ကာကွယ်ရေးတပ်မတော် အတိုကောက်အားဖြင့် BDA အဖြစ် အင်အားနည်းနည်းလေးနဲ့ ပြန်လည်ဖွဲ့စည်းခြင်း ခံလိုက်ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဂျပန်တွေက သူတို့ကိုပြန်တိုက်မှာ ကြောက်လို့လေ၊ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မှာတော့ ဂျပန်တို့က မြန်မာနိုင်ငံကို ရွှေရည်စိမ်လွတ်လပ်ရေးပေးခဲ့တယ်၊ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ မြန်မာတစ်မျိုးသားလုံးက လက်မခံကြဘူး”

“ဆရာ . . . တစ်ခုလောက် မေးလို့ရမလား”

ကိုကိုခိုင်က မတ်တတ်ရပ်ပြီး လှမ်းမေးသည်။

“မေးပါ သား . .”

“ရွှေရည်စိမ် လွတ်လပ်ရေးဆိုတာ ဘာအဓိပ္ပာယ်လဲ ဆရာ”

“မေးသင့်တဲ့ မေးခွန်းပါ၊ သား . . . ထိုင်ပါ၊ ရွှေရည်စိမ်လွတ်လပ်ရေးဆိုတာ အတုအယောင် လွတ်လပ်ရေးလို့ ခေါ်တယ်၊ သားတို့ သမီးတို့ နားလည်အောင်ပြောရရင် ရွှေရည်စိမ်ထားတဲ့ ဆွဲကြိုး၊ လက်စွပ်၊ လက်ကောက်တွေကို မြင်ဖူးတယ်မဟုတ်လား၊ ဘုရားပွဲဈေးတွေမှာ ရောင်းတယ်လေ၊ ရွှေအစစ်နဲ့ လုပ်ထားတာ မဟုတ်ဘူး၊ ရွှေရည်စိမ်ထားတဲ့ ပစ္စည်းတစ်ခုပေါ့၊ အဲဒီလိုပဲ ရွှေရည်စိမ်လွတ်လပ်ရေးဆိုတာ အစစ်အမှန်မဟုတ်ဘဲ အတုအယောင်ပေးတဲ့ သဘောပေါ့၊ အားလုံး နားလည်ကြရဲ့လား”

“နားလည်ပါတယ် ဆရာ”

"ကောင်းပြီ . . . ဒါဆိုရင် ဆက်ရအောင်၊ အစစ်အမှန် လွတ်လပ်ရေးရဖို့ဆိုရင် ဂျပန်တွေကို တိုက်ထုတ်မှရမယ်ဆိုပြီး ဗိုလ်ချုပ်အောင်ဆန်းတို့က ဆုံးဖြတ်လိုက်ကြတယ်၊ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်မှာ ဖက်ဆစ်ဂျပန်တွေကို မြန်မာ့မြေပေါ်ကနေ တိုက်ထုတ်ခဲ့တယ်၊ ဂျပန်တွေကို တိုက်ထုတ်ပြီးနောက် တစ်ဖန် ပြန်အုပ်စိုးခဲ့တဲ့ အင်္ဂလိပ်နယ်ချဲ့တွေဆီက မြန်မာတွေစုစည်း ညီညွတ်မှုနဲ့ တောင်းဆိုနိုင်တဲ့အတွက် လွတ်လပ်ရေးရခဲ့တာ မှန် တယ်၊ ဒါပေမဲ့ အဲဒီလွတ်လပ်ရေးရဖို့ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်မှာ ပင်လုံစာချုပ်ကို တိုင်းရင်းသားညီအစ်ကိုတွေနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ ချုပ်ဆိုခဲ့ကြတယ်၊ အဲဒီပင်လုံစာချုပ် ချုပ်ဆိုတဲ့နေ့ကို ပြည်ထောင်စုနေ့လို့ သတ်မှတ်ခေါ်ဆိုတယ်၊ အဲဒီနေ့ကိုလည်း သေချာမှတ်ထားရမယ်၊ ဘာနေ့လဲ . . . ကျယ်ကျယ်လေး ပြောပြပါဦး"

"ပြည်ထောင်စုနေ့ပါ ဆရာ"

"ဟုတ်ပြီ . . . ပြည်ထောင်စုနေ့က ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နော်၊ လွတ်လပ်ရေးနေ့ မရောက်သေးဘူး၊ မရော စေနဲ့။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်ဟာလည်း ဆရာတို့ မြန်မာ တစ်မျိုးသားလုံး သောကမျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရတဲ့နေ့အဖြစ် မှတ်တမ်းဝင်ခဲ့ပြန်တယ်၊ သားတို့ သမီးတို့ သိမှာပါ၊ ဗိုလ်ချုပ် အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တဲ့ နေ့လေ၊ ဘာနေ့လဲ ကျယ်ကျယ်လေး ပြောပြပါဦး"

"အာဇာနည်နေ့ပါ ဆရာ"

"သားတို့ သမီးတို့က သိပ်တော်တာပဲ၊ မှန်ပါတယ်၊ အဲဒီ နေ့က အာဇာနည်နေ့ ဖြစ်ပါတယ်၊ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံး



ပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် နံနက် ၄ နာရီ၊ မိနစ် ၂၀ အချိန်မှာတော့ ဆရာတို့မြန်မာတစ်မျိုးသားလုံး မျှော်လင့်စောင့်စား ခဲ့ရတဲ့ စစ်မှန်တဲ့လွတ်လပ်ရေးကို ရရှိခဲ့ပါတယ်၊ ဒါဖြင့် လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံကို ရှင်းပြီလား"

"ရှင်းပါတယ် ဆရာ"

"ဒီလွတ်လပ်ရေးနေ့ကနေ သင်ခန်းစာယူစရာတွေ အများ ကြီးပါပဲ၊ သေချာနားထောင်ပါ၊ လွတ်လပ်ရေးဆိုတာ သူတစ်ပါး လက်ထဲကျရောက်ဖို့ ဖျတ်ခနဲဆိုသလို အချိန်ခဏလေးပါပဲ၊ ဒါပေမဲ့ ပြန်ရဖို့ ကြိုးစားတဲ့အခါမှာတော့ အသက်၊ သွေး၊ ချွေး ပေါင်း မြောက်မြားစွာ စတေးပေးဆပ်ပြီး အချိန်အတန်ကြာ ကြိုးပမ်းယူမှ ပြန်ရတယ်၊ ဆရာတို့မြန်မာတစ်မျိုးသားလုံးအတွက် မမေ့နိုင်တဲ့ အတိတ်သင်ခန်းစာပေါ့ကွယ်၊ သားတို့ သမီးတို့ လက်ထက် မှာလည်း လွတ်လပ်ရေးမဆုံးရှုံးရအောင် ကာကွယ်စောင့်ရှောက် ကြရမယ်ဆိုတဲ့ အသိလေးထည့်ထားပါ၊ ဆရာပြောတာကို သေချာ လိုက်ပြီး နားထောင်တဲ့သူက စာစီစာကုံး ပြိုင်ပွဲဝင်ဖို့ အထောက် အကူအများကြီး ရသွားပါပြီ၊ ကဲ ဘာသိချင်သေးလဲ"

"စာစီစာကုံးမှာ ဆရာပြောတဲ့အတိုင်း ရေးလို့ရလား ဆရာ"

မာလာထွန်းက မတ်တတ်ရပ်ပြီး မေးသည်။

"ဆရာက စကားလိုပြောတာ၊ စာစီစာကုံးက စကားပြေလို ရေးရမှာ၊ ဆရာပြောတဲ့အတိုင်း ရေးလို့မရဘူး၊ စကားပြေပုံစံ အတိုင်းရေးမှ ရမယ်၊ စာစီစာကုံး ဘယ်လိုရေးရတယ်ဆိုတာ မြန်မာ စာ ဆရာမဒေါ်ကြူကြူက သင်ပေးပါလိမ့်မယ်၊ လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲမှာတော့ ခုနှစ်၊ လ၊ ရက်စွဲတွေ မှန်အောင်

တပ်ရမယ်၊ သမိုင်းဖြစ်စဉ်ကို အစီအစဉ်တကျ ရေးရမယ်၊ ပြည့်စုံမှန်ကန်တဲ့ သူက အမှတ်ပိုရမှာပေါ့၊ ကျောင်းစာကြည့်တိုက်မှာ လွတ်လပ်ရေးနေ့နဲ့ ပတ်သက်တဲ့ စာအုပ်စာစောင်တွေရှိတယ်၊ လေ့လာဖတ်မှတ် ကိုးကားလို့ရတယ်၊ မရှင်းလင်းတာရှိရင် ဆရာ့ကို လာမေးလို့ရတယ်”

“တန်းထ. . . နှုတ်ဆက်”

“မင်္ဂလာပါဆရာ၊ ကျေးဇူးတင်ပါတယ် ဆရာ”

ဆရာ ဦးဝင်းမင်း အတန်းထဲမှ ထွက်သွားပြီ ဖြစ်သည်။ ထမင်းစားကျောင်းဆင်းချိန်တွင် ကျောင်းစာကြည့်တိုက်သို့ သွားရန် ကိုကိုခိုင် ဆုံးဖြတ်လိုက်သည်။

× × ×

လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ဟူ၍ ကျင်းပရာ ကိုကိုခိုင်တို့က အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် အကျုံးဝင်သည်။ ပဥ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းတို့ ဖြစ်ကြပြီး စာစီစာကုံးရေးသားယှဉ်ပြိုင်သူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀ ဦးခန့် ရှိသည်။

အတန်းပိုင်ဆရာမ ဒေါ်သီတာရွှေ ဝင်လာသည်။ လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများစာရင်း ကြေညာမည်ဟု ကြိုတင်ပြောထား၍ ကိုကိုခိုင် ရင်ခုန်စိတ်လှုပ်ရှားနေသည်။ လွင်မင်း၊ ဇော်လင်းသန့်၊ မာလာထွန်းနှင့် ဖြိုးရတနာကျော်တို့ကို ကျောင်းစာကြည့်တိုက်သို့ လွတ်လပ်ရေးနေ့အကြောင်း စာအုပ်စာစောင် ရှာဖွေဖတ်ရှုရန် ကိုကိုခိုင် ခေါ်ပါသည်။ သို့သော် သူတို့မလိုက်ကြပေ။



“အလယ်တန်းအဆင့် လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲကို ‘လွတ်လပ်ရေးအမွေ ထိန်းသိမ်းအပ်ပေ’ ဆိုတဲ့ ခေါင်းစဉ်နဲ့ ကျင်းပခဲ့တာဖြစ်ပါတယ်၊ ဖြေဆိုသူ စုစုပေါင်း ၂၀ ဦးရှိပါတယ်၊ ဆုရစာရင်းထဲမှာ ဆရာမအတန်းထဲက တစ်ယောက်ပါနေတဲ့အတွက် ဆရာမ ဂုဏ်ယူပါတယ်ကွယ်၊ သူကတော့ . . .”

ဆရာမက စကားဖြတ်ပြီး ကျောင်းသားကျောင်းသူအားလုံးဆီသို့ အပြုံးမျက်နှာဖြင့် ဝေ့ဝဲကြည့်လာသည်။ ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူအားလုံး ရင်ခုန်စိတ်လှုပ်ရှားနေကြသည်။

“မောင်ကိုကိုခိုင် ပထမဆု ဖြစ်ပါတယ်”

“ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . .”

လက်ခုပ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။ ဆရာ ဦးဝင်းမင်းစကားကို ကိုကိုခိုင် နားထောင်ခြင်း၏အကျိုးကျေးဇူး ဖြစ်ပါသည်။ အလယ်တန်းအဆင့်တွင် စာစီစာကုံးပထမရ၍ ကိုကိုခိုင် အလွန်ပျော်ပါသည်။ မျက်ရည်တောင်ကျမိသည်။ ဆရာမ၏ ချီးကျူးစကားသံများက ကိုကိုခိုင့်နားထဲတွင် နားဝင်ပီယံရှိစွာ ပဲ့တင်ထပ်နေပါတော့သည်။

××××××××××

# တန်ဖိုး

ကျောင်းသွား ကျောင်းပြန်ချိန်တိုင်း အောင်အောင် စိတ်အားငယ်ရသည်။ ဝင်းသန့်ထိုက်ကို သူ့အဖေက ကားဖြင့်လာကြိုသည်။ မြနန္ဒာဝင်းကိုလည်း သူ့အဖေကိုယ်တိုင် ဆိုင်ကယ်ဖြင့်လာကြိုသည်။ အောင်အောင်ကမူ မေမေလာကြိုသော်လည်း လမ်းလျှောက်ပြန်ရသည်က များသည်။ တစ်ခါတစ်ရံမှသာ လိုင်းကားစီးပြီး ပြန်ရသည်။

အောင်အောင်က တတိယတန်းတွင် ပညာသင်ကြားနေသော ကျောင်းသားလေး ဖြစ်ပါသည်။

"သား. . . အောင်အောင်၊ ကားပေါ်တက်လေ"

ကျောင်းအဝင်ဝ၌ မတ်တတ်ရပ်နေသော အောင်အောင်ကို ဝင်းသန့်ထိုက်၏အဖေ အန်ကယ်သန်းထိုက်က ကားမှန်တံခါးဖွင့်ပြီး လှမ်းခေါ်သည်။ အောင်အောင်လည်း မေမေလာမကြိုသေး၍ စောင့်နေရခြင်းဖြစ်သည်။

"မိုးရွာတော့မယ်သား၊ မြန်မြန်တက်"

မိုးရိပ်လေရိပ်ဆင်လာပြီဖြစ်၍ အောင်အောင်လည်း ကားပေါ်သို့ အမြန်တက်လိုက်သည်။ မိုးကသဲသဲမဲမဲ ရွာချလေတော့သည်။ တော်ပါသေးသည်။ ဝင်းသန့်ထိုက်၏အဖေကို အောင်အောင် ကျေးဇူးတင်နေမိသည်။

အိမ်အထိ လိုက်ပို့ပေးသည်။ အိမ်ထဲမှ မေမေထီးကိုင်လျက် ထွက်လာသည်။

"ဆိုင်းသိမ်းတာ နောက်ကျသွားတယ် သားရယ်၊ မိုးရေတွေ စိုကုန်တော့မှာပဲ၊ ထီးဆောင်းလေ"

အောင်အောင်က အိမ်ထဲသို့ အတင်းပြေးဝင်လာခဲ့သည်။ မေမေက နောက်မှလိုက်လာသည်။

"သူများ အဖေတွေက ကားနဲ့လာကြိုတာ၊ သားမှာတော့ ကားမပြောနဲ့၊ စက်ဘီးနဲ့တောင် လာကြိုမယ့်သူ မရှိဘူး"

"ဝင်းသန့်ထိုက်တို့အဖေက ဆရာဝန်လေသားရဲ့၊ ဖေဖေက ဆိုက်ကားသမားလေ၊ ကားတော့ ဘယ်ဝယ်ပေးနိုင်ပါ့မလဲကွယ်"

"သားက မျက်နှာငယ်ရတာပေါ့ မေမေရဲ့၊ သူငယ်ချင်းတွေ အားလုံးက ကား၊ ဆိုင်ကယ်၊ စက်ဘီး အကုန်ရှိတယ်၊ သားမှာပဲ မရှိတာ"

"ဒီမယ်သား၊ သား ကျောင်းသွား ကျောင်းပြန်လုပ်ရတာကို ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေနဲ့သွားချင်တာ မေမေသိတယ်၊ စာကြိုးစားဖို့ကိုတော့ သားမပြောဘူး၊ စာမေးပွဲတွေမှာ သားရမှတ်တွေ နည်းလာတာ မေမေသိတယ်၊ သားအရွယ်က စာကြိုးစားရမယ့်အရွယ်ပါ၊ အဲဒီ ဂုဏ်ပကာသနတွေကို သား စိတ်ဝင်စားလို့ မရဘူး၊ ပညာရေးမှာ အဲဒီဟာတွေက အနှောင့်အယှက်ပဲသား"



အောင်အောင်ကတော့ သူငယ်ချင်းများအလယ်မှာ အားငယ်မိတာ အမှန်ပင်။ ငွေကြေးချမ်းသာသော သူငယ်ချင်းများကို ကြည့်ကာ အားကျမိသည်။

"မေမေ . . . သား ဖေဖေကို ပြောပေးပါ့မယ်၊ သားကို စက်ဘီးဝယ်ပေးခိုင်းမယ်၊ ဘယ်လိုလဲ"

"တကယ်လား . . မေမေ"

"တကယ်ပေါ့ သားဘက်ကလည်း စာကြိုးစားရမယ်နော်"

"ဟုတ်ကဲ့ပါ မေမေ"

အောင်အောင် အလွန်ပျော်ပါသည်။ ကားနှင့် ဆိုင်ကယ် မစီးရလျှင်တောင် စက်ဘီးအသစ်လေးစီးပြီး ကျောင်းတက်ရလျှင် ကျေနပ်ပါသည်။ ကျောင်းရောက်လျှင် သူငယ်ချင်းများကို ကြွားရပါဦးမည်။

× × ×

ဖေဖေညမိုးချုပ်လျှင် ပြန်လာနေကျဖြစ်သော်လည်း ညဥ့်နက်မှ ပြန်လာသည်မှာ တစ်ပတ်ခန့်ရှိပေပြီ။ အောင်အောင် တရေးနိုးချိန်တွင် ဖေဖေ့အသံ ကြားလိုက်ရသည်။

"သားတို့ အိပ်ပြီလား . . ."

"အိပ်နေကြပါပြီ"

အောင်အောင်၏အထက်တွင် ကိုကြီး အောင်မြင့်ဦး၊ ကိုလတ် အောင်ဇော်လတ်ဟူသော ညီအစ်ကိုနှစ်ယောက်ရှိပြီး သူ့အောက်တွင် ညီမလေးယမုံဖူးနှင့် ညီလေးအောင်နိုင်ထွေးတို့ ရှိသည်။ ကိုကြီး အောင်မြင့်ဦးက ဆယ်တန်းအောင်ပြီး ပထမနှစ်တက်နေသည်။ ကိုလတ်က ဆယ်တန်းတက်နေသည်။ ညီမလေးယမုံဖူးက

ပထမတန်း၊ ညီလေးအောင်နိုင်ထွေးက မူကြိုတက်နေကြပြီ။ ကိုကြီးအောင်မြင့်ဦးကတော့ ကားဝပ်ရှော့တစ်ခုတွင် အလုပ်ဝင်နေသည်။

"ပြန်တာ နောက်ကျတယ်နော်"

"ဟုတ်တယ်၊ သားငယ်အောင်အောင်အတွက် စက်ဘီးလေးဝယ်ပေးချင်လို့ အချိန်ပိုနင်းနေတာပါကွာ"

အောင်အောင် အိပ်ရာထဲမှနားထောင်ရင်း ပျော်နေမိသည်။

"ကျန်းမာရေးလည်း ဂရုစိုက်ဦး၊ ရှင့်ပုံစံက တဖြည်းဖြည်းနဲ့ ပိန်လာပြီ၊ ကဲ. . . ရေမိုးချိုး၊ ထမင်းပွဲပြင်ထားလိုက်မယ်"

"မချိုးတော့ပါဘူးကွာ၊ ဗိုက်ဆာလှပြီ၊ ထမင်းပဲ တစ်ခါတည်းစားလိုက်တော့မယ်"

"ဒါဆိုလည်းပြီးရော၊ ရှင်ကြိုက်တတ်တဲ့ ငါးပိရည်နဲ့ တို့စရာ၊ ပြီးတော့ ချဉ်ရည်ဟင်း၊ ကန်စွန်းရွက်ကြော် ချက်ထားတယ်"

မေမေ သူတို့ကိုကျွေးသည့်ဟင်းများထဲတွင် ကြက်ဥတစ်လုံးစီပါပါသည်။ ယခု ဖေဖေ့ကို မေမေရွှတ်ပြသော ဟင်းများထဲတွင် ကြက်ဥဟင်း မပါပေ။

"ငါ့ သားသမီးတွေကိုရော ဒီအတိုင်း ကျွေးတာပဲလား"

"သူတို့အတွက် ကြက်ဥဟင်း သီးသန့်ချက်ထားပါတယ်၊ ရှင်နဲ့ကျွန်မအတွက်သာ မပါတာ၊ ကုန်ဈေးနှုန်းတွေကြီးတာ ရှင်လည်း သိသားနဲ့၊ ကျွန်မ မုန့်ဟင်းခါးဆိုင်ကလည်း မရောင်းရဘူး၊ ဝင်ငွေနဲ့ချိန်ဆပြီး ချက်နေရတာ"

အောင်အောင့်ရင်ထဲ မကောင်းသလို ခံစားရသည်။ ဖေဖေနှင့်မေမေတို့၏ သူတို့အပေါ်ထားရှိသော စေတနာကို နားလည်လိုက်ပါပြီ။



"ကလေးတွေရှေ့မှာ အဆင်မပြေတဲ့အကြောင်း မပြောမိစေနဲ့နော်၊ ငါ့သားသမီးတွေ စိတ်ဆင်းရဲတာ ငါ မမြင်ချင်ဘူး၊ ပေး. . လက်ဆေးခွက်"

"စိတ်ချပါရှင်. . မသိစေရပါဘူး၊ အောင်အောင်ကသာ စက်ဘီးဝယ်ဖို့ ပူဆာတာ၊ သားကြီးဆိုရင် ရတဲ့ငွေအကုန်အပ်တယ်၊ သားလတ်ဆိုရင်လည်း မုန့်ဖိုးမယူတာကြာပြီ၊ အငယ်နှစ်ယောက်ကတော့ ကလေးတွေဆိုတော့ မုန့်တစ်ခုစီပေးလိုက်ရင် ကျေနပ်နေကြတာ၊ ဘာပဲပြောပြော အောင်အောင်က မျက်နှာငယ်တတ်တာ၊ သူ့အတွက် စက်ဘီးလေးတစ်စီးတော့ ဝယ်ပေးရအောင်ပါရှင်"

"အေးပါကွာ၊ ဖြစ်လာမှာပေါ့"

ထိုနေ့ညက အောင်အောင် တော်တော်နှင့် အိပ်မပျော်ပေ။ ဖေဖေနှင့် မေမေ ပင်ပင်ပန်းပန်းလုပ်ပြီး ရှာဖွေနေရသည်ကို စိတ်မကောင်းဖြစ်မိသည်။ သူလိုချင်သော စက်ဘီးကိုလည်း ထပ်ပြီးမပူဆာတော့ဘူးဟု ဆုံးဖြတ်လိုက်သည်။

ကျောင်းရောက်သောအခါ ဝင်းသန့်ထိုက်က သူ့အဖေဝယ်ပေးသော စက်ဘီးလေးကို အောင်အောင့်အား ကြွားသည်။

ကျောင်းဘောလုံးကွင်းတွင် ကျောင်းမတက်မီ အောင်အောင်နှင့် ဝင်းသန့်ထိုက်တို့ စက်ဘီးပတ်စီးကြသည်။ စက်ဘီးစီးရတာကို အောင်အောင် ပျော်ပါသည်။ ဝင်းသန့်ထိုက်က ကျောင်းဆင်းလျှင် သူ့အဖေကို ကားဖြင့် လာမကြိုခိုင်းတော့ပါ။ စက်ဘီးဖြင့် ပြန်မည်ဟု ပြောပါသည်။

အောင်အောင့်ကိုလည်း အဖော်လိုက်ခဲ့ရန် ခေါ်သည်။ ကျောင်းဆင်းချိန်တိုင်းတွင် ဝင်းသန့်ထိုက်၏စက်ဘီးလေးပေါ်မှာ အောင်အောင်

လိုက်ပါစီးနင်းခွင့်ရပါသည်။ ဖေဖေ ဝယ်ပေးမည့်စက်ဘီးလေး ရလာလျှင် ဝင်းသန့်ထိုက်နှင့် ယှဉ်စီးမည်ဟု အောင်အောင် စိတ်ကူးဖြင့် ပျော်ခဲ့ရပါသည်။

× × ×

"ဝင်းသန့်ထိုက်. . . ဖြည်းဖြည်းစီးပါကွာ"

"ဘာဖြစ်လို့လဲ. . . မင်းက ကြောက်လို့လား"

"မဟုတ်ပါဘူး. . . မတော်တဆလဲသွားရင် မင်းစက်ဘီးလေး ပျက်စီးသွားမှာစိုးလို့ပါ"

"ဒီတစ်စီးပျက်သွားရင် နောက်တစ်စီး ဝယ်မှာပေါ့၊ ဖေဖေက ငါတောင်းသမျှ အကုန်ဝယ်ပေးတာ၊ ငါတို့က ချမ်းသာတယ်လေကွာ"

"အေး. . . အေးပါကွာ"

ဝင်းသန့်ထိုက်နောက်မှာ လိုက်စီးရင်း အောင်အောင် စကားဆက်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။ လမ်းချိုးတစ်နေရာတွင် ချိုင့်ခွက်တစ်ခုအားမမြင်ဘဲ အရှိန်ဖြင့်နင်းလာသော သူတို့စက်ဘီးလဲတော့သည်။ နှစ်ယောက်လုံးလမ်းဘေးသို့ တလိမ့်ခေါက်ကွေးကျသွားသည်။ ဝင်းသန့်ထိုက်၏စက်ဘီးလေးလည်း ပျက်စီးသွားသည်။ လက်ကိုင်ကျိုးသွားသဖြင့် စက်ဘီးက ဆက်စီး၍ မရတော့ပေ။

"ဒယ်ဒီကလည်း စက်ဘီးအပေါစား ဝယ်ပေးတယ်။ သွားကွာ. . . အစုတ်ပလုတ်စက်ဘီး"

ဝင်းသန့်ထိုက်က စက်ဘီးအား လမ်းဘေးချောက်ထဲသို့ လွှင့်ပစ်လိုက်သည်။ စက်ဘီးလေးကိုကြည့်ပြီး အောင်အောင် နှမြောနေမိသည်။



နောက်တစ်ရက်တွင် ဝင်းသန့်ထိုက်က စက်ဘီးအသစ်တစ်စီး စီးလာသည်။ ပထမတစ်စီးထက် ပိုကောင်းသည်။ တန်ဖိုးဘယ်လောက်ရှိသည်ဟု ပြောသည်။ ထိုစက်ဘီးသည်လည်း ကြာကြာမခံပါ။ နောက်ထပ်တစ်စီး ထပ်ဝယ်လာပြန်သည်။ ဝင်းသန့်ထိုက်ကို အောင်အောင် အားကျမိသည်။

အောင်အောင် အပျော်ဆုံးနေ့တစ်နေ့ ရောက်လာပါပြီ။ သူလိုချင်နေခဲ့သော စက်ဘီးတစ်စီး ဖေဖေက ဝယ်ပေးသောနေ့ဖြစ်ပါသည်။

"သား. . ရိုရိုသေသေစီးနော်၊ တစ်ရက်နှစ်ရက်စီးပြီး ချောင်ထိုးမယ်လို့တော့ စိတ်မကူးနဲ့၊ ဒီတစ်စီးပျက်ရင် နောက်တစ်စီးထပ်ဝယ်ပေးဖို့ဆိုတာ ဖေဖေတို့အခြေအနေနဲ့ မဖြစ်နိုင်ဘူး။ ငွေကြေးချမ်းသာတဲ့ သားသူငယ်ချင်းတွေကို အားမကျနဲ့နော် ကြားလား. . . သား"

"ဟုတ်ကဲ့ပါ. . . ဖေဖေ"

စက်ဘီးအသစ်လေးဖြင့် အောင်အောင်ကျောင်းသို့လာခဲ့သည်။ ဝင်းသန့်ထိုက်၊ ဇာနည်အောင်တို့နှင့်အတူ စက်ဘီးအတူစီးဖြစ်သည်။ ကျောင်းပိတ်ရက်တစ်ရက်တွင် သူတို့သူငယ်ချင်းသုံးယောက် စက်ဘီးကိုယ်စီနင်းကာ မြို့ပြင်သို့ထွက်ခဲ့ကြသည်။

"ငါတို့သုံးယောက် စက်ဘီးစီးပြိုင်ကြရအောင်"

ဝင်းသန့်ထိုက်က စကားစသည်။ ဇာနည်အောင်က ချက်ချင်းသဘောတူသည်။ အောင်အောင်ကတော့ စဉ်းစားနေဆဲပင်။ သူတို့နှစ်ယောက်၏ မိဘများမှာ ပိုက်ဆံချမ်းသာသဖြင့် စက်ဘီးစုတ်သွားလျှင် နောက်တစ်စီး အချိန်မရွေးဝယ်နိုင်သည်။ အောင်အောင်ကသည်တစ်စီးကိုပင် မနည်းကျားကန် ဝယ်ထားရခြင်းဖြစ်၍ သူတို့ကိုတု၍မဖြစ်ပေ။ ဖေဖေ့စကားကိုလည်း ကြားယောင်မိသည်။

“ငါမပြိုင်ချင်ဘူးကွာ”

“ဘာဖြစ်လို့လဲ”

“ဒီစက်ဘီးလေးက ဖေဖေဆိုက်ကားနင်းပြီး ဝယ်ပေးထားတာကွ၊ ပျက်သွားရင် နောက်ထပ်ဝယ်ဖို့ မလွယ်ဘူး၊ ပြီးတော့ ဖေဖေ့ချွေးနဲ့စာနဲ့ ဝယ်ထားတာဖြစ်တဲ့အတွက် ဒီစက်ဘီးလေး ကို ငါ တန်ဖိုးထားတယ်၊ လိုအပ်တဲ့နေရာမှာပဲ သုံးမယ်၊ အပျော်အပျက်လုပ်ရင်း ပျက်စီးသွားမှာကို မလိုလားဘူး”

ဝင်းသန့်ထိုက်နှင့် ဇာနည်အောင်က အောင်အောင့်အား ငေးငေးလေး ကြည့်နေကြသည်။

“ငါတို့အဖေတွေက ငါတို့ကိုစီးစေချင်လို့ ဝယ်ပေးတာလေကွာ၊ ကျောင်းသွားကျောင်းပြန် စီးရမယ်၊ အခုလို လျှောက်လည်ရင်းလည်း စီးသင့်တယ်၊ ဒါပေမဲ့ စက်ဘီးစီးပြိုင်တာကိုတော့ မလုပ်သင့်ဘူးကွ၊ တစ်ယောက်နဲ့တစ်ယောက် အနိုင်ရချင်ဇောနဲ့နင်းရင် စက်ဘီးက ဒဏ်ခံနိုင်မှာမဟုတ်ဘူး။ ဒီကြားထဲ ကျောက်ခဲနဲ့တိုက်မိပြီးလဲရင် လူလည်း ဒဏ်ရာရမယ်။ စက်ဘီးလည်း ပျက်စီးမယ်။ အဖေတွေ ဝယ်ပေးတဲ့ စက်ဘီးလေးတွေကို ငါတို့တန်ဖိုးထားကြရင် မကောင်းဘူးလား”

“အောင်အောင်ပြောတာ မှန်တယ်ကွ၊ ငါ့ကြောင့် စက်ဘီးဝယ်ပေးရတာ သုံးစီးရှိပြီ။ ဒယ်ဒီဝယ်ပေးတဲ့စက်ဘီးတွေကို ငါ တန်ဖိုးမထားတတ်ခဲ့ဘူး။ ငါ ဆင်ခြင်တော့မယ်ကွာ”

ဝင်းသန့်ထိုက်က ပြောလာသည်။

“ငါလည်း မင်းတို့လို စက်ဘီးလေးကို တန်ဖိုးထားတတ်သွားပါပြီကွာ”



ဇာနည်အောင်ကလည်း ပြောလာသည်။

“ဒါဆို ငါတို့မြို့ထဲကို ပြန်စီးကြမယ်၊ စက်ဘီးစီးရတာ ငါတော့ အရမ်းပျော်တယ်ကွာ၊ ကျန်းမာရေးလည်း ညီညွတ်တယ်၊ လေကောင်းလေသန့်လည်း ရတယ်၊ ရှုခင်းတွေလည်း ကြည့်ရတယ်၊ စက်ဘီးလေးကို ကျေးဇူးတင်လိုက်တာ”

အောင်အောင့်စကားကြောင့် ဝင်းသန့်ထိုက်နှင့် ဇာနည်အောင်တို့သည်လည်း သူတို့စက်ဘီးလေးတွေကို အပြုံးမျက်နှာဖြင့် ကြည့်လိုက်ကြသည်။ ပြီးနောက် သူတို့သူငယ်ချင်းသုံးယောက်သည် စက်ဘီးလေးများကို ညင်ညင်သာသာနင်းကာ မြို့ထဲဆီသို့ ပြန်လာခဲ့ကြသည်။

××××××××××

# မိသားစုလေ့လာရေးခရီး

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ၊ ၁၉ ရက်။

ဇော်ဇော်တို့ ကျောင်းပိတ်ပါသည်။ ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော ကျောင်းသားလေးဖြစ်ပါသည်။

ထိုနေ့သည် အာဇာနည်နေ့ဖြစ်၍ ကျောင်းပိတ်ရခြင်းဖြစ်သည်ဟု အတန်းပိုင်ဆရာမက ပြောလိုက်သည်ကို ဇော်ဇော်မှတ်မိသည်။ ထိုနေ့တွင် မြန်မာတစ်မျိုးသားလုံးက ကျဆုံးသွားသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့သတိရကြသည်ဟုလည်း သိရ၏။ ထိုခေါင်းဆောင်ကြီးများမှာ တိုင်းပြည်အတွက် အသက်ပေးလှူသွားသူများဖြစ်၍ အာဇာနည်သူရဲကောင်းများဟု ဂုဏ်ပြုခေါ်ဆိုရခြင်းဖြစ်ကြောင်းလည်း ဇော်ဇော်သိမှတ် ခဲ့ရပါသည်။

"အာဇာနည်နေ့မှာ ငါ့သား ငါ့သမီး၊ ငါ့မြေးတွေနဲ့အတူ လေ့လာရေးခရီးထွက်ကြမယ်"

ဘိုးဘိုးပြောစကားကြောင့် ဇော်ဇော်ပျော်မိသည်။ ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ အစ်ကိုကြီး လင်းသန့်၊ ဇော်ဇော်

အပါအဝင် မိသားစုခြောက်ယောက်သည် ကိုယ်ပိုင်ကားဖြင့် အိမ်မှ နံနက်ကိုးနာရီခန့်တွင် စတင်ထွက်ခွာခဲ့ကြပါသည်။

ပထမဦးစွာ အဆောက်အအုံကြီးတစ်ခုဆီသို့ ရောက်ခဲ့ကြသည်။ ဇော်ဇော်တို့မိသားစုရောက်သွားချိန် သိမ်ဖြူလမ်းရှိဝင်ပေါက်တွင် လူစုလူဝေးဖြင့် လူတော်တော်များများ ရောက်ရှိနေသည်ကို မြင်ရသည်။ ဘိုကလေးဈေးမှတ်တိုင်အနီးမှာတော့ ကဗျာရွတ်သူများ၊ ပန်းစည်းချသူများကိုလည်း တွေ့နေရသည်။

လူများစွာက အာဇာနည်နေ့ကို အထူးတလည်အောက်မေ့သတိရနေသည်ကို ဇော်ဇော် မျက်ဝါးထင်ထင်မြင်ခဲ့ရ၏။

“ဘိုးဘိုး . . . ဒီအဆောက်အအုံကြီးက ဘာလဲဟင်”

ဇော်ဇော်က မေးတော့ ဘိုးဘိုးက ပြုံးပြုံးကြီး လုပ်နေသည်။

“ဝန်ကြီးများရုံးလို့ခေါ်တယ် မြေး၊ ဒီရုံးကြီးထဲမှာ ဟိုးလွန်ခဲ့တဲ့ ၆၈ နှစ်ကျော်လောက်က ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ကိုးဦး လုပ်ကြံသတ်ဖြတ်ခံခဲ့ရတယ်၊ ဘိုးဘိုးတို့နိုင်ငံအတွက် ဆုံးရှုံးနစ်နာမှု ကြီးမားခဲ့တဲ့နေ့တစ်နေ့ပေါ့ကွယ်၊ အဲဒီလို အာဇာနည်ခေါင်းဆောင်ကြီးတွေ သတ်ဖြတ်ခံခဲ့ရတဲ့နေ့ကို အောက်မေ့သတိရခြင်းအနေနဲ့ အခုလိုလာပြီးဂါရဝပြု လေ့လာကြည့်ရှုကြတာပေါ့”

“သြော် . . .”

ဘိုးဘိုးပြောပြသော ဝန်ကြီးများရုံးရှေ့တွင် ရောက်ရှိနေသည့် လူထုကြီးက ဗိုလ်ချုပ်အောင်ဆန်းတို့ အာဇာနည်ကိုးဦး လုပ်ကြံသတ်ဖြတ်ခံခဲ့ရသော နံနက် ၁၀ နာရီ ၃၇ မိနစ် အချိန်တွင် အလေးပြုဂါရဝပြုကြသည်။ ထိုအချိန်တွင် ဝန်ကြီးများရုံးရှေ့၌ သွားလာနေသော မော်တော်ယာဉ်များမှာလည်း ရှေ့ဆက်မသွားတော့ဘဲ



ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် မော်တော်ကား ဟွန်းသံရှည် တစ်မိနစ်ကြာ ဆွဲခဲ့ကြသည်။

နံနက် ၁၁ နာရီတွင် ဝန်ကြီးများရုံးကို စတင်ဖွင့်လှစ်ပေးခဲ့ပြီး ဇော်ဇော်တို့မိသားစုလည်း ဝင်ရောက်လေ့လာခဲ့ကြသည်။ လာရောက်လေ့လာသူများမှာ ထောင်ချီရှိလောက်သည်ဟု ဇော်ဇော် ခန့်မှန်းမိသည်။ ဘိုးဘိုးက ဇော်ဇော်တို့မိသားစုကို အာဇာနည်ခေါင်းဆောင်ကြီးကိုးဦး လုပ်ကြံသတ်ဖြတ်ခံခဲ့ရသော အခန်းနှင့် အထင်ကရနေရာများသို့ ပို့ဆောင်ရှင်းပြပေးခဲ့ပါသည်။

“အခုလို ကြည့်ရှုခွင့်ရတာ သိပ်ပျော်ပါတယ်။ သားအခု အသက်နှစ်ဆယ်ကျော်ပြီ၊ ဒီရုံးကြီးကို အပြင်ကပဲမြင်ဖူးခဲ့တာ၊ အခုလို အထဲထိလာပြီး သမိုင်းဝင်နေရာတွေ၊ အဖြစ်အပျက်တွေကို လေ့လာခွင့်ရတာ ဗဟုသုတ အများကြီးရပါတယ်၊ စိတ်ထဲမှာလည်း တစ်မျိုးကြီးခံစားရတယ်၊ ဗိုလ်ချုပ်နဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စိတ်ဓာတ်ကိုတော့ တကယ်လေးစားမိပါတယ် ”

အစ်ကိုကြီးလင်းသန့်က ဝန်ကြီးများရုံးမှ ပြန်အထွက်တွင် ပြောလာသည်။ ဖေဖေကလည်း အာဇာနည်နေ့အပေါ် ခံစားချက်ကို ရှင်းပြသည်။ ဘွားဘွားနှင့်မေမေဆိုလျှင် မျက်ရည်လေးတွေ တစမ်းစမ်းဖြင့် ငိုနေကြသည်။ ဇော်ဇော့်အသိစိတ်ထဲမှာလည်း အာဇာနည်ခေါင်းဆောင်ကြီးများ၏စိတ်ဓာတ်ကို ဂုဏ်ယူမိပါသည်။

× × ×

ဇော်ဇော်တို့မိသားစုသည် ကန်တော်ကြီးပတ်လမ်းရှိ ဗိုလ်ချုပ်ကြေးရုပ်သို့လာရောက် ဂါရဝပြုခဲ့ကြပြန်ပါသည်။

ဇော်ဇော်တို့မိသားစုကဲ့သို့ပင် ဗိုလ်ချုပ်ကြေးရုပ်တွင် လာရောက်ဂါရဝပြုသူ ရဟန်း၊ ရှင်လူများ အလွန်များပြားနေပါ သည်။ ဇူလိုင်လ ၁၉ ရက်တွင် ကျဆုံးခဲ့ကြသည့် အာဇာနည်ခေါင်းဆောင် ကိုးဦးအား ငြိမ်သက်ကာ အလေးပြုကြသလို ပန်းခွေများ၊ ပန်းခြင်းများ၊ ပန်းများဖြင့် ဂါရဝပြုကြပြီး နိုင်ငံတော်သီချင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် အမှတ်တရသီချင်းများကိုလည်း သီဆိုနေကြသည်။

"မြေးကြီးနဲ့ မြေးလေးတို့ မှတ်ထားကြနော်၊ အာဇာနည်နေ့ရောက်တိုင်း ဝန်ကြီးများရုံး၊ ဒီဗိုလ်ချုပ်ကြေးရုပ်၊ ပြီးရင် အာဇာနည်ကုန်းနဲ့ ဗိုလ်ချုပ်ပြတိုက်တွေမှာလာပြီး ဂါရဝပြုရမယ်၊ ငါ့မြေးတို့နောက်မျိုးဆက်တွေကိုလည်း အဘိုးတို့ ငါ့မြေးတို့ကို ပေးသလိုလက်ဆင့်ကမ်း အမွေပေးရမယ်၊ ဗိုလ်ချုပ်ကြေးရုပ်ကို သေချာကြည့်၊ လူသေသွားပေမယ့် နာမည်မသေဘူးဆိုတဲ့ အာဇာနည်ခေါင်းဆောင်တစ်ယောက်အဖြစ် ယနေ့အချိန်ထိ ရှင်သန်နေဆဲပဲ၊ ဗိုလ်ချုပ်လိုစိတ်ဓာတ်နဲ့လုပ်ရပ်မျိုးကို ငါ့မြေးတို့ မွေးမြူရမယ်၊ နားလည်ကြရဲ့လား"

"ဟုတ်ကဲ့ . . . နားလည်ပါတယ် အဘိုး"

ဇော်ဇော်နှင့် အစ်ကိုကြီး လင်းသန့်က မဆိုင်းမတွပင် ပြန်ဖြေသည်။

"မေမေတို့ငယ်ငယ်တုန်းကဆိုရင် ဖေဖေက အာဇာနည်နေ့ရောက်တိုင်း အာဇာနည်ကုန်းတို့၊ ဗိုလ်ချုပ်ကြေးရုပ်တို့ကို ထမင်းချိုင့်ဆွဲပြီး လိုက်ပို့တာ၊ သားတို့ခေတ်မှာ ကလေးတော်တော်များများက အာဇာနည်နေ့ကို သိပ်မသိကြတော့ဘူး၊ ဒါကြောင့် သားတို့ကို ဘိုးဘိုးက မိသားစုစုံစုံညီညီနဲ့ လိုက်ပို့ပေးတာ၊ သားတို့



ကံကောင်းပါတယ်၊ လာပြီးမလေ့လာဖြစ်တဲ့ သားတို့ သူငယ်ချင်းတွေကိုလည်း ကျောင်းရောက်ရင် အတွေ့အကြုံကို ပြန်ပြောပြနော်"

"ဟုတ်ကဲ့ပါ မေမေ"

ဇော်ဇော် အလွန်ကြည်နူးမိသည်။ ကျောင်းဖတ်စာအုပ်ထဲမှာသာ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ "အောင်ဆန်း ဇာနည်" ကဗျာလေးကို ရွတ်ဆိုခဲ့ဖူးသည်။ ယခုကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သော သမိုင်းကြောင်းများကို သေသေချာချာ မသိခဲ့ပေ။ အာဇာနည်နေ့တွင် မိသားစုလေ့လာရေးခရီးအဖြစ် လိုက်ပါပို့ဆောင်ပေးသော ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေတို့အား ကျေးဇူးတင်နေမိသည်။

"ကဲ . . . ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ဆက်ပြီးသွားကြရအောင်"

ဖေဖေက ကားနားမှာရပ်စောင့်ပြီး လှမ်းခေါ်သည်။ ဇော်ဇော် ဗိုလ်ချုပ်ကြေးရုပ်ကို ကြည့်ရတာအားမရသေးပေ။ ဆက်ပြီး ကြည့်ချင်သေးသည်။ သို့သော် သူစိတ်ဝင်စားသော ဗိုလ်ချုပ်ပြတိုက်သို့ သွားရမည်ဖြစ်၍ ဗိုလ်ချုပ်ကြေးရုပ်ကို ဂါရဝပြုကာ သွက်လက်စွာ ပြန်လာခဲ့သည်။

ဇော်ဇော့်အတွက် ဗဟုသုတများစွာ ရရှိပါသည်။ ဗိုလ်ချုပ်ပြတိုက်တွင်လည်း ဗဟုသုတရစရာများ ပြည့်နှက်နေလိမ့်မည်ဟု တွေးရင်း ပျော်နေမိပါသည်။

× × ×

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရောက်ရှိခဲ့ပါပြီ။

လာရောက်လေ့လာကြည့်ရှုသူများကလည်း ကြိတ်ကြိတ်တိုးစည်ကားနေသည်။ ဖော်ဖော်တို့ မိသားစုပင် လူအုပ်ကြားထဲ မနည်းတိုးဝင်ရသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် ဗိုလ်ချုပ်အိမ်အတွင်း ဝင်ပေါက်အရှေ့၌ ဗိုလ်ချုပ် အပန်းဖြေခဲ့သည့် ပက်လက်ကုလားထိုင်၊ ရေဘူး၊ မီးခြစ်၊ စာအုပ် စသည်တို့ကို ပြသထားပါသည်။ ထမင်းစားခန်းတွင် ထမင်းစားပွဲဝိုင်း၊ ဗိုလ်ချုပ်ငယ်ဘဝ ဓာတ်ပုံများ၊ ကျောင်းသားဘဝ ဓာတ်ပုံများကို ပြသထားပါသည်။

“ဗိုလ်ချုပ်ဟာ သက်ရှိထင်ရှားရှိစဉ်က ဘယ်လိုနေထိုင်ခဲ့တယ်ဆိုတာ သက်သေပြနေတဲ့ အသုံးအဆောင်တွေပေါ့ကွယ်၊ ဗိုလ်ချုပ်ဟာ ငယ်ဘဝ၊ ကျောင်းသားဘဝမှာပါ ထူးချွန်ထက်မြက်တဲ့ လူငယ်တစ်ဦးဖြစ်ခဲ့တယ်၊ ဒါ့ကြောင့် နိုင်ငံ့ခေါင်းဆောင် ဖြစ်ခွင့်ရခဲ့တာပေါ့၊ မြေးတို့ အတုယူရမယ်နော်”

“ဟုတ်ကဲ့ပါ အဘိုး”

ဧည့်ခန်းတွင် စားပွဲခုံများ၊ ဗိုလ်ချုပ်၏ မိသားစုဓာတ်ပုံများ၊ မိန့်ခွန်းများ၊ ဗိုလ်ချုပ် ကိုယ်တစ်ပိုင်း ရုပ်တုနှင့် ဗိုလ်ချုပ် ဓာတ်ပုံများကို ချိတ်ဆွဲပြသထားပါသည်။ အိမ်အပေါ်ထပ်တွင် ဗိုလ်ချုပ်အိပ်ဆောင်၊ မိသားစုဝင်များ၏ အိပ်ဆောင်များနှင့် အိမ်အသုံးအဆောင်များကို ခင်းကျင်းပြသထားပါသည်။

ဖော်ဖော်တို့မိသားစုနည်းတူ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၊ လူငယ်များ၊ ကျောင်းသားကျောင်းသူများ လေ့လာကြည့်ရှုကြရာ ပြတိုက်တွင်တစ်ယောက်ချင်း တန်းစီကြည့်ရသည်အထိ ဖြစ်ခဲ့ရပါသည်။



“သား . . . ဖော်ဖော် ၊ ဘယ်သူတွေနဲ့လာကြည့်တာလဲ”

အတန်းပိုင်ဆရာမ ဒေါ်လဲ့လဲ့ဝင်းက ဖော်ဖော့်ကို နှုတ်ဆက်သဖြင့် မေမေ့လက်ကိုဆွဲခေါ်လာခဲ့သည်။

“သား. . . မေမေတို့နဲ့ အတူတူလာတာပါ ဆရာမ၊ မေမေ . . . ဒါ သားတို့အတန်းပိုင် ဆရာမလေ”

“တွေ့ရတာ ဝမ်းသာပါတယ် ဆရာမ”

“ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ် အစ်မ”

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ရှိရာ ဗိုလ်ချုပ်ပြတိုက်လမ်းတစ်လျှောက် လာရောက်ကြည့်ရှုသူများအား စတုဒိသာ ထမင်း၊ အချိုရည်များ၊ အကျွေးအမွေးများဖြင့် ဧည့်ခံလျက်ရှိရာ ဖော်ဖော်တို့မိသားစုလည်း သုံးဆောင်ဖြစ်ကြသည်။ ဆရာမ ဒေါ်လဲ့လဲ့ဝင်းလည်း ဖော်ဖော်တို့နှင့်အတူ ပါလာသည်။

“ဖော်ဖော်က ကံကောင်းတာပေါ့၊ အာဇာနည်နေ့မှာ မိသားစုနဲ့အတူ လေ့လာခွင့်၊ ဂါရဝပြုခွင့်ရတယ်၊ ဆရာမတို့ ငယ်ငယ်က ဒီလိုအခွင့်အရေး မရခဲ့ဘူး၊ မိဘတွေကလည်း အလုပ်မအားတာပါတာပေါ့၊ ဖော်ဖော့်ကို အစ်မကိုယ်တိုင်လိုက်ပြခွင့်ရတော့ တော်တော် ကျေနပ်မှာပဲနော်”

ဆရာမက မေမေ့ကို မေးလာသည်။ ဖော်ဖော်လည်း စိတ်ဝင်တစား နားထောင်မိသည်။

“မှန်ပါတယ် ဆရာမ၊ ကျွန်မကတော့ ဗိုလ်ချုပ်ကိုနှစ်တိုင်း မမေ့နိုင်ပါဘူး၊ ဟိုးငယ်ငယ်တုန်းကတည်းက မမေ့နိုင်ခဲ့တာ၊ ကလေးတွေကို ဗိုလ်ချုပ်အိမ်ထဲမှာရှိတဲ့ ဗိုလ်ချုပ်ရဲ့ အသုံးအဆောင်တွေ လိုက်ပြတယ်၊ ပြီးတော့ ကလေးတွေကို ဗိုလ်ချုပ်ဆိုတာ ဘယ်လိုမျိုးလဲဆိုတာသိအောင် လိုက်ပို့တာပါ”

"ကောင်းလိုက်တာ အစ်မရယ်၊ ပြတိုက်ထဲမှာ လုပ်ဖော်ကိုင်ဖက် ဆရာမတွေ ကျန်နေသေးလို့ သွားခေါ်လိုက်ဦးမယ်၊ ခွင့်ပြုပါဦး"

"ကောင်းပါပြီ ဆရာမ"

တစ်နေကုန်လေ့လာရသဖြင့် ဘိုးဘိုးနှင့်ဘွားဘွားတို့ ပင်ပန်းလာကြပြီ။ သို့အတွက် ဗိုလ်ချုပ်ပြတိုက်မှ အိမ်သို့ပြန်ခဲ့ကြသည်။ ကားပေါ်တွင် ဘိုးဘိုးက အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ အားကျအတုယူဖွယ်စိတ်ဓာတ်နှင့် လုပ်ရပ်များကို ပြောပြနေပါသည်။

ဇော်ဇော် ကျေနပ်ပါသည်။ ဘိုးဘိုးကိုလည်း ကျေးဇူးတင်မိသည်။ နောက်နှစ်များတွင်လည်း အာဇာနည်နေ့ရောက်တိုင်း မိသားစုနှင့်အတူ လေ့လာရေးခရီး ထွက်ချင်ပါသည်။ နှစ်စဉ်နှစ်တိုင်း ဗိုလ်ချုပ်ကြေးရုပ်၊ ဗိုလ်ချုပ်ပြတိုက်နှင့် အာဇာနည်ကုန်းများသို့ ကိုယ်တိုင်သွားရောက်ကာ ဇော်ဇော် ဂါရဝပြုချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်နေပါတော့သည်။

××××××××××

# ပြိုင်တူတွန်းလှော်

ဖိုးညဏ်သည် ပဉ္စမတန်းတွင် ပညာသင်ကြားနေပါသည်။ ဖိုးညဏ်၏မိဘနှစ်ပါးမှာ လယ်တောတွင်တဲထိုးနေသဖြင့် ထိုနေရာမှပင် ကျောင်းသွားတက်ရသည်။ လယ်ယာလုပ်ချိန်တွင် ရွာထဲ၌မနေဘဲ လယ်ထဲတွင်တဲထိုးကာ ယာယီနေကြခြင်းဖြစ်ပါသည်။ ဖိုးညဏ်တို့မိသားစုကဲ့သို့ပင် လယ်တဲဖြင့် နေထိုင်ကြသော မိသားစု ဆယ်စုခန့် ရှိပါသည်။

လယ်တဲများနှင့်ကျောင်းမှာ နှစ်မိုင်ခန့်ဝေးသည်။ မိုးတွင်းဖြစ်၍ ရွှံ့ဗွက်ထူသောလမ်းဆိုလျှင်လည်း မမှားပေ။ ဖိုးညဏ်တို့က လယ်တောသို့ဖြတ်လမ်းသုံး သွားလာကြရသည်။ ရွာနှင့်ကျောင်းကို ဆက်သွယ်ထားသောလမ်းက ကျောက်ခင်းလမ်းဖြစ်၍ လမ်းသာသည်။

"ဖိုးညဏ်ရေ. . . တွတ်ပီနဲ့ဗိုက်ကလေးကို သေချာကြည့်ခေါ်သွားပါဟေ့"

အရီးမြကြည်က သူ့သားနှစ်ယောက်ဖြစ်သည့် အမြွှာပူးညီအစ်ကိုနှစ်ယောက်ကို ဖိုးညဏ်ဆီလာအပ်သည်။ တွတ်ပီနှင့် ဗိုက်ကလေးတို့ညီအစ်ကိုက တတိယတန်းတွင် ပညာသင်ကြားနေကြသည်။

"ဟုတ်ကဲ့ပါ အရီးမြကြည်၊ စိတ်ချပါ သေချာခေါ်သွားပါ့မယ်"

ဖိုးညက်တို့လယ်တဲရှေ့တွင် ကျောင်းသားလေးများ စုရုံးရောက်ရှိနေကြပြီ။ ဖိုးညက်က အတန်းအကြီးဆုံးဖြစ်သည်။ တစ်တန်း တည်းသူငယ်ချင်းများအဖြစ် ကျော်ဝေနှင့် နှင်းမှုန်ဇာလင်းတို့ကလည်း ဖိုးညက်ကိုသာ ခေါင်းဆောင်တင်ထားသည်။

သူငယ်တန်းမှ ပဉ္စမတန်းအထိ ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူ ဆယ့်ငါးဦးခန့်ရှိသည်။ ကျောင်းသွားလျှင်လည်း စောင့်ပြီးမှသွားသလို ကျောင်းပြန်လျှင်လည်း လူစုံမှ ပြန်လေ့ရှိသည်။

"သား. . . ဖိုးညက်၊ သေချာဂရုစိုက်ပြီးသွားနော်၊ ကျောင်းသားငယ်လေးတွေ ဗွက်မရုန်းနိုင်ရင် သားတို့ကျောင်းသားကြီးတွေက ချီပိုးပြီးသွားကြ၊ ရေမြောင်းတွေထဲလည်း မဆင်းစေနဲ့၊ မိုးတွင်းကာလ ရေစီးသန်နေတဲ့အချိန် အန္တရာယ်များတယ်"

"စိတ်ချပါ အမေ"

ဖိုးညက်တို့ကျောင်းသားတစ်သိုက် လယ်တဲဆီမှ ထွက်ခွာလာကြသည်။ လယ်ကန်သင်းများအတိုင်း လျှောက်ရသဖြင့် ချော်မလဲစေရန် ကျောင်းသားငယ်လေးများအား ဖိုးညက် ဂရုစိုက်ခေါ်နေရသည်။

"ကိုကြီး ဖိုးညက်. . . သမီး လမ်းမလျှောက်နိုင်တော့ဘူး"

သူငယ်တန်းမှ ဖွေးဖွေးလေးက လယ်ကန်သင်းပေါ်မှာ ရပ်ပြီး ပြောလာသည်။ ဖိုးညက်ကပင် ဖွေးဖွေးလေးအား ကုန်းပိုးခေါ်လာခဲ့သည်။

ရေမြောင်းများတွင် ရေစီးက သန်နေသည်။ လယ်ကွင်းများ၌ ရေပြည့်ရေလျှံပြီဖြစ်သောကြောင့် ရေမြောင်းများထဲသို့ ရေအဝင်များလာသည်။ ကမ်းပါးယံနှင့် ရေမြောင်းကြားမှာ လူသွားလမ်းကျဉ်းလေးသာရှိသဖြင့် ကျောင်းသား ကျောင်းသူများအတွက် အလွန်အန္တရာယ်ကြီးသည်။



ဖိုးညက်၊ ကျော်ဝေနှင့် နှင်းမှုန်ဇာလင်းတို့မှာ သူငယ်တန်း ကျောင်းသားလေးများကိုချီပိုးကာ ဖြတ်လာကြရသည်။ စတုတ္ထတန်း၊ တတိယတန်း၊ ဒုတိယတန်းနှင့် ပထမတန်း ကျောင်းသား ကျောင်းသူများကတော့ ချော်မကျအောင် ထိန်းလျှောက်နိုင်ကြသည်။

ညက လေတရကြမ်းတိုက်ထားသဖြင့် လမ်းပေါ်တွင်သစ်ပင်များ လဲကျနေသည်။ သစ်ပင် ပင်စည်မကြီးသဖြင့် ဖိုးညက်တို့ ကျောင်းသားတစ်စု ဖယ်ရှားနိုင်ခဲ့ကြသည်။

ဖိုးညက်တို့ အသုံးပြုနေသောလမ်းမှာ လူသွားလူလာနည်းသဖြင့် ချုံနွယ်ပိတ်ပေါင်းများလည်း ထူထပ်နေသည်။ မြွေနှင့် အဆိပ်ရှိသောသတ္တဝါများ၏ အန္တရာယ်ကိုလည်း ကြောက်ရသေးသည်။

မိဘများမှာ လယ်ယာလုပ်ငန်းခွင်တွင် အလုပ်အရေးကြီးနေချိန်မို့ ကလေးများကို လိုက်မပို့နိုင်ကြပေ။ ဖိုးညက်ကသာ ဦးဆောင်နေရခြင်းဖြစ်သည်။ တောလမ်းကြားထဲမှ ကားလမ်းပေါ်ရောက်ချိန်တွင် ဖိုးညက် သက်ပြင်းချနိုင်တော့သည်။

ကျောင်းသားကျောင်းသူအားလုံး ဘေးမသီရန်မခဘဲ ကားလမ်းမပေါ်သို့ ချောမွေ့စွာ ရောက်လာကြပြီ။ ပျော်ရွှင်မြူးထူးစွာ ကျောင်းသို့ လာခဲ့ကြသည်။ သူငယ်တန်းမှ ဖွေးဖွေးနှင့် ကျေးနုတို့ကတော့ ရှေ့ဆုံးမှ ပြေးလွှားဆော့ကစားနေကြသည်။

ကျောင်းအပြန်တွင်လည်း သူတို့ကို ဖိုးညက် ဂရုစိုက်ခေါ်ရပါဦးမည်။

× × ×

မိုးက တစ်နေကုန် သဲသဲမဲမဲရွာနေသည်။ သည်ကြားထဲ လေကပါ တိုက်နေ၍ သစ်ပင်သစ်ကိုင်းများ လဲပြိုကျိုးကျနေသည်ကို ကျောင်းပြတင်းတံခါးမှတစ်ဆင့် ဖိုးညဏ်မြင်နေရသည်။

"မိုးကလည်း မတိတ်သေးဘူး၊ အပြန်မှာ ကလေးတွေနဲ့ ဒုက္ခပါပဲ"

ဖိုးညဏ် ညည်းတွားလိုက်မိသည်။

"ကမ်းပါးယံက ကျောက်တုံးကြီး ဘယ်တော့လိမ့်ကျမလဲ မသိဘူး ဖိုးညဏ်၊ အဲဒီ ကျောက်တုံးကြီးသာ လိမ့်ကျလာရင် လမ်းပိတ်မှာ သေချာတယ်"

ကျော်ဝေက ပြောလာသည်။ ဖိုးညဏ်မျက်စိထဲ ကျောက်တုံးကြီးကို မြင်နေမိသည်။ ကျောက်တုံးကြီးသာ လမ်းပေါ်တွင်ပိတ်နေမှုဖြင့် သူတို့အားလုံး ဒုက္ခရောက်တော့မည်။ တစ်ဖက်က ကမ်းပါးယံ၊ တစ်ဖက်က ရေမြောင်းဖြစ်နေသောကြောင့် ရှောင်ကွင်းသွား၍လည်း မဖြစ်ပေ။

"ကြိုတင်ပြီး စိတ်ပူမနေနဲ့၊ စာကို အာရုံစိုက်"

ဖိုးညဏ်က ကျော်ဝေအား ပြောလိုက်သည်။ မိုးက သဲသဲမဲမဲရွာနေသောကြောင့် ဆရာမပင် စာသင်ပျက်သွားသည်။ မိုးတိတ်အောင် စောင့်နေသည်။ ကျောက်သင်ပုန်းတွင် သင်္ချာပုစ္ဆာ ဥပမာတွက်ပြကာ ကျောင်းသား ကျောင်းသူများအား ကူးခိုင်းနေသည်။ ကျောင်းအုပ်ဆရာကြီးရုံးခန်းသို့ ဆရာမ ထွက်သွားသည်။

"ဖိုးညဏ်နဲ့ ကျော်ဝေ၊ အပြန်ကျ တောလမ်းက ပြန်လို့ ဖြစ်ပါ့မလား"

နှင်းမှုန်ဇာလင်းက မေးလာသည်။ ဖိုးညဏ်တို့လည်း စိတ်ပူနေကြရပြီ။ ရွာထဲလမ်းကနေ ပြန်လျှင်တော့ရသည်။ သို့သော် ရွာ



အထွက်တွင် လယ်တဲများဆီသွားရန် ရေချောင်းကို ကူးရဦးမည်။ မိုးသည်လောက်ရွာနေပုံထောက်လျှင် ရေချောင်းမှာ ရေလျှံနေလောက်ပြီ။

"အခြေအနေကြည့်ရမှာပေ့ါဟာ၊ ကျောင်းဆင်းရင်သာ အားလုံးပါအောင် စောင့်ခေါ်ပေးကြ"

"အေးပါ"

ကျောင်းဆင်းသောအခါ ကျောင်းဝင်းတံခါးမကြီး၌ ဖိုးညဏ်၊ ကျော်ဝေနှင့် နှင်းမှုန်ဇာလင်းတို့ ရပ်စောင့်နေကြသည်။ ကျောင်းသားငယ်လေးများအပါအဝင် လူစုံမှသာပြန်လာခဲ့ကြသည်။

လမ်းတစ်ဝက်အရောက်တွင် မိုးက သဲသဲမဲမဲ ရွာလာသည်။ ကျောင်းလွယ်အိတ်များကို မိုးကာထဲတွင်ထည့်ကာ ဖိုးညဏ်နှင့် ကျော်ဝေတို့ တစ်လှည့်စီ ထမ်းကြသည်။ ကျောင်းသားငယ်လေးများ ဖျားမည်ကိုစိုးရိမ်ပြီး ခပ်သွက်သွက်လာခဲ့ကြသည်။

မိုးမှောင်ကျလာသဖြင့် ပတ်ဝန်းကျင်က မှုန်ဝါးနေသည်။ ကားလမ်းမမှ တောလမ်းဆီသို့ ခွဲထွက်သောနေရာ ရောက်လာသည်။ တောရိပ်တောင်ရိပ်ကြောင့် တောလမ်းလေးကပို၍ မှောင်မိုက်နေ၏။

"ဖိုးညဏ် ဘယ်လမ်းကသွားမလဲ"

နှင်းမှုန်ဇာလင်းက မေးလာသည်။ ဖိုးညဏ် စဉ်းစားသည်။

"ရွာထဲလမ်းဘက်ကပတ်ရင် အချိန်တစ်နာရီလောက် ပိုကြာမှာဟ၊ ဒီတောလမ်းကဆိုရင် ခဏလေးနဲ့ ရောက်တယ်၊ ဒီလမ်းကပဲ သွားကြမယ်"

ဖိုးညဏ်သဘောအတိုင်း အားလုံးလိုက်ပါလာကြသည်။ ကျောင်းသားငယ်လေးများ မကြောက်လန့်စေရန် ကြားထဲမှထား

ကာ ခေါ်လာခဲ့သည်။ ကျော်ဝေက ရှေ့ဆုံးမှသွားပြီး ဖိုးညဏ်က နောက်ပိတ်လိုက်သည်။ မိုးကထန် လေကတိုက်နေတော့ သစ်ပင်များ၏ တရှီးရှီးမြည်သံတို့ကလည်း ကြောက်မက်ဖွယ် ကောင်းလှသည်။

တောလမ်းတစ်ဝက်သို့ ရောက်လာချေပြီ။

"လမ်းပေါ်မှာ ကျောက်တုံးကြီး ပိတ်နေတယ်ဟေ့"

ကျော်ဝေ၏အသံကြောင့် ဖိုးညဏ် အပြေးအလွှားလာကြည့်သည်။ တစ်ဖက်က ကမ်းပါးယံ၊ တစ်ဖက်က ရေမြောင်း ဖြစ်နေသဖြင့် ရှောင်ကွင်းသွား၍ မရပေ။ ကျောက်တုံးပေါ်မှ ကျော်တက်သွားမှသာရမည်။ သို့သော် မတော်တဆ လိမ့်ကျနိုင်၍ မည်သူမျှ ကျော်မတက်ရဲပေ။

မိုးကပိုပြီး သဲလာသည်။ ကျောင်းသားငယ်လေးများလည်း ခိုက်ခိုက်တုန်အောင် ချမ်းနေကြပြီ။

"ကိုကြီး ဖိုးညဏ်၊ သမီးကြောက်တယ်၊ အိမ်ပြန်ချင်တယ်၊ ဟီး. . . . ဟီး. ."

ဖွေးဖွေးလေးက ငိုလေပြီ။ ကျေးနုကလည်း ဖွေးဖွေးလေးနှင့်အတူ လိုက်ငိုတော့သည်။ ဖိုးညဏ်တို့လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေသည်။

"ဖိုးညဏ် . . . လယ်တဲပြန်ပြီး မိဘတွေ သွားခေါ်မယ်ကွာ"

ကျော်ဝေက ပြောလာသည်။ ဖိုးညဏ် စဉ်းစားသည်။ ကျော်ဝေတစ်ယောက်တည်းသွားမှာ စိတ်မချပေ။ အကယ်၍ ကျော်ဝေ အသွားအပြန်လုပ်လျှင် မှောင်တော့မည်။

အားလုံးငိုမဲ့မဲ့ဖြစ်နေကြသည်။ လေတရကြမ်းတိုက်မှုကြောင့် တောတောင်တို့၏မြည်သံကလည်း ပိုပြီးကြောက်မက်တုန်လှုပ်ဖွယ် ကောင်းသည်။



"ကဲ. . ဖွေးဖွေးလေးနဲ့ ကျေးနုမပါ ကျန်တဲ့ကျောင်းသားတွေ စုလိုက်ကြ"

ဖိုးညဏ်အပါအဝင် စုစုပေါင်းရှစ်ယောက်ရှိသည်။ တောသူတောင်သား သားသမီးများဖြစ်၍ ခန္ဓာကိုယ်တောင့်တင်းကြသည်။ ပြေးလွှားဆော့ကစားနေကြသဖြင့် အားလည်းသန်ကြသည်။ လယ်တောထဲဆင်းပြီး ဘောလုံးကန်လေ့ရှိသဖြင့် ခန္ဓာကိုယ်လည်း ကျန်းမာကြံ့ခိုင်ကြသည်။

ဖိုးညဏ်၊ ကျော်ဝေ၊ ခင်မောင်အေး၊ ဇော်လတ်၊ နိုင်သူ၊ ဖွဲ့ကိုကိုတို့ ယောကျ်ားလေး ခြောက်ယောက်နှင့် နှင်းမှုန်ဇာလင်း၊ ဖြိုးရတနာသွယ်တို့ မိန်းကလေးနှစ်ယောက် စုစုပေါင်း ရှစ်ယောက် စုမိကြသည်။ ဖွေးဖွေးလေးနှင့် ကျေးနုတို့နှစ်ဦးကိုတော့ ခပ်လှမ်းလှမ်းတွင် ထိုင်ခိုင်းထားလိုက်သည်။

"ဖိုးညဏ်. . . . ဘာလုပ်မလို့လဲ"

ကျော်ဝေက မေးလာသည်။

"ငါတို့ ကျောင်းစာအုပ်ထဲမှာသင်ရတဲ့ စာလေးတစ်ပိုဒ်ရှိတယ်၊ နင်တို့ အားလုံး သိကြမှာပါ၊ 'ဖွန်ပန်းရုံအနီး၊ လှည်းဘီးနွံထဲကျွံနေသည်၊ လေးလွန်း၍ မတွန်းနိုင်ဘူးလား၊ ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါသည်' ဆိုတဲ့ စာပိုဒ်လေးလေ၊ မှတ်မိကြလား "

"အေး . . . မှတ်မိတယ်"

"ငါတို့က လူရှစ်ယောက်၊ ကျောက်တုံးက တစ်တုံးတည်း၊ ပြိုင်တူတွန်းလျှင် မရွှေ့နိုင်ဘူးလား"

"ရွှေ့နိုင်တာပေါ့"

"ကဲ. . . ဒါဆို၊ အားလုံး အသင့်ပြင်၊ တစ် နှစ် သုံး ဆိုတာနဲ့ ပြိုင်တူတွန်းကြမယ်"

ဖိုးညာဏ်က တိုင်ပင်အော်ပေးရန် ပြင်သည်။

"တစ်. . . .နှစ်. . . သုံး . . . တွန်း"

ဖိုးညာဏ်တို့ရှစ်ယောက် အားကုန်သုံးကာ ကျောက်တုံးကြီးအား တွန်းလိုက်ကြသည်။ တစ်ကြိမ်တွင် နည်းနည်းရွေ့သည်။ နှစ်ကြိမ်တွင် ထပ်ရွေ့သည်။ သုံးကြိမ်မြောက်တွင် ကျောက်တုံးကြီးမှာ လမ်းဘေးသို့ အရှိန်ပြင်းစွာ လိမ့်ကျသွားတော့သည်။

"ဝုန်း . . ."

"ဟေး . . . ဟေး . . . ဟေး . . ."

ဖိုးညာဏ်တို့အားလုံး လက်ခုပ်လက်ဝါးတီးကာ ပျော်ရွှင်သွားကြသည်။ အမှောင်ထုက တဖြည်းဖြည်းပိုလာသည်။ ဖိုးညာဏ်က ဖွေးဖွေးလေး၊ ကျော်ဝေက ကျေးနုကို ကုန်းပိုးကာ ထိုနေရာမှ သွက်လက်သော ခြေလှမ်းများဖြင့် ပြန်ခဲ့ကြသည်။

လယ်တောအိမ်များဆီသို့ ဖိုးညာဏ်တို့ ချောမောစွာ ပြန်ရောက်ခဲ့ကြသည်။

"သား. . . အိမ်ပြန်နောက်ကျလိုက်တာကွယ်"

ဖိုးညာဏ်အား မေမေက မေးလာသည်။ ဖိုးညာဏ်ကလည်း မဆိုင်းမတွပင် လမ်းမပေါ်၌ ပိတ်မိနေသော ကျောက်တုံးကြီးအား သူတို့ ကျောင်းသားကျောင်းသူများ၏ စည်းလုံးညီညွတ်မှုဖြင့် ပြိုင်တူတွန်း၍ ရွေ့သွားခဲ့ပုံကို အာပေါင်အာရင်းသန်သန်ဖြင့် ပြန်လည်ပြောပြနေမိပါသည်။

×××××××××××

## ရှောင်လေဝေးဝေး မူးယစ်ဆေး

ကျော်ကျော်၏ ဦးလေး ဦးထွန်းမြင့်သည် ဆေးလိပ် အလွန်သောက်သူဖြစ်၏။ ကျော်ကျော်တို့အိမ်သို့ အလည်လာခိုက် ဦးလေး ဆေးလိပ်သောက်သည်ကို မြင်ရ၏။ စီးကရက်တစ်ဘူးကို နှစ်ရက်ခန့်ပင် သောက်သည်။

နွေရာသီကျောင်းပိတ်ရက်ဖြစ်၍ ကျော်ကျော်တို့မိသားစု ပုဂံသို့ ဘုရားဖူးသွားပြီးပြန်လာချိန် စင်ကာပူတွင် အလုပ်လုပ်နေသော ဦးလေး ထွန်းမြင့် ပြန်လာခြင်းဖြစ်သည်။ လာမည့်နှစ်တွင် ဆဋ္ဌမတန်း တက်ရမည်ဖြစ်၍ ကျော်ကျော် အလွန်ပျော်ပါသည်။

မကြာမီဖွင့်လှစ်မည့် ကျူရှင်သို့တက်ရန် ပြင်ဆင်ထားပြီးဖြစ်ပါသည်။ တစ်နေ့ ကျော်ကျော် လမ်းထိပ်မုန့်ဆိုင်သို့ မုန့်သွားဝယ်ရာ သူငယ်ချင်းများဖြစ်ကြသော ကောင်းပြည့်၊ စိုးညီတို့နှင့် ဆုံသည်။

သူတို့လက်ထဲတွင် မီးခိုးငွေ့တလူလူထွက်နေသော စီးကရက်ကိုမြင်ရချိန် ကျော်ကျော်အံ့အားသင့်သွားသည်။

ဆေးလိပ်၊ ကွမ်းယာ၊ အရက်သေစာများသည် ကျောင်းသားလူငယ်များ မစမ်းသပ်သင့်သော အရာများဖြစ်ကြောင်း ဆရာဆရာမများက သင်ထားသည် မဟုတ်လား။

"ကျော်ကျော် . . . မုန့်လာဝယ်တာလား"

ကောင်းပြည့်က စီးကရက်လက်ကြားညှပ်လျက် ကျော်ကျော်ကို လှမ်းနှုတ်ဆက်သည်။ စိုးညီက စီးကရက်ကိုရှိုက်ပြီး ဖွာနေသည်။

"အေး. . . ဟုတ်တယ်ကွ"

သူတို့အနီးသို့ ကျော်ကျော် တိုးကပ်သွားလိုက်သည်။ မုန့်ဆိုင်ထဲတွင် လူများနေသဖြင့် ခဏစောင့်ရဦးမည်။ ပတ်ဝန်းကျင်က လူကြီးသူမများ မြင်တွေ့သွားလျှင် မကောင်း၍ ကောင်းပြည့်တို့အား တိုးတိုးတိတ်တိတ် ပြောလိုက်သည်။

"လူမြင်ကွင်းမှာ ဆေးလိပ်မသောက်ပါနဲ့လားကွာ၊ မင်းတို့ ငါတို့အရွယ်က ဆေးလိပ်သောက်ရမယ့်အရွယ်မှ မဟုတ်တာ"

ကျော်ကျော့်စကားကြောင့် ကောင်းပြည်နှင့် စိုးညီက မကျေမနပ်ကြည့်လာကြသည်။

"မင်းက ဆရာကြီးလား၊ သွားစမ်းပါကွာ၊ ဆရာ လာမလုပ်နဲ့၊ မင်းပါးစပ်နဲ့ သောက်တာမဟုတ်ဘူး၊ ငါ့ပါးစပ်နဲ့ သောက်တာ"

ကောင်းပြည့်က ကျော်ကျော့်ကို တွန်းလွှတ်လိုက်သည်။ စိုးညီက ကျော်ကျော့် မျက်နှာဆီသို့ မီးခိုးငွေ့များ မှုတ်ထုတ်နေသည်။

"ငါတို့ ဆေးလိပ်သောက်တာ ဆရာမနဲ့ တိုင်ပြောကြည့်၊ မင်း နာပြီသာမှတ်"

ကျော်ကျော်လည်း စကားဆက်ပြောရန် ဆန္ဒမရှိတော့ပေ။ မုန့်ဆိုင်တွင် ဈေးဝယ်ကာ ပြန်လာခဲ့သည်။ အိမ်ထဲဝင်ခါနီး မေမေ့အသံကို ကြားလိုက်ရသည်။



"မောင်လေး . . . ဆေးလိပ်တွေသောက်တာ မများလွန်းဘူးလား၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် ကောင်းကျိုးမရှိပါဘူးကွယ်၊ ပန်းနာရင်ကျပ်က ပိုဆိုးလာမှာပေါ့"

ကျော်ကျော် ဧည့်ခန်းထဲရောက်ချိန်တွင် ဦးလေး ထွန်းမြင့်က စီးကရက်တစ်လိပ်ကို မီးညှိနေသည်။ မေမေက စိတ်ပျက်စွာ ကြည့်နေသည်။

"ပြောမရရင်လည်း မပြောတော့ဘူး၊ ဒါပေမဲ့ ငါ့သားကိုတော့ ဆေးလိပ်သောက်တတ်အောင် သင်ပေးဖို့ မစဉ်းစားနဲ့နော်၊ စင်ကာပူက ပြန်လာတာမကြာသေးလို့ ငါမပြောဘဲ ကြည့်နေတာ၊ ငါ့သား အတုယူ မမှားစေချင်ဘူး "

"တော်စမ်းပါ မမရာ၊ ငါက အဖေ့အမွေကိုဆက်ခံတာ၊ ဖြစ်နိုင်ရင် ဆေးလိပ်တင်မကဘူး၊ ဆေး. . ."

"တော်တော့ ထွန်းမြင့်၊ နင် အဖေ့ကို ရှဲ့ပြီးလုပ်နေတာဆိုရင် ရပ်တန်းကရပ်ဖို့ ပြောချင်တယ်၊ အဲဒီ မူးယစ်ဆေးဝါးကြောင့် ငါတို့မိသားစုဘဝပျက်ခဲ့တာ နင်အသိဆုံးပါ၊ နင် မမိုက်မဲချင်စမ်းပါနဲ့"

မေမေက ဒေါသဖြစ်ပြီး ဧည့်ခန်းမှထွက်ခွာသွားသည်။ ဦးလေးထွန်းမြင့်ကလည်း စီးကရက်ကိုလက်ဖြင့် ခြေမွပစ်လိုက်သည်။ ကျော်ကျော်လည်း ဦးလေးထွန်းမြင့်အနီးမှဖြတ်ကာ အိမ်အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။

× × ×

"သား အဝတ်အစားသွားလဲ၊ မေမေတို့ ဆေးရုံသွားရမယ်"

ကာတွန်းကားကြည့်နေသော ကျော်ကျော့်ကို မေမေက လှမ်းပြောသည်။ ဖေဖေလည်း ကုမ္ပဏီမှ ပြန်လာပြီး အဝတ်အစား လဲနေသည်။

"သားကို မခေါ်ပါနဲ့လား မေကြီးရယ်၊ သူ့အဘိုးကို မြင်ရင် လန့်နေပါဦးမယ်"

"ခေါ်ရမယ် ဖေကြီး၊ သူ့အဘိုးကို ကြည့်ခိုင်းရမယ်၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးဟာ ဘယ်လောက်ထိ ကြောက်ဖို့ကောင်းသလဲဆိုတာ ခုအရွယ်ကတည်းက သိစေချင်တယ်၊ ဒါမှ သူ မူးယစ်ဆေးဝါးကို ရှောင်ကြဉ်မှာလေ"

ကားပေါ်တွင်မေမေက ကျော်ကျော့်ကို ဘိုးဘိုးအကြောင်း ပြောပြသည်။ ဘိုးဘိုးသည် မူးယစ်ဆေးဝါး သားကောင်ဘဝဖြင့် နောက်ဆုံးအချိန်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

"ဘိုးဘိုး အဲဒီလိုဖြစ်နေတာတောင် ဦးလေးက ဆေးလိပ်တွေ အလွန်သောက်တာပဲနော် မေမေ"

"ဘိုးဘိုးလည်းအစတုန်းက ဆေးလိပ်ပဲသောက်တာပဲ၊ နောက်တော့ အပေါင်းအသင်းမှားပြီး ဆေးလိပ်ကနေ ဆေးခြောက်သုံးတယ်၊ ဆေးခြောက်ကနေ ဘိန်းရှူတဲ့အထိ ဖြစ်သွားတာပေါ့ကွယ်၊ ဆေးစွဲပြီဆိုမှတော့ ရှိသမျှစည်းစိမ်ပြုတ်တာပေါ့ သားရယ်"

"ဒါဆို ဦးလေးထွန်းမြင့်လည်း ဆေးလိပ်အလွန်သောက်တာဆိုတော့ ဘိုးဘိုးလို ဖြစ်သွားနိုင်တာပေါ့နော် မေမေ"

"ဒါပေါ့၊ ဦးလေးထွန်းမြင့်ကို ဆေးလိပ်မသောက်ဖို့ မေမေလည်း ပြောတာပဲ သားရယ်၊ သား အတုယူမမှားရဘူးနော်၊ သားဘိုးဘိုးက သင်ခန်းစာပေးနေတာ၊ ဆေးလိပ်ကို လုံးဝစမ်းမကြည့်မိစေနဲ့၊ မူးယစ်ဆေးအစ ဆေးလိပ်သောက်ခြင်းကတဲ့၊ သေချာမှတ်ထားနော်"

"ဟုတ်ကဲ့ပါ မေမေ"



ဆေးရုံရှေ့သို့ ရောက်လာပြီဖြစ်၍ ကားပေါ်မှ ဆင်းခဲ့ကြသည်။ လူနာဆောင်တစ်ဆောင်ဆီသို့ ဖေဖေတို့နှင့်အတူ ကျော်ကျော် လိုက်လာခဲ့သည်။ ဆေးရုံကော်ရက်တာတွင် အရိုးခြောက်ပုံစံပေါက်နေသော လူနာများကို တွေ့ရသည်။ သူနာပြုများက တွဲကာလမ်းလျှောက်ခိုင်းနေခြင်း ဖြစ်သည်။

"မေမေ. . . လူနာတွေက ကြောက်စရာကြီးနော်"

ကျော်ကျော်က မေမေ့အား လေသံတိုးတိုးဖြင့် ပြောလိုက်သည်။ မေမေကလည်း အသံတိုးတိုးဖြင့် ပြန်ဖြေသည်။

"အဲဒါ ဆေးစွဲလို့ ဆေးဖြတ်နေတဲ့ လူနာတွေ သားရဲ့"

"သြော်"

ကျော်ကျော် လည်ပြန်ကြည့်နေမိသည်။

"သား. . . အခန်းထဲဝင်ခဲ့လေ"

မေမေလှမ်းခေါ်၍ ကျော်ကျော် အခန်းတစ်ခန်းထဲသို့ ဝင်လာခဲ့သည်။ ခုတင်ပေါ်တွင် လဲလျောင်းနေသောဘိုးဘိုးကို မြင်ရချိန် ကျော်ကျော် လန့်သွားသည်။ ရုပ်မြင်သံကြားတွင် မကြာခဏ ထုတ်လွှင့်နေသော ရှောင်လေဝေးဝေး မူးယစ်ဆေးစာတမ်းနှင့် အရိုးခေါင်းကြီးပုံစံကို ပြေးမြင်ယောင်မိသည်။

"မြေးလေး ပါလာလား သမီး"

"ပါလာပါတယ် ဖေဖေ"

"ဒီနား လာပါဦးကွယ်"

ကျော်ကျော်က ပေပြီး ရပ်နေသည်။ ဘိုးဘိုးဆီသို့ မသွားချင်ပေ။ မေမေက လက်ကိုဆွဲခေါ်သဖြင့် ကျော်ကျော် ပါလာရသည်။ ဖေဖေကလည်း ကျော်ကျော့်ပခုံးလေးကိုကိုင်ပြီး အားပေးနေသည်။

"မြေးလေး . . . ဘိုးဘိုးကို ကြောက်နေတာလား၊ မကြောက်ပါနဲ့ကွယ်၊ ဘိုးဘိုးရဲ့မိုက်ပြစ်တွေကို ပြန်ပြီးပေးဆပ်နေရတာပါ၊ ဘိုးဘိုး မြေးလေးကို မှာခဲ့ချင်တယ်၊ မူးယစ်ဆေးဝါးကို လုံးဝ မစမ်းသပ်မိပါစေနဲ့၊ ဆေးလိပ်သောက်ဖို့ စိတ်ကူးဝင်လာရင် ဘိုးဘိုးကို ပြေးမြင်ယောင်လိုက်၊ ဆေးလိပ်ကိုတောင် မစမ်းသပ်မိစေနဲ့၊ မြေးလေးတို့ဘဝဟာ အညွန့်တလူလူတက်နေတဲ့ မျိုးဆက်သစ် ရတနာလေးတွေပါ၊ အဖိုးတန်တဲ့ ရတနာလေးကို မူးယစ်ဆေးဝါး ဆိုတဲ့ မိစ္ဆာဆိုးကြီးကြောင့် အစွန်းအထင်း မခံစေချင်ဘူး၊ ဘိုးဘိုး ပြောတာ သဘောပေါက်ရဲ့လား မြေးလေး "

"ဟုတ်ကဲ့"

"မြေးလေးက ကျောင်းသားအရွယ်ဆိုတော့ ပညာကိုပဲ စိတ်ဝင်စားရမယ်၊ သူငယ်ချင်းအပေါင်းအသင်း မမှားစေနဲ့၊ အထူးသဖြင့် ခေတ်ကာလလူငယ်တချို့ဟာ ဆေးလိပ်သောက်တတ်နေကြပြီ၊ မြေးလေး မပါပါစေနဲ့၊ ဆေးလိပ်၊ ဘိန်း၊ စိတ်ကြွဆေးပြား ဆိုတဲ့ မူးယစ်ဆေးဝါးတွေဟာ မြေးလေးတို့လို ကျောင်းသားလူငယ်တွေရဲ့ဘဝကို ဖျက်ဆီးရုံတင်မကဘူး၊ သက်တမ်းစေ့မနေရဘဲ လူ့လောကထဲကနေ အစောကြီးထွက်ခွာသွားရလိမ့်မယ်၊ လူဖြစ်ရှုံးတာပေါ့ကွယ်၊ ဘိုးဘိုးမသေခင် မြေးလေးကို ဆုံးမခဲ့ရတဲ့အတွက် သေပျော်ပါပြီ"

"ဘိုးဘိုးစကားတွေကို နားထောင်ပြီး မူးယစ်ဆေးဝါး ရှောင်ကြဉ်တဲ့ လူငယ်တစ်ယောက်ဖြစ်အောင် နေထိုင်သွားပါ့မယ်လို့ မြေး ကတိပေးပါတယ်"

"သာဓုပါကွယ် . . . သာဓု . . . သာဓု . . . သာဓု . . ."



ကျော်ကျော်သည် ဖေဖေ၊ မေမေတို့နှင့်အတူ ဘိုးဘိုးကို လက်အုပ်ချီကန်တော့ကာ ဆေးရုံမှ ပြန်လာခဲ့သည်။ ဆေးရုံပေါ်တွင် မြင်တွေ့ခဲ့ရသော မူးယစ်ဆေး ဖြတ်နေကြသည့် လူနာများကို မြင်ယောင်ရင်း ကျော်ကျော့်အသိထဲဝယ် မူးယစ်ဆေးဝါး၏ဆိုးကျိုးကို စွဲမှတ်ခဲ့ရသည်။ မူးယစ်ဆေးဝါးဟုအသံကြားရုံဖြင့် ဝေးဝေးက ရှောင်ရမည်ဆိုတာ ကျော်ကျော် သဘောပေါက်ခဲ့ပါသည်။

× × ×

ကျောင်းဖွင့်ပြီဖြစ်၍ ကျော်ကျော် ဆဋ္ဌမတန်းသို့တက်ရောက် ပညာသင်ကြားနေပြီ ဖြစ်ပါသည်။ သူငယ်ချင်းများနှင့် ပြန်လည် ဆုံတွေ့ရခြင်းအတွက် အတိုင်းထက်အလွန် ပျော်မိသည်။

အားကစားချိန်တွင် ကျော်ကျော်တို့ သူငယ်ချင်းတစ်စု ဘောလုံးကန်ကစားကြသည်။ ထိုအထဲတွင် ကောင်းပြည့်နှင့် စိုးညီတို့လည်း ပါသည်။ ကျော်ကျော်က ဘောလုံးကွင်းကို ပြေးလွှားပြီး ဘောလုံးကန်သော်လည်း မောဟိုက်ခြင်းမရှိပေ။ ဆယ့်ငါးမိနစ် အကြာတွင် ဘောလုံးကွင်းဘေး၌ ကောင်းပြည့်နှင့် စိုးညီတို့နှစ်ဦး ထွက်ထိုင်နေသည်ကို မြင်ရ၏။ ရင်ဘတ်ကို လက်ဖြင့်ဖိပြီး မောပန်းနေပုံက ရုပ်ပျက်ဆင်းပျက် ဖြစ်လွန်းသည်။

" ကောင်းပြည့် . . . လာလေကွာ၊ မောနေပြီလား . . "

ဇော်လင်းက လှမ်းခေါ်ရာ ကောင်းပြည့်က ခေါင်းယမ်းပြသည်။ ကျော်ကျော်သိလိုက်ပြီ။ နွေရာသီကျောင်းပိတ်ရက်တုန်းက သူတို့နှစ်ယောက် ဆေးလိပ်သောက်သည်ကို မြင်ခဲ့ဖူး၏။

"စိုးညီ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ၊ လာလေကွာ"

နိုင်လင်းသိုက်ကလည်း စိုးညီအား လှမ်းစသည်။ စိုးညီက မြေကြီးပေါ်တွင် ပက်လက်လန်ကြီး ဖြစ်နေသည်။ တော်တော် မောဟိုက်နေပုံပင်။

အားကစားချိန်ပြည့်သောအခါ ဘောလုံးကွင်းထဲမှ အသီးသီး ထွက်ခွာလာကြသည်။ ကောင်းပြည့်နှင့် စိုးညီကို သူငယ်ချင်းများက အထင်သေးစွာ ကြည့်သွားသည်ကို ကျော်ကျော် သတိထားမိသည်။ ဘောလုံးကန်ကောင်းသော သူငယ်ချင်းနှစ်ယောက်ကို ဆေးလိပ်က ဖျက်ဆီးနေမှန်း ကျော်ကျော် သဘောပေါက်သည်။

ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲအတွက် အလယ်တန်းအဆင့် လူရွေးပွဲကို လာမည့်တစ်ပတ်တွင် ရွေးချယ်တော့မည်ဖြစ်သည်။

အတန်းထဲတွင် ဘောလုံးကန်ထူးချွန်သော ကောင်းပြည့်နှင့် စိုးညီတို့ကို အတန်းပိုင်ဆရာမက အားပေးစကားပြောလာသည်။ ကျောင်းဂုဏ်ကိုဆောင်နိုင်သော ကျောင်းသားများအဖြစ် မြင်လို သည်ဟု ဆရာမက ပြောသည်။ သူတို့နှစ်ယောက် ခေါင်းလေး ငုံ့ထားသည်ကို ကျော်ကျော်မြင်သည်။

"အချိန်ပြည့် ဆေးလိပ်သောက်နေတဲ့ ကောင်တွေက ကျောင်းဂုဏ်ကို ဘယ်လိုဆောင်နိုင်မလဲ၊ သူတို့ကို အားကိုးလို့ကတော့ အရှုက်ကွဲပြီသာမှတ်"

အတန်းဖော်သူငယ်ချင်း ဝေလင်းက ကောင်းပြည့်နှင့် စိုးညီ တို့ကို ကြည့်ကာ မခံချင်အောင် ပြောနေသည်။

"ဘောလုံးကန် ဘယ်လောက်ကောင်းကောင်း၊ သက်လုံ မကောင်းရင် အလကားပါပဲ၊ ဒီနှစ်တော့ မင်းတို့နှစ်ယောက် နားထားလိုက်တော့၊ အရွေးခံရမှာ မဟုတ်ဘူး"



မင်းမင်းကလည်း စကားနာထိုးလာပြန်သည်။ ကျော်ကျော် လည်း မနေသာတော့ဘဲ ဝင်ပြောလိုက်သည်။

"ကဲပါ သူငယ်ချင်းတို့ရာ၊ အချင်းချင်း စိတ်ဝမ်းမကွဲကြပါနဲ့၊ ကျောင်းရဲ့ ဂုဏ်ကိုဆောင်နိုင်ဖို့ ငါတို့ အားလုံးမှာ တာဝန်ရှိတယ်၊ ငါတို့အားလုံး စည်းလုံးရမယ်၊ ကောင်းပြည့်နဲ့ စိုးညီကို အရွေး ခံရအောင် ငါတို့ ကူညီရမယ်"

"ဘာ. . . ."

"ဘယ်လို. . ."

ကျော်ကျော်၏ စကားကို အံ့အားတသင့် ဖြစ်ကုန်ကြသည်။ ကျော်ကျော့်အား ကောင်းပြည့်နှင့် စိုးညီတို့က ငေးငေးလေးကြည့် နေသည်။

"အတန်းထဲမှာ သူတို့နှစ်ယောက်က ဘောလုံးကန် အကောင်းဆုံးပဲမဟုတ်လား၊ ကျောင်းလက်ရွေးစင်အဖြစ် နှစ်တိုင်း ကန်နေတာပဲဟာ၊ သူတို့နှစ်ယောက်ပါမှ ငါတို့ကျောင်းက အခြား ကျောင်းတွေကိုနိုင်မှာ၊ အပြစ်ပြောမယ့်အစား အားပေးနှစ်သိမ့် ကြစို့ကွာ၊ သူတို့အတွက် အကောင်းဆုံးနည်းလမ်း ရှာပေးရမယ်"

ကျော်ကျော့် အကြံဉာဏ်ကို ကျောင်းသားအားလုံးက လက်ခံ ကြသည်။ ကောင်းပြည့်နှင့် စိုးညီတို့ ဆေးလိပ်ပြတ်သွားလျှင် အမောခံနိုင်လာမည်။ သက်လုံကောင်းပြီး ယခင်ခြေစွမ်းမျိုး ပြန်ရ လာမှာသေချာသည်။ သူငယ်ချင်းနှစ်ယောက်ကို အားပေးကူညီ ရန် ကျော်ကျော် ဆုံးဖြတ်ခဲ့သည်။

× × ×

ကျောင်းဆင်းချိန်တွင် ကောင်းပြည့်နှင့်စိုးညီတို့ကို ရေခဲမုန့်ကျွေးမည်ဟု ပြောကာ ကျော်ကျော် ခေါ်လာခဲ့သည်။ ကျော်ကျော်သည် သူတို့နှစ်ယောက်ကို ရေခဲမုန့်ဝယ်ကျွေးပြီး ဆေးရုံသို့ လာခဲ့သည်။

"ကျော်ကျော်. . . ဘယ်ခေါ်လာတာလဲ"

ကောင်းပြည့်က မေးလာသည်။

"ဘိုးဘိုးနဲ့ မင်းတို့ကို ပေးတွေ့မလို့"

"ငါတို့က မင်းဘိုးဘိုးနဲ့ ဘာဖြစ်လို့တွေ့ရမှာလဲ"

စိုးညီက ပြောလာသည်။ ကျော်ကျော့် အကြံအစည်ကို သူတို့ လုံးဝမသိကြသေးပေ။

"မင်းတို့အတွက် အလကားမဖြစ်စေရပါဘူး၊ မင်းတို့အတွက် အကျိုးရှိမယ့် ကိစ္စပါ"

"ဘာလဲကွာ. . ကျူရှင်ချိန်နီးနေပြီ၊ အိမ်ပြန်ရအောင်"

"နေပါဦး စိုးညီရာ၊ ဟော. . ဟိုမှာ ဆေးရုံရောက်ပြီ"

သူငယ်ချင်းနှစ်ယောက်၏လက်ကို အတင်းဆွဲကာ ဆေးရုံဝင်းထဲသို့ ကျော်ကျော် ဝင်လာခဲ့သည်။ ဆေးဖြတ်နေသော ဝေဒနာရှင်များကို ကောင်းပြည့်နှင့်စိုးညီတို့ မြင်လိုက်ရ၏။ ထိတ်လန့်တုန်လှုပ်သွားကြသည်။

" ကျော်ကျော်. . . . ဘယ်နေရာ ခေါ်လာတာလဲ"

ကောင်းပြည့်က ကြောက်လန့်တကြားမေးလာသည်။ ကျော်ကျော်က ဘိုးဘိုးအခန်းထဲသို့ ရောက်နေပေပြီ။ ကောင်းပြည့်နှင့် စိုးညီတို့ နောက်မှ ခပ်သွက်သွက်ဝင်လာကြသည်။



"ဘိုးဘိုး . . . မြေးရဲ့သူငယ်ချင်းနှစ်ယောက်လည်းပါတယ်၊ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ဘိုးဘိုးရဲ့ကိုယ်တွေ့ဖြစ်ရပ်ကို ပြောပြပေးပါဦး၊ သူငယ်ချင်းနှစ်ယောက်ကို သိစေချင်လို့"

ဘိုးဘိုးက အားယူကာ ထလိုက်သည်။ ကျော်ကျော့်အား ကောင်းပြည့်နှင့် စိုးညီက မကျေနပ်သောပုံစံဖြင့် ကြည့်နေကြသည်။

"ဘိုးဘိုးဟာ ငယ်ငယ်တုန်းက ဆေးလိပ်စသောက်ခဲ့တယ်၊ ဆေးလိပ်စွဲပြီး တဖြည်းဖြည်းနဲ့ မူးယစ်ဆေးဝါးကို စမ်းသုံးကြည့်တယ်၊ နောက်ဆုံးဆေးစွဲပြီး မြေးတို့ မြင်တဲ့ပုံစံအတိုင်းဖြစ်သွားတာပါပဲ၊ ဘိုးဘိုးက ဆေးလိပ်စသောက်ရင်းကနေ ဆေးစွဲခဲ့တာ၊ ငါ့မြေးတို့ကိုပြောချင်တာက ဆေးလိပ်ကို မစမ်းသပ်မိပါစေနဲ့၊ မူးယစ်ဆေးအစက ဆေးလိပ်ကလို့ အဆိုရှိတယ်၊ ငါ့မြေးတို့က ကျောင်းသားလူငယ်လေးတွေဆိုတော့ ဆေးလိပ်လည်း မသောက်နဲ့၊ ဆေးလိပ်သောက်ရင် မြေးတို့ရဲ့မှတ်ဉာဏ်တွေ ထုံထိုင်းသွားတော့တာပဲ၊ ကြာလာရင် ကျန်းမာရေးကို ဆိုးဆိုးဝါးဝါး ထိခိုက်လာတော့တာပဲ၊ ဘိုးဘိုးကို သင်ခန်းစာယူကြပါကွယ်"

ဘိုးဘိုးဆီမှအပြန် ကောင်းပြည့်နှင့်စိုးညီတို့ အသိဝင်ခဲ့ကြပါသည်။ ဆေးလိပ်မသောက်တော့ဟု ကျော်ကျော့်ကို ကတိပေးသွားကြသည်။ ကျော်ကျော် ဝမ်းသာပါသည်။

ဆေးလိပ်ကင်းစင်သွားသော သူငယ်ချင်းနှစ်ယောက်စလုံး ကျောင်းဘောလုံးအသင်း လူရွေးပွဲတွင် ရွေးချယ်ခံရသည်။ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲအတွက် ရေကုန်ရေခန်းကြိုးစားလေ့ကျင့်နေကြသည်။

"ကျော်ကျော် . . . ဗိုလ်လုပွဲနေ့ကျရင် မင်း လာအားပေးရမယ်နော်"

ကောင်းပြည့်က ပြောလာသည်။

"လာအားပေးရမှာပေါ့. . "

ဗိုလ်လုပွဲတွင် ကောင်းပြည့်နှင့်စိုးညီတို့၏ အထူးခြေစွမ်းပြမှုနှင့်အတူ ကျော်ကျော်တို့ကျောင်းက ဗိုလ်စွဲခဲ့သည်။ ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဆုဖလားကြီးကို ကိုင်မြှောက်ခွင့်ရခဲ့ပါသည်။

ကောင်းပြည့်နှင့်စိုးညီက သူတို့၏ကိုယ်တွေ့ဖြစ်ရပ်ကို အတန်းပိုင်ဆရာမ ဒေါ်မြသီအား အမှန်အတိုင်းဖွင့်ပြောလိုက်ကြသည်။ ဆရာမ ဒေါ်မြသီက ကျော်ကျော့်ကို အတန်းထဲတွင် ထုတ်ဖော်ချီးကျူးသည်။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် ကျော်ကျော့်ကို ရွေးချယ်လိုက်သည်။ ဖြေဆိုရမည့် စာစီစာကုံးခေါင်းစဉ်မှာ "ရှောင်လေဝေးဝေး မူးယစ်ဆေး" ဖြစ်ပါသည်။ ကျော်ကျော့်အတွက် မူးယစ်ဆေးကို ဘယ်လိုရှောင်ကြဉ်ရမလဲဆိုတာ ဘိုးဘိုးနှင့် ဦးလေးထွန်းမြင့်တို့၏ အဖြစ်ကိုကြည့်ပြီး ရေးရုံဖြင့် လုံလောက်နေပြီ ဖြစ်ပါသည်။

×××××××××××

## မသန်စွမ်းသူ ဖေးမကူ

ကိုကိုသည် ဆဋ္ဌမတန်းတွင် ပညာသင်ယူနေသော ကျောင်းသားလေး ဖြစ်ပါသည်။ ကိုကိုတို့အတန်းသို့ တခြားကျောင်းမှ ကျောင်းသားတစ်ယောက် ပြောင်းလာသည်။ သူ့နာမည်က အေးချမ်း ဖြစ်ပါသည်။ အေးချမ်းသည် ကိုကိုတို့လို ပြေးလွှားဆော့ကစားနိုင်ခြင်း မရှိပါ။ သူ၏ဘယ်ခြေတစ်ဖက်သည် သေးသွယ်ပြီး ထော့နင်းထော့နင်း ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ချိုင်းထောက်လေး အားပြုကာ သွားနေရသော အေးချမ်းကိုကြည့်ပြီး ကိုကို စိတ်မကောင်းဖြစ်ရသည်။

အေးချမ်းကို ကိုကို ခေါ်ပြောနှုတ်ဆက်သည့်အပေါ် မေဇင်နှင့် သက်ဒွေးအောင်တို့က မကြိုက်ကြပေ။ မေဇင်နှင့် သက်ဒွေးအောင်တို့သည် ကိုကို့ အချစ်ဆုံးငယ်သူငယ်ချင်းများ ဖြစ်ကြပါသည်။

နေ့လယ်ထမင်းစားချိန်တွင် အေးချမ်းတစ်ယောက်တည်း ထိုင်စားနေသည်ကို မြင်ရသည်။ ကိုကိုက မေဇင်နှင့် သက်ဒွေးအောင်တို့ကို အေးချမ်းအား ထမင်းအတူစားရန် ခေါ်ချင်ကြောင်းပြောလိုက်သည်။

"အဲဒီ ထော့ကျိုးနဲ့အတူ မစားချင်ပါဘူး"

မေဇင်က မျက်စောင်းထိုး ပြောလာသည်။

"သူနဲ့ သူငယ်ချင်း မတော်နိုင်ဘူးကွာ၊ ရှက်ဖို့ကောင်းတယ်"

သက်ဒွေးအောင်ကလည်း အေးချမ်းအား မနှစ်မြို့စွာ ကြည့်ရင်း ပြောသည်။

"ငါတို့အတန်းထဲမှာ စာသင်နေတဲ့ ကျောင်းသား ကျောင်းသူ အားလုံးဟာ ငါတို့ရဲ့ သူငယ်ချင်းတွေပဲပေါ့၊ အေးချမ်းက ခြေ တစ်ဖက် မသန်တာမှန်တယ်၊ ငါတို့က သူ့ကိုမနှိမ့်ချသင့်ဘူး၊ အား တောင်ပေးရဦးမှာ"

"နင်ပဲ ပေါင်း၊ ငါကတော့ နိုးပဲ"

မေဇင်က မကျေမနပ်လေသံဖြင့်ပြောကာ ထမင်းစားနေရာမှ ထထွက်သွားသည်။

"ဟုတ်တယ် ကိုကို၊ သူနဲ့ပေါင်းရင် မင်း ငါတို့နဲ့ မပေါင်းနဲ့"

သက်ဒွေးအောင်လည်း စိတ်ဆိုးသွားပြန်သည်။ အေးချမ်း ဆီသို့ ကိုကို လှမ်းကြည့်မိသည်။ ခေါ်ပြောနှုတ်ဆက်မည့်သူ မရှိသော အေးချမ်းကို သနားမိသည်။ ကိုကို ဆုံးဖြတ်ချက်ချပြီး အေးချမ်းဆီသို့ လျှောက်လာခဲ့သည်။

"အေးချမ်း. . . ဘာဟင်းတွေနဲ့ စားနေတာလဲ"

ကိုကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်လိုက်သောအခါ အေးချမ်း ပြန်ပြုံးပြသည်။ သူ့အတွက် သူငယ်ချင်းတစ်ယောက် ရပြီဟု မှတ်ထင်လိုက်သည်။

"ဟင်းမကောင်းပါဘူး သူငယ်ချင်းရာ၊ ကြက်ဥကြော်ပါ"



"ဒါဆို ငါ့မှာ ကြက်သားကြော်ပါတယ်၊ အတူတူ စား ရအောင်"

"အေး. . . ကောင်းသားပဲ"

ကိုကိုနှင့် အေးချမ်းတို့ ထမင်းအတူ စားဖြစ်ကြသည်။ အတန်းထဲမှ ကျောင်းသားကျောင်းသူများက သူတို့နှစ်ဦးကို တအံ့တဩ ဝိုင်းကြည့်နေကြသည်။ တီးတိုးအသံများလည်း ထွက် ပေါ်လာသည်။

မုန့်စားကျောင်းဆင်းချိန်တွင်လည်း အေးချမ်းကို ခေါ်ကာ မုန့်ဈေးတန်းသို့ ကိုကိုလာခဲ့သည်။ မေဇင်နှင့် သက်ဒွေးအောင် တို့ကို ခေါ်သော်လည်း မလိုက်ပေ။

"ကျောင်းသားသစ်လေး ထင်တယ်"

မုန့်ဆိုင်မှအဒေါ်ကြီးက အေးချမ်းအား ကြည့်ကာ မေးလာ သည်။ မုန့်ဝယ်နေသော ကျောင်းသားကျောင်းသူအချို့က လှမ်း ကြည့်နေကြသည်။

"ဟုတ်တယ်ဗျ၊ ဒီနေ့မှ ပြောင်းလာတာ၊ ကျွန်တော့် သူငယ်ချင်းလေ၊ နာမည်က မောင်အေးချမ်းပါ"

ကိုကိုက ရှင်းပြလိုက်သည်။ အေးချမ်းသည် ကိုကို့ကို ကြည့်ကာ ဝမ်းသာပီတိဖြစ်နေပေသည်။

"ကိုကိုနဲ့သာပေါင်း မောင်အေးချမ်း၊ ကိုကိုက အလွန် စိတ်ထား ဖြူစင်တာ၊ ခုလို သူငယ်ချင်းမျိုးရတာ ကံကောင်းတာပေါ့ကွယ်"

မုန့်ဆိုင်အဒေါ်ကြီးအား မုန့်ဖိုးကျသင့်ငွေရှင်းကာ ကိုကိုနှင့် အေးချမ်းတို့ အတန်းဆီသို့ ပြန်လာခဲ့ကြသည်။ ညနေ ကျောင်း

ဆင်းချိန်တွင်လည်း အေးချမ်းကို ဖေးမကူတွဲကာ ကျောင်းဖယ်ရီကားပေါ်သို့ ကိုကိုလာခဲ့သည်။ အားငယ်နေသော အေးချမ်းအတွက် ကိုကိုနှင့်ဆုံတွေ့ရခြင်းက ထူးကဲသော ဆုလာဘ်တစ်ခုဟု ဆိုရချေမည်။

× × ×

ကာယချိန်တွင် ကျောင်းအားကစားကွင်းထဲ၌ ကျောင်းသားကျောင်းသူလေးများသည် ဘောလုံးကန်၊ ထုပ်ဆီးတိုး၊ ခြင်းလုံးခတ်၊ ကြိုးခုန် စသည်ဖြင့် အဖွဲ့လိုက်ကစားနေကြသည်။

ကိုကို ဘောလုံးကန်နေသဖြင့် အေးချမ်း ဘာလုပ်နေသည်ကို မသိလိုက်ပေ။ ခဏအကြာ၌ ဘောလုံးကန်နေသော ရန်နိုင်တို့အုပ်စုက ဘောလုံးကွင်းဘေးတွင်ရပ်ကြည့်နေသည့် အေးချမ်းကို လှမ်းစကြတော့သည်။

"ဟိတ်ကောင် ထော့ကျိုး ဘာရပ်ကြည့်နေတာလဲ၊ ဘောလုံးလာကန်လေကွာ"

"ပိုလီယိုလေး. . . ပိုလီယိုလေး. . . ပိုလီယိုလေး. . . "

ကစားကွင်းထဲမှ ကိုကို ပြေးထွက်ကာ အေးချမ်းဆီသို့ လာခဲ့သည်။

"အေးချမ်း. . . ဘာလုပ်နေတာလဲ"

"မင်း ဘောလုံးကန်နေတာကို လာကြည့်တာပါ၊ မင်း ကန်တာကို မြင်တော့ ငါလည်း ကန်ချင်လိုက်တာ၊ ငါဝင်ကန်မလားလို့ စဉ်းစားနေတာ"



"မင်း ဝင်ကန်လို့ ဘယ်ဖြစ်မလဲ"

"အေးပါကွာ၊ ငါ့အခြေအနေကို ငါ သိပါတယ်"

အေးချမ်း မျက်နှာလေး ညှိုးငယ်သွားသည်ကို ကိုကို မြင်လိုက်ရချိန် စိတ်မကောင်းခံစားရသည်။

"ဟိတ်ကောင် ထော့ကျိုး လာကစားလေကွာ"

ရန်နိုင်က ဘောလုံးပိုက်လျက် အေးချမ်းနှင့် ကိုကိုတို့ အနီးသို့ တိုးကပ်လာသည်။ အေးချမ်းမှာ ရန်နိုင့်ပြောစကားကြောင့် ကြောက်ရွံ့နေသည်ကို ကိုကို သတိထားမိသည်။

"ပိုလီယိုရောဂါသည်က ဘောလုံးကန်နိုင်ပါ့မလား၊ ဘောလုံးပဲ ကောက်ခိုင်းပါဦး"

ဇော်ကြီးက ရန်နိုင့်လက်ထဲမှ ဘောလုံးယူကာ အေးချမ်းအား ပစ်ပေါက်လိုက်သည်။ အေးချမ်း၏ ဘယ်ခြေထောက်အား ထိမှန်ပြီး ခွေခနဲ လဲကျသွားသည်။

"သူငယ်ချင်း အချင်းချင်း အဲဒီလောက် မစကြပါနဲ့ကွာ၊ အေးချမ်း လဲသွားပြီ"

အေးချမ်းအား ကိုကို ပြန်ထူပေးလိုက်သည်။

"မင်းက ဘာကောင်လဲ ကိုကို၊ မင်းနဲ့ ဘာဆိုင်လို့လဲ"

ရန်နိုင်က ကိုကို့ရင်ဘတ်အား ဆောင့်တွန်းလိုက်သည်။

"ငါနဲ့တင်ဆိုင်တာ မဟုတ်ဘူး၊ မင်းတို့နဲ့လည်း ဆိုင်တာပဲ၊ အေးချမ်းက ငါတို့အတန်းထဲကလေကွာ၊ မင်းတို့ ဆက်ဆံတာ ရိုင်းလွန်းတယ်"

အေးချမ်းလက်ကို ကိုကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ဖြေရှင်းပေးနေသည်။

"ဟိတ်ကောင် ကိုကို၊ မင်းနဲ့ငါတို့က ငယ်သူငယ်ချင်းတွေပါကွ၊ နောက်မှ ရောက်လာတဲ့ ဒုက္ခိတတစ်ယောက်ကို ပိုခင်နေတာ မဖြစ်သင့်ဘူးကွာ၊ မင်း အသာနေပါ၊ ဒီကောင့်ကို ပညာပေးရမယ်"

ဇော်ကြီးက ကိုကိုနှင့်အေးချမ်းတို့ တွဲထားသော လက်ကို အတင်းဆွဲဖြုတ်နေသည်။ ကိုကို ရန်မဖြစ်ချင်သောကြောင့် နောက်ဆုတ်လိုက်သည်။

"လွန်လာပြီကွာ၊ အေးချမ်းမှာ ဘာအပြစ်ရှိလို့ မင်းတို့က ဆုံးမချင်ရတာလဲ၊ ကျောင်းသား အချင်းချင်း ရန်မဖြစ်ရဘူးလို့ ဆရာမ ဒေါ်ဆွေဆွေ ဆုံးမထားတာ မင်းတို့ မမှတ်မိကြဘူးလား၊ ရန်မစပါနဲ့ကွာ၊ ဖယ်ပေးပါ"

ကိုကိုက အေးချမ်းလက်ကိုဆွဲကာ ထိုနေရာမှ ထွက်သွားရန် ကြိုးစားသည်။ သို့သော် ရန်နိုင်နှင့် ဇော်ကြီးတို့ ရှေ့မှကာဆီးထားသည်။

"မင်းတို့ ဖယ်မပေးရင် ငါ ဆရာမ ဒေါ်ဆွေဆွေနဲ့ သွားတိုင်မှာနော်"

ဆရာမ ဒေါ်ဆွေဆွေဟူသော အသံကြားသည်နှင့် ရန်နိုင်တို့ နောက်ဆုတ်သွားကြသည်။ ဆရာမကို တစ်တန်းလုံးက ချစ်ကြောက်ရိုသေကြသည်။

အတန်းထဲပြန်ရောက်သောအခါ အေးချမ်းက ကိုကိုအား ကျေးဇူးတင်ကြောင်း ပြောပါသည်။ ကိုကိုလည်း အေးချမ်းကို ဘယ်



လောက်ထိ ကာကွယ်ပေးနိုင်မလဲဆိုတာ စဉ်းစားမိသည်။ အေးချမ်းအပေါ် ရန်နိုင်နှင့်ဇော်ကြီးတို့ အငြိုးထားသွားမှာကို စိုးရိမ်သည်။

"ကိုကို. . ငါ နောက်နေ့ကစပြီး ကျောင်းမလာတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ငါ့လို ဒုက္ခိတ တစ်ယောက်က မင်းတို့လို ကျန်းမာကြံ့ခိုင်တဲ့ ကျောင်းသားတွေကြားထဲမှာနေဖို့ မဖြစ်နိုင်တော့လို့ပါ၊ ငါ ကျောင်းထွက်တော့မယ် သူငယ်ချင်း"

"ဘာလို့ ကျောင်းထွက်ရမှာလဲ၊ မင်းနဲ့ငါ အတူတူ ပေါင်းနေတာပဲလေကွာ၊ ဘာအားငယ်စရာရှိလို့လဲ၊ မင်း စိတ်ခတ်မာမာထားစမ်းပါ"

"အရမ်း အားငယ်တယ် သူငယ်ချင်းရာ"

အေးချမ်းပါးပြင်ပေါ်သို့ မျက်ရည်စက်လေးများ တပေါက်ပေါက် ကျလာသည်။ ကိုကိုလည်း ထပ်တူဝမ်းနည်းရသည်။ သူငယ်ချင်း ကျောင်းမထွက်ရရေး ကိုကို အစွမ်းကုန်ကူညီရန် ဆုံးဖြတ်ခဲ့သည်။

× × ×

"မေဇင် . . . နင့်ခြေထောက် ကျိုးသွားတယ်ဆို"

ခြေထောက်ကျောက်ပတ်တီးစည်းထားသောကြောင့် ခုတင်ပေါ်တွင် လဲလျောင်းနေသော မေဇင့်ဆီသို့ ကိုကိုရောက်လာခြင်းဖြစ်သည်။ ကိုကိုနှင့်အတူ အေးချမ်းလည်း ပါလာသည်။

"ဟုတ်တယ်၊ မနေ့က ငါနဲ့ သက်ဒွေးအောင်တို့ စက်ဘီး စီးရင်း လမ်းဘေးချောက်ထဲ ပြုတ်ကျသွားတာ၊ ငါ့ညာဘက် ခြေထောက် ကျိုးသွားတယ်၊ ငါ ကျောင်းမတက်နိုင်တော့ဘူး"

မေဇင်က မျက်နှာရှုံ့မဲ့ကာ ပြောလာသည်။

"မေဇင်. . . အေးချမ်းကလည်း နင့်ခြေထောက်ကျိုးသွားမှန်းသိလို့ အခြေအနေလာမေးတာ"

အေးချမ်းက အပြုံးဖြင့် ကြည့်နေသည်။ မေဇင့်မျက်နှာ မလုံမလဲဖြစ်နေသည်။

"အခုလို လာမေးတာ ကျေးဇူးတင်ပါတယ် အေးချမ်း"

"ရပါတယ်ဟာ၊ အတန်းတူ သူငယ်ချင်း အချင်းချင်းကြားမှာ ကျေးဇူးဆိုတဲ့စကား မလိုပါဘူး၊ နင် ကျောင်းမတက်နိုင်တော့ သင်ခန်းစာတွေ ဘယ်သိပ့်မလဲ၊ ကိုကိုနဲ့ငါက နင့်ဆီလာပြီး စာရှင်းပြပေးတာ၊ ပြီးတော့ သင်ခန်းစာတွေလည်း စာအုပ်ထဲကူးရေးပေးမှာပေါ့"

"ဩော်. . . သူငယ်ချင်းရယ်. . ."

မေဇင် နောင်တရသွားသည်။ အေးချမ်းအား ခြေတစ်ဖက်မသန်သူဒုက္ခိတအဖြစ် အပေါင်းအသင်းမလုပ်ရန် ကိုကို့ကို တိုက်တွန်းခဲ့ဖူးသည်။ အေးချမ်းစေတနာကို မေဇင် နားလည်လိုက်ပါပြီ။ ယခုအချိန်မှစကာ အေးချမ်းကို သူငယ်ချင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုကာ ခေါ်ပြောနှုတ်ဆက်ခင်မင်သွားရန် မေဇင် ဆုံးဖြတ်လိုက်ပါသည်။

"ဟော. . . သားတို့ ရောက်နေတာပါလား"



ဈေးမှ ပြန်လာသော မေဇင်၏အမေ အန်တီမြမြဇင်က ဝမ်းသာအားရ မေးလာသည်။

"ဟုတ်တယ် အန်တီ၊ မေဇင် ခြေထောက်ကျိုးတယ် ကြားလို့ လာမေးကြတာ၊ ဒါက သားတို့ အတန်းထဲက သူငယ်ချင်းပဲ၊ သူ့နာမည်က မောင်အေးချမ်းပါ"

အန်တီမြမြဇင်က အေးချမ်းအား အပြုံးဖြင့် နှုတ်ဆက်သည်။ အေးချမ်းလက်ထဲ၌ ချိုင်းထောက်ကိုင်ထားသည်ကို မြင်လျှင်မြင်ချင်း အန်တီမြမြဇင်ဆီမှ အားပေးစကားသံ ချက်ချင်းကြားရသည်။

"သား . . မောင်အေးချမ်းက ခြေတစ်ဖက် မသန်ဘူးနဲ့တူတယ်"

"ဟုတ်ပါတယ် အန်တီ"

"ဘာမှ အားမငယ်နဲ့နော် သား၊ စိတ်ဓာတ်လည်း မကျနဲ့၊ ပညာကိုသာ တတ်အောင်သင်၊ ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုလို့ရတဲ့ အလုပ်တွေ အများကြီးပဲ၊ ကိုကိုနဲ့သမီး မေဇင်တို့ကလည်း အေးချမ်းအပေါ် နှိမ့်ချဆက်ဆံတာမျိုး မလုပ်ရဘူးနော်၊ ကူညီရိုင်းပင်းရမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

"ကဲ. . သားတို့ သူငယ်ချင်းနဲ့ စကားပြောလိုက်ဦး၊ အန်တီ မီးဖိုခန်းဝင်လိုက်ဦးမယ်"

မေဇင် မပျင်းအောင် စကားများအကြာကြီး ပြောလိုက်၊ သင်ခန်းစာများ ရှင်းပြပေးလိုက်လုပ်ရင်း ကိုကိုနှင့် အေးချမ်းတို့

ပြန်လာခဲ့ကြသည်။ သက်ဒွေးအောင်ဆီသို့ ရောက်သောအခါ အိပ်ခန်းထဲ၌ ငိုနေသံကို ကြားလိုက်ရသည်။

"ခြေထောက်က တော်တော်ကိုက်တယ်၊ အီး. . . ဟီး . . . . ဟီး. . ."

သက်ဒွေးအောင်ကို ကြည့်ကာ ကိုကိုနှင့်အေးချမ်းတို့ စိတ်မကောင်းဖြစ်ရသည်။ သက်ဒွေးအောင်၏ ခြေထောက်နှစ်ဖက်စလုံးတွင် ကျောက်ပတ်တီးစည်းထားသည်ကို မြင်ရသည်။

"သား. . . ဟိုမှာ ကိုကိုတို့လာတယ်"

သက်ဒွေးအောင်၏မိခင် အန်တီချိုချိုက အပြုံးဖြင့် နှုတ်ဆက်ပြီး အခန်းအပြင်သို့ ထွက်သွားသည်။ ကိုကိုတို့ကို ရှက်နေ၍ သက်ဒွေးအောင် မငိုတော့ပေ။

"သူငယ်ချင်း သက်သာရဲ့လား"

"မသက်သာပါဘူးကွာ၊ နာလွန်းလို့ အော်နေရတာ ကြားတယ်မဟုတ်လား"

"အေး ကြားပါတယ်၊ သက်ဒွေးအောင်. . အေးချမ်းလည်း မင်းခြေထောက်ကျိုးတာကို သိလို့ လာမေးတယ်"

သက်ဒွေးအောင်က အေးချမ်းကို လှမ်းကြည့်ပြီး ပြုံးပြသည်။

"အေးချမ်းကို ကဲ့ရဲ့မိလို့ ငါ ဝဋ်လည်တာလား မသိပါဘူး၊ အခုငါ ဒုက္ခိတ ဖြစ်နေပြီ၊ မင်းကို ကဲ့ရဲ့မိတဲ့အတွက် တောင်းပန်ပါတယ် အေးချမ်း"

"မလိုပါဘူးကွာ၊ မင်းအပေါ် ငါ ဘယ်လိုမှသဘောမထားဘူး၊ စိတ်ကို တင်းထား၊ မင်းက ခဏတာပဲ ဒုက္ခိတဖြစ်တာပါ၊ မကြာခင်



ခြေထောက်နှစ်ဖက်စလုံး ပြန်ကောင်းသွားမှာပါ၊ အခု မင်း အခက်အခဲဖြစ်နေချိန် ဘာကူညီပေးရမလဲလို့ ငါတို့ လာမေးတာ"

"ဩော်. . . သူငယ်ချင်းရယ်"

အေးချမ်း၏ စေတနာကို သက်ဒွေးအောင် နားလည်သွားပြီဖြစ်သည်။ ကိုကို့နည်းတူ အေးချမ်းအား သူငယ်ချင်းအဖြစ် အသိအမှတ်ပြုလိုက်ပါသည်။ ကျောင်းပြန်တက်နိုင်လျှင် အေးချမ်းနှင့်အတူ သူငယ်ချင်းလေးယောက်ပေါင်းပြီး ထမင်းအတူစား၊ မုန့်ဈေးတန်းသို့ အတူမုန့်ဝယ်စားခြင်းများကို ပြုလုပ်တော့မည်ဟု စိတ်ကူးဖြင့်ပုံဖော်ကာ သက်ဒွေးအောင် ကျေနပ်နေမိပါသည်။

× × ×

"ကဲ. . ခဏနားထောင်ပါ၊ လာမယ့် ဒီဇင်ဘာလ ၃ ရက်နေ့ဟာ 'အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့' ဖြစ်တယ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပပြုလုပ်မှာဖြစ်တယ်၊ ဒါကြောင့် ကြိုတင်ပြီး ဆရာမက အသိပေးတာ ဖြစ်တယ်"

အတန်းပိုင်ဆရာမ ဒေါ်ဆွေဆွေ၏ တက်တက်ကြွကြွ ရှင်းပြနေမှုကို ကျောင်းသားကျောင်းသူများ ငြိမ်သက်စွာ နားထောင်နေကြသည်။

"လူ့ပတ်ဝန်းကျင်မှာ မသန်စွမ်းသူတွေရှိပါတယ်၊ အသက်ကြီးကြီး၊ ငယ်ငယ် မသန်စွမ်းသူဆိုရင် ကူညီရိုင်းပင်းရမယ့် ဝတ္တရား

လူသားတိုင်းမှာ ရှိပါတယ်၊ သန့်စွမ်းတဲ့လူတွေက မသန်စွမ်းတဲ့သူတွေကို ဘယ်နေရာ ဘယ်အချိန်ပဲ တွေ့တွေ့၊ အလိုက်သိစွာ ဖေးမကူညီဖို့ လိုပါတယ်၊ မသန်စွမ်းသူဆိုပြီး မနှိမ်ပါနဲ့၊ မစော်ကားပါနဲ့၊ ကိုယ်နဲ့ တန်းတူရည်တူထားပြီး ဆက်ဆံပါ၊ ကိုယ့်မျက်စိရှေ့မှာ မသန်စွမ်းသူ ဒုက္ခရောက်နေတာကို တွေ့ရင် မျက်စိစုံမှိတ်၊ လက်ပိုက်ပြီး ကြည့်မနေပါနဲ့၊ ကိုယ် တတ်စွမ်းသမျှ ကူညီပေးရမှာပဲ ဖြစ်ပါတယ်။ အဲဒီလို အသိတရားတွေ လူတိုင်းကိုယ်စီမှာ မွေးမြူတတ်အောင်လို့ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို သတ်မှတ်ပေးခဲ့တာဖြစ်ပါတယ်၊ ဆရာမပြောတာ သဘောပေါက်ကြရဲ့လား"

"သဘောပေါက်ပါတယ် ဆရာမ"

"ကောင်းပြီ၊ ဆရာမ အတန်းထဲမှာလည်း မောင်အေးချမ်းအပေါ် အနိုင်ကျင့်မှုတွေ၊ နှိမ်ချဆက်ဆံမှုတွေလုပ်တာ မကြားချင်ဘူး၊ သူငယ်ချင်းဆိုတဲ့စိတ်နဲ့ တန်းတူဆက်ဆံပါ၊ အားငယ်သူကို အားပေးရမယ်၊ ကျောင်းသား ကျောင်းသူအားလုံးက မောင်အေးချမ်းကို ခင်ခင်မင်မင်ခေါ်ပြောနှုတ်ဆက်ရမယ်၊ သားတို့ သမီးတို့ ကျောင်းသားဘဝမှာ အဲဒီလိုစိတ်ဓာတ်မျိုးမွေးမြူနိုင်မှ အရွယ်ရောက်တဲ့အခါမှာလည်း ပိုပြီးရင့်ကျက်မှာဖြစ်ပါတယ်၊ စာစီစာကုံးအတွက် သတ်မှတ်ထားတဲ့ခေါင်းစဉ်ကို ဆရာမ ရေးပြပါ့မယ်"

ဆရာမ ရေးနေသော ခေါင်းစဉ်ကို စိတ်ဝင်တစား လိုက်ဖတ်နေကြသည်။



"ကဲ . . ခေါင်းစဉ်က ဘာတဲ့လဲ"

"ပညာသင်ယူ အတူတူ မသန်စွမ်းသူ ဖေးမကူ"

"အဲဒီ ခေါင်းစဉ်လေးက သားတို့ သမီးတို့နဲ့ အများကြီး သက်ဆိုင်ပါတယ်၊ ပြိုင်ပွဲဝင်မယ့်သူ အမည်စာရင်း ဆရာမကို လာပေးလို့ရပါပြီ၊ ဘယ်လိုဖေးမကူညီရမယ်ဆိုတာကိုတော့ မိမိကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားနိုင်သလို တကယ့်အဖြစ်အပျက်ကိုလည်း ကိုးကားပြီး ရေးလို့ရပါတယ်၊ အနီးစပ်ဆုံး အတိတ်စိမ်း ပေးခဲ့ရမလား"

"ပေးခဲ့ပါ ဆရာမ"

ဆရာမ ဒေါ်ဆွေဆွေက ပြုံးသည်။

"မောင်ကိုကိုနဲ့မောင်အေးချမ်းတို့ မတ်တတ်ရပ်ပေးကြပါ"

ကိုကိုနှင့် အေးချမ်းတို့နှစ်ဦး ပြိုင်တူရပ်လိုက်ကြချိန် တစ်တန်းလုံး အံ့အားတသင့်ဖြစ်သွားကြသည်။

"ကိုကိုက အေးချမ်းကို ဘယ်လိုဖေးမကူညီတယ်ဆိုတာ အားလုံးမြင်တွေ့နေကြတာပဲမဟုတ်လား၊ သူတို့နှစ်ယောက် အကြောင်း ချပြီးရေးရင်တောင် စာမျက်နှာဆယ်မျက်နှာကတော့ အသာလေးပဲ၊ ဆရာမပြောတာ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာမ"

စာသင်ချိန် တစ်ချိန်ပြီးဆုံးပြီဖြစ်၍ ဆရာမဒေါ်ဆွေဆွေ ထွက်ခွာသွားသည်။ ကိုကိုနှင့် အေးချမ်းဆီသို့ ကျောင်းသား ကျောင်းသူများအားလုံး ဝိုင်းအုံပြီး သိလိုသည်များ မေးမြန်းကြတော့သည်။ ချက်ချင်း သတင်းပျံ့နှံ့သွားသည်။ တခြား

အတန်းများမှ ကျောင်းသားကျောင်းသူများကလည်း လာရောက်မေးမြန်းကြသည်။ ကိုကိုနှင့် အေးချမ်းတို့က အတွေ့အကြုံကို အမှန်အတိုင်းပြောပေးခဲ့ကြပါသည်။

တစ်ကျောင်းလုံးတွင် ကိုကိုနှင့်အေးချမ်း၏ သတင်းကား ချက်ချင်းမွှေးပျံ့သွားသည်။ စာစီစာကုံးပြိုင်ပွဲဝင်သူ အရေအတွက်ပင် စံချိန်တင်ခဲ့သည်။ အရေးအသားများမှာလည်း ကောင်းမွန်ပြီး သူမသာ ကိုယ်မသာဖြစ်နေသည်။ စာစီစာကုံးဆု ရရှိသူများက ကိုကိုနှင့်အေးချမ်းတို့ဆီသို့ အပြေးလာကာ ဝမ်းသာစကားပြောကြသည်။

အေးချမ်းအပေါ် တစ်ကျောင်းလုံးက တန်းတူရည်တူ ခင်မင်နေကြသလို ခေါ်ပြောနှုတ်ဆက်နေပြီဖြစ်ပါသည်။ ရန်နိုင်နှင့် ဇော်ကြီးတို့ကလည်း သူတို့အမှားအတွက် အေးချမ်းကို လာတောင်းပန်သွားသည်။ အေးချမ်း၏ ဖျတ်လတ်တက်ကြွ ပျော်ရွှင်နေပုံကို မြင်ရတော့ ကိုကို အတိုင်းမသိ ဝမ်းသာနေမိပါသည်။

××××××××××

# ဘက်စုံထူးချွန်

နောင်နောင်သည် ပဉ္စမတန်းတွင် ပညာသင်ကြားနေပါသည်။ အချစ်ဆုံးသူငယ်ချင်း ဇင်မီက သင်္ချာထူးချွန်သည်။ အတန်းဖော် သူငယ်ချင်းများဖြစ်ကြသော ကိုညီက အင်္ဂလိပ်စာ ထူးချွန်သလို မျိုးပပလင်းကလည်း သမိုင်းဘာသာရပ်၌ ထူးချွန်သည်။

သို့သော် လပတ်စာမေးပွဲတွင် ဘာသာရပ်စုစုပေါင်းရမှတ်၌ နောင်နောင်က ပထမရသည်။ နောင်နောင်က ဘာသာရပ်တိုင်းတွင် အမှတ်ညီအောင် ကြိုးစားနိုင်သည်။ တစ်ဘာသာကောင်း ထူးချွန်သော သူငယ်ချင်းများမှာ အဆင့်သတ်မှတ်ချက်၌ ထိပ်ဆုံး သုံးနေရာသို့ပင် မဝင်နိုင်ကြပေ။

အတန်းပိုင်ဆရာမ ဒေါ်ယဉ်လှဲ့မေ အတန်းထဲသို့ ဝင်လာသည်။

"နှုတ်ဆက်"

"မင်္ဂလာပါ ဆရာမ"

ကျောင်းသားကျောင်းသူအားလုံး ပြိုင်တူနှုတ်ဆက်လိုက်ကြသည်။

"မင်္ဂလာပါကွယ်၊ ထိုင်ကြ. . . ထိုင်ကြ"

ကျောင်းသားကျောင်းသူအားလုံး ညီညာစွာပြန်ထိုင်ကြသည်။ ဘာသာရပ်အလိုက် ထူးချွန်ဆုများ ဖြေဆိုရန် လူရွေးချယ်မည်ဟု ကြိုပြောထားသဖြင့် အားလုံး စိတ်လှုပ်ရှားနေကြသည်။

"အားလုံး နားထောင်ပါ။ ဘာသာရပ်အလိုက် ထူးချွန်စာမေးပွဲဖြေဖို့ လူရွေးချယ်မှာ ဖြစ်ပါတယ်။ ထူးချွန်ဆုကို ကျောင်းသားကျောင်းသူအားလုံးဖြေဆိုခွင့် ရှိပါတယ်။ လပတ်စာမေးပွဲအလိုက် ရမှတ်တွေလည်း ကြေညာထားပြီးသားဖြစ်တဲ့အတွက် ကိုယ်ရတဲ့ရမှတ်တွေ သိထားပြီးပါပြီ။ ကိုယ် ဘယ်သာသာမှာ ထူးချွန်သလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးဖြစ်ပါတယ်"

အားလုံးငြိမ်သက်စွာ နားထောင်နေကြသည်။

"ဒီတော့ ဘာသာရပ်တစ်ခုချင်းစီအလိုက် အမည်စာရင်းကောက်ပါမယ်၊ ကိုယ်ဖြေဆိုချင်တဲ့ ဘာသာရပ်အလိုက် မတ်တတ်ရပ်ပေးပါ"

နောင်နောင်လည်း စိတ်လှုပ်ရှားနေသည်။ အတန်းဖော်သူငယ်ချင်းများကို မသိမသာ လှမ်းကြည့်ပြန်တော့လည်း သူတို့အားလုံး စိတ်လှုပ်ရှားနေကြပုံပေါ်သည်။

"မြန်မာဘာသာရပ်ဖြေဆိုမယ့် ကျောင်းသားကျောင်းသူတွေမတ်တတ်ရပ်ပါ"

နောင်နောင်၊ မြတ်လေးငုံနှင့် ဖူးဖူးတို့ မတ်တတ်ရပ်ကြသည်။ မြတ်လေးငုံက အတန်းတိုင်းတွင် မြန်မာစာအမှတ် အများဆုံးရနေကျ ကျောင်းသူတစ်ဦးဖြစ်ပါသည်။



"အင်္ဂလိပ် ဘာသာရပ်အတွက် မတ်တတ်ရပ်ပါ"

နောင်နောင်၊ ကိုညီ၊ မင်းသွင်ခနှင့် စပယ်ပွင့်လှိုင်တို့ မတ်တတ်ရပ်ကြသည်။ ကိုညီက အတန်းတိုင်းတွင် အင်္ဂလိပ်စာအမှတ်အများဆုံးရနေကျ ကျောင်းသားဖြစ်ပါသည်။

"သင်္ချာ ဘာသာရပ်အတွက် မတ်တတ်ရပ်ပါ"

ဇင်မီ၊ နောင်နောင်၊ ဖြိုးသီဟတို့ မတ်တတ်ရပ်ကြသည်။ ဇင်မီက အတန်းတိုင်းတွင် သင်္ချာအမှတ်အများဆုံးရနေကျ ကျောင်းသူတစ်ဦး ဖြစ်ပါသည်။

ပထဝီဘာသာရပ်၊ သမိုင်းဘာသာရပ်နှင့် သိပ္ပံဘာသာရပ်များတွင်လည်း နောင်နောင် ထူးချွန်ဆုဖြေရန် အမည်စာရင်းပေးသွင်းခဲ့သည်။

အမည်စာရင်းအားလုံးယူပြီးသောအခါ ဆရာမဒေါ်ယဉ်လဲ့မေက နောင်နောင်အား မတ်တတ်ရပ်ခိုင်းသည်။

"ဆရာမ အတန်းထဲက မောင်နောင်နောင်ဟာ ဘာသာစုံထူးချွန်ဆုဖြေမယ့် ကျောင်းသားဖြစ်ပါတယ်၊ ပဉ္စမတန်းမှာ အခန်း A ကနေ E အထိ ငါးခန်းရှိပါတယ်။ ဆရာမတို့ A ခန်းကနေ ထူးချွန်ဆုဖြေမယ့် ကျောင်းသားကျောင်းသူတွေကို ဆရာမအားပေးတယ်၊ အထူးသဖြင့် မောင်နောင်နောင်ကို ပိုမျှော်လင့်တယ်၊ တခြားအခန်းတွေကလည်း ဘက်စုံထူးချွန်ဆုဖြေမယ့် ကျောင်းသားကျောင်းသူတွေ ရှိတယ်လို့ကြားတယ်၊ ထူးချွန်ဆုတွေ ရကြပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

အားလုံး သံပြိုင်အော်လိုက်ကြသည်။ နောင်နောင်က လက်ပိုက်လျက် မတ်တတ်ရပ်လိုက်သည်။

"ဆရာမ . . . သား မေးစရာရှိလို့ပါ"

"ဘာများလဲ သားရဲ့၊ မေးလေ"

"ထူးချွန်ဆုစာမေးပွဲတွေက ဘယ်နှဆင့်လောက် ဖြေရမလဲ ဆရာမ"

နောင်နောင်၏အမေးစကားကြောင့် ဆရာမ ဒေါ်ယဉ်လှဲ့မေက သဘောကျစွာပြုံးသည်။

"ဟုတ်သားပဲ. . ဆရာမပြောဖို့ မေ့သွားတာ၊ ထိုင်ပါ သား"

နောင်နောင်လည်း နေရာ၌ ပြန်ထိုင်လိုက်သည်။

"ဆရာမတို့ ကျောင်းကနေ ရွေးချယ်လိုက်တဲ့ ကျောင်းသား ကျောင်းသူတွေဟာ မြို့နယ်အဆင့်ကို ပထမဦးဆုံး ဖြေဆိုရမှာ ဖြစ်ပါတယ်။ မြို့နယ်အဆင့်မှာဆုရရင် ခရိုင်အဆင့်မှာ ထပ်ပြိုင်ရမယ်၊ ခရိုင်အဆင့်မှာဆုရရင် ပြည်နယ် ဒါမှမဟုတ် တိုင်းဒေသကြီး အဆင့်မှာ ပြိုင်ရမယ်၊ အဲဒီအဆင့်မှာဆုရရင်တော့ ဗဟိုအဆင့် ရောက်သွားပြီပေါ့ကွယ်၊ ဗဟိုအဆင့်မှာဆုရရင်တော့ မြန်မာ တစ်နိုင်ငံလုံးရဲ့ ထူးချွန်ဆုရကျောင်းသားကျောင်းသူ ဖြစ်ခွင့်ရ မှာပေါ့၊ ဘယ်လိုလဲ ကြိုးစားနိုင်ကြတယ်မဟုတ်လား"

"ကြိုးစားနိုင်ပါတယ် ဆရာမ"

"ကောင်းပါပြီကွယ်၊ ဆရာမအချိန်ပြည့်ပြီမို့ တခြားအတန်း သွားလိုက်ဦးမယ်"

"နှုတ်ဆက်"

"မင်္ဂလာပါဆရာမ၊ ကျေးဇူးတင်ပါတယ် ဆရာမ"



ဆရာမ ဒေါ်ယဉ်လှဲ့မေ အတန်းထဲမှ ထွက်ခွာသွားပြီဖြစ်၍ နောင်နောင့်ဆီသို့ သူငယ်ချင်းအားလုံး ဝိုင်းအုံလာကြသည်။ ထူးချွန်ဆုဖြေမည့် ဘာသာရပ်အလိုက် နောင်နောင်နှင့် တွဲကာ စာကျက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

× × ×

မုန့်စားကျောင်းဆင်းချိန်တွင် နောင်နောင်နှင့်ကိုညီတို့ မုန့် ဈေးတန်းလာခဲ့ကြသည်။ သကြားလုံးဝယ်နေစဉ် နောင်နောင့် အနီးသို့ ဇင်မီ ရောက်လာသည်။

"နောင်နောင်. . . နင့်ကို ပြောစရာရှိတယ်"

"ဘာပြောမှာလဲ ဇင်မီ၊ ပြောလေ"

ဇင်မီက လေသံတိုးတိုးဖြင့် ပြောလာသည်။

"ဟိုး မုန့်ဆိုင်မှာဈေးဝယ်နေတဲ့ ဝေလင်းအောင်ကို နင်သိလား၊ ဘီခန်းကလေ"

ဇင်မီ မေးငေါ့ပြရာသို့ နောင်နောင်နှင့်ကိုညီတို့ လှမ်းကြည့် လိုက်ကြသည်။ တစ်ခါမှ မမြင်ဖူးပေ။ ကျောင်းပြောင်းလာသော ကျောင်းသားသစ်ဖြစ်မည် ထင်သည်။

"အသစ်လား၊ မမြင်ဖူးပါဘူး"

"ဟုတ်တယ်ဟ၊ သူက ငါတို့ အောင်လံ အထက (၁) ကို ရန်ကုန်က ပြောင်းလာတာ၊ သူ့အဖေက ဆရာဝန်ဆိုလား၊ သူက အတန်းတိုင်း အဆင့်တစ် ရတာတဲ့၊ အခုလည်း ဘာသာစုံထူးချွန် ဖြေဖို့ စာရင်းပေးထားတယ်လို့ ကြားတယ်၊ နင် ဘယ်လိုလုပ်မလဲ"

"ဘာကိုလဲ ဇင်မီ"

"ဘာကိုရမလဲ၊ နင်က ဒီကျောင်းမှာ နှစ်စဉ် ဘက်စုံထူးချွန် ရနေတာမဟုတ်လား၊ တော်ကြာ သူကသာသွားရင် ဘယ်လို လုပ်မလဲလို့ ပြောတာ"

နောင်နောင်က ဇင်မို့ပုံစံကိုကြည့်ပြီး ပြုံးလိုက်သည်။ ဝေလင်းအောင်ကိုကြည့်ရင်း ကိုညီကလည်း မျက်စိမျက်နှာ ပျက်နေသည်။

"တန်းတူကြိုးစားခွင့်ရှိတဲ့ အခွင့်အရေးပဲဟာ၊ စိုးရိမ်စရာ အကြောင်း မရှိပါဘူး၊ မနာလိုစိတ်လည်း မထားဘူး၊ ငါ့ထက် တော်ရင် ငါ ကျေနပ်စွာလက်ခံမှာပဲ၊ ဒီနှစ် ဘက်စုံထူးချွန်ဆုကို သူ့လက်ထဲ လွှဲပြောင်းပေးရလို့လည်း ဝမ်းမနည်းဘူး၊ ဒါပေမဲ့ ငါ့မှာရှိသမျှ အစွမ်းအစတွေကိုတော့ အကုန်ထုတ်မှာပါဟ၊ နင်တို့ စောင့်ကြည့်ထား"

"အေးပါဟယ်၊ ငါက နင့်ကို လာသတိပေးတာ၊ သွားကြ ရအောင်"

သူငယ်ချင်းသုံးယောက်သား မုန့်ဈေးတန်းမှ ပြန်လာခဲ့ကြ သည်။ သို့သော် ဝေလင်းအောင်တို့အုပ်စုနှင့် မျက်နှာချင်းဆိုင် ဆုံနေသည်။ ဝေလင်းအောင်အား မြို့ခံကျောင်းသားများဖြစ်ကြ သော နေမင်းဦး၊ ကျော်ဇင်လွင်၊ သန့်ဇင်လင်းတို့နှင့်အတူ တွေ့ရ သည်။ နောင်နောင့်အကြောင်းကို ဝေလင်းအောင်သိထားပြီး လောက်ပြီ ဖြစ်သည်။

"နောင်နောင်ဆိုတာ သူလား"

ဝေလင်းအောင်က နောင်နောင့်ကို အထက်စီးဖြင့်ကြည့်ကာ နေမင်းဦးကို မေးလိုက်ခြင်းဖြစ်သည်။



"ဟုတ်တယ်၊ သူပဲ"

"ဒီနှစ် ဘက်စုံထူးချွန်ဆုကို ငါ့ဆီလွှဲပေးလိုက်တော့"

နောင်နောင်က မည်သည့်စကားမျှ ပြန်မပြောဘဲ ကိုညီနှင့် ဇင်မီတို့လက်ကို ဆွဲခေါ်ကာ ပြန်လာခဲ့သည်။ အတန်းထဲရောက် သောအခါ သူငယ်ချင်းအားလုံးက ဝိုင်းပြီးအားပေးကြသည်။ နောင်နောင်က ဝေလင်းအောင်လို အပြောကြီးသူ မဟုတ်ပါ။ လက်တွေ့ သက်သေပြမည်ဖြစ်ပါသည်။

မြို့နယ်အဆင့် ထူးချွန်ဆုစာမေးပွဲ ဖြေဆိုရတော့မည်ဖြစ်၍ နောင်နောင် စာကိုသာ မပြတ်လေ့လာကျက်မှတ် တွက်ချက်နေမိ သည်။ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများထံ မရှင်းလင်းသည့် စာနှင့် အတွက်ပုစ္ဆာများအား သွားရောက်မေးမြန်းသည်။ ထူးချွန်ဆု စာမေးပွဲဖြစ်၍ စာတော်သော ကျောင်းသားကျောင်းသူများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ နောင်နောင် ကိုယ့်ကိုယ်ကိုယ် စိတ်ကြီး မဝင်၊ အထင်မကြီးပါ။ ကိုယ့်ကိုယ်ကိုယ် အမြဲနှိမ့်ချထားပါသည်။

နောင်နောင်၏ဖေဖေနှင့် မေမေကလည်း အားပေးသည်။ အစားအသောက် အနေအထိုင်ကအစ ဂရုစိုက်ပေးသည်။ ပုံမှန် အိပ်ချိန်၊ ပုံမှန်စာကြည့်ချိန်၊ ပုံမှန်ကစားချိန်အတိုင်း ပြုမူစေသည်။ စာကိုချည်း တစ်ဖက်သတ်မလုပ်စေဘဲ အနားယူချိန်လည်း သတ်မှတ် ပေးသည်။ ထူးချွန်စာမေးပွဲအပေါ် ဖိအားကင်းစွာဖြင့် ဖြေဆိုရန် နောင်နောင် အဆင်သင့်ဖြစ်နေပြီ ဖြစ်ပါသည်။

× × ×

မြို့နယ်အဆင့် ပညာရည်ထူးချွန်ဆု စာမေးပွဲတွင် နောင်နောင်က မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာဘာသာရပ်များ၌ ပထမဆုရခဲ့ပြီး ပထဝီ၊ သမိုင်း၊ သိပ္ပံ ဘာသာရပ်များတွင် ဝေလင်းအောင်က ပထမဆုရသည်။ ခရိုင်အဆင့်သို့ ဆက်လက်ဖြေဆိုယှဉ်ပြိုင်ကြရသည်။

နောင်နောင်က သင်္ချာနှင့် အင်္ဂလိပ်စာ ထူးချွန်ပထမဆု၊ ဝေလင်းအောင်က သမိုင်းနှင့် သိပ္ပံထူးချွန်ဆုများ အသီးသီးရရှိကြသည်။

တိုင်းဒေသကြီးအဆင့်သို့ ဆက်လက်ဖြေဆိုယှဉ်ပြိုင်ရာ နောင်နောင်က သင်္ချာထူးချွန်ပထမဆုရပြီး ဝေလင်းအောင်ကမူ သိပ္ပံထူးချွန်ပထမဆု ရရှိသည်။

နောင်နောင်နှင့် ဝေလင်းအောင်တို့နှစ်ဦး၏ ဂုဏ်သတင်းသည် တစ်ကျောင်းလုံးတွင် မွှေးပျံ့နေပေသည်။ ကျောင်းဂုဏ်ဆောင်ထူးချွန်ကျောင်းသားများအဖြစ် ဆရာ ဆရာမများ၏ ချီးကျူးမှုကိုပင် ခံကြရသည်။

ဗဟိုအဆင့်ယှဉ်ပြိုင်ရန်အတွက် အပြင်းအထန်ကြိုးစားနေကြသည်။ မိဘ၊ ဆရာသမားများကလည်း အားနည်းချက်မရှိစေရန် ဘက်ပေါင်းစုံမှ ကြည့်ရှုစောင့်ရှောက်မှုများ ပြုလုပ်ပေးသည်။

"ဒီနှစ် ဘက်စုံထူးချွန်က ရင်ခုန်စရာကြီးနော်၊ အရင်နှစ်တွေကဆိုရင် နောင်နောင်ရမယ်ဆိုတာ တပ်အပ်ပြောနိုင်တယ်၊ ဒီနှစ်က နောင်နောင်နဲ့ ဝေလင်းအောင် အပြိုင်အဆိုင်ဖြစ်နေကြတယ်၊ ဘက်ပေါင်းစုံတော်နေတာဆိုတော့ ဘယ်သူရမလဲ မသိဘူးနော်"



အတန်းထဲတွင် ဖြိုးဇာခြည်သွယ်ကပြောနေသည်ကို နောင်နောင် ကြားနေရသည်။ အားကစားဘက်တွင်လည်း နှစ်ယောက်စလုံး ထူးချွန်ကြသည်။

"ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲမှာလည်း နောင်နောင်နဲ့ ဝေလင်းအောင်က အကောင်းဆုံးဆုတွေ ရခဲ့ကြတာနော်"

ချိုသဲဖြူကလည်း အံ့အားသင့်သော လေသံဖြင့်ပြောလာသည်။

"ဟုတ်တယ်နော်၊ နောင်နောင်က ရှေ့တန်းအကောင်းဆုံးဆုနဲ့ ဝေလင်းအောင်က နောက်တန်းအကောင်းဆုံးဆုတွေ ရခဲ့ကြတာ၊ ပြိုင်ပွဲကတော့ ကြည့်ကောင်းနေပြီ"

ဝင်းဇော်ဦးကလည်း နောင်နောင်နှင့် ဝေလင်းအောင်ဆီသို့ တစ်လှည့်စီကြည့်ကာ ပြောနေသည်။ ဗဟိုအဆင့်ထူးချွန်ဆုပြိုင်ပွဲ ဖြေဆိုရန် နီးကပ်လာချိန်တွင် နှစ်ယောက်သား အနိုင်မခံ အရှုံးမပေး ကြိုးစားနေကြသည်။

ထူးချွန်ဆုဖြေဆိုပြီးသောအခါ ဆုရ၊ မရ စောင့်နေဆဲကာလဖြစ်ပါသည်။ ထိုအချိန်နှင့် တိုက်ဆိုင်စွာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနေချိန်ဖြစ်၏။ နောင်နောင်တို့ ကျောင်းသားကျောင်းသူများမှာ ထုံးစံအတိုင်း ကျောင်းအဆင့်တွင် ပထမဦးစွာ လူရွေးစစ်ဆေးခံကြရသည်။

"ဘက်စုံထူးချွန်ဆုလိုချင်ရင် ဆို က ရေး တီး လည်း ပြိုင်မှ ရမှာနော်"

ဝေလင်းအောင်၏ဘေးတွင် ထိုင်နေသော နေမင်းဦးက ပြောသည်။ ဝေလင်းအောင်က နောင်နောင့်ဆီသို့ စိန်ခေါ်သော မျက်လုံးဖြင့် ကြည့်လာသည်။

"ပြိုင်ရမှာပေါ့ကွာ၊ ကိုယ့်ပြိုင်ဘက်ကို အနိုင်လိုချင်ရင် ဘက်စုံတော်မှ ရမယ်ဆိုတာ ငါ သိပါတယ်၊ ပြိုင်ပွဲမှန်သမျှ အကုန်လုံးပြိုင်မယ်ကွာ"

နောင်နောင်ကြားနိုင်လောက်သော လေသံဖြင့် ဝေလင်းအောင်က ပြောလိုက်သည်။ နောင်နောင် အားတင်းလိုက်သည်။ ပြိုင်ဘက်ကောင်းရှိမှ တိုးတက်သည်ဟူသော ဆရာမစကားကို ကြားယောင်မိသည်။ ပြိုင်ဘက်က တော်နေလေတော့ နောင်နောင်လည်း သတိတစ်ချက်လွတ်၍ မဖြစ်ပေ။ တရားသောနည်းလမ်းဖြင့် ယှဉ်ပြိုင်ရန် အသင့်ပြင်ထားလိုက်ပါသည်။

"ဆို က ရေး တီး ပြိုင်ပွဲဝင်မယ့် ကျောင်းသားကျောင်းသူတွေရှိရင် စာရင်းပေးပါ၊ ဒီနေ့အပြီး ကျောင်းအုပ်ဆရာကြီးဆီ အမည်စာရင်း တင်ပေးရမှာပါ"

နောင်နောင်တို့အတန်းတွင် သူ့ထက်ငါအပြိုင် အမည်စာရင်းများ ပေးကြသည်။ ဝေလင်းအောင်က ပတ္တလားအတီးပြိုင်ပွဲအတွက် စာရင်းပေးသည်။ နောင်နောင်ကမူ အဆိုပြိုင်ပွဲအတွက် စာရင်းပေးခဲ့သည်။ သူငယ်ချင်း ကိုညီက အကပြိုင်ပွဲ၊ မျိုးပပလင်းက စန္ဒရားတီးပြိုင်ပွဲအတွက် အမည်စာရင်းပေးခဲ့ကြသည်။

"ဒီနှစ် ဘက်စုံထူးချွန်ဆုက အဖြေမထွက်သေးပါဘူး၊ အားလုံးသိကြတဲ့အတိုင်းပဲ၊ နောင်နောင်နဲ့ဝေလင်းအောင်တို့ အပြိုင်ဖြစ်နေကြတာပါ၊ နှစ်ယောက်စလုံး ဘယ်သူမှ မသာသေးဘူး၊ ဒီ ဆို က ရေး တီး ပြိုင်ပွဲကိုလည်း အားထည့်ပြိုင်ဖို့ မှာချင်ပါတယ်၊ ကျောင်းရဲ့ ဂုဏ်ကို ဆောင်နိုင်မယ်လို့လည်း ဆရာမ ယုံကြည်ပါတယ်ကွယ်"



နောင်နောင်သည် အဆိုပြိုင်ပွဲကို တတိယတန်းမှ စတင်ကာ ယှဉ်ပြိုင်ခဲ့သူဖြစ်၏။ ဇဟိုအဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ယှဉ်ပြိုင်သည့်နှစ်တိုင်း ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုများကို တစ်ခုမဟုတ် တစ်ခု ရနေကျဖြစ်ပါသည်။

"မေမေ. . . သား ဆရာ ဦးမြတ်လင်းဆီ အဆိုပြိုင်ပွဲအတွက် သွားလေ့ကျင့်လိုက်ဦးမယ်"

ကျူရှင်မှ ပြန်ရောက်လျှင်ရောက်ချင်း မေမေ့ထံ နောင်နောင် ခွင့်တောင်းလိုက်ခြင်းဖြစ်သည်။ မီးဖိုခန်းထဲမှ မေမေထွက်လာသည်။

"မပင်ပန်းဘူးလား သားရယ်၊ ဒီနှစ်တော့ မပြိုင်ပါနဲ့တော့၊ ပညာရည်ချွန်သွားဖြေထားတာ ရက်ပိုင်းပဲရှိသေးတယ်၊ ကျန်းမာရေးထိခိုက်နေပါဦးမယ်ကွယ်"

"စိတ်ချပါ မေမေ၊ သား ကျန်းမာရေး မထိခိုက်စေရပါဘူး၊ ဒီနှစ်သားလိုချင်တာ ဘယ်စုံထူးချွန်ဆုဗျ၊ သားနဲ့ ပြိုင်ဘက်က အရမ်းတော်တာ မေမေရဲ့၊ သား ဒီလောက်ကြိုးစားနေတာတောင် ဘက်စုံထူးချွန်ဆုရဖို့ မသေချာသေးဘူး"

မေမေက ပြုံးပြီး ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"တကယ်လို့ သူရသွားရင် သား စိတ်ဓာတ်မကျရဘူးနော်"

"ဟုတ်ကဲ့ပါ၊ သား ကြိုတင်ပြင်ဆင်ထားပြီးသားပါ၊ တကယ်လို့ သူရသွားခဲ့ရင် သားကိုယ်တိုင် သူ့ကိုလက်ဆွဲနှုတ်ဆက်ပြီး ချီးကျူးဦးမှာပါ၊ သူ့အပေါ် မနာလိုစိတ်လည်း မထားဘူး၊ အငြိုးအတေးလည်း မရှိဘူး၊ သားနဲ့ ပညာအတူသင်နေတဲ့ သူငယ်ချင်းပဲ မေမေရယ်၊ သား ဝမ်းသာပေးရမှာပေါ့"

"တော်လိုက်တဲ့ မေမေ့သားလေး"

မေမေက နောင်နောင့်အား အနမ်းဖွဖွပေးသည်။ မေမေ့ကို နှုတ်ဆက်ကာ နောင်နောင်သည် ဆရာဦးမြတ်လင်းအိမ်ဆီသို့ အပြေးလာခဲ့သည်။ ဆရာဦးမြတ်လင်း၏ အဆိုနှင့်ပတ်သက်၍ သင်ကြားပြသမှုကို နောင်နောင် ခံယူရန် အဆင်သင့် ဖြစ်နေပါပြီ။

× × ×

ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ နောင်နောင်သည် ဖေဖေနှင့် မေမေတို့ကို အတူတွဲကာ တက်ရောက်လာခဲ့သည်။ ဝေလင်းအောင်ကလည်း သူ၏မိဘနှစ်ပါးနှင့်အတူ တက်ရောက်လာသည်ကို နောင်နောင် မြင်လိုက်ရ၏။ နောင်နောင်အား ကိုညီ၊ မျိုးပပလင်းတို့က လာရောက်နှုတ်ဆက်ကြသည်။

"နောင်နောင်. . . နင် စိတ်လှုပ်ရှားနေလား"

မျိုးပပလင်းက မေးလာသည်။ အမှန်အတိုင်း ဝန်ခံရလျှင် နောင်နောင် စိတ်လှုပ်ရှားနေပါသည်။ ဝေလင်းအောင်ဘေးနားတွင်လည်း နေမင်းဦးနှင့် ကျော်ဇင်လွင်တို့ ဝိုင်းအုံကာ တီးတိုးစကားများ ပြောနေသည်ကို နောင်နောင်တို့ မြင်နေရသည်။

"ဘက်စုံထူးချွန်က မင်းလား၊ ဝေလင်းအောင်လား"

ကိုညီက မေးလာပြန်သည်။ ယခုအချိန်အထိ ဘက်စုံထူးချွန် မည်သူရမှန်း မသိကြသေးပေ။

"မသိဘူးလေ"



"ငါကြားတာကတော့ မင်းပဲ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနဲ့ တရားမဝင် ရောင်းဝယ်ဖောက်ကားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲတွေမှာ မင်း ဘာဝင်ပြိုင်ခဲ့သလဲ နောင်နောင်"

ကိုညီ မေးလာမှ နောင်နောင် သတိရသည်။

"အေး အဲဒီဆုကို ငါမေ့နေတာကွ၊ ငါ အင်္ဂလိပ်လို ကျပန်းစကားပြော ပြိုင်ပွဲဝင်ခဲ့တယ်၊ ဗဟိုမှာ ငါ ပထမ ရတယ်လေ"

"ဒါဆိုရင်တော့ နင် ဘက်စုံထူးချွန်ဆုရဖို့ သေချာနေပြီ၊ ဝေလင်းအောင်က ကွန်ပျူတာပန်းချီပြိုင်ပွဲ ဝင်ခဲ့တယ်လို့ ကြားတယ်၊ ဒါပေမဲ့ သူ ဗဟိုမှာ ဆုမချိတ်ဘူးဟ"

အခမ်းအနားအစီအစဉ် စတင်နေပြီဖြစ်၍ နောင်နောင်တို့ သူငယ်ချင်းတစ်စုလည်း သတ်မှတ်ထားသော နေရာအသီးသီးတွင် ဝင်ထိုင်ဖြစ်ကြသည်။

ပညာရေးစုံညီပွဲတော်ကို ဦးစွာစတင်ကျင်းပပြုလုပ်သည်။ နောင်နောင်တို့ ကျောင်းသားကျောင်းသူများက သရုပ်ဖော် အက၊ အဆို၊ အတီးများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား စတင်ပြီဖြစ်ပါသည်။ သူငယ်တန်းမှ ဒသမတန်းအထိ အတန်းစဉ်လိုက် ပညာရည်ချွန်ဆု၊ ဘက်စုံထူးချွန်ဆု၊ စာပေထူးချွန်ဆု၊ အားကစားထူးချွန်ဆု၊ ဂီတထူးချွန်ဆု၊ အနုပညာထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

နောင်နောင်က ပညာရည်ချွန် ပထမဆု၊ သင်္ချာထူးချွန်ဆု၊ အားကစားထူးချွန်ဆုနှင့် ဂီတထူးချွန်ဆုများ ရရှိခဲ့သလို

ဝေလင်းအောင်ကလည်း ပညာရည်ချွန် ဒုတိယဆု၊ သိပ္ပံထူးချွန်ဆု၊ အားကစားထူးချွန်ဆု၊ ဂီတထူးချွန်ဆုများ ရရှိခဲ့သည်။

နောင်နောင်တို့၏အတန်းပိုင်ဆရာမ ဒေါ်ယဉ်လွဲ့မေ စင်မြင့်ပေါ်သို့ တက်လာသည်။

"ဒီနှစ်အတွက် ဘက်စုံထူးချွန်ဆုဟာ တော်တော်လေး ခက်ခက်ခဲခဲ ရွေးခဲ့ရတာဖြစ်လို့ ကြွရောက်လာတဲ့ မိဘတွေကို သိစေချင်ပါတယ်၊ ဘက်စုံထူးချွန်ဆုကို ဘာ့ကြောင့် ရသွားတယ်ဆိုတဲ့ အဖြေကို ရှင်းပြမှာဖြစ်ပါတယ်၊ ပဉ္စမတန်းမှာ ဘက်စုံထူးချွန်ဆု အတွက် အပြိုင်အဆိုင်ဖြစ်နေတဲ့ ကျောင်းသားနှစ်ယောက်ရှိပါတယ်၊ မောင်နောင်နောင်နဲ့ မောင်ဝေလင်းအောင်တို့ ဖြစ်ကြပါတယ်"

ဆရာမစကားကိုနားထောင်ရင်း နောင်နောင် ရင်တွေ တုန်လာသည်။ ဖေဖေနှင့် မေမေက နောင်နောင့်ဆီသို့ လှမ်းကြည့်ပြီး မျက်နှာအမူအရာဖြင့် စိတ်မလှုပ်ရှားရန် သတိပေးသည်။ ဝေလင်းအောင်လည်း ဂနာမငြိမ်ဖြစ်နေသည်ကို နောင်နောင် ရိပ်မိသည်။

"မောင်နောင်နောင်က သင်္ချာထူးချွန်ဆု၊ အားကစား ထူးချွန်ဆု၊ ဂီတထူးချွန်ဆု၊ ပညာရည်ချွန် ပထမဆုတွေ ရရှိထားပါတယ်၊ မောင်ဝေလင်းအောင်ကလည်း သိပ္ပံထူးချွန်ဆု၊ အားကစားထူးချွန်ဆု၊ ဂီတထူးချွန်ဆုနဲ့ ပညာရည်ချွန် ဒုတိယဆုတွေ ရရှိထားပြန်ပါတယ်၊ အရည်အချင်းတူနေတော့ ရွေးရခက်နေပါတယ်၊ ဘက်စုံထူးချွန်ဆိုတဲ့အတိုင်း ဘက်ပေါင်းစုံတော်တဲ့ ကျောင်းသားတစ်ယောက်ကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်၊ သူတို့နှစ်ယောက်ကို



အမှတ်ကွာသွားစေတဲ့ ဆုတစ်ဆုရှိပါတယ်၊ အဲဒါကတော့ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနဲ့ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအလယ်တန်း အဆင့် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွေ ဖိတ်ခေါ်တာ ရှိပါတယ်၊ မောင်နောင်နောင်က အင်္ဂလိပ်လို ကျပန်းစကားပြောပြိုင်ပွဲမှာ ပထမဆုရခဲ့ပြီး မောင်ဝေလင်းအောင်ကတော့ ကွန်ပျူတာပန်းချီပြိုင်ပွဲမှာ ဆုမရခဲ့ပါဘူး၊ ဒါ့ကြောင့် ဘက်စုံထူးချွန်ဆုကို မောင်နောင်နောင်က ရရှိသွားပါတယ်"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . ."

လက်ခုပ်သံများ ဆူညံစွာထွက်ပေါ်လာသည်။ နောင်နောင့်ကို ကျောင်းအုပ်ဆရာကြီး ဦးလှငွေက ဘက်စုံထူးချွန်ဆု ချီးမြှင့်ပါသည်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . ."

နောင်နောင် ပျော်လွန်းသဖြင့် မျက်ရည်တောင်လည်မိသည်။ အခမ်းအနားပြီးဆုံးသောအခါ နောင်နောင့်ဆီသို့ ဝေလင်းအောင် ရောက်လာသည်။ ဝေလင်းအောင်က ပြုံးပြတော့ နောင်နောင်လည်း ပြန်ပြုံးပြလိုက်ပါသည်။

"ဂုဏ်ယူပါတယ် သူငယ်ချင်း၊ ဘက်စုံထူးချွန်ဆုဟာ မင်းနဲ့ပဲ ထိုက်တန်တယ်ဆိုတာ ငါ ဝန်ခံပါတယ်၊ ပြီးတော့ မင်းလို ဘက်စုံတော်တဲ့ ကျောင်းသားတစ်ယောက်နဲ့ တစ်ကျောင်းတည်းမှာ ပညာအတူတူသင်ရတာကိုလည်း ဝမ်းသာပါတယ်"

ဝေလင်းအောင်က လက်ဆွဲနှုတ်ဆက်သဖြင့် နောင်နောင်လည်း နှုတ်ဆက်လိုက်ပါသည်။ သူငယ်ချင်းနှစ်ယောက် ရရှိသော ဆုတံဆိပ်များနှင့်အတူ ဓာတ်ပုံရိုက်ကြသည်။ သူငယ်ချင်းအားလုံးကလည်း ဝမ်းသာအားရ လာရောက်နှုတ်ဆက်ကြသည်။ ဆရာ ဆရာမများကလည်း ချီးကျူးစကားဆိုကြပါသည်။

နောင်နောင် ပျော်ပါသည်။ ဆဋ္ဌမတန်းတွင်လည်း ဘက်စုံထူးချွန်ဆု ရရှိအောင် ကြိုးစားမည်ဟု ဆုံးဖြတ်ထားသည်။ ဝေလင်းအောင်ကလည်း ဒီထက်မကကြိုးစားလာမှာ သေချာသည်။ နောင်နောင် မနာလိုစိတ်မထားပါ။ ဝေလင်းအောင် ရသွားခဲ့လျှင် လက်ဆွဲနှုတ်ဆက်ဂုဏ်ပြုရန် ဝန်မလေးပါ။ ဘက်စုံထူးချွန်ဆုရ ကျောင်းသားတစ်ယောက်အနေဖြင့် ကျောင်းမှာသာမက မိမိနေအိမ်၊ မိမိပတ်ဝန်းကျင်တွင်လည်း မိမိထက်ငယ်သော ကျောင်းသားကျောင်းသူလေးများ အတုယူဖွယ်ဖြစ်အောင် နေထိုင်သွားမည် ဖြစ်ပါသည်။

××××××××××

# အချိန်မီ

နွေရာသီကျောင်းပိတ်ရက် ဖြစ်ပါသည်။

ကျော်သက်သည် ဆဋ္ဌမတန်းတက်ရတော့မည့်အရေးကို စိတ်ကူးဖြင့် ပုံဖော်ရင်း ပျော်နေမိသည်။ အစ်ကို တစ်ဝမ်းကွဲ တော်စပ်သူ ကိုလပြည့်ထံမှ ဆဋ္ဌမတန်းသင်ရိုးညွှန်းတမ်းစာအုပ်များ သွားတောင်းကာ ကြိုတင်လေ့လာနေမိသည်။

အိမ်၌ တစ်နေ့လျှင် သက်ငယ်ငါးပျစ်ရအောင် ပျစ်ပြီးမှ ကစားခွင့်ရသည်။ ကျော်သက်သည် သက်ငယ်ငါးပျစ်ကို ဖေဖေ့အား အပ်လိုက်သည်။

"သား ဒီနေ့ သွားမကစားနဲ့တော့"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ရွာအဝင်အထွက်လမ်းတွေ ပြုပြင်ဖို့ရှိတယ်၊ တစ်ရွာလုံး လုပ်အားပေးမှာ၊ သားတို့ မောင်နှမသုံးယောက်လုံး ဖေဖေနဲ့အတူ လုပ်အားပေးလိုက်ရမယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ကျော်သက်လည်း နွေရာသီကျောင်းပိတ်ရက်တွင် သူငယ်ချင်းများနှင့် မဆုံဖြစ်တာကြာပြီဖြစ်၍ လုပ်အားပေးပွဲတွင် ပြန်ဆုံရတော့မည်။ သို့အတွက် ပျော်ရွှင်နေမိပါသည်။

မမကြီးချိုသဲက မြေသယ်မည့်ဝါးတောင်းများကို အဆင်သင့် ပြင်နေသည်။ အစ်ကိုလတ်ဇော်မြင့်က မြေပေါက်မည့်ပေါက်ပြား နှစ်လက်ကို စပါးကျီအောက်မှ ဆွဲထုတ်လာသည်။ ဖေဖေကတော့ ထုံးစံအတိုင်း လမ်းရှင်းရာတွင် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းရန် ကိုင်းခုတ်ဓားမကြီးကို မြည့်နေအောင် သွေးနေသည်။ မေမေကမူ ညီမလေး သက်လုံးပုံမှာ လသားလေးပဲရှိသေး၍ အိမ်မှာနေရစ်မည် ဖြစ်သည်။

ညနေ ၄ နာရီခန့်တွင် ဖေဖေနှင့်အတူ ကျော်သက်တို့ မောင်နှမသုံးယောက် တောင်း၊ ပေါက်ပြား၊ သောက်ရေပုံး ကိုယ်စီ ယူကာ အိမ်မှ ထွက်ခွာလာခဲ့ကြသည်။

အိမ်တိုင်းမှထွက်လာသော ရွာသူရွာသားများနှင့်အတူ ကျော်သက်လိုရွယ်တူ သူငယ်ချင်းများလည်း ပါလာသည်ကို မြင်ရ၏။ ဖိုးခွေးနှင့် ပေတိုးတို့ကလည်း ကျော်သက်ကို လှမ်းနှုတ်ဆက်သည်။ ဂွမ်းပုံနှင့် စာဥတို့ကလည်း အနေတော် ခြင်းတောင်းလေးများရွက်လျက် ကျော်သက်ကို လက်ပြနှုတ်ဆက်ကြသည်။

ကျော်သက်တို့ သူငယ်ချင်းတစ်စုပြန်ဆုံချိန်တွင် ပြောစရာ စကားများ မကုန်နိုင်ဖြစ်ရသည်။ ရှေးဦးစွာ အောင်လံ- ရွှေပန်းတော ကားလမ်းမကြီးမှ ရွာသို့ဆက်သွယ်ထားသော အဝင်လမ်းကို ပြုပြင်မည် ဖြစ်သည်။

ဖေဖေတို့လို အားကောင်းမောင်းသန် ယောက်ျားကြီးများက လမ်းဘေးတစ်နေရာမှ မြေကြီးများကို ပေါက်ကြသည်။ အမျိုးသမီးများက ပေါက်ပြီးသားမြေများကို တောင်းကိုယ်စီဖြင့် သယ်ကာ လမ်းပေါ်သို့ လာပုံကြသည်။ ကိုလတ်တို့လို လူငယ်များက ချိုင့်ခွက်ဖြစ်နေသောနေရာများတွင် မြေကြီးများ ဖို့သည်။ ကမူဖြစ်နေသော မြေစာခဲများကို ပေါက်ထုတ်ကြသည်။

ရွာသူရွာသား၊ လူငယ်လူရွယ်၊ ကလေးများပါမကျန် လမ်းပြုပြင်ခြင်း လုပ်အားလာပေးကြသည်မှာ လူပေါင်းထောင်ချီရှိပါသည်။ လုပ်အားပေးသူများအား ရေနွေးကြမ်း၊ ထန်းလျက်၊ ပဲကြီးလှော်ဖြင့် ဧည့်ခံသောအလှူရှင်များလည်း ရှိသည်။ တချို့က အအေးနှင့် မုန့်များ လှူသည်။

ကျော်သက်တို့ သူငယ်ချင်းတစ်စုသည်လည်း ကုသိုလ်လည်းရ၊ ဝမ်းလည်းဝကြပါသည်။ ကျော်သက်တို့က ကလေးပီပီ ဟန်ချီချီ မြေကြီးများကို လက်ဆွဲသံပုံးများဖြင့် အခေါက်ခေါက် အခါခါ သယ်ပေးကြသည်။ လူကြီးသူမများကြားဝယ် အားကြိုးမာန်တက် လုပ်အားပေးနေသော ကျော်သက်တို့ ကျောင်းသား ကျောင်းသူလေးများကို တစ်ရွာလုံးက ချီးကျူးကြသည်။

"ရွာအထွက်လမ်းကို သွားကြမယ်ဟေ့"

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်ထွန်း၏ အသံစွာစွာကို ကြားလိုက်ရသည်။ ကျော်သက်တို့ သူငယ်ချင်းတစ်စုသည်လည်း လုပ်အားပေးအဖွဲ့နှင့်အတူ ရွာအထွက်လမ်းသို့ လိုက်ပါလာခဲ့ကြသည်။

ရွာအနောက်ဘက် တောအုပ်လေးဆီသို့ နေလုံးကြီး တဖြည်းဖြည်းဝင်ရောက်နေပြီ ဖြစ်ပါသည်။ ကျော်သက်တို့ကတော့ မောသည် ပန်းသည်သဘောမထားဘဲ လူကြီးများနှင့်အပြိုင် လုပ်အားပေးနေကြသည်။

လမ်းဘေးဝဲယာမှမြေကြီးများကို ပေါက်ထုတ်နေကြသော ဖေဖေတို့အဖွဲ့မှာ တစ်ယောက်နှင့်တစ်ယောက် အလှမ်းဝေးသွားကြသည်။ မြေသယ်သည့်အဖွဲ့များမှာလည်း ခပ်ကဲ့ကဲ့ ဖြစ်သွားသည်။

"ကျော်သက်. . . အစောက ကိုဒီလုံးတို့အဖွဲ့ မြေပေါက်ရင်း ဘာတွေ့လဲမသိဘူး"

ဖိုးခွေးက ကျော်သက်အား တိုးတိုးလေး ပြောလာသည်။ ကိုဒီလုံးတို့အဖွဲ့ဆီသို့ ကျော်သက်လှမ်းကြည့်လိုက်သည်။ သူတို့က ဟန်မပျက် မြေပေါက်နေကြသည်။

"မင်းက ဘာမြင်ခဲ့လို့လဲ ဖိုးခွေး"

"သေချာတော့ မမြင်လိုက်ရဘူး၊ ငါမြေသယ်ဖို့သွားတော့ မြေကြီးထဲကရတဲ့ပစ္စည်းကို ချုံပုတ်ထဲသွားဝှက်ထားတာ မြင်လိုက်တယ်၊ တစ်ခုတောင် မကဘူးကွ၊ သုံးလေးခုလောက် ရှိမယ်"

"ငှက်ဥတွေ တွေ့လို့လားမှ မသိတာ"

ပေတိုးက ဝင်ပြောပြန်သည်။ ကိုဒီလုံးတို့အဖွဲ့ကလည်း ကျော်သက်တို့ဆီသို့ သေချာစိုက်ကြည့်နေသောကြောင့် လူစုခွဲလိုက်ကြသည်။

လမ်းပြုပြင်ခြင်း ပြီးဆုံးပြီဖြစ်၍ ရွာထဲဆီသို့ပြန်သွားကြပြီဖြစ်သည်။ ကျော်သက်၊ ဖိုးခွေးနှင့် ပေတိုးတို့ သုံးဦးသည်ကား ချုံပုတ်တစ်နေရာတွင် ပုန်းလျှက်ကျန်ရစ်ခဲ့ကြသည်။ အသံဗလံများကြားလိုက်ရ၍ ကျော်သက်တို့သုံးဦး ငြိမ်သက်စွာ ထိုင်နေလိုက်ကြသည်။

"ဒီနေရာက မလုံခြုံဘူး၊ နေရာရွှေ့မှ ဖြစ်မယ်"

ကိုဒီလုံး၏ အသံဖြစ်ပါသည်။ သူ့ဘေးနားမှာ လူသုံးလေးဦးလည်း ရှိနေသည်။



"ဘယ်နေရာရွှေ့မလဲ"

ကိုတာတီး၏အသံမှန်း ကျော်သက်တို့ ကောင်းကောင်းမှတ်မိသည်။ စောင်ဖြင့်ပတ်ထားသော အရာဝတ္ထုသုံးခုအား ချုံပုတ်ထဲမှ ဆွဲထုတ်နေကြသည်။ မြေပေါက်ထားသောကျင်းထဲတွင် ထည့်ကာ သစ်ကိုင်းများခုတ်ပြီး ဖုံးနေကြသည်။ ခြေရာ လက်ရာ မကျန်အောင် မြေပေါက်ထားသလိုမျိုး မြေကြီးများ အပေါ်ယံ ဖုံးထားပြန်သည်။

"မြို့ကိုသွားပြီး ဝယ်မယ့်သူကို ဆက်သွယ်မယ်၊ မင်းတို့ နှုတ်လုံပါစေနော်"

"အေးပါ ဒီလုံးရာ၊ စိတ်ချစမ်းပါ"

ကိုဒီလုံးတို့အဖွဲ့ ရွာထဲပြန်သွားကြပြီဖြစ်သည်။ ကျော်သက်တို့လည်း နေရာမှတ်မိစေရန် အနီးနားရှိတမာကိုင်းတစ်ကိုင်းကို ခုတ်ပြီး ချထားခဲ့လိုက်သည်။ ညမှောင်နေပြီဖြစ်၍ သုံးယောက်သား ရွာထဲသို့ ပြန်လာခဲ့ကြသည်။

× × ×

"ဝုတ်. . . . ဝုတ်. . . . ဝုတ်. ."

ခွေးမလေးနီနီက အိမ်ရှေ့သို့မျက်နှာမူကာ ဟောင်နေ၍ ကျော်သက် လှမ်းကြည့်လိုက်တော့ ဧည့်သည်များဖြစ်နေသည်။ အိမ်ရှေ့တံခါးအား ကျော်သက်သွားဖွင့်ပေးလိုက်သည်။

အုပ်ချုပ်ရေးမှူး ဦးခင်ထွန်း၊ အတွင်းရေးမှူး ဦးကျော်စိုးနှင့် ရာအိမ်မှူး ဦးကျော်စံလင်းတို့ ဖေဖေ့ဆီ လာကြခြင်းဖြစ်သည်။ ဖေဖေကလည်း ရာအိမ်မှူးဖြစ်၍ ရပ်ရေးရွာရေးကိစ္စများကို အိမ်၌ ဝိုင်းဖွဲ့ပြောဆိုလေ့ရှိပါသည်။

"သား. . . ကျော်သက်၊ သား ညီမလေး နို့စို့နေလို့ မေမေ မအားဘူးကွယ်၊ ဧည့်သည်တွေကိုဧည့်ခံဖို့ ရေနွေးအိုးတည်လိုက်ပါဦး"

"ဟုတ်ကဲ့"

ကျော်သက်လည်း မီးဖိုချောင်ထဲဝင်ကာ မီးမွှေးသည်။ ရေနွေးအိုးထဲသို့ အိမ်ရှေ့စဉ့်အိုးထဲမှ ရေထည့်ကာ မီးဖိုပေါ် တင်သည်။ ထင်းနည်းနေသဖြင့် အိမ်ရှေ့ထင်းပုံဘေး၌ ခွဲထားသော ထင်းချောင်းများကို တစ်နိုင်သွားပွေ့ပြီး အိမ်ပေါ်သို့ ပြန်တက်လာခဲ့ သည်။

"တရားစခန်းဖွင့်ပွဲ ရက်ကလည်း နီးလာပြီ၊ ပျောက်နေတဲ့ ဘုရားဆင်းတုတော် သုံးဆူကလည်း ခုထိ သတင်းအစအန မရ သေးဘူး၊ ဆရာတော်လည်း အဲဒီကိစ္စအတွက် တော်တော်လေး နေမထိထိုင်မသာ ဖြစ်နေတယ်"

ကျေးရွာအုပ်ချုပ်ရေးမှူး၏စကားကို ကြားရတော့ ကျော်သက် နားစွင့်ကြည့်လိုက်သည်။

"မသမာတဲ့လူတွေက ခိုးသွားတာဖြစ်မှာပေါ့၊ ဘုရား ဆင်းတုတော်ဆိုတာ မခိုးကောင်းပါဘူး၊ တရားစခန်းအမီ ပြန်ရှာတွေ့မှဖြစ်မှာ၊ မွှာရုံမှာ ဘုရားဆင်းတုတော်တွေ ထပ်ပူဇော် ထားပေမယ်လို့ ပျောက်နေတဲ့ ဆင်းတုတော်တွေက ဘိုးဘွား စဉ်ဆက် ကိုးကွယ်လာခဲ့တဲ့ ရှေးဟောင်းဆင်းတုတော်တွေ၊ အစားထိုးလို့ မရဘူး"

အတွင်းရေးမှူး၏စကားကိုကြားရချိန် ကျော်သက် မျက်လုံး ထဲမှာ ကိုဒီလုံးတို့အဖွဲ့ကို ပြေးမြင်မိသည်။ သူတို့ဝှက်ထားသော အရာဝတ္ထုများသည် ဘုရားဆင်းတုတော်တွေများ ဖြစ်နေမလား တွေးမိသည်။

"အဲဒီ ဆင်းတုတော်သုံးဆူပျောက်တုန်းက ရွာထဲမှာ ကောလာ ဟလသတင်းတွေ ထွက်ခဲ့သေးတယ်မဟုတ်လား၊ ရွာအထွက်



လမ်းဘေးက မြေကြီးထဲမှာ မြှုပ်ထားတယ်လို့လေ၊ မနေ့က လမ်းဘေး ဘယ်ညာကို ပေါက်ပြားတွေ နှံ့နေအောင် ပေါက်ပြီးပြီ၊ ဘာမှ မတွေ့ဘူး၊ ရွာရဲ့ ကျက်သရေဆောင် ဆင်းတုတော် သုံးဆူ ပျောက်နေတာဟာ ကျုပ်တို့ရွာအတွက် အမင်္ဂလာသတင်းပါပဲဗျာ၊ တခြားရွာတွေက တောင် ကျုပ်တို့ရွာကို ကဲ့ရဲ့နေကြပြီ၊ ဘုရားဆင်းတုတော် ခိုးတဲ့ရွာ ဆိုပြီး တစ်နယ်လုံး သတင်းပြန့်နေပြီ၊ ဘာသာသာသနာကို ဒီလောက် ရိုသေကိုင်းရှိုင်းတဲ့ ကျုပ်တို့ရွာရဲ့ ဂုဏ်သိက္ခာကို ဘယ်လိုမှပြန်အဖတ်မဆယ်နိုင်တော့ပါဘူးဗျာ"

ဖေဖေ့အသံက ဝမ်းနည်းသံစွက်နေသည်။ ကျော်သက် လည်း ဖေဖေကဲ့သို့ပင် ဝမ်းနည်းမိပါသည်။ ရေနွေးအိုးဆူပြီဖြစ်၍ ဓာတ်ဘူးထဲသို့ လက်ဖက်ခြောက်ခတ် ရေနွေးလောင်းထည့်ကာ ဖေဖေတို့ရှေ့သို့ လာချပေးခဲ့သည်။

"ဆရာတော်ကလည်း တရားစခန်းပွဲအမီ ဆင်းတုတော်သုံးဆူ ကို ပြန်ရချင်နေတယ်၊ ရွာနီးချုပ်စပ်မှာတော့ ဘုရားဆင်းတုတော် ခိုးတဲ့ဂိုဏ်း လှုပ်ရှားနေတယ်လို့ ကြားတယ်၊ သူတို့လက်ထဲပါသွား ရင်တော့ ဆုံးပါပြီဗျာ"

ရာအိမ်မှူးဦးကျော်စံလင်း၏ စကားအဆုံးမှာတော့ ကျော်သက် အိမ်မှ ခပ်မြန်မြန်ထွက်လာခဲ့သည်။ ဖိုးခွေးနှင့်ပေတိုးတို့အား သွား ခေါ်ပြီး ရွာပြင်သို့ ထွက်လာခဲ့သည်။

"ငါ မလိုက်ရဲဘူး၊ ကိုဒီလုံးကို ငါ ကြောက်တယ်"

ဖိုးခွေးကပြောတော့ ပေတိုးကလည်း မလိုက်ရဲကြောင်း ပြော လာသည်။ ကျော်သက်လည်း ကိုဒီလုံးကို ကြောက်ပါသည်။ ဖေဖေ တို့ကို ကူညီချင်၍ ယခုလို သတ္တိမွေးရခြင်းဖြစ်ပါ၏။

"ဘာဖြစ်လို့ ကြောက်ရမှာလဲ"

"ဟိုတစ်နေ့က လမ်းမှာ ကိုဒီလုံးနဲ့ ငါ တွေ့တယ်၊ ငါ့ကို အာမချောင်မိစေနဲ့၊ အာချောင်ရင် မင်းသေပြီသာမှတ်လို့ ပြော သွားတယ်၊ အခုကိစ္စသာ သူသိသွားရင် ငါ့ကို လာသတ်မှာကွ"

ဖိုးခွေးက ငိုသံပါကြီးနှင့် ပြောလာသည်။

"ကိုဒီလုံး မြို့သွားတယ်၊ ရွာမှာ မရှိဘူး၊ လာပါကွာ သွား ကြည့်ရုံပဲ၊ မြန်မြန်ကြည့်ပြီး ပြန်မှာပေါ့၊ ဘယ်သူမှ မမြင်ပါဘူး"

"အဲဒီအနီးနားမှာ အစောင့်တစ်ယောက်ထားတယ်လို့ကြား တယ်၊ နွားကျောင်းသလို ဘာလိုနဲ့ သစ်ပင်အောက်မှာ ထိုင်နေ တာလို့ပြောတယ်၊ သူ မြင်မှာပေါ့"

ပေတိုးကလည်း ပြောလာသည်။ ကျော်သက်လည်း လက် လျှော့ရမလိုဖြစ်နေသည်။

"အဲဒီလူနဲ့ မင်းတို့က စကားသွားပြောနေ၊ ငါက ဝမ်းလျား မှောက်သွားပြီး ကြည့်မယ်၊ ဘယ်လိုလဲ"

ဖိုးခွေးနှင့် ပေတိုးတို့က သဘောတူလိုက်ကြသည်။ သူတို့ ချထားခဲ့သော သစ်ကိုင်းခြောက်လေးက ဟန်မပျက်ရှိနေသည်။ နေ့ခင်းမို့ နေချစ်ချစ်တောက်ပူနေသည်။ ရွာပြင်သို့ ဘယ်သူမှ မလာကြပေ။ ဖိုးခွေးနှင့်ပေတိုးက သစ်ပင်အောက်တွင် အစောင့် သမားအား စကားပြောနေကြပြီဖြစ်သည်။ လမ်းကမ်းပါးယံကို ကွယ်ကာ ဝမ်းလျားမှောက်လာခဲ့ရာ အမှတ်အသားလုပ်ထားသော နေရာသို့ ကျော်သက်ရောက်လာသည်။

ဖုံးထားသောမြေကြီးများကို ကျော်သက် ဖယ်သည်။ ခြောက် နေသော သစ်ကိုင်းများကို အသံမကြားအောင်ဖယ်ရှားပြီး အုပ် ထားသော စောင်တစ်ထည်ကို လှပ်ကြည့်လိုက်သည်။



ကျော်သက် မျက်လုံးပြူးသွားသည်။ ရွာဦးဘုန်းတော်ကြီး ကျောင်း ဓမ္မာရုံမှပျောက်နေသော ဘုရားဆင်းတုတော်တစ်ဆူ ဖြစ် နေသည်။ စောင်နှစ်ထည်ကို ထပ်မံလှပ်ကြည့်လိုက်ပြန်တော့လည်း ဘုရားဆင်းတုတော်နှစ်ဆူ ဖြစ်နေသည်။ ခြေရာ လက်ရာမပျက် အောင် သစ်ကိုင်းခြောက်များ ပြန်အုပ်၊ မြေကြီးများ ပြန်ဖုံးထား လိုက်သည်။

ဖေဖေ့ကိုသတင်းပေးရန် ကျော်သက် ဆုံးဖြတ်လိုက်ပါတော့ သည်။

× × ×

ကျော်သက် အိမ်ရောက်သောအခါ ဖေဖေ့ကို မတွေ့ရပေ။ တရားစခန်းပွဲအတွက် လိုအပ်သော ပစ္စည်းများအား မြို့သို့သွား ဝယ်သည်ဟု မေမေက ပြောသည်။ ညနေလောက် ပြန်ရောက် လာပါစေဟု ဆုတောင်းနေမိသည်။

ဖိုးခွေးနှင့်ပေတိုးတို့က ကျော်သက်ကို ငှက်ပစ်ထွက်ရန် လာခေါ်သည်။ ရွာအပြင်တောအုပ်ထဲတွင် သွားပစ်မည်ဟု ဖိုးခွေး ပြောသောအခါ ကျော်သက် စဉ်းစားသည်။

"ကိုဒီလုံး မြို့က ပြန်ရောက်ပြီလား"

ကျော်သက်၏ အမေးကို ပေတိုးက ပြန်ဖြေသည်။

"မရောက်သေးဘူးလို့ ဇာဇာက ပြောတယ်၊ ဇာဇာ့အတွက် ဂါဝန်လှလှလေး တစ်ထည်ဝယ်လာမယ်လို့ ပြောသွားတယ်၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲကွ၊ ငါတို့ငှက်ပစ်ထွက်မှာ ရွာအပြင်တောအုပ် ကိုလေ၊ သူတို့အဖွဲ့က ဘုရားဆင်းတုတော်တွေယူဖို့ အဲဒီအနီး

ဝန်းကျင်မှာ ချောင်းနေမှာ သေချာတယ်၊ တော်ကြာ ငါတို့ကို တွေ့သွားရင် ပြဿနာရှာနေမှာစိုးလို့ ပြောတာ”

ဖိုးခွေးနှင့် ပေတိုးတို့ မျက်နှာလေးတွေ ငယ်သွားကြသည်။ လေးခွကို လွယ်အိတ်ထဲ ပြန်ထည့်လိုက်ကြသည်။

“ဇာဇာ့ကို ဘာမှ မပြောမိစေနဲ့နော်”

“အေးပါကွာ၊ ခုချိန်ထိ ငါတို့ ဘယ်သူ့မှ မပြောဘူး”

ငှက်ပစ်ထွက်ချင်သော်လည်း ကိုဒီလုံးတို့ရန် ကြောက်နေရသဖြင့် ကျော်သက်တို့သုံးယောက် တောအုပ်ဆီသို့ မသွားရဲကြတော့ပေ။

“ဒီလိုလုပ်. . . တောအုပ်က ရွာနဲ့ နည်းနည်းဝေးတယ်ကွ၊ ရွာအထွက်လမ်းက ညောင်ပင်ကြီးမှာ ငှက်သွားပစ်ကြမယ်၊ အဲဒီမှာ လူသွားလူလာ မပြတ်ဘူး၊ ဘယ်လိုလဲ”

ကျော်သက်၏အကြံအစည်ကို ဖိုးခွေးနှင့်ပေတိုးတို့ သဘောတူလိုက်ကြသည်။

ညောင်ပင်ကြီးအောက်သို့ရောက်သောအခါ ငှက်အော်သံများက ဆူညံနေသည်။ ညောင်ပင်ကြီးပေါ်တွင် ဆက်ရက်၊ ကျီးကန်း၊ စာကလေး၊ ငှက်တော်၊ စွေ့၊ ကြက်တူရွေးစသည်ဖြင့် ငှက်မျိုးစုံလင်လှသည်။

ဖိုးခွေးနှင့်ပေတိုးတို့က လေးခွကိုယ်စီထုတ်ကာ ပစ်ရန်ပြင်ဆင်ကြသည်။ ကျော်သက်ကတော့ အဖော်လိုက်လာပေးခြင်းဖြစ်ပြီး ငှက်မပစ်ပေ။ ထိုစဉ် ညောင်ပင်အနီး တောစပ်ထဲမှာ လူတစ်စု ထွက်လာသည်ကို မြင်လိုက်ရ၏။

“ဟာ. . . ကိုဒီလုံးတို့ပါလား၊ ပြေးကြရအောင်”



ကျော်သက်က ဖိုးခွေးနှင့်ပေတိုးတို့အား လက်တို့ကာ ပြေးရန်ပြင်သည်။ သို့သော် နောက်ကျသွားပြီဖြစ်ပါသည်။

“မင်းတို့ပြေးလည်း မလွတ်ဘူး၊ ငြိမ်ငြိမ်နေကြစမ်း”

ကျော်သက်တို့သုံးဦးအား ကိုဒီလုံးတို့အဖွဲ့က ဝိုင်းထားသည်။ ကိုဒီလုံးက လက်ထဲတွင် ဓားမြှောင်ကြီးကိုင်လျက် ကျော်သက်တို့အနီးသို့ တိုးကပ်လာသည်။

“ငါတို့အလုပ်ကို မင်းတို့သုံးယောက်ဝင်ရှုပ်နေတာ အစကတည်းက ရိပ်မိတယ်၊ ကလေးတွေက ကလေးလိုမနေကြဘူး၊ ဘုရား ဆင်းတုတော်တွေကိစ္စ ရွာထဲမှာသတင်းပေါက်သွားလို့ကတော့ မင်းတို့သုံးယောက်စလုံး သေပြီသာမှတ်၊ ဒီနေ့ကစပြီး နောက်နှစ်ရက်အတွင်း ဘုရားဆင်းတုတော်တွေ ဝှက်ထားတဲ့နေရာကို မလာမိစေနဲ့၊ နှစ်ရက်ကျော်မှ လာခွင့်ရမယ်၊ ငါပြောတာ နားလည်လား”

ကျော်သက်တို့သုံးယောက် ကြောက်လန့်ပြီး ဒူးတွေတဆတ်ဆတ် တုန်လာသည်။

“ဟုတ်ကဲ့ နားလည်ပါတယ်”

“ရွာထဲပြန်တော့၊ ငါတို့ ဒီမှာရှိတယ်ဆိုတာ ဘယ်သူ့ကိုမှ မပြောမိစေနဲ့၊ ပြောလို့ကတော့ မင်းတို့ အိမ်ထိလာပြီး ငါကိုယ်တိုင်ဓားနဲ့ ထိုးသတ်မှာ”

ကျော်သက်၊ ဖိုးခွေးနှင့်ပေတိုးတို့သည် အလျင်မြန်ဆုံးခြေလှမ်းများဖြင့် ရွာထဲဆီသို့ ပြေးလာခဲ့ကြသည်။ ကိုဒီလုံးသည် မြို့သို့သွားသည်ဟု သတင်းလွှင့်ကာ တောထဲတွင် ပုန်းနေခြင်းဖြစ်သည်။ နောက်နှစ်ရက်အတွင်း မလာနဲ့ဆိုသောစကားကို ကျော်သက်

စဉ်းစားကြည့်သည်။ ဝှက်ထားသော ဘုရား ဆင်းတုတော်သုံးဆူကို သူတို့ရောင်းစားကြတော့မည်လား။

"ဘုရား. . . ဘုရား. . . ဘုရား. . ၊ ညနေ ဖေဖေ ပြန်ရောက်မှဖြစ်မှာ၊ ဖေဖေ့ကိုပြောပြမှ ဖြစ်တော့မယ် "

ဖိုးခွေးနှင့်ပေတိုးတို့က ကြောက်အားလန့်အားဖြင့် သူတို့နေအိမ်များသို့ ပြန်ပြေးသွားကြပြီဖြစ်သည်။ ကျော်သက်လည်း အိမ်ပြန်လာပြီး ညနေနေဝင်ချိန်ကို စောင့်နေမိသည်။ ကားဟွန်းသံကို နားစွင့်နေမိသည်။ ကားဟွန်းသံကြားရပါက ရွာထဲသို့ ကားဝင်လာမည်။ ကားပေါ်တွင် ဖေဖေ ပါ မပါ သွားကြည့်ရမည်။

ဖေဖေ အချိန်မီ ပြန်ရောက်ပါစေ။

× × ×

ကျော်သက်တို့အိမ်သို့ ဧည့်သည်များ ရောက်လာသည်။ တရားစခန်းပွဲတွင် တရားအားထုတ်ရန် လာရောက်ကြသော အဘိုးအဘွားများ ဖြစ်ကြပါသည်။

"မေမေ. . . တရားစခန်းပွဲက ဘယ်နေ့စမှာလဲ ဟင်"

"တရားစခန်းပွဲက မနက်ဖြန် အဝင်နေ့လေ သားရဲ့"

ကျော်သက် မျက်လုံးထဲမှာ ဘုရားဆင်းတုတော်သုံးဆူက ဝင်ရောက်လာသည်။ ကိုဒီလုံး၏ခြိမ်းခြောက်မှုကို ကျော်သက် ကြောက်မိပါသည်။ သို့သော် ရွာဦးဘုန်းတော်ကြီးကျောင်းမှ ပျောက်ဆုံးနေသော ရှေးဟောင်းဘုရားဆင်းတုတော်များကိုတော့ သူတို့လက်ထဲ အပါမခံနိုင်ပေ။

ဧည့်သည်အဘိုးအဘွားများအား အမောပြေ သောက်ရေခပ်တိုက်ရင်း ကျော်သက် ကားဟွန်းတီးသံကို နားစွင့်နေမိသည်။



"မေမေ . . . ဖေဖေက ဒီညနေ ပြန်ရောက်မှာလား"

"ရောက်မယ်ထင်တာပဲကွယ်၊ ကားဝင်ဖို့အချိန်သင့်နေပြီ"

ဖေဖေပြန်ရောက်မှသာ ကျော်သက် ပြောချင်သည့်စကားများ ဖွင့်ပြောနိုင်မည် ဖြစ်ပါသည်။

"ခုတစ်လော ဒီနယ်တစ်ဝိုက်မှာ ဘုရားဆင်းတုတော်ခိုးတဲ့ ဂိုဏ်း သောင်းကျန်းနေတယ်လို့ ကြားတယ်၊ ရွာတိုင်းလိုလို ဘုရားဆင်းတုတော်တွေ အခိုးခံနေရတယ်၊ ဟိုတစ်နေ့ကတောင် တို့ရွာဦးကျောင်းက ဆင်းတုတော်တစ်ဆူ အခိုးခံလိုက်ရတယ်"

ဧည့်သည်ဘွားဘွားတစ်ဦးက မေမေ့အား ပြောပြနေသည်။ ကျော်သက်လည်း စိတ်ဝင်တစားနားထောင်ရင်း သိလိုသည်များ မေးမြန်းဖြစ်သည်။

"ဘုရားဆင်းတုတော်တွေကို ဘာဖြစ်လို့ခိုးတာလဲဟင် ဘွားဘွား"

"တိုင်းတစ်ပါးကို ရောင်းစားဖို့ပေါ့ကွယ်၊ ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေဆိုတာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေပေါ့၊ ခိုးတဲ့သူတွေက ရောင်းရင် ငွေတွေ အများကြီးရတယ်လေ၊ ငရဲမကြောက်တဲ့သူတွေပေါ့ မြေးရယ်၊ မြေးလည်း မှတ်ထားနော်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ ဂုဏ်သိက္ခာအဆင့်အတန်းကို ထင်ဟပ်စေတဲ့ ရှေးဟောင်းရုပ်ပွားတော်တွေပဲဖြစ်ဖြစ်၊ တခြား ရုပ်တုတွေပဲဖြစ်ဖြစ်၊ လက်ဝတ်ရတနာတွေပဲဖြစ်ဖြစ် တိုင်းတစ်ပါးသူတွေလက်ထဲ ရောင်းမစားရဘူးနော်"

"ဟုတ်ကဲ့ပါ ဘွားဘွား"

"တီ. . တီ၊ တီ. . တီ၊ တီ. . တီ"

ကားဟွန်းသံ အဆက်မပြတ်ထွက်ပေါ်လာသည်။ ရွာထဲသို့ ကားဝင်လာပြီဖြစ်၍ ကျော်သက် သုတ်ခြေတင်ပြေးခဲ့သည်။ ကားပေါ်မှ ဆင်းလာသော ဖေဖေ့လက်အား အတင်းဆွဲခေါ်ကာ လူသူမနီးသည့်နေရာသို့ ခေါ်လာခဲ့သည်။ အကျိုးအကြောင်း ရှင်းပြလိုက်သည်။

"သား ပြောတာသေချာတယ်နော်၊ လာ. . အုပ်ချုပ်ရေးမှူးအိမ် သွားကြမယ်"

ဖေဖေနှင့်အတူ အုပ်ချုပ်ရေးမှူးအိမ်သို့ လိုက်လာခဲ့သည်။ အုပ်ချုပ်ရေးမှူးအိမ်တွင်လည်း တရားစခန်းဝင်မည့် ဧည့်သည်များ ရောက်နေကြသည်။ ဖေဖေက အုပ်ချုပ်ရေးမှူးအား တိုးတိုးတိတ်တိတ်ရှင်းပြနေသည်ကို ကျော်သက် မြင်နေရ၏။

"အုပ်ချုပ်ရေးအဖွဲ့ဝင်တွေ အကုန်စုမယ်၊ ပြီးတော့ ရဲစခန်းကို သွားပြီး အကြောင်းကြားမယ်၊ လူငယ်အဖွဲ့ကိုလည်း ခေါ်မယ်၊ ဒီနေ့ည အဲဒီနေရာကို သွားမယ်၊ မနက်ဖြန် တရားစခန်းပွဲ အဝင်နေ့စပြီ၊ ဓမ္မာရုံမှာ ဆင်းတုတော်သုံးဆူ ပြန်ရောက်နေတာပဲ မြင်ချင်တယ်၊ ဘာသာသာသနာကို ခုတုံးလုပ်ပြီး စီးပွားရှာတဲ့ကောင်တွေ တွေ့ကြသေးတာပေါ့ကွာ. . "

အုပ်ချုပ်ရေးမှူးက စိတ်အရမ်းတိုနေသည်။ အတွင်းရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများလည်း တဖွဲဖွဲရောက်လာသည်။ ဆယ်အိမ်မှူး ဦးညိုလုံးကို ရဲစခန်းသို့လွှတ်လိုက်ပြီဖြစ်သည်။

ရွာဦးဘုန်းတော်ကြီးကျောင်းသို့ လာခဲ့ကြသည်။ သတင်းပေါက်ကြားသွားနိုင်သဖြင့် ဘုန်းကြီးကျောင်းသို့ လာရောက်တိုင်ပင်ရခြင်းဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးက ရှင်းပြနေသည်။



"ဒီလုံးတို့အိမ်ကို မျက်နှာစိမ်းဧည့်သည်ငါးယောက်ဝင်သွားတာ တွေ့တယ်၊ ကျွန်တော်နဲ့ကားပေါ်မှာ အတူတူစီးလာကြတာ၊ မဟုတ်မှလွဲရော ဘုရားခိုးဂိုဏ်းများ ဖြစ်နေမလား၊ ဒီလုံးတို့က ဘုရားဆင်းတုတော်သုံးဆူကို အဲဒီအဖွဲ့ဆီ ရောင်းမယ်ထင်တယ် ဒုက္ခပါပဲ"

ဖေဖေပြောတော့ အားလုံးအံ့အားတသင့် ဖြစ်နေကြသည်။ လက်ပူးလက်ကြပ် ဖမ်းမိဖို့လည်း လိုပါသည်။

"ဒီလုံးက မြို့သွားတယ်လို့ ရွာထဲမှာ သတင်းလွှင့်ထားတာ၊ တကယ်တော့ တောထဲမှာ ပုန်းနေတာ၊ ဝှက်ထားတဲ့ ဘုရားဆင်းတုတော်တွေကို ပြန်ထုတ်ပြီး ရောင်းစားတော့မှာ၊ ဒီနေ့ည မဖြစ်မနေလှုပ်ရှားမှာပဲ၊ တစ်ခါတည်း မိအောင်ဖမ်းရမယ်"

အတွင်းရေးမှူး၏အကြံအစည်ကို အားလုံးက လက်ခံသဘောတူခဲ့ကြသည်။ ကျော်သက်ကတော့ ဖေဖေတို့လူကြီးများစကား ပြောနေသောနေရာနှင့် ခပ်လှမ်းလှမ်းတွင် လာထိုင်နေလိုက်သည်။ မှောင်ရီပျိုးစအချိန်တွင် ဘုန်းကြီးကျောင်းသို့ ရဲများရောက်လာကြ၏။ အုပ်ချုပ်ရေးမှူးအား ရဲအရာရှိတစ်ဦးက သိလိုသည်များ မေးမြန်းနေသည်။ ခဏကြာတော့ ထိုရဲအရာရှိက ကျော်သက်ကို ခေါ်မေးလေသည်။

"သား မြင်ခဲ့တာ ဘုရားဆင်းတုတော်တွေဆိုတာ သေချာတယ်နော်"

"ဟုတ်ကဲ့ သေချာပါတယ်"

"နေရာကို မှတ်မိလား"

"မှတ်မိပါတယ်"

"ဒါဆို ဦးတို့ကို နေရာလိုက်ပြပေး"

ညမှောင်သွားပြီဖြစ်သည်။ ဘုန်းကြီးကျောင်းမှ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရဲများနှင့်အတူ ကျော်သက်လည်း ပါလာခဲ့သည်။ ဖေဖေက မကြောက်ရန် တဖွဖွမှာကြားနေသည်။ လမိုက်ညဖြစ်၍ ရွာအပြင်ဘက်တောအုပ်ထဲရောက်သောအခါ ဘာမှသဲသဲကွဲကွဲ မမြင်ရတော့ပေ။

ဘုရားဆင်းတုတော်များ ဝှက်ထားသောနေရာအား ကျော်သက် ပြလိုက်သည်။ ရဲများက သေချာစစ်ဆေးကြည့်သောအခါ ကျော်သက် ပြောသည့်အတိုင်း မှန်နေသည်။ ထိုနေရာအနီး ချုံပုတ်များထဲတွင် ဝပ်နေကြသည်။ ဘုရားဆင်းတုတော်များကို ကိုဒီလုံးတို့အဖွဲ့ လာဖော်ပါက ဖမ်းဆီးမည့်သဘော ဖြစ်ပါသည်။

ကျော်သက်လည်း ချုံပုတ်ထဲတွင်ဝပ်နေရင်း ခြင်၊ ဖြုတ် ကိုက်တာ ခံနေရသည်။ မလှုပ်ရဲဘဲ ငြိမ်နေရသည်။ အသံဗလံကြားသွားပါက ကိုဒီလုံးတို့အဖွဲ့ရိပ်မိသွားနိုင်သဖြင့် သည်အတိုင်းငြိမ်ခံနေမိသည်။

ရွာထဲမှ ထွက်လာသော လူတစ်စု၏ခြေသံများ ကြားရပြီ။ ရွာအထွက် တောအုပ်ထဲမှထွက်လာသော လူတစ်စု၏ ခြေသံများကိုလည်း ကြားနေရပြီ။ ကျော်သက်တို့ဝပ်နေသော ချုံပုတ်များ အနီးသို့ သူတို့နှစ်ဖွဲ့ ရောက်လာသည်။

"မြန်မြန်ဖော် . . . တစ်ဆူ ဘယ်လောက်နဲ့ ရောင်းမှာလဲ ဒီလုံး"

အမှောင်ထဲမှ လူတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

"ပေါက်ဈေးပေါ့ဗျာ၊ ကြည့်ပေးပေါ့"



"ကောင်းပြီလေ၊ ဒီနယ်တစ်ဝိုက်က ရွာတွေမှာလည်း ဘုရားဆင်းတုတော်တွေ ဝယ်ပြီးပြီ၊ မှောင်ခိုဈေးပဲရမယ်နော်"

"ရပါတယ်၊ ဒီမှာ ဘုရားဆင်းတုတော် သုံးဆူ"

"ဟိတ်ကောင်တွေ မလှုပ်နဲ့"

ရဲများကပြေးထွက်လာပြီး ဘုရားခိုးဂိုဏ်းကို ဖမ်းဆီးလိုက်သည်။ ဖေဖေတို့အဖွဲ့ကလည်း ကူညီချုပ်ပေးကြသည်။ လက်ပြန်ကြိုးများတုပ်ကာ ရွာထဲသို့ ခေါ်လာခဲ့သည်။ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ဘုရားဆင်းတုတော်သုံးဆူကိုပင့်ကာ ရွာဦးဘုန်းတော်ကြီးကျောင်းဆီသို့ သွားကြသည်။

ကျော်သက်လည်း ဖေဖေနှင့်အတူ အိမ်သို့ပြန်ခဲ့သည်။ ဖေဖေလည်း မြို့ကပြန်လာလာချင်း ဘုရားဆင်းတုတော်များကိစ္စ လိုက်ပါလုပ်ဆောင်နေရသဖြင့် အိမ်မပြန်ဖြစ်သေးပေ။ အိမ်ရောက်သောအခါ ဖေဖေက မေမေ့အား အကြောင်းစုံရှင်းပြနေသည်။ ကျော်သက်လည်း ဘာရယ်မသိ ဝမ်းသာမိပါသည်။

"ဒါဆို တရားစခန်းဖွင့်ပွဲအမီ ဘုရားဆင်းတုတော်တွေ ပြန်ရတာပေါ့၊ မေမေ့သားက တော်လိုက်တာကွယ်၊ မွေးရကျိုးနပ်လိုက်တာ၊ သားလုပ်ရပ်အတွက် မေမေဂုဏ်ယူပါတယ်ကွယ်"

"ဖေဖေကလည်း သားရဲ့လုပ်ရပ်အတွက် ဂုဏ်ယူပါတယ်၊ ဖေဖေတို့ ရွာဘုန်းကြီးကျောင်းက ပျောက်ဆုံးသွားတဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတော်သုံးဆူ ပြန်တွေ့တာဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေ ပြန်ရတာပါပဲ၊ သားက ဒီအသက်အရွယ်နဲ့ ဘာသာသာသနာ အကျိုးကို တတ်စွမ်းသလောက် ကူညီပေးခဲ့တယ်၊ အရွယ်ရောက်လာရင်လည်း ဘာသာသာသနာအကျိုးကို ဒီထက်မက စွမ်းဆောင်

နိုင်တဲ့ သားကောင်းရတနာဖြစ်ပါစေလို့ ဖေဖေက ဆုတောင်းပေးလိုက်ပါတယ်”

“ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ ဖေဖေ”

ထိုညက ကျော်သက် တော်တော်နှင့် အိပ်မပျော်ပေ။ ဖေဖေ့စကားများကို ပြန်လည်ကြားယောင်နေမိသည်။ ဖိုးခွေးနှင့်ပေတိုးတို့ကိုလည်း သူ့လိုချီးမွမ်းခံရအောင် အုပ်ချုပ်ရေးမှူးကို ပြောပြရပါဦးမည်။ ကျော်သက် ပျော်ပါသည်။ တရားစခန်းပွဲတွင် ရွာဦးကျောင်းဓမ္မာရုံ၌ သပ္ပာယ်ကြည်ညိုဖွယ်ကောင်းသော ဗုဒ္ဓရုပ်ပွားတော်သုံးဆူကို ရွာသူရွာသားအားလုံးနှင့် ရပ်နီးရပ်ဝေးမှတရားလာ အားထုတ်သော အဘိုးအဘွားအားလုံး ဖူးမြော်ခွင့်ရရှိသွားပြီ ဖြစ်ပါသည်။ ဖေဖေနှင့်အတူ တရားစခန်းဖွင့်ပွဲသို့လိုက်ကာ မိမိကိုယ်တိုင်ပြန်လည်ရှာဖွေတွေ့ရှိအောင် စွမ်းဆောင်ပေးခဲ့သော ဘုရားဆင်းတုတော်သုံးဆူအား လက်စုံမိုး၍ ရှိခိုးကန်တော့ရန် ကျော်သက် ဆုံးဖြတ်လိုက်ပါတော့သည်။

××××××××××

## စာကြည့်တိုက်တွင်သုံးရန်

၈၉၅.၈၃၀၁
ဝမ်း ဝမ်းထက်မိုး (ဇိနို့-အောင်လံ)
ဖူးငုံပန်းကလေးများ လန်းလန်းရှင်ရှင် အပြုံးဝေဝေလွင်နှင့် အခြား ကလေးဝတ္ထုတိုများ/ ဝမ်းထက်မိုး (ဇိနို့-အောင်လံ)၊ - - ရန်ကုန်၊ စာပေဗိမာန်၊ ၂၀၁၈။
၂၆၆ စာ၊ ၁၈ စင်တီ။ - - (စာပေဗိမာန်ပြည်သူ့လက်စွဲစာစဉ်)
၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရရှိသည့် စာအုပ်ဖြစ်သည်။
၁။ ကလေးစာပေ
(၁) စာပေဗိမာန်ပြည်သူ့လက်စွဲစာစဉ်
(၂) ဖူးငုံပန်းကလေးများ လန်းလန်းရှင်ရှင် အပြုံးဝေဝေလွင်နှင့် အခြား ကလေးဝတ္ထုတိုများ



၂၀၁၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု

ကလေးစာပေ ဒုတိယဆု

## ဖူးငုံပန်းကလေးများ လန်းလန်းရွှင်ရွှင်
## အပြုံးဝေဝေလွှင်နှင့် အခြားကလေးဝတ္ထုတိုများ

**ဝမ်းထက်မိုး (ဇီနို့-အောင်လံ)**

အဖ ဦးပန်းသိန်း၊ အမိ ဒေါ်ခင်ထွေးတို့က ၁၉၈၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်တွင် အောင်လံမြို့နယ်၊ ဇီနို့ကျေးရွာ၌ မွေးဖွားခဲ့သည်။

အခြေခံပညာကျောင်း (ဇီနို့)တွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ၊ အခြေခံပညာအထက်တန်းကျောင်း(ရွှေပန်းတော) တွင် ပဉ္စမတန်းမှ ဒသမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အခြေခံပညာအထက်တန်း အောင်မြင်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် သိပ္ပံဘွဲ့ (ရူပဗေဒ)ရရှိခဲ့သည်။ ၁၂-၈-၁၉၉၈ ရက်တွင် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့ပြီး တပ်မတော်မိုးလေဝသ တိုင်းတာရေးတပ် (မှော်ဘီ)၌ ၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ မိုးလေဝသ ခန့်မှန်းရေးပညာရှင် တပ်ကြပ်ကြီး၊ ထိုမှ ဒုတိယဗိုလ်၊ ဗိုလ်ကြီးအဆင့်အထိ အဆင့်ဆင့် အမှုထမ်းခဲ့ရာ ယနေ့အထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းတွင် "အဖေ" ဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ မြဝတီသတင်းစာ၊ ပြည်သူ့တပ်မတော်စာစဉ်တို့တွင် ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဆောင်းပါးများရေးသားလျက်ရှိသည်။ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုလှုံ့ဆော်ရေး ဝတ္ထုတိုပြိုင်ပွဲတွင် လက်ရွေးစင် စာမူဆု၊ ကျေးဇူးကြီးလှ မိနှင့်ဖ လစဉ်ဝတ္ထုတိုပြိုင်ပွဲ အမှတ်စဉ် (၂)တွင် ပထမဆု၊ ပထမအကြိမ် အမျိုးဘာသာသာသနာ ကာကွယ်စောင့်ရှောက်ရေး စာမူဖိတ်ခေါ်ပြိုင်ပွဲတွင် ဆောင်းပါးဒုတိယဆု၊ ပြည်သူ့တပ်မတော်စာစဉ် ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဝတ္ထုတို (၃) ဆု၊ ဆောင်းပါး (၃) ဆု ရရှိခဲ့သည်။

ကလောင်ခွဲများမှာ ဝမ်းထက်မိုး (ဇီနို့-အောင်လံ)၊ ဝင်းထက် (မြေလတ်)၊ ရဲမာန် (အောင်လံ) တို့ဖြစ်သည်။

အမည်ရင်းမှာ - ဗိုလ်ကြီးဝင်းထက် ဖြစ်သည်။

နေရပ်လိပ်စာ - တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံး၊ နေပြည်တော်။